The **Commerce** Journal

စီးပွားရေးသတင်းဂျာနယ်

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 41 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | October 26 , 2015

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ စာရင်းဇယားတွေတိကျစို့

မြင့်ဦး – ပခုက္ကူ ၂၀



## ဘဲအုပ်က တစ်ရာနှစ်ရာ မဟေဒါက... ၁၄



## ပြည်တွင်းဆန်လက်ကျန် နည်းလာချိန်မှာ တရုတ်လိုင်းက ဈေးတိုးပေးဝယ်ယူနေ ၄

## ထိုင်းနိုင်ငံထွက်ဆန်များ မိမိပြည်တွင်းသို့ တရားမဝင် ဝင်ရောက်မှု မရှိစေရေး Mobile Team များက တားဆီး ၁၈

City Mart Supermarket

# HAPPY THADINGYUT FESTIVAL SPECIALS

15th Oct ~ 4th Nov

## Best Choice

**HUP SENG**
Kerk Orchestra Biscuit Assorted 700g
~~Ks.4,600~~ 4,300

**HUP SENG**
Wawasan Biscuits Assorted 700g
~~Ks.4,600~~ 4,300

**KHIAN GUAN**
Family Biscuits Assorted 1.4kg
~~Ks.5,650~~ 5,400

**SHOON FATT**
Biscuits Assorted -Happy Day -Let's Party 700g
~~Ks.3,800~~ 3,650

**SHOON FATT**
Pop Corn Cracker 1.5kg
~~Ks.5,600~~ 5,400

**MUNCHY'S**
Biscuits Assorted -Topmix/ Funmix 750g
~~Ks.6,100~~ 5,500

**JULIE'S**
Biscuits Assorted -Jamboree/ Malodies 650g
~~Ks.4,300~~ 3,850

**HAIHACO**
Impression Butter Cookies 500g
~~Ks.5,650~~ 5,100

**ANLENE**
Gold Boneactive Milk Powder 2 x800g
Buy 1 Gift Set (promotion)

**ANLENE**
Gold Milk Powder -Boneactive 400g/ 800g -Hi Calcium 25g
Buy 800g 1pc, 400g 2pc (or) 5 Sachet Pack 250g Get 1 free

**ENSURE**
Life Milk Powder -Vanilla/ Strawberry 400g/ 850g
Buy 850g 1pc, Save Ks.2,000; 400g 1pc, Save Ks.1,000

**BRAND'S**
-Bird's Nest -Essence of Chicken (Gingseng) -Veta -Bird's Nest Su...
Buy Any Ks.25,000 Get 1 free

**BERYL'S**
Milk Chocolate -Almond/ Assorted 300g
~~Ks.9,850~~ 8,850

**MUNCHY'S**
Lexus Cracker -Calcium Cheese -Chocolate Cream -Peanut Butter 190g
~~Ks.2,200~~ 2,000

**ORION**
Choco Pie 6's 168g -Fresh Pie 6's 150g
Buy Same 2 Save Ks.200

**ORION**
-Choco Pie 12's 336g -Fresh Pie 12' 300g
Buy Same 2 Save Ks.400

**HUP SENG**
Deluxe Cracker -Original/ Cheese 168g
~~Ks.1,600~~ 1,450

**HUP SENG**
Special Cream Cracker 428g
~~Ks.1,600~~ 1,500

**WALKERS**
Butter Shortbread -Finger Cookies 150g -Pure Assorted... -Chocolate... -Belgian...
30% OFF

**VICENZI**
Italian Lady Finger Original 200g/ 400g
10% OFF

**VICENZI**
Mini Vogile Assorted Cookies 300g
~~Ks.4,450~~ 4,000

**VICENZI**
Puff Pastry (Fine Sugar/ Roll Hazelnut/ Milk Cream/ Rolls Cream/ ...) 125g
30% OFF

**LOACKER**
Wafer with Classic -Hazelnut/ Crispy Vanila 175g
~~Ks.2,700~~ 2,400

**FERRERO ROCHER**
Chocolate T-24 300g Chocolate Hazelnut T-30 375g T-16 200g
10% + lucky draw

**NEW ZEALAND FUJI APPLE**
(200g ~ 250g)
pcs/ Ks. ~~950~~ 800

**HUP SENG**
Cream Cracker 700g
~~Ks.4,600~~ 4,300

**DANISA**
Traditional Butter Cookies 454g
Buy 1 Get 1+ 10% Off free

**QUEEN**
Squash Orange 750ml
~~Ks.1,850~~ 1,700

## HAPPY THADINGYUT FESTIVAL

23.10.2015 to 01.11.2015

ကျပ်၆၀,၀၀၀ ဖိုးနှင့်အထက် ဝယ်ယူသူတိုင်းအတွက်
ဗလာဖေါက်ကံစမ်းမဲလက်ဆောင်များ

Gift Voucher | Food Coupon | အခြား ဆုလက်ဆောင်များ

**WE ACCEPT TELEPHONE ORDER**
email: enquiry@city.com.mm
Hot line: 01-253022
Prices may change without prior notice. While Stocks Last!
All items limited to 6pcs per customer.

DELIVERY ORDER CONTACT
Phone : (+95) 01-253022

www.citymart.com.mm | citymart_supermarket | @citymartmm | www.facebook.com/CityMartSupermarketMyanmar

# တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ(၁၃/၂၀၁၅) အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြား

တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏(၁၃/ ၂၀၁၅) ကြိမ်မြောက် အစည်းအဝေးကို အောက်တိုဘာ ၂၁ ရက်နေ့က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက် အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကား ပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှု တားဆီး ထိန်းချုပ်ရေး ဗဟိုကော်မတီအနေဖြင့် ကုန်သွယ်မှု လမ်းကြောင်းများမှ တရားမဝင် တင်ပို့၊ တင်သွင်းနေခြင်းများအား စနစ်တကျစိစစ်ဖော်ထုတ်ရန် နိုင်ငံတော်မှ တာဝန်ပေးချက်အရ တရားမဝင် ကုန်သွယ်မှု လျော့နည်းပပျောက်စေရေး၊ စားသုံးသူ ပြည်သူလူထုအား အကာအကွယ်ပေးရေး စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ Mobile Team အဖွဲ့ဝင် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန် ကန်ကန် စနစ်တကျ ဆောင်ရွက်ကြရန်နှင့် အဖွဲ့ခေါင်းဆောင်များကလည်း မိမိလက်အောက်ဝန်ထမ်းများအား ပြည်သူနှင့် ဆက်ဆံရာတွင် အပြောအဆို၊ အနေအထိုင်မှားယွင်းမှုမရှိစေရေး တရားမဝင် ကုန်သွယ်မှုများတွင် ဝန်ထမ်းများ ပါဝင်ပတ်သက်မှု မရှိစေရေး၊ အထူးအလေးထား ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ လှုပ်ရှား (၂) ညောင်ခါးရှည်တွင် ယာဉ်ငယ်စစ်ဆေးခဲ့မှုအား၊ လူမှုကွန်ရက်တွင် ထည့်သွင်းဖော်ပြခဲ့မှုဖြစ်စဉ်အား အခြေအနေမှန်ကို သိရှိနိုင်ရန် ဗဟိုကော်မတီ အတွင်းရေးမှူးဦးဆောင်ပြီး သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ Mobile Team အဖွဲ့အနေဖြင့် ၎င်းဖြစ်စဉ်အား လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မော်တော်ယာဉ်သက်သေခံလက်မှတ် စစ်ဆေးခြင်းအား သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်ဝန်ထမ်းကတာဝန်ယူစစ်ဆေးခဲ့ပြီး Mobile Team အဖွဲ့ဝင် ဌာနဆိုင်ရာ အသင်းအဖွဲ့ ကိုယ်စားလှယ်များမှ ညီညီညွတ်ညွတ် ပူးပေါင်း၍ ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ တရားမဝင် ကုန်သွယ်မှု တား ဆီးဆောင်ရွက်မှု လုပ်ငန်းများတွင် ကုန်သည်ကြီးများအသင်းနှင့် သတင်းမီဒီယာအဖွဲ့တို့မှ Mobile Team အဖွဲ့ဝင်များအဖြစ် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့မှုကြောင့် ပိုမိုအောင်မြင်မှုရရှိခြင်းဖြစ်တာကို တွေ့ရှိရပါကြောင်း၊ ဗဟိုကော်မတီ အဖွဲ့အစည်း သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ တရားမဝင် ကုန်ပစ္စည်းများ တားဆီးအရေးယူနိုင်မှုအနေနှင့် အကောက်ခွန်အမှုတွဲ ၇၆၈၀ ခု ခန့်မှန်းတန်ဖိုးကျပ် သန်း ၄၉၃၀၀ ကျော်ရှိပြီး ကျောက်စိမ်းနှင့် တွင်းထွက်ပစ္စည်း ဖမ်းဆီးရမိမှု ၁၈၇ ခု၊ တန်ဖိုး ၆၉၅၁ ကျပ်သန်းနှင့် သစ်တောထွက်ပစ္စည်း ဖမ်းဆီးရမိမှု ၆၁၈ခု၊ တန်ဖိုး ၂၉၈၅ ကျပ်သန်း ဖမ်းဆီး အရေးယူနိုင်ခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေး အတွက် မီးရှို့ဖျက်ဆီးသည့် အမှုတွဲ ၈၂၇ ခု၊ ခန့်မှန်း တန်ဖိုး ကျပ်သန်း ၂၃၅၀ ကျော် ဆောင်ရွက်နိုင်ခဲ့ပါ ကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာ အကြီးအကဲများမှ မိမိတို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက် အားသာချက်တို့အား ဆွေးနွေးတင်ပြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်လည်ဆွေးနွေးပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးတက်ရရှိရေး စီမံကိန်း အကောင်အထည်ဖော်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စံချိန်စံညွှန်းနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက် ချောမွေ့စေရေးအဖွဲ့ (Standard and Trade Development Facility-STDF) ၏ ထောက်ပံ့မှု၊ နိုင်ငံတကာ ကုန်သွယ်မှုစင်တာ (International Trade Center -ITC) ၏ နည်းပညာ အကူအညီတို့ဖြင့် ပူးပေါင်းဆောင်ရွက်မည့် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးကဏ္ဍ တစ်ရပ်ဖြစ်သည့် 'ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုး တက်ရရှိရေး စီမံကိန်း အကောင်အထည်ဖော်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ စုပေါင်းခန်းမတွင်ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် တက်ရောက်အမှာစကားပြောကြား သည်။

အမြဲတမ်းအတွင်းဝန်မှ ပြောကြားရာတွင် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးတက်ရရှိရေး စီမံကိန်းသည် အမျိုး သားပို့ကုန်မဟာဗျူဟာ၏ ပဲအမျိုးမျိုး နှင့် ဆီထွက်သီးနှံကဏ္ဍ အရည်အသွေး စီမံခန့်ခွဲခြင်း ကဏ္ဍများနှင့် သက်ဆိုင်နေပါကြောင်း၊ ယခုစီမံကိန်း ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၈ခုနှစ်အထိ သုံးနှစ်တာ အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ဆီထွက်သီးနှံကဏ္ဍ တန်ဖိုး ကွင်းဆက်တွင်ရှိသော တောင်သူလယ်သမားများ၊ ထုတ်လုပ်သူများနှင့် ပို့ကုန်တင်ပို့သူများ၏ ပို့ကုန်ဝင် ငွေများ တိုးတက်ရရှိစေရန်၊ လယ်သမားများ၏ GAP (Good Agriculture Practice) နှင့် SPS ဆိုင်ရာစွမ်း ဆောင်မှုများ၊ မျိုးစေ့

စာမျက်နှာ ၁၅ သို့ ➲

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.41 Monday October 26 2015

# ပြည်တွင်းဆန်လက်ကျန် နည်းလာချိန်မှာ တရုတ်လိုင်းက ဈေးတိုးပေးဝယ်ယူနေ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ အောက်တိုဘာ ၂၃ ရက်နေ့ဈေးနှုန်းအရ ဖျာပုံပေါ်ဆန်း လတ်စတစ်အိတ် ကို ၃၆၅၀၀ ကျပ်၊ ထိပ်စ ၃၈၅၀၀ ကျပ်၊ မြောင်းမြ/ပုသိမ် ပေါ်ဆန်းလတ်စ ၃၉၅၀၀ ကျပ်၊ ထိပ်စ ၄၁၀၀၀ ကျပ်၊ နယ် စုံပေါ်ဆန်း လတ်စတစ်အိမ် ၃၅၅၀၀ ကျပ်၊ ထိပ်စ ၃၆၅၀၀ ကျပ်၊ ရွှေဘိုပေါ် ဆန်း ၄၈၀၀၀ ကျပ်မှ ၅၀၀၀၀ ကျပ်တို့ဖြင့် ဈေးဆက်ငြိမ်နေတာတွေ့ရပါတယ်။

ရန်ကုန်သို့ ဆန်ချော ပုံမှန်ဝင်နေသော်လည်း အဝယ်အေးနေလို့ကုန်စည်ဒိုင်မှာ အရောင်းအဝယ် မပြတ်တာတွေရှိနေကြောင်း၊ ဆန်ကြမ်းတွေဖြစ်တဲ့ ဧည့်မထလတ်စတစ်အိတ် ၂၃၀၀၀ ကျပ်၊ ထိပ်စ ၂၅၀၀၀ ကျပ်၊ မိုးသုခ ၂၅၀၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်၊ ရက် ၉၀ မီးကောက် ၂၇၀၀၀ ကျပ်မှ ၂၉၀၀၀၊ ဆင်းသွယ်လတ် ၂၇၀၀၀ ကျပ်မှ ၂၈၀၀၀ ကျပ်၊ နှွေဆန်ရှယ် ၂၃၅၀၀ ကျပ်မှ ၂၅၀၀၀ ကျပ်၊ ဆန်သစ်ဈေးနှုန်း ၂၀၇၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ဆန်ကြမ်းတစ်အိတ်လျှင် ၂၀၀ ကျပ်မှ ၂၀၀၀ ကျပ်အတွင်း ဆန်ကြမ်းအမျိုးအစားပေါ်မူတည်၍ ဈေးတက်ခဲ့တာ တွေ့ရှိရပါတယ်။ ဆန်ကြမ်းအဝင်ပုံမှန်ထက်ပါးနေခြင်း၊ ဆန်သစ်အဖြစ် ဝင်ရောက်မှု မှာလည်း နည်းပါးနေပြီး စပါးဟောင်းနှင့် ရောကြိတ်ကာ ဈေးကွက်သို့ ဆန်ဟောင်းအဖြစ် ဝင်ရောက်နေခြင်းကြောင့် ဆန်ကြမ်းဈေးမာနေရခြင်းဖြစ်ကြောင်း၊ ဝါးတန်းကုန်စည်ဒိုင်သို့ ဆန်ကြမ်းအဝင်နည်းပါးနေပြီး၊ ဆန်ချော ပုံမှန်ဝင်နေကာ အရောင်းအဝယ်လည်း ပုံမှန်ခန့်သာရှိနေကြောင်း ကုန်စည်ဒိုင်ဆန်ဈေးကွက်မှ သိရှိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ် (၁၀၈ ပေါင်)ကို ၂၀၅၀၀ ကျပ်မှ ၂၁၀၀၀ ကျပ် ခန့် ဈေးနှုန်းဖြစ်ပေါ်ပြီး WFP အဝယ်သမား အနည်းငယ်ရှိသော်လည်း ဆန်ကြမ်းအဝင်မှာ နည်းနေသဖြင့် ဈေးမာနေကြောင်း၊ EMATA MYANMAR 25 % FOB (YANGON) ဈေး ၃၁၀-၃၁၅ နှင့် ၃၃၀-၃၄၀ USD/MT ဈေးရှိသော်လည်း ပြည်တွင်းဆန်ပေါက်ဈေးဖြင့် ဈေးမကိုက်၍ မပို့နိုင်ကြဘဲ တန်း မြင့်ဆန်အချို့သာ တင်ပို့မှုရှိကြောင်း၊ တရုတ်-မူဆယ်လိုင်းသို့ ရန်ကုန်မှ ဈေးမကိုက်၍ မသွားနိုင်ကြကြောင်း ဆန်ဈေးကွက်မှ သိရှိပါတယ်။

တရုတ်လိုင်းဖြစ်တဲ့ မူဆယ်ဆန် ဈေးကွက်မှာ အောက်တိုဘာ ၂၃ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅မှတ်ကို မော်ဘီတစ်အိတ်လျှင် ၁၄၁-၁၄၄ ယွမ်၊ မနောသုခ ၅မှတ်၁၄၁-၁၄၅ ယွမ်၊ ဧည့် မထ ၁၀ မှတ် မော်ဘီနှင့် မနော်သုခ တစ်အိတ်လျှင် ၁၃၇-၁၄၀ ယွမ်၊ ဧည့်မထ ၁၅ မှတ် ရတနာတိုး ၁၃၂-၁၃၅ ယွမ်၊ ဧည့်မထ ၂၅ မှတ် ရတနာတိုး ၁၂၉-၁၃၁ယွမ်၊ ဧည့်မထ ၃၅ မှတ် ရတနာတိုး ၁၂၅ -၁၂၇ ယွမ်၊ ငစိန် ၅ မှတ် ၁၃၉-၁၄၅ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၃-၁၃၅ယွမ်၊ ငစိန် ၂၅ မှတ် ၁၂၉-၁၃၂ ယွမ် အသီးသီးဖြစ်ခဲ့ကြပြီး ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် မြင့်လာတာတွေ့ရှိရကြောင်း၊ မူဆယ်ရှိ ယနေ့ငွေလဲနှုန်းမှာ တစ်ယွမ်လျှင် ၂၀၀ ခန့်ရှိပြီး မူဆယ်သို့ ပြည်တွင်းနယ်စုံမှ တစ်ရက်လျှင် ဆန်တန် ၁၀၀၀ ကျော်မှ ၁၆၀၀ ကျော်ခန့်သာဝင်နေပြီး ယခင်ထက် လျော့နည်းလာတာ တွေ့ရကြောင်း၊ ပြည်တွင်းဆန်လက်ကျန် နည်းလာခြင်းကြောင့် မူဆယ်သို့ ဆန်ဝင်ရောက်မှု လျော့နည်းလာခြင်း၊ တရုတ်ဘက်မှ ဆန်၊ သကြား၊ ပြောင်း အဖမ်းအဆီးတချို့ ရှိနေသော်လည်း တရုတ်ဆန်ကုန်သည်များက ယခုတစ်ပတ်အတွင်း ဈေးအနည်းငယ် တိုးပေးကာ ပြန်ဆွဲနေလို့ ဆန်အရောင်းအဝယ်ဖြစ်နေကြောင်း မူဆယ်ဆန်ဈေးကွက်မှ သိရှိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင် ပို့မှုမှာ ယခုဘဏ္ဍာနှစ်ဧပြီ ၁ ရက်မှ အောက်တိုဘာလ ၁၆ ရက်နေ့အထိ တန်ချိန် ၇၇၄၇၂၈ ကျော်၊ အမေရိကန် ဒေါ်လာ ၂၆၉ သန်းကျော်ဖိုး ရှိနေပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန် ချိန် ၃၁၁၆၇ ကျော်၊ အမေရိကန်ဒေါ်လာ ၂၆ သန်းကျော်ဖိုး လျော့နည်းလျက်ရှိကြောင်း သိရှိရပါတယ်။

**MIRT (YGN)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၂-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၁ | ၃၈၁ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၇၅ | △ | ၃၅၅ | ၃၇၀ | △ | ၃၅၅ | ၃၅၀ | ▽ | ၃၀၅ | ၃၀၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၃ | ၃၆၅ | △ | ၃၃၅ | ၃၅၀ | △ | ၃၁၅ | ၃၃၀ | △ | ၂၈၀ | ၂၈၀ | □ |
| ပေါင်းဆန် | ၃၆၅ | ၃၆၀ | ▽ | - | - | - | ၃၃၅ | ၃၄၀ | △ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

## အမေရိကန်နိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၂-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၉၀ | ၄၉၀ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၀၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၃-၁၀-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၁၀၀ | □ | ၂၄၀၀၀ | □ | ၇၇၂၈ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | □ | ၂၄၅၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၃၀၀၀ | □ | ၈၁၀၀ | □ | ၃၅၀၀၀ | □ |
| ရွှေဘို | ၅၂၀၀ | □ | ၂၂၅၀၀ | □ | ၁၃၅၀၀ | □ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၇၅၀ | □ | ၃၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၅၅၀၀ | □ |
| မန္တလေး | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၈၀၀ | □ | ၂၅၈၀၀ | □ | - | - | ၄၀၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၂၅၀၀ | □ | ၈၄၀၀ | □ | ၃၅၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၂၅၀၀ | □ |
| မြိတ် | ၅၃၀၀ | ▽ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၅၇၀၀ | △ | ၂၅၀၀၀ | △ | - | - | ၃၈၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၈၀၀၀ | ▽ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ကုန်သွယ်ရေးစခန်းများမှ ဆန်နဲ့ ဆန်ကွဲ တင်ပို့မှု လျော့ကျသော်လည်း ပင်လယ်ရေကြောင်းမှပိုမိုတင်ပို့

အောက်တိုဘာလ ၁၀ ရက်မှ ၁၆ ရက် ထိကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နဲ့ လွယ်ဂျယ်စခန်းများမှ ကန်ဒေါ်လာ ၂ ဒသမ ၁၇၃ သန်းတန်ဖိုးရှိ ဆန်ဖြူ ၅၇၅၆ တန် တင်ပို့ခဲ့ပါတယ်။

တင်ပို့ခဲ့တဲ့ ဆန်အမျိုးအစားတွေကတော့ မူဆယ်မှ ငစိန်ဆန် ၁၃၉၇ တန်ကျော်နဲ့ ဧည့်မထဆန် ၃၄၃၁ တန်ကျော်၊ ချင်းရွှေဟော်မှ ငစိန်ဆန် ၃၅ တန်နဲ့ လွယ်ဂျယ်မှ ၈၉၂ တန် ဖြစ်ပါတယ်။ ယခုတစ်ပတ် ဆန်တင်ပို့မှုကတော့ ယခင်တစ်ပတ်ထက် ၉၅၅၃ တန် လျော့နည်းခဲ့ပါတယ်။ မူဆယ် ၁၀၅ မိုင်မှ ဆန်အပြင် ကန်ဒေါ်လာ သုည ဒသမ ၃၂၄ သန်းဖိုးရှိ ဆန်ကွဲ ၉၈၃ တန် တင်ပို့ခဲ့သော်လည်း ယခင်တစ်ပတ်ထက် တန် ၂၄၀၀ ကျော် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အောက်တိုဘာလ ၁၁ ရက်မှ ၁၇ ရက်နေ့ထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၅၀၈ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၂၉၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။

နိုင်ငံအလိုက် တင်ပို့မှုတွေကတော့ စင်ကာပူနိုင်ငံသို့ ငစိန်ဆန် တန် ၁၀၀ နဲ့ ဇီယာဆန် ၁၂၄ တန်၊ အီးယူနိုင်ငံများသို့ ငစိန်ဆန် တန် ၂၅၀၊ ဧည့်မထဆန် ၄၇၅ တန်နဲ့ ပေါင်းဆန် တန် ၃၅၀ တင်ပို့ခဲ့တာ ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၄၈၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်အပြင် ဆန်ကွဲတင်ပို့မှုကလည်း ယခင်တစ်ပတ် တင်ပို့မှုထက် တန် ၁၀၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၁၆၆ သန်းဖိုးရှိ ဆန်ကွဲ ၆၂၅ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၁၅ ခုနှစ် မိုးစပါးသစ်များ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးလျက်ရှိသော မိုးစပါးများမှာ ယခုအောက်တိုဘာလတွင် ဈေးကွက်သို့ ဝင်ရောက်လျက်ရှိကြောင်း သိရပါတယ်။ စပါးဈေးနှုန်းများမှာ ပုသိမ်မြို့နယ်တွင် ပေါင် ၅၀ကိုက် တင်း ၁၀၀ ကို မနောသုခ ဆင်းသွယ်လတ် ၅၀၆၀၀၀ ကျပ်၊ ကန်ကြီးထောင့်မြို့နယ်တွင် ဆင်းသုခ၊ မရှုရင် ၅၀၀၀၀၀ ကျပ်၊ ကျုံပျော်မြို့နယ်တွင် ရတနာတိုး ၅၀၀၀၀၀ ကျပ်၊ ဆင်းသုခ ၄၈၀၀၀၀ ကျပ်၊ ရေကြည်မြို့နယ်တွင် ပခမ်းရွှေဝါ ၄၈၀၀၀၀ ကျပ်၊ ကျောင်းကုန်းမြို့နယ်တွင် ဆင်းသုခ သီးထပ်ရင် ၅၀၀၀၀၀ ကျပ်၊ မြောင်းမြမြို့နယ်တွင် မျိုးပွား၊ ဆင်းသုခ၊ သီးထပ်ရင် ၅၂၀၀၀၀ ကျပ်၊ အိမ်မဲမြို့နယ်တွင် မနောသုခ ၅၄၀၀၀၀ ကျပ်၊ သီးထပ်ရင် ၅၃၀၀၀၀ ကျပ်၊ ဝါးခယ်မမြို့နယ်တွင် သီးထပ်ရင် ၅၂၀၀၀၀ ကျပ်၊ မအူပင်မြို့နယ်တွင် သီးထပ်ရင် ၄၇၀၀၀၀ ကျပ်၊ ပန်းတနော်မြို့နယ်တွင် ရတနာတိုးစပါး ၄၆၀၀၀၀ ကျပ်၊ ညောင်တုန်းမြို့နယ်တွင် ဆင်းသွယ်လတ်စပါး ၄၇၀၀၀၀ ကျပ်ဖြင့် ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိပြီး ထွက်ရှိလာသော စပါးသစ်များကို မျိုးအဖြစ် ဝယ်ယူသူများရှိသလို ဆန်စက်များတွင် ကြိတ်ခွဲသည့် တောင်သူများလည်းရှိကြောင်း၊ စပါးအစိုခါတ်ပေါ် မူတည်၍ ဈေးနှုန်းအပြောင်းအလဲ အနည်းငယ်ရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၃-၁၀-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၆/၁၀ | ၂၃/၁၀ | ပြောင်းလဲမှု | ၁၆/၁၀ | ၂၃/၁၀ | ပြောင်းလဲမှု | ၁၆/၁၀ | ၁၆/၁၀ | ပြောင်းလဲမှု | ၁၆/၁၀ | ၂၃/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၉၁၉ | ၃၆၄၆ | ▼ | - | ၃၆၆၇ | - | ၃၅၀၀ | ၃၅၀၀ | ■ | ၃၅၀၀ | ၃၅၀၀ | ■ |
| ၂ | ပဲစင်းငုံ | - | - | - | - | - | - | - | ၁၇၅၀ | - | ၃၃၅၀ | ၃၃၅၀ | ■ |
| ၃ | ပဲတီစိမ်း | ၂၄၁၅ | ၂၂၅၀ | ▼ | - | ၁၅၁၀ | - | ၂၂၀၉ | ၂၂၀၉ | ■ | ၂၁၆၀ | ၂၁၁၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၅၀၀ | ■ | - | - | - | - | - | - | ၁၉၅၀ | ၂၀၀၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၄၃၀ | ၁၄၃၀ | ■ | - | - | - | - | - | - | ၁၁၆၀ | ၁၁၆၀ | ■ |
| ၆ | ထောပတ်ပဲ | ၉၅၅ | ၉၅၅ | ■ | ၉၇၀ | ၉၂၄ | ▼ | ၀၄၂ | - | - | ၇၁၀ | ၇၆၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၃-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၅/၁၀ | ၂၂/၁၀ | ပြောင်းလဲမှု | ၁၅/၁၀ | ၂၂/၁၀ | ပြောင်းလဲမှု | ၁၅/၁၀ | ၂၂/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၈၂၀ | ၁၇၇၀ | ▼ | ၁၈၈၂ | ၁၅၁၀ | ▼ | ၁၈၅၁ | ၁၅၄၁ | ▼ |
| ၂ | ပဲစင်းငုံ | ၁၅၇၀ | ၁၅၇၀ | ■ | ၂၂၃၇ | ၁၈၈၀ | ▼ | ၂၀၈၃ | ၁၈၄၉ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၈၀ | ၁၀၈၀ | ■ | - | - | - | ၁၃၇၃ | ၁၂၃၃ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၈၄၉ | ၇၄၇ | ▼ | ၈၁၀ | ၇၈၂ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၀.၁၀.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၁၇.၁၀.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၅) မှ (၁၇.၁၀.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၅၉၆၀ | ၃၃၁၅ | ၃၈၀၁၄၂ |
| ပဲတီစိမ်း | ၄၆၂၇ | ၂၁၅၁ | ၁၀၅၃၁၀ |
| ပဲစင်းငုံ | ၁၄၆၉ | ၁၈၃၄ | ၁၁၄၇၉၈ |
| ကုလားပဲ | - | ၂၄ | ၂၃၁၆၆ |
| ပဲလွန်းဖြူ | ၉၅ | ၃၇၇ | ၁၂၀၅၂ |
| မြေထောက်ပဲ | ၃၈၄ | ၄၃၆ | ၁၂၀၁၉ |

# စစ်ကိုင်းမိုးမြေပဲလုံးဆန်များ အရောင်းအဝယ်သွက်

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၅-၂၀၁၆ ခုနှစ် မိုးမြေပဲလျာထားစိုက်ဧက ၂၇၀၀၀၀ ကျော်မှာ ဧက ၂၈၀၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့လို့ ရာခိုင်နှုန်းအားဖြင့် ၁၀၄ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။

ဘုတလင်မြို့နယ်နှင့် ကနီမြို့နယ်တို့မှ အစောစိုက်မိုးမြေပဲများထွက်ပေါ်ပြီး မုံရွာကုန်စည်ဒိုင်သို့ မြေပဲလုံးဆန် ပိဿာ ၅၀၀၀ မှ ၈၀၀၀ ကြားဝင်ရောက်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။ ကနီမြို့နယ်၊ ချိုင်ဒင်ပေါက်ကျေးရွာတွင် မြေပဲတစ်ဧက စိုက်ပျိုးမှု ကုန်ကျစရိတ် ၂ သိန်းခန့်ကုန်ကျပြီး တစ်ဧကအထွက်နှုန်း ၂၅ တင်းမှ ၃၅ တင်းထိ ထွက်ရှိကာ မြေပဲတောင့်တစ်တင်းပေါက်ဈေး ကျပ် တစ်သောင်းခွဲ၊ နှစ်သောင်းကျပ်ဈေးဖြင့် ရောင်းချရလို့ အမြတ်များစွာရရှိကြောင်း တောင်သူတစ်ဦးက ပြောပါတယ်။

မုံရွာကုန်စည်ဒိုင်သို့ဝင်ရောက်သော မြေပဲလုံးဆန်များရဲ့ သုံးပုံ နှစ်ပုံသည် ဒေသတွင်း အသုံးပြုပြီး ကျန်တစ်ပုံကိုတော့ တရုတ်မူဆယ်ဈေးကွက်သို့ စီးထွက်ကြောင်း ကုန်သည်တစ်ဦးက ပြောပါတယ်။

မုံရွာကုန်စည်ဒိုင်၏ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွင်း မြေပဲလုံးဆန် တစ်ပိဿာ နိမ့်/မြင့် ပေါက်ဈေးများမှာ မြေပဲဆန်နီ ၃၁၅၀ ကျပ်၊ ၃၂၅၀ ကျပ်၊ မြေပဲဆန်ဖြူ ၂၃၀၀ ကျပ်၊ ၂၇၂၅ ကျပ်၊ မြေပဲဆီ ၄၅၀၀ ကျပ်-၅၀၀၀ ကျပ်၊ ပဲဖတ် ၁၁၇၅ ကျပ်-၁၂၇၀ ကျပ် ဈေးအသီးသီးနဲ့ ရောင်းဝယ်ကြောင်း သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

# ပြည်ပဲမျိုးစုံဈေးကွက်မှာ အောက်တိုဘာလ တတိယပတ်အတွင်း ပြည်ပဝယ်လက်မတ်ပဲဈေးဆက်ကောင်းသလို ပြည်တွင်းဝယ်လက် ကုလားပဲဈေးပါ ဈေးကောင်းရလျက်ရှိ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ အောက်တိုဘာ တတိယပတ်အတွင်း ပဲစင်းငုံနှင့် ပဲတီစိမ်းသီးနှံမှာ ပဲလက်ကျန်လည်းမရှိတော့လို့ အရောင်းအဝယ်ပါးခဲ့ပြီး မတ်ပဲသီးနှံကတော့ ပြည်ပဝယ်လက်ကိုပဲ ဆက်လက်အရောင်းအဝယ်ဖြစ်နေခဲ့တာကိုတွေ့ရပါတယ်။ ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲများရှိခဲ့လို့ နေ့စဉ် ရန်ကုန်ဝယ်လက် အဝယ်မရှိသော်လည်း ရက်ခြားဝယ်ယူမှုရှိကာ အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်နေသလို ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်တို့မှ မျိုးပဲများလာရောက်ဝယ်ယူကြတဲ့အတွက် နေ့စဉ် အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။

ပဲဈေးမှာ တစ်တင်း ၇၄၀၀၀ ကျပ်ဖြင့် ဈေးဆက်မြင့်နေပြီး မျိုးပဲဈေးကတော့ တစ်တင်း ၇၆၀၀၀ ကျပ်ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခုနှစ် မျိုးပဲဈေးနှင့် လက်ကားအရောင်းအဝယ်ဖြစ်ခဲ့သော ဈေးများမှာ စံချိန်တင် အမြင့်ဆုံးရရှိခဲ့ပါတယ်။

ကုလားပဲသီးနှံမှာလည်း ပဲအဝင်မရှိဘဲ လက်ကျန်ပဲများရှိတဲ့အတွက် ခွဲစက်သမား တစ်ခါတစ်ရံ ဝယ်ယူသလို မျိုးပဲလည်း အဝယ်လိုက်နေတာကို တွေ့ရပါတယ်။ ပန်းတောင်း၊ ပေါက်ခေါင်းဘက်မှ မတ်ပဲရော ကုလားပဲသီးနှံပါ မျိုးပဲဝယ်ယူခဲ့ကြတယ်လို့ သိရပါတယ်။ ကုလားပဲသီးနှံမှာ တစ်တင်း ၄၁၀၀၀ ကျပ်ဖြင့် ယခုနှစ်မှာတော့ ဈေးနှုန်းများ တရိပ်ရိပ်တက်လာသလို နှစ်စဉ် ဈေးနှုန်းများအရလည်း ယခုနှစ်ဈေးအမြင့်ဆုံးရလာခဲ့ပြီး မျိုးပဲဈေးမှာ တစ်တင်း ၄၂၀၀၀ ကျပ်ရရှိခဲ့ကြပါတယ်။

ကုလားပဲသီးနှံရဲ့ ယခင်နှစ်ကတစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးများမှာ ကျပ်နှစ်သောင်း အောက်သာရရှိသလို ဈေးကွက်မှာလည်း ဈေးအနည်းဆုံးဖြစ်ခဲ့ပါတယ်။ ယခုနှစ်ကတော့ ပြည်တွင်းပဲဈေးကွက်မှာ အရောင်းအဝယ်ဖြစ်သော ပဲများထဲမှာလည်း ဈေးအမြင့်ဆုံးရရှိခဲ့တဲ့ ပဲဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံမှာလည်း အခြားပဲများနဲ့ ယှဉ်ရင် ပြည်တွင်းပဲဈေးကွက်မှာ ယခင်နှစ်ကတည်းက ဈေးကောင်းရခဲ့သော်လည်း ယခုနှစ်မှာတော့ ဈေးပိုကောင်းလာခဲ့ပါတယ်။ ပဲကြီး (ရွှေကျွန်း) တစ်တင်း ၃၅၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၂၀၀၀ ကျပ်ဖြင့် လဆန်းရက်ကအတိုင်း ဈေးငြိမ်နေပြီး၊ ပဲကြီး (ရွှေကျွန်း) မှာ အိတ် ၂၀၀ ကျော်သာ တစ်ခါတစ်ရံ ရက်ခြား အရောင်းအဝယ်ဖြစ်သလို (ကမ်းနား)ပဲက ပဲကြော်ဖိုသမားများအဝယ်လိုက်လို့ အိတ် ၃၀၀ ကျော် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြပါ တယ်။

လက်လီအရောင်းအဝယ်ဖြစ်တဲ့ ပဲများအနက် ဘိုကိတ်ပဲသီးနှံမှာ လက်ကျန်လည်းနည်းလာသလို အရောင်းအဝယ်လည်းနည်းလို့ အိတ် အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ပြီး တစ်တင်း ၂၄၀၀၀ ကျပ်ရရှိသလို ပဲလွန်းဖြူသီးနှံကတော့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ်မြင့်လာလို့ တစ်တင်း ၃၀၀၀၀ ကျပ်ဖြင့် လက်လီအိတ် အနည်းငယ် ဝယ်ယူမှုရှိခဲ့ပါတယ်။ ထောပတ်ပဲသီးနှံကတော့ ယခင်တစ်ပတ်ထက် တစ်တင်း ကျပ် ၁၀၀၀ ခန့် ပိုလာကာ ယခုဈေး တစ်တင်း ၁၈၅၀၀ ကျပ်ဖြင့် လက်လီသမား၊ နေ့စဉ်အဝယ်ရှိကာ အိတ် ၂၀ ကျော် ရောင်းချခဲ့ရကြောင်း သိရပါတယ်။ ယခု အောက်တိုဘာ တတိယပတ်အတွင်း ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲသီးနှံရော ကုလားပဲနှင့် ပဲကြီးသီးနှံများပါ ဈေးကောင်းရလျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**



# မုံရွာကုလားပဲ မျိုးအတွက် အဆွဲများလို့ ဈေးဆက်မာ

အောက်တိုဘာလ တတိယပတ် မုံရွာကုန်စည်ဒိုင်ကုလားပဲဈေးကွက်မှာ ဒေသတွင်းလုပ်ငန်းသုံး ဝယ်လက်များနဲ့အပြိုင် တောင်သူတွေမျိုးအတွက် အဆွဲများလို့ ဆက်လက်ဈေးမာနေခဲ့ပါတယ်။

ယခုတစ်ပတ်အတွင်း ထိုင်ဝမ်တစ်တင်း ၃၈၂၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး တစ်တင်း ၄၀၅၀၀ ကျပ်နဲ့ ကုလားပဲ 929 တစ်တင်း ၃၉၅၀၀ ကျပ်အသီးသီး အမြင့်ဈေးဖြစ်ပေါ်ခဲ့ကာ ဒေသခံကြာဆံသမား၊ ပဲခွဲစက်သမားတွေ မရှိမဖြစ်ကုန်ကြမ်းဖြစ်လို့ ဆက်လက်ဝယ်လိုအားကောင်းခဲ့ရာ တစ်ရက် အိတ် ၃၀၀ မှ ၄၀၀ ကြား အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

တောင်သူတွေအနေနဲ့ မိမိတို့ ဒေသခံရှိရာ မုံရွာမြို့ပေါ်ရှိ ပွဲရုံများမှာ အိတ်အလိုက် မျိုးအတွက် တိုက်ရိုက်ဝယ်ယူမှုတွေလည်း များပြားသွက်လက်နေတယ်လို့ ပွဲရုံရပ်ကွက်က ကြားသိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# စွန်တာနီနဲ့ ကာသဲပဲ နယ်မဆွဲလို့ ဈေးငြိမ်

မုံရွာခရိုင် ၄ မြို့နယ်ရှိ တောင်သူအများစုမှာ စွန်တာနီကို ဈေးကွက်တင်ပို့ရန်အပြင် နွားစာအတွက် မရှိမဖြစ်လိုအပ်သလို နှစ်စဉ် မိုးရောဆောင်းရာသီပါ ပုံမှန်စိုက်ပျိုးခဲ့ရာ ယခုနှစ်အတွင်း မိုးရာသီက ဧက ၆၈၀၀၀ ကျော်စိုက်ပျိုးပြီးခဲ့သလို ယခုဆောင်းသီးနှံအဖြစ် လျာထားဧက ၄၀၀၀၀ ကျော်အနက် ၂၅၀၀၀ ကျော် စိုက်ပျိုးပြီးပြီလို့ စာရင်းဇယားများအရ သိရပါတယ်။

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင် ပဲဈေးကွက်မှာ စွန်တာနီတစ်တင်း ၁၈၀၀၀ ကျပ်ဝန်းကျင်မှာ ဈေးငြိမ်နေပြီး အဓိကဝယ်လက်အနေနဲ့ ကြာဆံစက်သမားများနဲ့ ပဲလက်လီသာအဝယ်ရှိလို့ တစ်ရက် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်နေတာ နယ်အဆွဲမရှိသလောက်ပါးခဲ့တယ်လို့ ဈေးကွက်က သိရပါတယ်။

တောင်သူတွေအနေနဲ့ စိုက်ပျိုးစရိတ်ကုန်ကျမှု အနည်းဆုံးပဲဖြစ်ခြင်း၊ လုပ်သားအင်အား အနည်းငယ်သာလိုလို့ မိသားစုလုပ်ငန်းအဖြစ် လုပ်နိုင်ခြင်းနဲ့ နွားစာအတွက် ဖူလုံစေခြင်းတို့ကြောင့် အခုလို ပုံမှန်မပျက် စိုက်ပျိုးလျက်ရှိခြင်းဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# အောက်တိုဘာ တတိယပတ် မန်းကုန်စည်ဒိုင် ပဲ၊ ပြောင်း၊ နှမ်းများရဲ့ ဈေးနှုန်းနဲ့ဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) လယ်ယာထွက်ကုန်သီးနှံများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ တတိယပတ်နဲ့ ယခင်တစ်ပတ် အရောင်းအဝယ်ပြုလုပ်တဲ့ ဈေးနှုန်းများကိုနှိုင်းယှဉ်ပြီး ယခုတစ်ပတ် အရောင်းအဝယ်ဖြစ်တဲ့ပမာဏကို တင်ပြလိုပါတယ် - **တစ်ပိဿာဈေး-ကျပ်**

| စဉ် | သီးနှံအမည် | ဒုတိယပတ် | | တတိယပတ် | |
|---|---|---|---|---|---|
| | | နိမ့် | မြင့် | နိမ့် | မြင့် |
| ၁ | ပဲတီစိမ်း | ၁၈၆၇ | ၂၀၄၄ | ၁၃၃၃ | ၂၂၉၃ |
| ၂ | ပဲကြီး | ၁၈၁၁ | ၁၉၁၀ | ၁၈၁၀ | ၁၉၀၀ |
| ၃ | ပဲပုပ် (ရှမ်း) | ၉၃၉ | ၁၀၃၁ | ၉၉၅ | ၁၀၉၉ |
| ၄ | ပဲပုပ် (ဗမာ) | ၁၀၃၃ | ၁၀၇၀ | ၁၀၅၂ | ၁၀၇၁ |
| ၅ | ပဲယင်း | ၉၆၇ | ၉၈၃ | ၉၅၀ | ၉၆၇ |
| ၆ | ထောပတ်ပဲ | ၉၄၂ | ၁၀၃၁ | ၈၈၉ | ၉၇၈ |
| ၇ | မတ်ပဲ | ၃၅၈၃ | ၃၈၃၃ | ၃၅၈၃ | ၃၈၃၃ |
| ၈ | ကုလားပဲဖြူကြီး | - | ၁၉၂၁ | ၂၀၉၆ | ၂၁၁၄ |
| ၉ | ကုလားပဲထိုင်ဝမ် | - | ၁၈၃၁ | ၁၈၃၁ | ၂၀၀၉ |
| ၁၀ | ပြောင်းဖူးစေ့ (ရှမ်း) | ၄၀၇ | ၄၁၇ | ၄၂၆ | ၄၃၅ |
| ၁၁ | ပြောင်းဖူးစေ့ (CP) | ၄၀၇ | ၄၁၇ | ၄၃၅ | ၄၄၄ |
| ၁၂ | ထွက်တိုးပြောင်း | - | ၆၀၄ | ၆၀၄ | ၆၁၃ |
| ၁၃ | ဆန်ပြောင်း | - | ၅၅၇ | - | ၅၅၇ |
| ၁၄ | နှမ်းဖြူ | ၂၂၆၇ | ၂၅၁၁ | ၂၂၆၇ | ၂၄၄၄ |
| ၁၅ | နှမ်းညို | ၂၀၂၂ | ၂၀၆၇ | ၁၉၅၆ | ၂၀၀၀ |
| ၁၆ | နှမ်းနက် | ၂၇၇၈ | ၃၆၆၇ | ၂၇၇၈ | ၃၄၄၄ |
| ၁၇ | နှမ်းနက် (စမုံ) | ၄၃၃၃ | ၄၈၈၉ | ၄၂၂၂ | ၄၈၈၉ |
| ၁၈ | ပန်းနှမ်း | ၂၆၆၇ | ၂၈၈၉ | ၂၆၆၇ | ၂၈၀၀ |
| ၁၉ | မြေပဲဆန် (S1 လုံးဆန်) | ၂၆၀၀ | ၂၉၀၀ | ၂၆၀၀ | ၂၇၀၀ |

ပြည်ပ (တရုတ်) ဝယ်လက် ရန်ကုန်ဝယ်လက်နဲ့ ဒေသတွင်း ပဲခွဲစက်၊ ပဲသန့်စင်စက်များမှ ပုံမှန် ဝယ်ယူမှုရှိနေပါတယ်။ ယခုတစ်ပတ်မှာ ပဲတီစိမ်းတစ်ပိဿာ ၂၂၉၃ ကျပ် (တစ်တန် ၁၄၀၄၂၁၀ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၀၀ ကျော်၊ ပဲကြီးတစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန် ၁၁၆၃၅၄၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ အရင်တစ်ပတ်ဈေးနှုန်းတူနဲ့ နေ့စဉ်သုံးတင်းအိတ် ၁၅၀ ကျော်၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၁၀၉၉ ကျပ် (တစ်တန် ၆၇၃၀၁၇ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၁၀၇၀ ကျပ် (တစ်တန် ၆၅၅၂၅၇ ကျပ်) နဲ့ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ ကွာဟမှုအနည်းငယ်နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့်၊ ပဲယင်းတစ်ပိဿာ ၉၆၇ ကျပ် (တစ်တန် ၅၉၂၁၈၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအောက် ရောက်နေပေမယ့် ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ထောပတ်ပဲတစ်ပိဿာ ၉၇၈ ကျပ် (တစ်တန် ၅၉၈၉၁၇ကျပ်)နဲ့အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ် ဈေးနှုန်းအောက် တစ်ပိဿာ ၆၄ ကျပ် (တစ်တန် ၃၉၁၉၃ ကျပ်) ဈေးအေးပေမယ့် နေ့စဉ်သုံးတင်းအိတ် ၃၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

အိန္ဒိယဝယ်လက်နဲ့ ရန်ကုန်ဝယ်လက်ဆွဲအားကောင်းနေတဲ့ မတ်ပဲဈေးမှာ ဈေးငြိမ်နဲ့ အရောင်းအဝယ် ဖြစ်လို့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၈၃၃ ကျပ် (တစ်တန် ၂၃၄၇၂၉၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ပေမယ့် အရောင်းအဝယ်အေးလို့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ပါတယ်။ ကုလားပဲဖြူကြီး တစ်ပိဿာ ၂၁၁၄ ကျပ် (တစ်တန် ၁၂၉၄၅၉၂ ကျပ်)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၂၀၀၉ ကျပ် (တစ်တန် ၁၂၃၀၂၉၂ ကျပ်) နဲ့ ယခင်တစ်ပတ်ဈေးအထက်မှာ ရှိနေပြီး နေ့စဉ် သုံးတင်းအိတ် ၄၀၀ ကျော် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ဒေသတွင်းတိရစ္ဆာန်အစာစပ်လုပ်ငန်း၊ အရက်ချက်လုပ်ငန်းနဲ့ စားသောက်ကုန်လုပ်ငန်းမှာ အသုံးပြုတဲ့အပြင် ပြည်ပ (တရုတ်) ကိုလည်း တင်ပို့ရောင်းချလျက်ရှိတဲ့ ပြောင်းဖူးစေ့များ ယခင်တစ်ပတ်ဈေးနှုန်းအထက်မှာ ရှိနေပါတယ်။ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၃၅ ကျပ် (တစ်တန် ၂၆၆၃၉၀ ကျပ်)၊ ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၄၄၄ ကျပ် (တစ်တန် ၂၇၁၉၀၁ ကျပ်)၊ အထွက်တိုးပြောင်း တစ်ပိဿာ ၆၁၃ ကျပ် (တစ်တန် ၃၇၅၃၉၅ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၅၅၇ကျပ် (တစ်တန် ၃၄၁၁၀၀ ကျပ်) နဲ့ နေ့စဉ်အဆိုပါ ပြောင်းမျိုးစုံ နေ့စဉ်သုံးတင်းအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

တရုတ်ဝယ်လက်ဆွဲအားကောင်းတဲ့ နှမ်းရောင်စုံများ ယခင်တစ်ပတ်ဈေးနှုန်းအောက်ကိုရောက်နေပေမယ့် အရောင်းအဝယ်သွက်လက်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဖြူတစ်ပိဿာ ၂၄၄၄ ကျပ် (တစ်တန် ၁၄၉၆၆၈၀ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈၀ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၃၄၇၄ ကျပ် (တစ်တန် ၂၁၀၉၀၇၁ ကျပ်)၊ နှမ်းနက်စမုံ ၄၈၈၉ ကျပ် (တစ်တန် ၂၉၉၃၉၇၅ ကျပ်) နဲ့ အဆိုပါ နှမ်းလေးမျိုးနေ့စဉ်သုံးတင်းအိတ် ၃၀၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ်မှာ ပန်းနှမ်းတစ်ပိဿာ ၂၈၁၀ ကျပ် (တစ်တန် ၁၇၁၄၆၉၁ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ကျော်၊ မြေပဲဆန် (S1 လုံးဆန် ) တစ်ပိဿာ ၂၇၀၀ ကျပ် (တစ်တန် ၁၆၅၃၄၅၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ် ဈေးနှုန်းအောက် တစ်ပိဿာ ၂၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈ ကျပ်) ဈေးအေးသွားသလို နေ့စဉ်သုံး တင်းအိတ် ၃၅၀ ခန့် အရောင်းအဝယ်ဖြစ်လို့ အရောင်းအဝယ်လည်း အနည်းငယ်အေးသွားကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ပဲတီစိမ်းကြီး ဈေးမာပေမယ့် တရုတ်ဝယ်လိုအားရှိသော်လည်း လက်ကျန်နည်းနေတာကြောင့် အရောင်းအဝယ်ပါးပါတယ်။ ထို့အတူ ပဲမျိုးစုံ (မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ပဲပုပ်၊ ပဲနီပြား၊ ပဲလွန်းဖြူ စွန်တာနီ၊ ပြာ) များလည်း အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ တရုတ်ဝယ်လက်ပုံမှန်ရှိနေတဲ့ နှမ်းရောင်စုံများ ဈေးအနည်းငယ်အေးပေမယ့် အရောင်းအဝယ် သွက်ကြောင်း၊ အခြားတိုင်းဒေသကြီးများမှလည်း အဝင် ရှိကြောင်း၊ ပြောင်းဖူးစေ့များ ယခင်နှစ်ကလောက် ရောင်းဝယ်မှုပမာဏမများသော်လည်း ပုံမှန် အရောင်းအဝယ် ရှိကြောင်း၊ မြေပဲဆန် (SI လုံးဆန်) များ ယခုတစ်ပတ်မှာ ဈေးအေးသလို အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ ပဲမျိုးစုံနဲ့နှမ်းမျိုးစုံ အရောင်းအဝယ်လုပ်နေတဲ့ ကုန်သည်ပွဲစားကြီးတစ်ဦးက ပြောကြားကြောင်းသိရပါတယ်။

မန္တလေးမြို့အထွက် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးဂိတ်ရဲ့ ဂိတ်ဖြတ်စာရင်းအရ အောက်တိုဘာလ ၁ ရက်မှာ ဖြတ်သန်းသွားတဲ့ ပဲ၊ ပြောင်း၊ နှမ်းများရဲ့ စီးထွက်မှုများမှာ-

| စဉ် | သီးနှံအမည် | ၁. ၁၀. ၂၀၁၅ မှ ၁၈. ၁၀. ၂၀၁၅ ထိ | တစ်ရက်ပျမ်းမျှ |
|---|---|---|---|
| ၁ | နှမ်းနက် | ၄၄၉၀. ၇၄ | ၂၄၉. ၄၉ |
| ၂ | နှမ်းဖြူ | ၁၅၄၆. ၅၃ | ၈၅. ၉၂ |
| ၃ | မြေပဲ | ၆၀၃. ၄ | ၃၃. ၃၉ |
| ၄ | ပြောင်းဖူးစေ့ | ၂၅၈၃. ၅ | ၁၄၃. ၅ |
| ၅ | မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ပဲပုပ် | ၁၀၇၉. ၂၂ | ၆၁. ၀ |
| | ပဲနီပြား၊ ပဲလွန်းဖြူ၊ စွန်တာနီ/ပြာ | | |

ပဲမျိုးစုံများအနက် နေ့စဉ်စီးထွက်မှုအရ ပဲယင်းမှာ တစ်ရက်ပျမ်းမျှ ၁၈ ဒသမ ၂ တန်၊ ပဲနီပြားတစ်ရက်ပျမ်းမျှ ၁၄ ဒသမ ၃၅ တန်၊ စွန်တာနီ၊ ပြာ တစ်ရက်ပျမ်းမျှ ၈ တန်၊ ပဲလွန်းဖြူတစ်ရက် ပျမ်းမျှ ၇ တန် အသီးသီး စီးထွက်သွားကြောင်းသိရပါတယ်။

**စိုးအောင်-မန္တလေး**

## ပြည်စားတော်ပဲ နှစ်စဉ်ဈေးကောင်းရ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်ရဲ့ လက်လီအရောင်းအဝယ်ဖြစ်တဲ့ပဲများထဲမှာ စားတော်ပဲသီးနှံဟာ တစ်ရက်အိတ် ၂၀ ကျော်ပုံမှန် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ပဲဈေးကတော့ လက်လီပဲဈေးကွက်ထဲမှာ ဈေးအကောင်းဆုံးရနေခဲ့ပါတယ်။ ပဲတစ်တင်းကို ၃၇၀၀၀ ကျပ် ဖြင့် နှစ်စဉ်ဈေးကောင်းရခဲ့တာကို တွေ့ရပါတယ်။ ယခုနှစ် ဇူလိုင်လလယ်မှစလို့ ပဲဈေးမှာတစ်တင်း ကျပ် သုံးသောင်းကျော်အထက် ရရှိလာခဲ့ပြီး ယခုအောက်တိုဘာလမှာတော့ ပြည်ပဝယ်လက်ပဲများ ဈေးမြင့်တက်လာသလို ပြည်တွင်းဝယ်လက်သာရှိတဲ့ စားတော်ပဲ သီးနှံကလည်း ဈေးမြင့်တက်ခဲ့ကြောင်းသိရှိရ ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ကန့်ဘလူခရိုင် သဖန်းဆိပ်ရေလှောင်တမံရေအပြည့်အဝသိုလှောင်နိုင်သဖြင့် ၂၀၁၆ ခုနှစ်၊ နွေစပါးစိုက်ကေလျာထားချက်ထက် ပြည့်မီအောင်စိုက်ပျိုးနိုင်မည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံကို ၂၀၀၁ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီး ဆည်ရေသောက်လယ်မြေများသို့ ရေပေးဝေခဲ့ပါသည်။ ဆည်ရေသောက်ဧရိယာ လယ်ဧကပေါင်း လေးသိန်းရှစ်သောင်းကျော် ယနေ့အချိန်ထိ ရေပေးဝေနိုင်ခဲ့ပြီး၊ အချို့ရေဝင်ဧရိယာများရှိ တောင်သူများအနေဖြင့် စပါး၊ ပဲ၊ စပါးအလျဉ်းသင့်သလို သုံးသီးအထိ စိုက်ပျိုးလျက်ရှိရာ စီးပွားဖွံ့ဖြိုးတိုးတက်နေသည်ကို လေ့လာတွေ့ရှိရပါတယ်။

၂၀၁၅ ဖေဖော်ဝါရီလ သဖန်းဆိပ်ဆည်ရေအမှတ် ၁၄၀၉၉၆၀ ဧကပေအပေါ် ရွှေဘိုခရိုင်တွင် ၂၀၁၅ နွေစပါး စိုက်ရန်လျာထားဧကမှာ ၁၀၀၇၇၅ ဖြစ်ပြီး၊ ၁၀၉၉၃၉ ဧကစိုက်ပျိုးနိုင်ခဲ့ရာ သိုလှောင်ရေပမာဏနည်းလို့စိုက်ရန် စီမံကိန်းလျာထားချက်လျော့နည်းရခြင်း ဖြစ်ကြောင်း သိရပါတယ်။

၂၀၁၅ ခုနှစ် ဇူလိုင်လ တတိယပတ်ထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဖန်းဆိပ်သိုလှောင်ရေအမှတ် ၂၈၈၀၀၀၀ ဧကပေနဲ့ အောက်တိုဘာဒုတိယပတ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သိုလှောင်ရေအမှတ် ၃၁၆၇၈၇၉ ဧကပေထိ ရောက်ရှိခဲ့ကြောင်း သိရပါတယ်။

ရွှေဘိုခရိုင်တွင်လာမည့် ၂၀၁၆ နွေစပါးစိုက်ပျိုးရန်လျာထားချက်ဧက ၄၀၇၂၀၀ အတွက် စိုက်ပျိုးရေ လုံလောက်စွာပေးနိုင်မှာဖြစ်လို့ ဆည်ရေသောက်ဧရိယာရှိမြို့နယ်များဖြစ်သော ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်းနဲ့ကန့်ဘလူမြို့နယ်များမှာ စီမံကိန်းလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဖြစ်တဲ့အတွက် စပါးအထွက်ပမာဏများပြားလာတာနဲ့အညီ ဆန်စပါးကဏ္ဍမှာ ဆထက်ထမ်းပိုး ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မှာ ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

ရွှေဘိုခရိုင် နွေစပါးစိုက်ပျိုးမှုမှာ ရွှေသွယ်ရင်၊ ဆင်းနွယ်ရင်၊ အိုင်အာ ၇၄၇၊ မနောသုခနဲ့ ပုလဲသွယ်စပါးမျိုးများ ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

**ညိုညို-ရွှေဘို**

**၁၉-၁၀-၂၀၁၅ မှ ၂၃-၁၀-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 239 | 11,214,615.974 |
| 2 | Form D | 17 | 752,793.740 |
| 3 | Form E | 70 | 1,194,295.464 |
| 4 | Korea GSP | 2 | 79,386.920 |
| 5 | Form AK | 92 | 3,746,376.080 |
| 6 | Form AJ | 10 | 346,291.870 |
| 7 | Form AI | 55 | 3,139,653.420 |
| 8 | Form AANZ | 1 | 25,512.130 |
| 9 | Form DFTP | - | - |
| Grand Total | | 486 | 20,498,925.598 |

## ချင်း

### အလှူပွဲအတွက် အောင်ပန်းဈေးကွက်သို့ ချင်းအဝင်လျှိုင်

ပွင့်လင်းရာသီရောက်လာတာကြောင့် ရှမ်းပြည်နယ်မှာလည်း မိုးရွာတာနည်းသွားသလို ပွဲတော်တွေကလည်း ဆက်တိုက်ဖြစ်လာပါပြီ။ စိုက်ချိန်၊ ပျိုးချိန်တွေလည်း ပြီးသွားတာကြောင့် တောင်သူတွေလည်းအလုပ်နားပြီး အလှူပွဲတွေပြုလုပ်လာကြပါတယ်။ အလှူလုပ်ဖို့အတွက် တောင်သူတွေကလည်း ပစ္စည်းတွေထုတ်ရောင်းကြလို့ အောင်ပန်းဈေးကွက်မှာတော့ ချင်းအဝင် လျှိုင်နေပါတယ်။ ချင်းဥမလက်ကျန်တွေရော၊ ချင်းသစ်တွေပါ ရောင်းနေလို့ တစ်ရက်ကို ပျမ်းမျှ ပိဿာချိန် ငါးသောင်းဝန်းကျင်ခန့် အဝင်ရှိနေတယ်လို့လည်း သိရပါတယ်။

အဝင်များနေသလို ပြည်တွင်းချင်းထိုးသမားတွေက ဝယ်ယူမှုများနေလို့ အရောင်းလည်းသွက်နေတယ်လို့ သိရပါတယ်။ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ တောင်ငူ၊ ပြည် စတဲ့ မြို့တွေက အများဆုံးဝယ်ယူနေပြီး၊ ရန်ကုန်ဝယ်လက်ကတော့ ချင်းအသစ်ကို အဓိကထားပြီး ဝယ်ယူတယ်လို့ သိရပါတယ်။ တစ်ပတ်အတွင်း ချင်းပိဿာ ချိန် ပေါင်း ၁၆၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ချင်းသစ်က တစ်ပိဿာ ၄၅၀ ကျပ်-၅၀၀ ကျပ်နဲ့ ချင်း ဥမ က တစ်ပိဿာ ၆၀၀ ကျပ်-၆၅၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

### သီတင်းကျွတ်ကာလဖြစ်လို့ ပြည်ချင်းဈေးကွက် အရောင်းအဝယ်သွက်

ပြည်ဈေးကွက်သို့ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းအသစ်များ ပိဿာ ၃၀ ဝင်အိတ် ၂၀၀ ခန့် အဝင်ရှိပြီး ယခင်တစ်ပတ်ကထက် အဝင်များလာပါတယ်။ ချင်းအသစ်မှာ အစိုဓာတ်များနေတဲ့အတွက် လက်ကျန်ချင်းဥမများကိုသာ ပြည်ချင်းဈေးကွက်အတွင်း အရောင်းသွက်လျက်ရှိနေပါတယ်။ ယခုဝါလကင်းလွတ်သီတင်းကျွတ်သို့ရောက်ရှိတော့မှာဖြစ်လို့ ချင်းဓားလှီးသမားများ အဝယ်လိုက်နေပြီး လက်လီ၊ လက်ကားရောင်းဝယ်သူများ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ တင်ပို့မှုအပါအဝင် ပိဿာချိန် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုချင်းဥမ တစ်ပိဿာ ၉၀၀-၈၀၀ ကျပ်နဲ့ ချင်းတက် တစ်ပိဿာ ၆၀၀-၇၀၀ ကျပ်တို့နဲ့ ဈေးငြိမ်နေကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## နနွင်း

### နနွင်း ၇၅ တန်ကျော် တင်ပို့

အောက်တိုဘာ ၁၁ ရက်မှ ၁၇ ရက်သီတင်းပတ်အတွင်း နနွင်း ၈၅ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၂၀၅၉၀ တန်ဖိုးရှိ နနွင်း ၂၉ တန်ကို အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊ ကန်ဒေါ်လာ ၁၂၂၁၀ တန်ဖိုးရှိနနွင်း ၁၆ ဒသမ ၅ တန်ကို စင်ကာပူနိုင်ငံသို့လည်းကောင်း၊ ကန်ဒေါ်လာ ၂၈၄၀၀ တန်ဖိုးရှိ နနွင်း တန်၄၀ ကို မလေးရှားနိုင်ငံသို့လည်းကောင်း တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာတန်ချိန် ၄၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၃၉တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### နနွင်း အဝင်လျှိုင်လို့ အရောင်းအဝယ်ဖြစ်

ဒီတစ်ပတ်တော့ အောင်ပန်းဈေးကွက်မှာ နနွင်းအရောင်းအဝယ် အနည်းငယ်ဖြစ်တယ်လို့ သိရပါတယ်။ သီတင်းကျွတ်ပွဲမှာ လှူဖို့အတွက် တောင်သူတွေက နှစ်စဉ် ဒီအချိန်တွေမှာ ငွေပေါ်ဖို့အတွက် ပစ္စည်းတွေ ထုတ်ရောင်းလေ့ရှိတာကြောင့် ဒီအချိန်ကတော့ သီးနှံတွေအဝင်လျှိုင်လေ့ရှိပါတယ်။

တောင်သူတွေ ထုတ်ရောင်းတဲ့ နနွင်းတွေကို ပွဲရုံတွေက ဝယ်ယူနေတဲ့ ဈေးကွက်ဖြစ်ပြီး ပြန်ရောင်းရတာကတော့ အနည်းအကျဉ်းသာရှိတယ်လို့လည်း သိရပါတယ်။ ပုံမှန်ဝယ်ယူနေကျ အမှုန့်ကြိတ်သမားတွေသာ အဝယ်ရှိနေပြီး တစ်ပတ်အတွင်းမှာ ပိဿာချိန် ၄၅၀-၅၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း ပွဲရုံတွေက သိရပါတယ်။

ဈေးကွက်မှာတော့ နနွင်းပေါက်ဈေးတွေက တောင်သူတွေထံဝယ်ရင် အောင်ပန်းစ နဝလီတွေကို တစ်ပိဿာ ၁၂၀၀ ကျပ်၊ ဆင်တောင်နနွင်းကို ၁၆၀၀ ကျပ်နဲ့ ဝယ်ယူပါတယ်။ ပြည်တွင်းသုံး ဒေသတွင်းသုံးအတွက် ဝယ်ယူနေတဲ့ အမှုန့်ကြိတ် သမားတွေကိုတော့ အောင်ပန်းစ နဝလီဆိုရင် တစ်ပိဿာ ၁၅၀၀ ကျပ်၊ ဆင်တောင်နနွင်းကို ၁၈၀၀ ကျပ်၊ ပြန်ရောင်းတယ်လို့ အောင်ပန်းပွဲရုံတွေက သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## သီဟိုဠ်

### မြဝတီ ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ငါးတန်တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ အောက် တိုဘာလ ၁၀ ရက်မှ ၁၆ ရက်တာအတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၃၈ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ငါးတန်တင်ပို့ခဲ့ပါတယ်။

ယခု သီတင်းပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်က အပို့ရှိသော်လည်း ကော့သောင်းနဲ့ မူဆယ်ကုန်သွယ်ရေးဇုန်တို့မှ အပို့မရှိခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ၂၉ တန် လျော့ကျတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**



## ကြက်သွန်

# ပြည်စားဖိုဆောင်သီးနှံ ကြက်သွန်နီဈေးပြန်ကျ

ပြည်ကြက်သွန်နီပွဲရုံများတွင် အောက်တိုဘာ စတုတ္ထပတ်၌ ကြက်သွန်နီဈေး အနည်းငယ်ကျလာတာ တွေ့ရပါတယ်။ တဖြည်းဖြည်း ဈေးတက်လာတဲ့ ကြက်သွန်နီဟာ စားသုံးသူများအနေနဲ့ ဈေးဘယ်လောက်ထိ တက်မယ်ဆိုတာကို မမျှော်မှန်းရဲတဲ့ အခြေအနေထိ ဖြစ်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာတော့ မျှော်မှန်းစိုးရိမ်နေသလို မဟုတ်ဘဲ ဈေးကျလာတာကြောင့် စားသုံးသူတွေ ဝမ်းသာခဲ့ရပါတယ်။ ကြက်သွန်နီလှောင်လက်သမား တစ်ဦးထံ မေးမြန်းရာဒေသထွက် ကြက်သွန်နီများမှာ စက်တင်ဘာလဆန်းထဲက လက်ကျန်မရှိတော့ဘဲ အခြားဒေသများမှဝင်ရောက်လာတဲ့ ကြက်သွန်နီများက တစ်ခေါက်ထက် တစ်ခေါက် ဈေးတက်လာတာကြောင့် ပွဲစားတွေလည်း ဈေးအတက်အကျ မှန်းမရဘဲ နယ်မှဝင်ရောက်လာမှုများကို ပြည်မြို့ပွဲရုံတန်းများတွင် ဈေးတက်ကတည်းက ကြက်သွန်နီအိတ်ရေ သောင်းဂဏန်းမျှ ဝယ်ယူထားကြောင်းလည်း သိရှိခဲ့ရပါတယ်။

ပြည်ပွဲရုံပိုင်ရှင်များနှင့် ပွဲစားများ လက်လီ၊ လက်ကား အရောင်းအဝယ်သမားများထံတွင် တက်ဈေးကြောင့် နယ်မှ အဆွဲများပြီး ကြက်သွန်နီတွေဟာ အထားမခံဘဲ အစို့များထွက်လာတာကြောင့် ဈေးပြန်ကျပြီး အရောင်းအဝယ်ပြုရခြင်းဖြစ်ကြောင်း သိရပါတယ်။ ကုန်သည်ပွဲစားများကလည်း အစို့ထွက်မများခင်ဈေးပြန်ချရောင်းနေရပြီး၊ အစို့ထွက်များလာပါက ဒေသတွင်း စားသုံးမှုနှင့် အရောင်းအဝယ် အေးနေပါက ဈေးပြန်ကျနိုင်ကြောင်းလည်း ပြောပါတယ်။

ယခုတစ်ပတ်ကြက်သွန်နီ (ပွဲရုံဈေး) တစ်ပိဿာ (ကြီး) ၁၈၀၀ ကျပ်၊ (လတ်) ၁၇၀၀ ကျပ်နှင့် (သေး) ၁၅၀၀ ကျပ်တို့ထိကျလာပြီး လက်လီဒေသတွင်းရောင်းဈေးမှာ တစ်ပိဿာ (ကြီး) ၂၁၀၀ ကျပ်၊ (လတ်) ၂၀၀၀ ကျပ်နှင့် (သေး) ၁၆၀၀ ကျပ်တို့ဖြစ်ပါတယ်။ ဒေသတွင်း အရောင်းအဝယ်ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။

**နီနီဝင်း-ပြည်**



### ကြက်သွန်နီဈေး ဆက်လက်မြင့်တက်ဖွယ်ရှိ

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ၁၀ ရက်မှ ၁၆ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၇၆၀၇၉ တန်ဖိုးရှိ ကြက်သွန်နီ ၃၃၃ တန်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြဝတီမှ ၁၄၁ တန်သာ တင်ပို့ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကတော့ ယခင်သီတင်းပတ်က သုံးတန်တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ ကြက်သွန်နီ နှစ်တန်ကို ကန်ဒေါ်လာ ၆၁၀ ဖိုးသာတင်ပို့မှုရှိခဲ့ပါတယ်။ တာချီလိတ်ကုန်သွယ်ရေးစခန်းကတော့ ကန်ဒေါ်လာ ၇၀၅၆၇ တန်ဖိုးရှိ ကြက်သွန်ဖြူ တန် ၅၀ တင်ပို့ခဲ့ပါတယ်။

ဘုရင့်နောင် ကုန်စည်ဒိုင်အတွင်းရှိစားဖိုဆောင်သီးနှံများထဲတွင် ကြက်သွန်နီ တစ်မျိုးသာ ဈေးနှုန်းသိသိသာသာ မြင့်တက်နေပြီး ကျန်ပစ္စည်းများ ပုံမှန်ဈေးအတိုင်းသာရှိနေကြောင်း၊ လယ်ယာထွက်ကုန် ကြက်သွန်နီလက်ကျန်နည်းနေလို့ ယခုလိုဈေးမြင့်တက်နေတာဖြစ်ပြီး ကြက်သွန်အသစ် ဝင်ရောက်ချိန် နောက်ကျပါက ယခုဈေးထက် ပိုမိုဈေးမြင့်တက်လာနိုင်ကြောင်း ကြက်သွန်ကုန်သည်များထံမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### မြင်းခြံကြက်သွန်နီ ဈေးကွက် တောင်သူရော ကုန်သည်ပါ အကျိုးအမြတ်များ

နွေကြက်သွန်ရဲ့ ရာသီသက်တမ်းဟာ တဖြည်းဖြည်းနဲ့ ကုန်လွန်ဖို့နီးလာပါပြီ၊ ဈေးကွက်ထဲမှာ ဝင်သမျှဟာလည်း အရည်အသွေး ကောင်းကောင်းကို သိပ်မတွေ့ရတော့ပါဘူး။ ယနေ့ဖြစ်ပေါ်နေတဲ့ မြင်းခြံမြို့ရဲ့ကြက်သွန်နီဈေးကွက်ဟာ ထိပ်စအကြီး တစ်ပိဿ ၁၆၀၀-၁၆၅၀ ကျပ်၊ အသေးစ ၁၂၅၀-၁၃၀၀ ကျပ် တက်ဈေးနဲ့ ဈေးငြိမ်ခဲ့ပါတယ်။ ဈေးကွက်ကို ဝင်ရောက်မှုမှာလည်း အများဆုံးပိဿာ ၃၅၀၀၀ နှင့် ၁၅၀၀၀ ဝန်းကျင်သာရှိပါတယ်။ ဒီနှစ် ကြက်သွန်နီ ဈေးကွက်အနေဖြင့် တောင်သူရော ကုန်သည်ပါ အကျိုးအမြတ်ရကြတယ်လို့ သိရပါတယ်။ အစောပိုင်းရောင်းချသူနဲ့တော့ အနည်းအများကွာဟမှုရှိပေမယ့် နောက်သီးနှံတစ်ခုအတွက် ပြန်အားပြုလို့ရတာကြောင့် မိုးကြက်သွန်များ ပိုမိုစိုက်ပျိုးလျက်ရှိတယ်လို့ သိရပါတယ်။

**တင်ဇော်ထွေး-မြင်းခြံ**

Vol: 15, No.41 Monday October 26 2015

# အစုအဖွဲ့ဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းများမှသည် SME များ တိုးတက်ရေးသို့

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဌာနနှင့် UNIDO အဖွဲ့အစည်းတို့ ပူးပေါင်း၍ Cluster Awareness Development သင်တန်းကို မုံရွာမြို့ စက်မှုဇုန်ခန်းမတွင် စက်တင်ဘာ ၃၀ ရက်က ကျင်းပပြုလုပ်ခဲ့ပါတယ်။ Cluster အစုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ၊ Cluster များ ဖွံ့ဖြိုးတိုးတက်လာပါက ရရှိမည့်အကျိုးကျေးဇူးများ၊ ပုဂ္ဂလိကနှင့် ဌာနဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုများ၊ FDI နှင့် SME ကွင်းဆက်များကို SME လုပ်ငန်းရှင်များမှ သိရှိနားလည်ပြီး ပိုမိုထိရောက်၍ ရေရှည်အောင်မြင်သည့် အကျိုးအမြတ်များရရှိစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးမိုးကျော်က Cluster ဆိုတာ တူညီတဲ့ ထုတ်ကုန် (သို့) ဝန်ဆောင်မှုများ ထုတ်လုပ်နေသော ပထဝီအနေအထားနှင့် လုပ်ငန်းသဘောသဘာဝအရ နီးကပ်ချိတ်ဆက်မှုရှိတဲ့ လုပ်ငန်းများ၊ အစုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဒီလိုဆောင်ရွက်ခြင်းဖြင့် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို စုပေါင်းအင်အားနဲ့ ဖြေရှင်းနိုင်ပြီး နည်းပညာနှင့် စက်ပစ္စည်းများ မျှဝေသုံးစွဲခြင်း၊ စုပေါင်းကုန်ကြမ်းဝယ်ယူခြင်းဖြင့် ကုန်ကျမှုသက်သာစေခြင်း စုပေါင်းရောင်းချခြင်းဖြင့် ဈေးကွက်ကို ထိုးဖောက်နိုင်ခြင်းစတဲ့ အခွင့်အလမ်းများကို ဆုပ်ကိုင်ရယူနိုင်မှာဖြစ်ကာ SMEs ထုတ်ကုန်များကို ဒေသဈေးနှင့် ပြည်တွင်းဈေးကွက်မှ အပြည်ပြည်ဆိုင်ရာဈေးကွက်ကို တက်လှမ်းနိုင်မှာဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ SME Agency ရုံးများဖွင့်လှစ်ပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိရာ SME များကို အားကောင်းပြီး အကျိုးများတဲ့ Cluster ပုံစံ ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားပါတယ်။

သင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ ဆီစက်၊ ရက်ကန်း၊ စဉ့်ထည်၊ ကျောက်စိမ်း၊ ဂီတာ၊ ဂျုံရိုးဦးထုပ်၊ သနပ်ခါး၊ အိုးလုပ်ငန်းအသင်းများမှ ဥက္ကဋ္ဌများ၊ အစုအဖွဲ့ခေါင်းဆောင်များ၊ မုံရွာစက်မှုဇုန်လုပ်ငန်းအများအစုမှ တာဝန်ရှိသူများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ SME Agency တို့တက်ရောက်ခဲ့ကြကာ UNIDO အဖွဲ့အစည်းမှ National Project Coordinator ဦးတင့်ခိုင်က ဆွေးနွေးပို့ချကာ လုပ်ငန်းကဏ္ဍအလိုက် တွေ့ကြုံနေရသည့်အခက်အခဲများ၊ လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြပါတယ်။

Cluster အစုအဖွဲ့ရဲ့ အင်္ဂါရပ်များကတော့ ထုတ်ကုန်ပစ္စည်းတူညီခြင်း (Same Product)၊ ထုတ်လုပ်မှုနည်းတူညီခြင်း (Same Process)၊ ထုတ်လုပ်မှုကဏ္ဍတူညီခြင်း (Same Sector)၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှု တူညီခြင်း (Same Threats and Opportunities)၊ နေရာတူညီခြင်း (Same Location) တို့ဖြစ်ပါတယ်။ Cluster အမျိုးအစားများအနေနဲ့ တည်နေရာအရ ထိစပ်မှုရှိသည့် အစုအဖွဲ့၊ လုပ်ငန်းအမျိုးအစား တူညီသည့်အစုအဖွဲ့၊ ထုတ်လုပ်မှုနည်းစဉ်အရ ဆက်စပ်သည့်အစုအဖွဲ့၊ ဆင့်ကဲထုတ်လုပ်ဖြစ်စဉ်တွင် ကဏ္ဍအလိုက်ပါဝင်သည့် အစုအဖွဲ့ဟူ၍ ပါဝင်ပါတယ်။

နိုင်ငံတကာမှာ Cluster အစုအဖွဲ့ ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်ခြင်း အလေ့အထကို ၁၉၉၀ ခုနှစ် အလွန်ကာလများကပင် ကျင့်သုံးခဲ့ကြရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း သိရှိရပါတယ်။ ဒါပေမယ့် Cluster ကို ဇွတ်ဖန်တီးယူလို့ မရသလို အခြားနိုင်ငံများရဲ့ ပုံစံကိုလည်း ထပ်တူကူးချလို့မရဘဲ မိမိနိုင်ငံ၊ မိမိဒေသနဲ့ ကိုက်ညီတဲ့ နည်းလမ်းပုံစံကို ရှာကြံရတာဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနနှင့် UNIDO တို့ ပူးပေါင်းပြီး ယွန်းထည်လုပ်ငန်းများ အစုအဖွဲ့၊ ရက်ကန်းလုပ်ငန်းများ အစုအဖွဲ့၊ ဆန်စက်လုပ်ငန်းများ အစုအဖွဲ့၊ ချည်မျှင်နှင့် အထည်လုပ်ငန်းများ အစုအဖွဲ့၊ ပရိဘောဂလုပ်ငန်းများ အစုအဖွဲ့နှင့် ကျောက်မျက်လုပ်ငန်း အစုအဖွဲ့၊ ခရီးသွားလုပ်ငန်းများအစုအဖွဲ့များအား လေ့လာပြီး အစုအဖွဲ့များ၏ အခက်အခဲများ လိုအပ်ချက်များကို ပြုစုကာ လိုအပ်သော ပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်းလည်း သိရှိရပါတယ်။

အစုအဖွဲ့ Cluster ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကတော့ -

(၁) **အရွယ်အစားပမာဏ၊ အတိုင်းအတာကြီးမားစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း။** ဈေးကွက်က အမှာစာလိုအပ်ချက်ကြီးမားတဲ့အခါ တစ်ဦးတည်းဖြင့် ထုတ်ကုန်မှာယူမှုများကို ပြည့်မီအောင် ဆောင်ရွက်မပေးနိုင်သည့်အခါ အမှာစာကို လက်လွှတ်ရသဖြင့် မိမိလည်း အကျိုးမရှိ၊ အခြားလုပ်ငန်းတူများလည်း အခွင့်အရေးမရဖြစ်တတ်ခြင်းကြောင့်လုပ်ငန်းတူအစုများ စုပေါင်း၍ ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်သည့် ထုတ်လုပ်မှုစွမ်းအားများကို ရရှိလာနိုင်ပါတယ်။

(၂) **အထူးပြုဆောင်ရွက်နိုင်ခြင်း။** ကျွမ်းကျင်ရာလိမ္မာဆိုသကဲ့သို့ ပစ္စည်းတစ်ခုရဲ့ အစိတ်အပိုင်းများကို ခွဲဖြန့်ထုတ်လုပ်ခြင်း၊ လုပ်အားခွဲဝေအသုံးချခြင်းဖြင့် အထူးပြုထုတ်လုပ်လာနိုင်မှာဖြစ်ပါတယ်။

(၃) **ပူးပေါင်းဆောင်ရွက်နိုင်ခြင်း။** ပစ္စည်းများများ ဝယ်နိုင်လေ ဈေးသက်သာလေဖြစ်တာကြောင့် စုပေါင်း၍ ကုန်ကြမ်းဝယ်ယူခြင်း၊ စုပေါင်းသယ်ယူ ပို့ဆောင်ခြင်းအားဖြင့် ကုန်ကျမှုသက်သာစေခြင်း ဈေးကွက်မရှိဘဲ ထုတ်လုပ်မှုကိုသာ အားထုတ်နေရင်လည်း မအောင်မြင်နိုင်လို့ ခေတ်မီနည်းပညာ၊ ဈေးကွက်၊ စံနှုန်းအသစ်များကို ပူးပေါင်းလေ့လာကာ အရည်အသွေးမြှင့်တင်နိုင်ခြင်း၊ အရင်းအနှီးရရှိရေးနဲ့ အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများလည်း အားကောင်းလာမှာ ဖြစ်ပါတယ်။

(၄) **ထုတ်ကုန် (သို့) ဝန်ဆောင်မှုကို ရောင်းချရာတွင် ဆွဲဆောင်နိုင်မှု မြှင့်တင်နိုင်ခြင်း။** စွမ်းရည်များကို ဖလှယ်ပြီး စုပေါင်းဝန်ဆောင်မှုစနစ်ဖြင့် ကုန်ထုတ်အမျိုးအစားများ ကျယ်ပြန့်လာပြီး လုပ်ငန်းလည်ပတ်မှုနှင့် ကုန်အမှတ်တံဆိပ်ကျော်ကြားရေးအတွက် ဒေသထွက်ကုန်အဖြစ် ဈေးကွက်ဆွဲဆောင်မှုကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်။

အာဆီယံစီးပွားရေးအသိုက်အဝန်း AEC ကို ဝင်ရောက်ရာမှာ အာဆီယံနိုင်ငံတွေရဲ့ လုပ်ငန်းတွေနဲ့ ကြုံတွေ့ရမှာ ဖြစ်သလို FDI လုပ်ငန်းကြီးတွေနဲ့ ရင်ဆိုင်ရာမှာ မိမိတို့က အသေးစားနှင့်အလတ်စား လုပ်ငန်းတွေဖြစ်တဲ့အတွက် ၎င်းတို့နဲ့ ယှဉ်ပြိုင်နိုင်ဖို့ အားနည်းနေခြင်းကို အစုအဖွဲ့ပုံစံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းကြီးအကျိုးကျေးဇူးအတိုင်းရရှိခံစားပြီး ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။

Cluster ဖွဲ့စည်းဆောင်ရွက်ပြီးပါကလည်း နောက်တစ်ဆင့်အနေနဲ့ ချိတ်ဆက်မှုမရှိဘဲ Cluster အသီးသီးကနေ Cluster ချိတ်ဆက်ပြီး၊ ပိုမိုအားကောင်းသော Cluster များအဖြစ် စုစည်းမှုနှင့် ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ တင်ပို့ရောင်းချမှုကဏ္ဍအသီးသီးနှင့်လည်းကောင်း၊ ဌာနဆိုင်ရာများ အထောက်အပံ့ပေးနိုင်မယ့် အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အပြန်အလှန်ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ထိရောက်၍ စွမ်းရည်ပြည့်ဝစွာဖြင့် အားကောင်းပြီး အကျိုးများတဲ့ Cluster များ ဖြစ်ပေါ်လာအောင် Private Public Partnership ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း သိရှိရ ပါတယ်။

ယခုကဲ့သို့ Cluster များ ချိတ်ဆက် ဆောင်ရွက်ခြင်းမှသည် အသေးစား၊ အလတ်စားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်ပါတယ်။


**ရီလင်းထွန်း- မုံရွာ**

# MPT က မြန်မာနိုင်ငံ၏ ပထမဆုံး တယ်လီသွန်အစီအစဉ်အတွက် Official Partner တစ်ဦးအဖြစ် ဆောင်ရွက်သွားမည်

မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေး အော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) သည် အောက်တိုဘာ ၂၄ ရက်တွင် ပြုလုပ်မည့် မြန်မာနိုင်ငံ၏ ပထမဆုံး တယ်လီသွန်အစီအစဉ်အတွက် Official Partner တစ်ဦးအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြော်ငြာခဲ့သည်။

တယ်လီသွန်သည် ဒေသခံလှူပ်ရှားမှုအဖွဲ့များနှင့်ပူးပေါင်းကာ ရေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေရှာဖွေသော ကိုကာကိုလာ၏ သီတင်းကျွတ်ဂီတဖျော်ဖြေပွဲတော် လှုပ်ရှားမှုတစ်ရပ်လည်း ဖြစ်သည်။ MPT အနေဖြင့် ကိုကာကိုလာ၏သီတင်းကျွတ်ဂီတပွဲတော်နှင့် တယ်လီသွန်၏ ဆက်သွယ်ရေးကဏ္ဍနှစ်ရပ်စလုံးအတွက် official partner အဖြစ် ကူညီဆောင်ရွက်ထားခြင်းဖြစ်သည်။

တယ်လီသွန်အစီအစဉ်တွင်ပါဝင်လိုသည့် ပြည်သူများအနေဖြင့် အောက်တိုဘာ ၂၄ ရက်နေ့ ညနေ ၅ နာရီမှ ည ၁၀နာရီအထိ MPT ဖုန်းနံပါတ် ၀၁ ၈၆၁၉၅၅၅ သို့ ဖုန်းဆက်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများသို့ မိမိလှူဒါန်းမည့်ငွေပမာဏအား ပြောကြားနိုင်ကြောင်း သိရသည်။




အဆိုပါတယ်လီသွန်အစီအစဉ်တွင် မြန်မာနိုင်ငံ၏ နာမည်ကြီး သရုပ်ဆောင်များဖြစ်ကြသော နေတိုး၊ ပြေတီဦး၊ ဝတ်မှုံရွှေရည်၊ နန်းစုရတီစိုး စသည့် သရုပ်ဆောင်များက တယ်လီသွန် ပြုလုပ်ရာ ယာယီအဆောက်အအုံတွင် လှူဒါန်းမှုမှတ်တမ်းအတွက် အသိအမှတ်ပြုပေးကြမည်ဖြစ်ပြီး၊ ဖုန်းခေါ်ဆိုမှုများကို ဖြေဆိုခြင်းနှင့် လှူဒါန်းမှုကတိကဝတ်များလက်ခံခြင်းတို့အတွက် အလှမယ်များဖြစ်ကြသော ထက်ထက်ထွန်း (Miss Universe Myanmar 2016)၊ မေဘရဏီသော် (Miss Universe Myanmar 2015)၊ ဟန်လေး (1st Runner Up? Miss Universe Myanmar 2015) နှင့် ချိုချိုထွန်း (2nd Runner Up, Miss Universe Myanmar 2015) တို့က ဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ ပထမဆုံးဖြစ်တဲ့ တယ်လီသွန်ရန်ပုံငွေရှာဖွေပွဲက နိုင်ငံတစ်ဝန်းက ရေဘေးသင့်ဒေသတွေအတွက် ကူညီထောက်ပံ့မှုတွေကို ပြုလုပ်နေတဲ့ MPT ရဲ့ လှုပ်ရှားမှုတွေထဲက တစ်ခုဖြစ်ပါတယ်၊ ရန်ပုံငွေဖျော်ဖြေပွဲဟာဆိုရင်လည်း ပျော်ရွှင်စရာ အချိန်အခါတွေ ဖန်တီးပေးမှာပါ။ မိသားစုတွေအများကြီး တစ်စုတစ်ဝေးတည်း ပျော်ရွှင်နိုင်မယ်။ မတူညီတဲ့ ဂီတမျိုးဆက်တွေနဲ့ ဂီတအမျိုးအစား အကုန်လုံးကိုလည်း တစ်ပေါင်းတစ်စည်းတည်းခံစားနိုင်မယ်ဆိုတော့ ဒီလိုပွဲကြီးမှာ ပူးပေါင်းပါဝင်ခွင့်ရတဲ့အတွက် MPT က အရမ်းဝမ်းသာဂုဏ်ယူပါတယ်"ဟု MPT-KSGM Joint Operations ၏ Chief Commercial Officer ဖြစ်သူ Mr. Koichi Kawase က ပြောကြားခဲ့သည်။

လှူဒါန်းမှုတစ်ခုပြုလုပ်ရန် ဖုန်းဖြင့် ပြောကြားပြီးပါက ငွေသားများကို Rebuild Myanmar Fund သို့ မည်သည့်ရိုးမဘဏ်၏ဘဏ်ခွဲများမှမဆို လွှဲပေးနိုင်မည်ဖြစ်သည်။ တယ်လီသွန်ဖုန်းခေါ်ဆိုမှုများတွင် မှတ်ယူထားမည့် အချက်အလက်များတွင် ခေါ်ဆိုသူ၏ အမည်၊ လှူဒါန်းမည့် ပမာဏ၊ မှတ်ပုံတင်နံပါတ်၊ နေထိုင်သည့်မြို့နယ်နှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ ပါဝင်မည်ဖြစ်သည်။

မကြာသေးမီကလည်း MPT သည်ရေဘေးသင့်ဒေသများဖြစ်သော ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများသို့ အလှူငွေကျပ် သိန်း ၁၀၀ စီပေးအပ်လှူဒါန်းခဲ့ပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ငွေကျပ်သိန်း ၂၀၀ ပေးအပ် လှူဒါန်းခဲ့သည်။ ဧရာဝတီတိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများသို့လည်းထောက်ပံ့ရေးပစ္စည်းအထုပ်ပေါင်း သုံးထောင်ကျော်ကို လည်း ပေးပို့လှူဒါန်းခဲ့သည်။ ထို့ပြင် ရေဘေးသင့်ဒေသများရှိ ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် ရည်ရွယ်ပြီး MPT သုံးစွဲသူ မြန်မာပြည် သူများ၏ SMS မှတစ်ဆင့်လှူဒါန်းခြင်း အစီအစဉ်အား လုပ်ဆောင်ခဲ့ရာ ယင်းအစီအစဉ်တွင် ငွေကျပ်သိန်း ၃၀၀၀နီးပါး(၂၉၆,၅၃၀,၅၀၀ကျပ်)ကို အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီသို့ ပေးအပ်လှူဒါန်းပေးခဲ့သည်။

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီ၊ဒီဇယ်တန်ချိန် ၅၀ကျော်သာဝင်

အောက်တိုဘာ ၁၁ရက်မှ ၁၇ ရက်သီတင်းပတ် အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၁၇၇၃၉၅၅ တန်ဖိုးရှိ ဒီဇယ် ၃၉ဒသမ ၀၃၂တန်နဲ့ ကန်ဒေါ်လာ ၁၃၅၈၀၉၆တန်ဖိုးရှိ ဓာတ်ဆီ ၁၈ဒသမ ၈၈၅တန်ကိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် စုစုပေါင်းမှာ တန်ချိန် ၅၇ ဒသမ ၉၁၇ ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဓာတ်ဆီအဝင် စုစုပေါင်းမှာ တန်ချိန် ၂၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၉၀ ကျော်အဝင် လျော့ခဲ့သလို ဒီဇယ်ကလည်းတန်ချိန် ၄၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ အောက်တိုဘာ ၁၂ ရက်မှ အောက်တိုဘာ ၁၆ ရက်အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ် ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေး အတက်အကျ၂၀၀၀ ကျပ်ဝန်းကျင်သာရှိခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း (95) မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၄၀ ကျပ်၊ အောက်တိန်း (92) ၆၉၀ကျပ်၊ အောက်တိန်း(95) ၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၈၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ အောက်တိုဘာ ၁၉ ရက်နေ့ ဓာတ်ဆီဝယ်ဈေး ၁၅၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၁ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဝန်းကျင်သာ အတက်အကျရှိခဲ့တယ်လို့ သိရပါ တယ်။ ဒီဇယ်ဈေးမှာ အောက်တိုဘာ ၁၉ ရက်မှာ ဝယ်ဈေး ၁၂၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ၂၁ ရက်နေ့မှာ ဝယ်ဈေးဈေးငြိမ်ပြီး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျခဲ့ပြီး ၂၂ ရက်တွင် ဝယ်ဈေး၊ရောင်းဈေး ၁၀၀၀ ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓါတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်ကဈေးငြိမ်နေပြီး ဓာတ်ဆီ၊ အောက်တိန်း၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၆၇၀ ကျပ်၊ အောက်တိန်း ၆၇၀ ကျပ်၊ ဒီဇယ် ၆၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၁၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာလ ၁၉ ရက်မှာဒီဇယ်ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၁၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ရာ ၂၁ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ အောက်တိုဘာလ ၁၉ ရက်နေ့ ဝယ်ဈေး ၁၅၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၁ ရက်တွင် ဝယ်ဈေး၊ရောင်းဈေး ၂၀၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၀၀၀ ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ် ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးနည်းနည်းကျခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံး ဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီရော ဒီဇယ်ပါ ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ရော ဒီဇယ်ပါ ၃၀၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့အောက်တိန်း၊ ဓာတ်ဆီ၊ ဒီဇယ်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၁၅ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၅၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

MIRT-DOT

| Energy NYMEX | Price | Change | Change % |
|---|---|---|---|
| 23-10-2015 | | | |
| WTI Crude Future (USD/bbl.) | 45.54 | 0.16 | 0.35 |
| Brent Crude Futr (USD/bbl) | 48.45 | 0.37 | 0.77 |
| Gasoline Rbob Fut (Cent/gal) | 131.90 | 1.23 | 0.94 |
| Natural Gas Futr (USD/MMBtu) | 2.36 | -0.03 | -1.22 |
| Heating Oil Futr (Cent/gal) | 148.30 | 1.80 | 1.23 |

## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်ကျဆင်းလာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ဗဟိုဘဏ်၏ ထုတ်ပြန်ကြေညာချက်များကြောင့် ငွေလဲစင်တာများတွင် ပြန်လည်ထုတ်ရောင်းသူများ ပိုမိုများပြားလာသဖြင့် ငွေလဲနှုန်းများ ကျဆင်းလာရခြင်းဖြစ်ကြောင်း သိရသည်။

ဗဟိုဘဏ်အနေဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အပါအဝင် စီးပွားရေးလုပ်ငန်းအချို့အား ထုတ်ပေးထားသည့် နိုင်ငံခြားသုံးငွေ လက်ခံကိုင်ဆောင်ခွင့်လိုင်စင်ကို အောက်တိုဘာ ၁၉ ရက်တွင် စတင်ရုပ်သိမ်းခဲ့သဖြင့် ပြင်ပဈေးကွက်တွင် အမေရိကန်ဒေါ်လာ ရောင်းချသူများလာပြီး ငွေလဲနှုန်းတန်ဖိုးများ ကျဆင်းလာရခြင်းဖြစ်ကြောင်း သိရသည်။

"ဗဟိုဘဏ်က ကြေညာချက်ထုတ်လိုက်တော့ပြင်ပမှာဒေါ်လာကိုင်ပြီး အလုပ်လုပ်နေတဲ့သူတွေ ပြန်ရောင်းလာကြတာများတယ်။အဲဒီလိုပြန်ရောင်းလာတဲ့အတွက် ဈေးကွက်ထဲမှာ ဈေးက တော်တော်လေးကိုကျသွားတယ်။ဒီတစ်ပတ်ထဲမှာ အဝယ်ထက် ရောင်းတဲ့သူပိုများလာတယ်"ဟု အနော်ရထာလမ်းပေါ်ရှိ ငွေလဲစင်တာတစ်ခုမှ သိရသည်။

ဗဟိုဘဏ်မှ ထုတ်ပြန်လျက်ရှိသည့် ရည်ညွှန်းငွေလဲနှုန်းသည်လည်း ယခုတစ်ပတ်တွင် အောက်တိုဘာလ ၁၉ ရက်နေ့က ၁၂၈၃ကျပ်ရှိခဲ့ရာမှ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ၁၂၈၁ ကျပ်သို့ ကျဆင်းခဲ့သည်။

ပြင်ပငွေဈေးကွက်တွင် အောက်တိုဘာ ၁၉ ရက်က ရောင်းဈေး ၁၂၇၈ ကျပ်၊ ဝယ်ဈေး ၁၂၇၃ကျပ်ရှိခဲ့ရာမှ အောက်တိုဘာလ ၂၃ရက်တွင် ရောင်းဈေး ၁၂၇၇ ကျပ်၊ ဝယ်ဈေး ၁၂၇၂ ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေး အနည်းငယ်ကျဆင်း

ကျပ်ရှစ်သိန်းကျော်အထိမြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရသည်။

ရွှေဈေးများပြန်လည်ကျဆင်းလာမှုကြောင့် ပြန်လည်ရောင်းချသူများ ပိုမိုများလာခဲ့ကြောင်း သိရသည်။ ထို့ပြင် ဈေးဆက်လက်ကျဆင်းနိုင်သည်ဟု ယူဆသူများ များပြားလာသဖြင့်လည်း ပြန်လည်ရောင်းချသူ များလာခဲ့ခြင်းဖြစ်သည်ဟု ရွှေကုန်သည်အသိုင်းအဝိုင်းမှ သိရသည်။

ထို့ပြင် ကမ္ဘာ့ရွှေဈေးကျဆင်းလာသဖြင့်လည်း မြန်မာ့ရွှေဈေးကျဆင်းလာခြင်းဖြစ်သကဲ့သို့ ဈေးကွက်အတွင်း ရောင်းချမှုများ ပိုမိုများပြားလာသဖြင့်လည်း ပြန်လည်ဈေးကျဆင်းလာရခြင်းဖြစ်ကြောင်း သိရသည်။

"ဈေးကွက်ထဲမှာတော့ ပြန်ရောင်းတာတွေက တစ်နေ့ထက်တစ်နေ့ပိုများလာတယ်။ ပြီးခဲ့တဲ့ တစ်ပတ်ကထက် ပိုများလာတယ်။ အရောင်းများလာတော့ ဈေးပြန်ကျလာတာသဘာဝပါပဲ။ အောက်တိုဘာလ ၁၉ ရက်နေ့ကဆို ဈေးစအဖွင့်မှာပဲ ရွှေဈေးက ကျပ် ၇၈၉၀၀၀ လောက်အထိ ကျသွားတာဆိုတော့ ရွှေဝယ်ရောင်းလုပ်တဲ့သူတွေ ပိုပြီးအလန့်တကြားဖြစ်ကုန်တာ။ အဲဒါကြောင့် ပြန်ရောင်းတဲ့သူတွေ ပိုများလာတာ"ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် အောက်တိုဘာ ၁၉ ရက်က ကျပ် ၇၈၉၅၀၀ သို့ ကျဆင်းခဲ့သော်လည်း အောက်တိုဘာ ၂၀ ရက်တွင် ကျပ် ၇၉၆၀၀၀သို့ ပြန်လည်မြင့်တက်ခဲ့သည်။ အောက်တိုဘာ ၂၂ ရက်တွင် ကျပ် ၇၉၅၅၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။ အောက်တိုဘာ ၂၃ ရက်တွင် ကျပ် ၇၉၄၀၀၀သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် အောက်တိုဘာ ၁၉ ရက်တွင် ၁၁၇၃ ဒေါ်လာရှိခဲ့ပြီး အောက်တိုဘာလ ၂၀ ရက်နေ့တွင် ၁၁၆၉ ဒေါ်လာသို့ ကျဆင်းခဲ့ပြီး အောက်တိုဘာလ ၂၃ ရက်နေ့တွင် ၁၁၆၇ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

October 23, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.37 |
| BDT | Bangladesh Taka | 78.63 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.36 |
| EUR | Euro | 0.90 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 64.89 |
| IDR | Indonesia Rupiahs | 13538.00 |
| JPY | Japan Yen | 120.70 |
| MYR | Malaysia | 4.23 |
| PKR | Pakistan Rupees | 104.40 |
| PHP | Philippines Pesos | 46.51 |
| RUB | Russia Rubles | 62.42 |
| SGD | Singapore Dollars | 1.39 |
| KRW | South Korea Won | 1126.39 |
| LKR | Sri Lanka Rupe | 142.32 |
| THB | Thailand Baht | 35.43 |
| GBP | United Kingdom Pounds | 0.65 |
| VND | VietnamDon | 22321.43 |

*Source : xe.com*

## World Gold Price

October, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 19 | 1170 | 1170 | 1170 |
| 20 | 1171 | 1170 | 1171 |
| 21 | 1173 | 1174 | 1173 |
| 22 | 1165 | 1165 | 1165 |
| 23 | 1168 | 1168 | 1168 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 19-10- 2015 | 791.50 | 791.10 |
| 20-10- 2015 | 794.50 | 794.80 |
| 21-10- 2015 | 797.50 | 797.10 |
| 22-10- 2015 | 794.50 | 793.80 |
| 23-10- 2015 | 794.50 | 794.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 19 | 6 .36 | 35.30 | 77.75 | 64.80 |
| 20 | 6. 35 | 35.37 | 77.72 | 64.87 |
| 21 | 6 35 | 35.47 | 77.80 | 65.18 |
| 22 | 6 .35 | 35.62 | 77.92 | 65.14 |
| 23 | 6.36 | 35.43 | 78.63 | 64.89 |



## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 19- October | 15.90 | 1797.38 | 1557.70 | 5344.19 | 1009.00 |
| 20- October | 15.95 | 1789.31 | 1545.82 | 5323.36 | 1012.00 |
| 21- October | 15.78 | 1769.38 | 1519.17 | 5250.11 | 1013.00 |
| 22- October | 15.74 | 1735.33 | 1508.19 | 5315.74 | 1002.00 |
| 23- October | 15.96 | 1744.51 | 1483.78 | 5341.06 | 1010.00 |

Source:kitco.com

## ဘိလပ်မြေ

### ထိုင်း၊ တရုတ်နဲ့ အိန္ဒိယမှ ဘိလပ်မြေများဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက်တိုဘာ ၁၁ ရက်မှ ၁၇ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၅၀၄၄၉၀ တန်ဖိုးရှိ ဘိလပ်မြေ ၄၀၉၁၆ ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၄၀၃၁၈ ဒသမ ၅၀တန်၊ တရုတ် နိုင်ငံမှ ၂၈ တန်နဲ့ အိန္ဒိယမှ တန်ချိန် ၅၆၉ ဒသမ ၉၀ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဝင်လာတဲ့တံဆိပ်များမှာ စိန်၊ ဆင်၊ မောင်းတိန်းနဲ့ အင်စီးတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၃၈၃၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၈၄၀ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

အောက်တိုဘာလ ၁၁ ရက်မှ ၁၇ ရက် သီတင်းပတ်မှာ ပြည်တွင်းကိုရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၄၀၉၁၆ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ ၃၈၃၅၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန် ၁၈၄၀ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၂၂၀၇၆ တန်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၇၁၅၉ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၉၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် ဈေးကွက်ထဲဘိလပ်မြေ အဝင်များသလို အရောင်းလည်းသွက်တယ် လို့ ဘိလပ်မြေအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဒီတစ်ပတ်မှာ အေသုံးလုံးက ၂၀၀ ကျပ်၊ မြန်မာဆင်က ၁၀၀ ကျပ်ဈေးပြန်ကျခဲ့ပြီး ဆင်နဲ့ စိန်က ၁၀၀ ကျပ်ဈေးမြင့်ခဲ့ပါတယ်။ ကျန်ဘိလပ်မြေများကတော့ ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင် (ထိုင်း) ၇၁၀၀ ကျပ်၊ စိန်(ထိုင်း)၇၀၀၀ ကျပ်၊ အေသုံးလုံး ၅၄၀၀ ကျပ်၊ မြန်မာဆင် ၄၇၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်) ၄၆၀၀ကျပ်၊ ကျားခေါင်း၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ ရာသီဥတုလည်း ကောင်းလာတာနဲ့အမျှ အရောင်းအဝယ်က သွက်လာပါတယ်။ အရောင်းသွက်ပေမယ့် ဝယ်ရင်းဈေး မတက်သေးတာကြောင့်ဈေးကငြိမ်နေတယ်။အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာဆင်(ထိုင်း) ၅၆၅၀ ကျပ်၊ စိန်(ထိုင်း) ၅၁၅၀ ကျပ်၊ ကြံ့ (မြိုင်ကလေး) ၄၉၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေကအရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း)၇၄၀၀ ကျပ်၊ ဆင် (ထိုင်း) ၇၁၀၀ ကျပ်၊ ခြသေ့်၅၀၀၀ ကျပ်၊ အပါချီ ၅၀၀၀ ကျပ်၊ ကမ္ဘောဇ ၄၆၀၀၊ နဂါး ၅၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ်မြေဆီအဝင်လျော့

အောက်တိုဘာ ၁၁ ရက်မှ ၁၇ ရက် သီတင်းပတ်အတွင်း မြေဩဇာ ၂၉၆၀ ဒသမ ၆၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တန်ဖိုးကတော့ကန်ဒေါ်လာ ၈၁၂၃၄၇ တန်ဖိုးရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၇၇၅ဒသမ ၉၅ တန်၊ မလေးရှားမှ ၇၅တန်၊ စင်ကာပူမှ ၁၈၂ဒသမ ၇၀တန်၊ ထိုင်းနိုင်ငံမှ ၁၁၁၆ ဒသမ ၈တန်အမေရိကန်မှ တန်ချိန် ၃၀၀နဲ့ ဗီယက်နမ်မှ တန်ချိန် ၅၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဝင်လာတဲ့ အမျိုးအစား များမှာ ယူရီးယား၊ မဂ္ဂနီဆီယမ်နိုက်တြိတ်၊ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်းနဲ့ ဩဂဲနစ်စတဲ့အမျိုးအစားများ ဝင်လာခဲ့ပါတယ်။ယခင်သီတင်းပတ် မြေဆီအဝင်မှာ တန်ချိန် ၅၄၀၀ ကျော်ရှိခဲ့တာကြောင့်ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၅၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### အနည်းငယ်သွက်လာတဲ့ မြေဩဇာဈေးကွက်

အောက်တိုဘာ ၁၁ ရက်မှ ၁၇ရက် သီတင်းပတ်အတွင်း ပြည်တွင်းကိုရေလမ်းမှ မြေဩဇာ ၂၉၆၀ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၅၄၆၈ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၅၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၇၃၈၅ တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၂၉၉၃ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၆၀၀ တန်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ ရောနယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း မြေဩဇာက ဆောင်းသီးနှံကြောင့် ရောင်းအားကောင်းတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကွန်ပေါင်း ၁၅ ပတ်လည်နဲ့၁၆း၁၆း၈က ၅၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာဈေးများက ငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည်(ထိုင်း) ၃၈၀၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅ ပတ်လည်(ထိုင်း) ၃၀၀၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၂၃၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာက အရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ၁၀၀ကျပ်၊ဆင် ၁၀း၁၀း၅က ၅၀၀ကျပ် ၊ အာမို ၁၀း၁၀း၅ က ၆၀၀ ကျပ်၊ အာမို၁၅ ပတ်လည်က ၂၀၀ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၂၀၀ ကျပ်ဈေးကျခဲ့ပြီး ကျန်မြေဩဇာများက ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) (အပြာ) ၁၆၂၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၂၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၇၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၃၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၇၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်- တရုတ်) ၂၁၈၀၀ကျပ်၊ ယူရီးယား ၃၈၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၂၀၀ ကျပ်၊တီစူပါ ၂၂၀၀၀ ကျပ်၊ တောင်သူမ ၁၅၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာက အရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြေဩဇာဈေးတွေ ကျလာတယ်လို့ သိရပါတယ်။တရုတ်ငွေဈေးမကျပေမယ့် ကုမ္ပဏီဈေးလည်း ကျသလို အရောင်းပါးတာကြောင့်လည်း ဈေးတွေကျလာတယ်လို့ သိရပါတယ်။ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၇၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၂၀၇၀၀ ကျပ်၊ တီစူပါ(**GTSP** ၄၆%-တရုတ်) ၁၉၉၀၀ကျပ်၊ တီစူပါ(**GSSP** ၁၆%- တရုတ်) ၁၁၄၀၀ ကျပ်၊ တီစူပါ(**GSSP** ၁၂%-တရုတ်) ၁၀၈၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအေးနေခဲ့တယ်လို့ သိရပါတယ်။ စိုက်ပျိုးရာသီချိန်လည်း မဟုတ်တာကြောင့် အရောင်းအဝယ်က ထိုင်းတယ်၊ ရောင်းထိုင်းသလိုဈေးလည်း ကျတယ်လို့သိရပါတယ်။ ယူရီးယား (ကမ္ဘာလုံး၊ ရွှေတောင်-တရုတ်) ၅၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်)၂၀၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် ၂၀၀၀ ကျပ်၊ ယူရီးယား(ယူအေအီး)၂၇၀၀ ကျပ်ဈေး ကျခဲ့ပြီး ကျန်မြေဩဇာများက ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၂၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၂၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၃၅၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၈၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၆၅၀၀ကျပ်၊တီစူပါ၁၀း၁၀း၅ (တရုတ်) ၁၇၀၀၀ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၅၀၀ ကျပ်၊ပိုတက်(တရုတ်) ၂၆၈၀၀ ကျပ်၊ ယူရီးယား (ယူအေအီး)၁၉၅၀၀ ကျပ်၊မြားကမ္ဘာ ၁၇၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန် ၄၇၀ ကျော်နဲ့ နို့မှုန့် ၂၃ တန်ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက်တိုဘာ ၁၁ ရက်မှ အောက်တိုဘာ ၁၇ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၀၅၂၆၃ တန်ဖိုးရှိ နို့ဆီ ၄၇၂ဒသမ ၇၈၈တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာအဝင်ပျောက်ခဲ့တဲ့ နို့မှုန့်က ဒီတစ်ပတ်မှ ပြန်လည်ဝင်လာတာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီတစ်မျိုးသာ ဝင်လာတယ်လို့သိရပါတယ်။

နို့မှုန့်က ဖိလစ်ပိုင်နိုင်ငံမှ ၂၃ ဒသမ ၅၀၂ တန် တင်သွင်းခဲ့ပါတယ်။ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ၂၀၅၅၉၀ ရှိပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၃၈၀ ကျော်ထိရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၀/၁၀ မှ ၁၆/၁၀ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၃/၁၀ မှ ၉/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၉၇.၅၀ | ၉၀၀.၂၈ | (-) | ၄၀၂.၇၈ |
| ၂။ | လွယ်ဂျယ် | ၅၅၀.၀၀ | ၄၈၄.၀၀ | (+) | ၆၆.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၀၅၄.၀၀ | ၂၂၅၁.၀၀ | (-) | ၁၉၇.၀၀ |
| ၅။ | တာချီလိတ် | ၂၅၀၀.၀၀ | ၆၃၀၀.၀၀ | (-) | ၃၈၀၀.၀၀ |
| ၆။ | မြဝတီ | ၅၅၅.၆၀ | ၁၅၀၁.၉၂ | (-) | ၉၄၆.၃၂ |
| ၇။ | ကော့သောင်း | ၁၅၁၅၉.၀၀ | ၅၆၂၂.၀၀ | (+) | ၉၅၃၇.၀၀ |
| ၈။ | မြိတ် | ၇၆၀.၀၀ | ၁၀၀.၀၀ | (+) | ၆၆၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၂၂၀၇၆.၁၀ | ၁၇၁၅၉.၂၀ | (+) | ၄၉၁၆.၉၀ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၀/၁၀ မှ ၁၆/၁၀ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၃/၁၀ မှ ၉/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၆၀၅.၈၀၀ | ၁၈၁၅၆.၂၅၀ | (-) | ၅၅၅၀.၄၅၀ |
| ၂။ | လွယ်ဂျယ် | ၄၃.၀၀၀ | ၁၁၀.၀၀၀ | (-) | ၆၇.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၇၁၁.၇၅၀ | ၂၄၄.၅၀၀ | (+) | ၄၆၇.၂၅၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၃၁၈၃.၂၇၃ | ၄၁၈၂.၈၄၆ | (-) | ၉၉၉.၅၇၃ |
| ၆။ | ကော့သောင်း | ၃၄၁.၅၀၀ | - | (+) | ၃၄၁.၅၀၀ |
| ၇။ | မြိတ် | - | ၃၀၀.၀၀ | (-) | ၃၀၀.၀၀၀ |
| ၈။ | ရိုဒ် | ၅၀၀.၀၀၀ | - | (+) | ၅၀၀.၀၀၀ |
| | စုစုပေါင်း | ၁၇၃၈၅.၃၂၃ | ၂၂၉၉၃.၅၉၆ | (-) | ၅၆၀၈.၂၇၃ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ/ပဲပုပ်

# ပြည်ဈေးကွက်မှာ နှမ်းနီနှင့် မြေပဲဆီဆန်ဈေးအနည်းငယ်ကျပြီး စမုံနက်နှမ်းဈေးနှင့် လုံးဆန်ဈေးပြန်မြင့်လာ

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် နှမ်းနီဈေးနှင့် မြေပဲဆန် (ဆီဆန်) ဈေးအနည်းငယ်ကျပြီး စမုံနက်နှမ်းနဲ့ မြေပဲဆန်လုံးဆန်ဈေးမကျဘဲ ဈေးမြင့်နေတာ တွေ့ရပါတယ်။ တစ်နေ့ကို မြေပဲရော၊ နှမ်းရော စုစုပေါင်းအိတ် ၁၀၀၀ ကျော်သာ ဝင်ရောက်ပြီး နှမ်းနီနဲ့ ဆီဆန်ကို ဆီစက်သမားများက ဆီဈေးကျသဖြင့် အနည်းငယ်သာ အဝယ်ရှိနေတာ တွေ့ရပါတယ်။

စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက အဝယ်ရှိပြီး လုံးဆန်ကို မကွေးဘက်မှအဝယ်ရှိသဖြင့် ဈေးအနည်းငယ်ပြန်မြင့်လာတာဖြစ်ပါတယ်။ နှမ်းဈေးမှာ နှမ်းနီတစ်တင်းကို ၃၂၆၀၀ ကျပ်၊ နှမ်းနက် တစ်တင်းကို ၄၃၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက် ဈေးကျလာပြီး နှမ်းနက်မှာ တစ်တင်းကို ၇၃၀၀၀ ကျပ်ဈေးဖြင့် ဈေးမြင့်နေတာ တွေ့ရပါတယ်။ မြေပဲဆီဆန်ဈေးမှာလည်း တစ်ပိဿာကို ၂၂၅၀ ကျပ်ဈေးဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျသော်လည်း လုံးဆန်ဈေးမှာ တစ်ပိဿာကို ၂၈၀၀ ကျပ်ဖြင့် ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ မြေပဲဆီဈေးမှာလည်း တစ်ပိဿာ ၄၈၀၀ ကျပ်ဖြင့် ဈေးကျလာသော်လည်း နှမ်းဆီဈေးမှာ တစ်ပိဿာ ၄၇၀၀ ကျပ်ဖြင့် ဈေးတန်းနေတာ တွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

## ပြည်ပဲပုပ်လက်ကျန် လက်လီအနည်းငယ်သာ အဝယ်ရှိ

ပြည်ပဲဈေးကွက်မှာ ပဲပေါ်ချိန်ရာသီတွင်သာ လက်လီလက်ကားအဝယ်သွက်ပြီး ကျန်အချိန်များမှာတော့ လက်ကျန်ပဲများအား ဒေသတွင်းသာ လက်လီအရောင်းအဝယ်ဖြစ်ခဲ့တဲ့ သီးနှံကတော့ ပဲပုပ်သီးနှံဖြစ်ပါတယ်။ ပဲပုပ်သီးနှံဟာ ယခုနှစ်အတွင်း အခြားပဲများနဲ့ယှဉ်ရင် ဈေးအေးခဲ့ပြီး ပဲဈေးကွက်မှာဈေးအနည်းဆုံးရတဲ့ပဲဖြစ်ခဲ့ပါတယ်။ ယခုအချိန်တွင်တော့ ပဲပြားလုပ်သူများမှ ဝယ်ယူနေကြတဲ့အတွက် တစ်ရက် ၁၀ အိတ်ကျော် ၁၅ အိတ်ခန့် အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးမှာတစ်တင်း ၁၉၅၀၀ ကျပ် ရရှိခဲ့ကာ လဆန်းရက်ကဈေးထက် ကျပ်တစ်ထောင်ကျော်တော့ ပိုရခဲ့တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## စားအုန်းဆီ

# အင်ဒိုနီးရှားနိုင်ငံက လာမယ့်နှစ်အထွက်နှုန်းကို လျှော့ချခန့်မှန်းမှုကြောင့် စားအုန်းဆီဈေးမြင့်တက်

အရွယ်ရောက်ပြီးဖြစ်တဲ့ စားအုန်းဆီပင်တွေရဲ့ အထွက်နှုန်းမြင့်တက်ခဲ့ပေမယ့် အယ်နီညို ခြောက်သွေ့ရာသီဥတုပုံစံကြောင့် အထွက်နှုန်းတွေ ပြန်ကျဆင်းမယ့်လက္ခဏာတွေရှိနေပါတယ်။ ဒါကြောင့် ကမ္ဘာမှာ စားအုန်းဆီ အများဆုံးထုတ်လုပ်နေတဲ့ အင်ဒိုနီးရှားနိုင်ငံက လာမယ့်နှစ်မှာ စားအုန်းဆီအထွက်နှုန်းကျဆင်းမယ်လို့ ခန့်မှန်းခဲ့တဲ့အတွက် မလေးရှားစားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးက အောက်တိုဘာ ၂၁ ရက်နေ့မှာ သီတင်းနှစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းကိုရောက်ရှိခဲ့ကြောင်း dawn ဝက်ဘ်ဆိုဒ်သတင်းမှာဖော်ပြပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Barsa Malaysia Derivatives Exchange) မှာ ဒီဇင်ဘာလအတွက် စားအုန်းဆီရဲ့ အခြေခံစံထားဈေးနှုန်းက ၂ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၃၆၆ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၅၃ ဒသမ ၄၅) နှုန်းရှိခဲ့ပါတယ်။

“မုတ်သုံရာသီနဲ့ပတ်သက်တဲ့ ထူးထူးခြားခြားအရိပ်အယောင် မတွေ့ရသေးပါဘူး။ ဒါကြောင့် စားအုန်းဆီစိုက်ပျိုးရေးလုပ်ငန်းသမားတွေအတွက် စိုးရိမ်စရာတွေဖြစ်ခဲ့ပါတယ်။ ဒီအတိုင်းဆက်သွားမယ်ဆိုရင် ဈေးနှုန်းတွေပြန်ပြီးမြင့်တက်လာနိုင်ပါတယ်” လို့ ကုန်သည်တစ်ဦးကပြောပါတယ်။

စားအုန်းဆီရောင်းချရတဲ့ပမာဏက ၂၅ တန်ရှိအတွဲ ၄၃၁၀၁ တွဲရှိတဲ့အတွက် နေ့စဉ်ပျမ်းမျှရောင်းချ နေကျအတွဲဖြစ်တဲ့ ၃၅၀၀၀ အထက်မှာရှိနေပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ စားအုန်းဆီကြမ်း ထုတ်လုပ်မှုက ၂၀၁၆ ခုနှစ်မှာ တန် ၃၃ သန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ဒီပမာဏက ကနဦးခန့်မှန်းထားတဲ့ပမာဏအောက် တန်ချိန် ၅ သိန်းကျဆင်းနေတာကိုတွေ့ရပါတယ်။ ယခုကဲ့သို့ကျဆင်းရခြင်းမှာ အယ်နီညိုရာသီဥတုကြောင့် အရှေ့တောင်အာရှဒေသမှာ ခြောက်သွေ့တဲ့ရာသီပိုမို ရှည်လျားပြီး လယ်ယာစိုက်ပျိုးရေးကုန်ပစ္စည်းထုတ်လုပ်မှုကို ထိခိုက်စေနိုင်တဲ့အတွက် ဖြစ်ပါတယ်။ ယခုနှစ်အတွက် အင်ဒိုနီးရှားနိုင်ငံရဲ့ စားအုန်းဆီကြမ်းထုတ်လုပ်မှုက ၃၁ ဒသမ ၅ သန်းရှိမယ်လို့ခန့်မှန်းထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ ထုတ်လုပ်မှုကျဆင်းလာတာကြောင့် စားအုန်းဆီဈေးနှုန်းကို မြင့်တက်စေနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ ရာသီဥတုပူပြင်းခြောက်သွေ့မှုက ဒေသတွင်း စားအုန်းဆီထုတ်လုပ်မှုကို ထိခိုက်လာမှာကို စိုးရိမ်ပူပန်လာတဲ့အတွက် လွန်ခဲ့တဲ့နှစ်လအတွင်း စားအုန်းဆီဈေးတွေ မြင့်တက်လာခဲ့ပြီး တစ်တန်ကို ရင်းဂစ် ၂၃၀၀ (အမေရိကန်ဒေါ်လာ ၅၄၃ ဒေါ်လာ) ဝန်းကျင်ကိုရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် စားအုန်းဆီသိုလှောင်လက်ကျန်စံချိန်တင် မြင့်တက်မှု၊ ထုတ်လုပ်မှုပမာဏစံချိန်တင်နီးပါးရောက်ရှိမှု၊ ကမ္ဘာ့ဝယ်လိုအားကျဆင်းမှုနဲ့ ပဲပုပ်ဆီသိုလှောင်လက်ကျန်မြင့်မားမှုတို့ကြောင့် ဈေးနှုန်းတွေ ထပ်မံမြင့်တက်လာဖို့ နှောင့်နှေးနေဦးမှာ ဖြစ်ပါတယ်။

စားအုန်းဆီကြမ်းထုတ်လုပ်မှုက ပဲပုပ်ဆီထုတ်လုပ်ရေးလုပ်ငန်းရဲ့ ပြင်းထန်တဲ့ပြိုင်ဆိုင်မှုနဲ့ ရင်ဆိုင်နေရပါတယ်။ ပဲပုပ်ဆီရဲ့ ယခင်နှစ်ထုတ်လုပ်မှုက စံချိန်တင်အဆင့်ကိုရောက်ရှိခဲ့ပြီး ယခုနှစ်မှာလည်း ဆက်လက်မြင့်တက်မယ်လို့ ခန့်မှန်းထားပါတယ်။

စားအုန်းဆီကြမ်းနဲ့ ပဲပုပ်ဆီတို့ရဲ့ ဈေးနှုန်းခြားနားချက်က ၂၀၀၈ ခုနှစ်က ၂၆ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်မှာ ၉ ဒသမ ၉ သာရှိတော့ကြောင်း ဘလွမ်းဘတ်ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

**ဉာဏ်တင်**



### ပြည်တွင်းဆီဈေးနှုန်းများ (၂၃-၁၀-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၅၀ | ၁၆၅၀ | □ |
| ရန်ကုန် | ၆၂၀၀ | ၅၇၀၀ | ▽ | ၄၈၀၀ | ၅၀၀၀ | △ | ၁၄၃၅ | ၁၃၉၅ | ▽ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၉၀၀ | ၃၈၀၀ | ▽ | ၁၅၄၀ | ၁၅၁၀ | ▽ |
| ပဲခူး | ၃၃၀၀ | ၃၃၀၀ | □ | ၅၁၀၀ | ၅၁၀၀ | □ | ၁၅၀၀ | ၁၅၀၀ | □ |
| မကွေး | ၅၃၀၀ | ၅၃၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၀၀ | ၁၄၅၀ | ▽ |
| မုံရွာ | ၄၇၀၀ | ၄၇၀၀ | □ | ၃၉၀၀ | ၃၉၀၀ | □ | ၁၅၈၀ | ၁၅၅၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၃-၁၀-၂၀၁၅ US$/Ton

| အမျိုးအစား | အောက်တိုဘာလဒုတိယပတ် | အောက်တိုဘာလတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၇၁.၀၀ | ၅၆၈.၀၀ | ▽ |
| RBD P.Olein | ၅၇၄.၀၀ | ၅၇၆.၀၀ | △ |
| RBD P.Strarin | ၄၇၀.၅၀ | ၄၅၇.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၃- ၁၀ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၀၁.၉၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၈၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၅၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၉၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၄.၉၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၅.၅၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၂၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၄၅.၉၀ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၃-၁၀-၂၀၁၅နေ့ (CIFဈေး Cloud Point 8 ˚C Max ၆၂၂ ဒေါ်လာ၊ FOB ၅၉၇ ဒေါ်လာနှင့် USD ဈေး ၁၂၈၁ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၂၃ - ၁၀ - ၂၀၁၅ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၈၁ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# မြို့တစ်မြို့ ထုတ်ကုန်တစ်မျိုး အစီအစဉ်ကို ထိုင်းနိုင်ငံတိုးမြှင့်ဆောင်ရွက်မည်

ထိုင်းနိုင်ငံ အစိုးရအနေဖြင့် မြို့တစ်မြို့ ထုတ်ကုန်တစ်မျိုး (One Tambom One Product-OTOP) အစီအစဉ်ကို အဆင့်မြှင့်တင်မည်ဖြစ်ပါသည်။ OTOP ထုတ်ကုန်များအတွက် ပြည်ပဈေးကွက်များ ပိုမိုရရှိစေရန် အတွက် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပါသည်။

ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော OTOP ကော်မတီသည် OTOP ထုတ်ကုန်များ ဖွံ့ဖြိုးရေး စီမံချက်ကို အောက်တိုဘာ ၉ ရက်နေ့က အတည်ပြုပေးခဲ့ကြောင်း၊ OTOP ထုတ်ကုန် ၅,၀၀၀ ခန့်သည် ပြည်ပတင်ပို့နိုင်သည့် အလားအလာရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဆူဗစ်ကပြောကြားခဲ့ပါသည်။

OTOP ထုတ်ကုန် ထုတ်လုပ်သူများအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များ အဆင့်မြှင့်တင်ရေးအတွက် တီထွင်ဖန်တီးမှုများ ရှိလာစေရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှလည်းကောင်း၊ ထုပ်ပိုးမှု တိုးတက်ကောင်းမွန်လာစေရန် စက်မှုဝန်ကြီးဌာနမှလည်းကောင်း ကူညီပံ့ပိုးပေးရန် တာဝန်ပေးအပ်ထားကြောင်း သိရှိရပါသည်။

OTOP ထုတ်ကုန်များအတွက် ပြည်ပဈေးကွက်များ ပိုမိုရရှိရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကူညီမည်ဖြစ်ပါသည်။ ယခုနှစ်တွင် OTOP ထုတ်ကုန်များ ပြည်ပတင်ပို့မှုသည် ဘတ် ဘီလီယံ ၂၀ ထိ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားပါသည်။

OTOP ထုတ်ကုန်ပေါင်း ၄၀,၀၀၀ ခန့်ရှိကြောင်း၊ ယခုနှစ်တွင် အဆိုပါ ထုတ်ကုန်များ ထုတ်လုပ်မှုမှ ဝင်ငွေ ဘတ်ဘီလီယံ ၁၀၀ ဖန်တီးပေး နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါ သည်။ OTOP ကော်မတီမှ OTOP သင်တန်းကျောင်း (OTOPAcademy) ဖွင့်လှစ်ရန် သဘောတူပြီး ဖြစ်ကြောင်း၊ သုတေသနနှင့်တီထွင်ဖန်တီးမှုအတွက် ပညာရေးဆိုင်ရာအဖွဲ့အစည်းများ (တက္ကသိုလ်ကောလိပ်များ) မှ ပံ့ပိုးကူညီပေးရန် တောင်းဆိုမည်ဖြစ်ကြောင်း မစ္စတာဆူဗစ်ကပြောကြားခဲ့ပါသည်။

အစိုးရအနေဖြင့် ThailandBest.com အား OTOP ရောင်းဝယ်သည့်နေရာ ဖြစ်လာအောင် တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ခရီးသွားဧည့်သည်များအား ဆွဲဆောင်မှုတစ်ခုအဖြစ် OTOP Village Champion အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လောလောဆယ်တွင် ဒေသအသီးသီး၌ ရွေးချယ်ထားသော OTOP Village Champion ၆၀ ရှိကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# တရုတ်လူမျိုးကမ္ဘာလှည့်ခရီးသွားအများဆုံး နိုင်ငံအဖြစ် ဂျပန်နိုင်ငံရပ်တည်



ဂျပန်နိုင်ငံသည် တရုတ်အမျိုးသားနေ့ ပိတ်ရက်ရှည်ဖြစ်သည့် အောက်တိုဘာလ ၁ ရက်မှ ၇ ရက်နေ့ အတောအတွင်း တရုတ်လူမျိုးကမ္ဘာလှည့်ခရီးသည်များ အများဆုံးသွားရောက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ချိုင်းနားဒေးလီး သတင်းဌာနက ထုတ်ပြန်ခဲ့သည်။ ယခင် တရုတ်လူမျိုးကမ္ဘာလှည့်ခရီးသည်များသွားနေကြ နိုင်ငံများ ဖြစ်သည့် ကိုရီးယား၊ ထိုင်း၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)၊ မက္ကာအိုနှင့် အမေရိကန်တို့ကို ကျော်လွန်၍ ယခုပိတ်ရက်ရှည်အတွင်း တရုတ်လူမျိုး ကမ္ဘာလှည့် ခရီးသည်များသည် ဂျပန်နိုင်ငံသို့အများဆုံး သွားရောက်ခဲ့သည်ဟု တရုတ်နိုင်ငံရှိ အကြီးဆုံး အွန်လိုင်း ခရီးသွားအေဂျင်စီ Ctrip က ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ ကမ္ဘာလှည့်ခရီးသည် လုပ်ငန်းအာဏာပိုင်က ထုတ်ပြန်ချက်အရ ယခုနှစ် ပထမနှစ်ဝက်အတွင်း ဂျပန်သို့လာရောက်သည့် တရုတ်ခရီးသည် အရေအတွက်သည် ၂ ဒသမ ၁၈ သန်းဖြစ်ပြီး ယမန်နှစ်အလားတူကာလထက် ၁၀၀ ရာခိုင်နှုန်း တိုးလာသည်ဟု သိရှိရသည်။ ပြီးခဲ့သည့် ဇွန်၊ ဇူလိုင်လအတွင်းက ကိုရီးယားတွင် ဖြစ်ပွားခဲ့သည့် မားစ်ရောဂါကြောင့် ကမ္ဘာလှည့်ခရီးသည် အရေအတွက်လျော့နည်းခဲ့သော်လည်း ယခုအခါ ဗီဇာရရှိမှု လွယ်ကူလျှင်မြန်ခြင်းနှင့်လေယာဉ်လက်မှတ်များ လျှော့ဈေးဖြင့် ရောင်းချသည့် ကာလဖြစ်၍ တရုတ်လူမျိုးကမ္ဘာလှည့်ခရီးသည် အရေအတွက် ပြန်လည်တိုးတက်လာခဲ့သည်။ အမေရိကန်သို့ တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည် အရေအတွက်လည်း လွယ်ကူလျှင်မြန်သည့် ဗီဇာထုတ်ပေးမှုလုပ်ငန်းကြောင့် ပြန်လည်တိုးတက်လာခဲ့ သည်။ ဟောင်ကောင်သို့ တရုတ်ခရီးသွားအရေအတွက်သည်သာ အောက်တိုဘာလအတွင်း လျော့ကျသွားခဲ့သည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ကိုကာကိုလာကုမ္ပဏီက ဘယ်လ်ဂျီယံနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုထပ်မံတိုးမြှင့်မည်

အမေရိကန်ကုမ္ပဏီတစ်ခုဖြစ် သော Coca Cola သည် ဘယ်လ်ဂျီယံနိုင်ငံ၊ Ghent မြို့ရှိ၎င်း၏ စက်ရုံ၌ ထုတ် လုပ်မှုလုပ်ငန်းစဉ်အား ပြန်လည်ဆန်းသစ်ရန် ရည်ရွယ်လျက် လာမည့်သုံးနှစ် တာကာလအတွင်း ယူရို ၇၅ သန်းခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ထိုသို့ ရင်းနှီးမြှုပ်နှံခြင်းဖြင့် အလုပ်အကိုင်စုစုပေါင်း ၄၄၀ အနက် ၁၂၀ ခန့် အားလျှော့ ချနိုင်မည်ဟု မျှော်လင့်ထားကြောင်း Flanders Today တွင် ဖော်ပြထားချက် အရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# အော်ဂဲနစ်အခြေခံကျေးရွာလုပ်ငန်း တိုးချဲ့မည့်အစီအစဉ်ကို ထိုင်းအစိုးရကဖော်ဆောင်မည်

ထိုင်းနိုင်ငံအစိုးရသည် ဒေသအသီးသီးရှိ ဒေသခံများနှင့်လယ်သမားများအတွက် အော်ဂဲနစ်အခြေခံကျေးရွာ သို့မဟုတ် အော်ဂဲနစ်အခြေပြု ကျေးရွာ အစီအစဉ် (Organic village scheme) ကို အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

ထိုင်းနိုင်ငံ အော်ဂဲနစ်အခြေခံ လယ်ယာစိုက်ပျိုးရေးအသင်း (Organic Agriculture Association of Thailand) ၏ ပူးပေါင်းပါဝင်မှုဖြင့် စီမံခဲ့သည့် အော်ဂဲနစ်အခြေခံကျေးရွာ အစီအစဉ်ကို ချင်းမိုင် (Chiang Mai)၊ စူရင် (Surin)၊ လမ်ပန် (Lampang)၊ ဖက်ချဘွန် (Phetchabun)၊ နခွန်ပသွမ် (Nakhon Pathom) စသည့် ပြည်နယ်ငါးခုတွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Ms.Apiradi ၏ ပြော ကြားချက်အရ အော်ဂဲနစ်အခြေခံကျေးရွာ အစီအစဉ်တွင် သဘာဝမြေဩဇာသုံး စိုက်ပျိုးထားသည့်ဟင်းသီးဟင်းရွက်များသာမက သစ်သီးဝလံများ (နွား/ဝက်စသည့်) မွေးမြူရေးနှင့်အခြားသော ပြုပြင်ထုတ်လုပ်ထားသည့် ထုတ်ကုန်များ ပါဝင်မည်ဖြစ်ပါသည်။

အဆိုပါ အော်ဂဲနစ်အခြေပြု ကျေးရွာများကို နောင်တွင် ချင်းမိုင်ပြည်နယ်၊ မယ်အွန် ခရိုင်ရှိမယ်ကမ်ပွန် ကျေးရွာကဲ့သို့ ကျန်းမာရေးအတွက် ခရီးသွားနေရာသစ်တစ်ခုအဖြစ် မြှင့်တင်သွားမည် ဖြစ်ပါသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၁၃၀၀ မီတာ၌ ရှိသော ရွာငယ်လေးတစ်ရွာဖြစ်သည့် မယ်ကမ်ပွန်ရွာကို ရေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ကြောင်း (ရေအားလျှပ်စစ်ကို အသုံးပြုကြောင်း)၊ ဆေးဝါးအတွက် သဘာဝပရဆေးများကို အသုံးပြုကြောင်း၊ (ရွာရှိအိမ်များတွင် ညအိပ်တည်းခိုသော) ခရီးသွား ဧည့်သည်များ ပျော်ရွှင်မှုအတွက် သဘာဝအရင်းအမြစ်များကို အခြေခံသော ခရီးသွားလှုပ်ရှားမှုများကို ဖန်တီးထားကြောင်း သိရှိရပါသည်။

မယ်ကမ်ပွန်ရွာသည် ၂၀၁၀ ခုနှစ်၌ Pacific Asia Travel Association မှ ပေးအပ်သော ရွှေတံဆိပ်ဆုကို ရရှိခဲ့ပါသည်။ ထို့ပြင် ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနှင့်အားကစားဝန်ကြီးဌာနမှ Thailand Homestay လုပ်ငန်းအတွက် ပေးအပ်သည့် အကောင်းဆုံးစံပြဆု (The best role model) ကိုလည်း ရရှိခဲ့ပါသည်။

ကျေးလက်အခြေခံ ခရီးသွားလုပ်ငန်း (Community-based tourism) ကို မယ်ကမ်ပွန်ရွာ၌ ၁၉၉၉ ခုနှစ်ကတည်းက စတင်ခဲ့ကြောင်း၊ လက်ဖက်ဝယ်လိုအား ကျဆင်းမှုကြောင့် ကျေးရွာနေ ပြည်သူများအတွက် ဝင်ငွေရရှိနိုင်သည့် အရင်းအမြစ်တစ်ခု ဖန်တီးပေးခဲ့ခြင်းဖြစ်ကြောင်း၊ သို့မဟုတ်ပါက ဒေသခံများသည် စားဝတ်နေရေးအတွက် ကော်ဖီစိုက်ပျိုးခြင်းနှင့်အခြားသော အလုပ်များကို လုပ်ကိုင်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်စကာလတွင် နိုင်ငံ၏ စီမံကိန်းဖြစ်သည့် မြို့တစ်မြို့ ထုတ်ကုန်တစ်ခု (OTOP) အစီအစဉ်တိုင်းပင် ဒေသအသီးသီးသည် ထူးခြားသော ဒေသထွက်ကုန်တစ်ခုကို ဖော်ထုတ်ကြရပါသည်။

လယ်သမားများအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များ၊ ရိုးရှင်းလွယ်ကူစွာ ပြုပြင်ထုတ်လုပ်ထားသော စားသောက်ကုန်များ၊ လက်မှုပညာပစ္စည်းများကို ဝယ်သူထံသို့ တိုက်ရိုက်ရောင်းချနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လယ်ယာထွက်ကုန်အရောင်းဆိုင်များ တည်ထောင်ပေးခဲ့ပါသည်။ ထို့ပြင် ဝန်ကြီးဌာနသည် လယ်ယာထွက်ကုန်များအတွက် နိုင်ငံအနှံ့တွင် ဗဟိုဈေးကြီးများ တည်ဆောက်ပေးခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်အသီးသီးရှိ ဒေသများ၏ နေရာဟောင်းများ (Old community sites) အား ဈေးဝယ်ရန်နေရာများ သို့မဟုတ် ခရီးသွားနေရာများအဖြစ် ဖွံ့ဖြိုးလာစေရန် သက်ဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိဒေသဈေးများကို မြှင့်တင်ပြီး ခရီးသွားနေရာသစ်များ ဖြစ်လာစေရန်လည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းစီးပွားရေး မြှင့်တင်ရန်အတွက် လုပ်ငန်းအုပ်စုသစ်ခုနစ်မျိုးကို ဖွဲ့စည်းရန်စီစဉ်

ထိုင်းနိုင်ငံ စက်မှုနယ်မြေ အာဏာပိုင်အဖွဲ့ (IEAT) သည် ရေရှည်တွင် စီးပွားရေးကို တွန်းတင်ပေးနိုင်သည့် အလားအလာရှိသော လုပ်ငန်းများကို မြှင့်တင်ရန် စက်မှုလုပ်ငန်းအုပ်စုသစ် ခုနစ်မျိုး ဖွဲ့စည်းရန် စီစဉ်လျက်ရှိပါသည်။

အစိုးရ၏ လုပ်ငန်းအုပ်စုဆိုင်ရာ မူဝါဒနှင့်အညီဖြစ်သော စီမံကိန်းနှင့်ပတ်သက်၍ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှုကို ဆောင်ရွက်လျက်ရှိကြောင်း ရည်ရွယ်ထားသည့် လုပ်ငန်းများမှာ ကား၊ ဆေးဝါးကုသရေးဆိုင်ရာပစ္စည်းများ၊ အီလက်ထရောနစ်များ၊ ရေနံဓာတု၊ စားသောက်ကုန်၊ လယ်ယာထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်း၊ အထည်အလိပ် စသည်တို့ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ လုပ်ငန်းအုပ်စုများကို နယ်စပ်ဒေသများတွင် တည်ဆောက်မည့် အထူးစီးပွားရေးဇုန်များ၌ တည်ထောင်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းအုပ်စုသစ်အားလုံးကို အထူးစီးပွားရေးဇုန်များတွင် တည်ထောင်ရန် ရည်မှန်းထားကြောင်း၊ သို့ရာတွင် မည်သည့်လုပ်ငန်းအုပ်စုသည် မည်သည့် အထူးစီးပွားရေးဇုန်၌ တည်ထောင်ရန် သင့်တော်သည်ကို လေ့လာရမည်ဖြစ်ကြောင်း IEAT ဥက္ကဋ္ဌ Mr. Veerapong ကပြောကြားခဲ့ပါသည်။

အဓိကအခြေခံ အဆောက်အအုံ ရင်းနှီးတည်ဆောက်သူ (developer) အချို့သည် နယ်စပ်ဒေသများတွင် တည်ဆောက်မည့် အထူးစီးပွားရေးဇုန်များ၌ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှု ရှိသော်လည်း ၎င်းတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်မီ အစိုးရ၏ ပိုမိုရှင်းလင်းသော စီမံချက်များ/အစီအစဉ်များကို စောင့်ကြည့်လေ့လာလျက်ရှိကြကြောင်း သိရှိရပါသည်။

Glow Energy Plc. နှင့် B.Grimm Power Co. စသည့် ပုဂ္ဂလိက ကုမ္ပဏီများသည် အထူးစီးပွားရေးဇုန်များအတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ထောင်ရန် စိတ်ဝင်စားလျက်ရှိပါသည်။ သို့ရာတွင် ၎င်းတို့အနေဖြင့် အထူးစီးပွားရေးဇုန်များ၌ ရင်းနှီးမြှုပ်နှံရန် ယုံကြည်မှု ရှိလာစေရေးအတွက် အစိုးရကဆောင်ရွက်ရမည့် လုပ်ငန်းများစွာ ရှိနေကြောင်း သုံးသပ်ကြပါသည်။

အစိုးရအနေဖြင့် မြေဈေးနှုန်းများ ကျဆင်းလာစေရန် ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံပိုင်မြေအချို့ကို အထူးစီးပွားရေးဇုန်များ တည်ဆောက်ရန်အတွက် လွှဲပြောင်းပေးပြီးဖြစ်ကြောင်း၊ ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ရင်းနှီးမြှုပ်နှံသူအနည်းငယ်သာလျှင် အထူးစီးပွားရေးဇုန်များ၌ ရင်းနှီးမြှုပ်နှံရန် ယုံကြည်မှုရှိကြောင်း သိရှိရပါသည်။

မြေငှားရမ်းခသည် အလွန်မြင့်နေဆဲဖြစ်သည်ဟု ရင်းနှီးမြှုပ်နှံသူအများစုက ညည်းညူကြကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအား ပိုမိုဆွဲဆောင်နိုင်ရန် မြေငှားရမ်းသည့် ဈေးနှုန်းများကို ယခုထက်ပို၍ လျှော့ပေးနိုင်ခြင်းရှိ/မရှိ သိရှိနိုင်ရန်အတွက် မြေငှားရမ်းခနှင့်ပတ်သက်၍ ထပ်မံ ဆွေးနွေးရန် လိုအပ်ကြောင်း Mr. Veerapong ကပြောကြားခဲ့ပါသည်။

အစိုးရအနေဖြင့် အထူးစီးပွားရေးဇုန်များကို ပံ့ပိုးကူညီရန်အတွက်သာမက ထိုင်းနိုင်ငံအား အလယ်အလတ်ဝင်ငွေရရှိမှုထောင်ချောက် (Middle-income trap) မှ လွတ်မြောက်စေရန် ဂေဟာစနစ်နှင့်လိုက်လျောညီထွေရှိပြီး တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် စက်မှုကဏ္ဍဖြစ်ထွန်းလာရေး ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## Zombies လုပ်ငန်းငယ်များ အစိုးရ နှစ်ရှည်ချေးငွေရယူမှု စံချိန်တင်မြင့်တက်

ကိုရီးယားသမ္မတနိုင်ငံရှိ အရှုံး ပေါ်နေသည့် သေး/လတ်စီးပွားရေး လုပ်ငန်းများ (Zombies) ၏ အစိုးရထံမှ ၁၀ နှစ်အထက် နှစ်ရှည်ချေးငွေ ထုတ်ယူ သည့်လုပ်ငန်းပေါင်း ၃,၇၀၀ ကျော်ရှိနေပြီး အဆိုပါချေးငွေများနှင့် ၎င်းတို့၏လုပ်ငန်းများ အသက်ဆက် သွားကြမည်ဖြစ်သည်။ ၎င်းအပြင် ယခင်ချေးငွေရယူ ထားကြသည့် နည်းပညာမြင့် ကုမ္ပဏီများသည်လည်း ချေးငွေ သက်တမ်း ဆက်ကြသဖြင့် ရန်ပုံငွေ စုပုံနေခြင်း (crowding-out) အခြေအနေကို ရောက်ရှိနေသည်။ ၁၀ နှစ်အထက် နှစ်ရှည် ချေးငွေယူလျက်ရှိသည့် လုပ်ငန်းပေါင်း ၃,၇၁၄ ခု ဖြစ်ပြီး၊ စုစုပေါင်း ချေးငွေ ပမာဏသည် ၂ ဒသမ ၄ ထရီလီယံဝမ် ဖြစ်နေသည်။ ယင်းတို့အနက်မှ နှစ် ၂၀ အထက် နှစ်ရှည်ချေးငွေ ရယူထားသည့် လုပ်ငန်းပေါင်း ၆၀၀ ခန့်ရှိပြီး၊ နှစ် ၃၀ အထက်နှစ်ရှည်ချေးငွေ ရယူထားသည့် လုပ်ငန်းပေါင်း ခြောက်ခု အထိရှိနေသည်။

ချေးငွေရယူသည့် ကုမ္ပဏီများမှာ သံမဏိလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၊ ရေယာဉ်လုပ်ငန်းတို့ လုပ်ကိုင်ကြသည့် ကုမ္ပဏီများဖြစ်ကြပြီး၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ Guarantee ထုတ်ပေးနေရသည့် အရေ အတွက်သည် ၁၀ နှစ်အတွင်း ၄၃ ရာခိုင် နှုန်း တိုးလာခဲ့သည်။ တရုတ်နိုင်ငံ၏စီးပွားရေးမကောင်းသဖြင့် ကိုရီးယား၏ စီးပွားရေးလုပ်ငန်းများကြား မသေချာ မရေရာမှုများတိုးလာခဲ့၍ အစိုးရက ထောက်ပံ့ပေးသည့် ချေးငွေ အစီအစဉ်ကို မရယူပါက Zombies များအတွက် အချိန်ကိုက် ဗုံးဖောက်ခွဲခံရသလို ပြိုလဲ သွားမည့် အခြေအနေဖြစ်သည်ဟု စီးပွားရေးပညာရှင်များက သတိပေး ထားသည်။ အစိုးရချေးငွေရယူထားသည့် ကုမ္ပဏီပေါင်း ၃,၇၀၀ ကျော်သည် Zombies များသာ မဟုတ်ကြောင်း၊ သို့သော် ဘဏ်ချေးငွေရယူကြသည့် လုပ်ငန်းများအားလုံး ပြုပြင်ပြောင်းလဲရေး လုပ်ရမည့်အချိန်ဖြစ်ကြောင်း ယွန်ဆေးတက္ကသိုလ်မှ ပါမောက္ခကင်ယွန်ဆစ်က ပြောဆိုခဲ့သည်။

ငွေကြေးအာဏာပိုင်များသည် အာမခံချေးငွေ ရယူမှုလုပ်ငန်းစဉ်ကို ပိုမို တင်းကျပ်ထားကြောင်း တွေ့ရသည်။ လုပ်ငန်းငယ်လေးများသည် နိုင်ငံပြင်ပ သို့ထွက်ခွာ၍ ဈေးကွက်ရှာသင့်ကြောင်း၊ အစိုးရအပေါ် မှီခိုနေကြခြင်းသည် ပြဿနာ ကြီးကြီးမားမားဖြစ်နေကြောင်း၊ KIF မှ သုတေသီ Youn Tae-hoon က ပြောဆိုသည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ပထမနှစ်ဝက်အတွင်း ကိုရီးယား နိုင်ငံပိုင်လုပ်ငန်းများ ကြွေးမြီဝမ်သုံးထရီလီယံကျော်လျှော့ချ

ယခုနှစ် ပထမနှစ်ဝက်အတွင်း ကိုရီးယားနိုင်ငံပိုင် လုပ်ငန်းများတွင် တင်ရှိနေသည့် ကြွေးမြီများအနက်မှ ၃ ဒသမ ၅ ထရီလီယံဝမ် လျှော့ချနိုင်ခဲ့ပါသည်။ ယခုနှစ် ဇွန်လကုန်တွင် နိုင်ငံပိုင်လုပ်ငန်း ၃၀ မှ ကြွေးမြီစုစုပေါင်း ၃၇၇ ဒသမ ၁ ထရီလီယံဝမ် အနက်မှ ၃ ဒသမ ၅ ထရီလီယံ ဝမ် လျှော့ချနိုင်ခဲ့၍ ၃၇၃ ဒသမ ၆ ထရီလီယံ ဝမ်သာကျန်ရှိတော့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အများဆုံးကြွေးမြီ လျှော့ချနိုင်သည့် နိုင်ငံပိုင်လုပ်ငန်းမှာ Korea Gas Corp. ဖြစ်ပြီး၊ ယခင် ကြွေးမြီ ၅၄၁၁ ဒသမ ၂ ဘီလီယံ ဝမ် မှ ၃၆၃၆ ဒသမ ၄ ဘီလီယံဝမ် သာ ကျန်ရှိပြီး၊ အဓိကအချက်မှာ ကမ္ဘာ့ရေနံဈေးနှုန်းများကျဆင်းခြင်းကြောင့်ဖြစ်သည်ဟု သိရှိရသည်။ အခြားနိုင်ငံပိုင်လုပ်ငန်းများဖြစ်သည့် Korea Railroad Corp. သည် ၂၈၆၉ ဒသမ ၉ ဘီလီယံဝမ်၊ Korea Land & Housing Corp. သည် ၁၈၁၁ ဒသမ ၂ ဘီလီယံဝမ်တို့ လျှော့ချနိုင်ခဲ့ပြီး ၎င်းတို့၏ ရရန်ပိုင်ခွင့်များ ရောင်းချပြီး ပေးဆပ်ခဲ့သောကြောင့်ဖြစ်သည်။

ယခုနှစ် ပထမနှစ်ဝက်တွင် နိုင်ငံပိုင်လုပ်ငန်းများ၏ စုပေါင်းအသားတင်အမြတ်သည် ၄ ဒသမ ၇ ထရီလီယံ ဝမ်ဖြစ်ပြီး၊ ယခင်နှစ်အလားတူကာလထက် ၂ ဒသမ ၂ ထရီလီယံဝမ် တိုးလာခဲ့သည်။ Corp. သည် အနုတ် ၃၄ ဒသမ ၁ ဘီလီယံဝမ် အသီးသီး အရှုံးပေါ်ခဲ့ကြသည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ထိုင်းနိုင်ငံတွင် စားသုံးသူယုံကြည်မှု ဆက်တိုက် ကျဆင်း

ထိုင်းနိုင်ငံ၌ ပြည်တွင်းစီးပွားရေး၊ ကမ္ဘာ့စီးပွားရေး အခြေအနေတို့နှင့်ပတ်သက်၍ စိုးရိမ်နေဆဲဖြစ်ရာ စက်တင်ဘာလ၌ စားသုံးသူယုံကြည်မှုသည် ကိုးလမြောက်အဖြစ် ဆက်တိုက်ကျဆင်းခဲ့ပြီဖြစ်ပါသည်။ စက်တင်ဘာလ၏ စားသုံးသူယုံကြည်မှု ညွှန်းကိန်းသည် ၁၆လအတွင်း အနိမ့်ဆုံးဖြစ်ခဲ့ပါသည်။

ထိုင်းကုန်သည်ကြီးများ တက္ကသိုလ် (UTTC) က အောက်တိုဘာ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော လေ့လာမှုဆန်းစစ်မှုအရ စားသုံးသူယုံကြည်မှု ညွှန်းကိန်းသည် စက်တင်ဘာလ၌ ၇၂ ဒသမ ၁ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ပါသည်။

ထိုင်းစားသုံးသူများ၏ ယုံကြည်မှု ပြန်လည်ကောင်းမွန်လာရန် အလှမ်းဝေးနေဆဲဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှု ပြန်လည်နာလန်ထူလာမည့် လက္ခဏာမရှိသေးသည့်အပြင် လယ်ယာထွက်ကုန်ဈေးနှုန်းများ နိမ့်နေဆဲဖြစ်ကြောင်း၊ သို့ဖြစ်ရာ ကမ္ဘာ့စီးပွားရေးနှင့် ထိုင်းနိုင်ငံ၏ စီးပွားရေးနာလန်ထူလာမှုနှင့်ပတ်သက်၍ သေချာမှု မရှိသေးခြင်းအပေါ် သုံးစွဲသူများမှ စိုးရိမ်နေဆဲဖြစ်ကြောင်း သိရှိရပါသည်။

အစိုးရ၏ စီးပွားရေး လှုံ့ဆော်အားပေးမှု အစီအစဉ်သစ်များမှ ငွေကြေးများသည် စီးပွားရေးစနစ်အတွင်း ဝင်ရောက်လာသည်နှင့်တစ်ပြိုင်နက် စားသုံးသူယုံကြည်မှုသည် တဖြည်းဖြည်းမြင့်တက်လာမည်ဟု မျှော်လင့်ထားကြောင်း၊ စတုတ္ထသုံးလပတ်ကို အလွန်အရေးကြီးသောကာလအဖြစ် ယူဆကြောင်း၊ အစိုးရအနေဖြင့် စီးပွားရေးစနစ်အတွင်းသို့ ငွေကြေးလျင်မြန်စွာ ထည့်သွင်းပေးလျှင် လာမည့်နှစ်ပြည်တွင်းစီးပွားရေး တိုးတက်မှုအတွက် အင်အားဖြစ်စေမည်ဖြစ်ကြောင်း UTTC ၏သုတေသနဌာန ဒုတိယဥက္ကဋ္ဌ Mr.Thanavath ကပြောကြားခဲ့ပါသည်။

အောက်တိုဘာလ ၁၃-၂၁ ရက်များတွင် ကျင်းပမည့် သက်သက်လွတ်စားသူများ ပွဲတော်အတွင်း သုံးစွဲမှုသည် ယခုနှစ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်းခန့်သာ မြင့်တက်၍ ဘတ် ၄၂ ဒသမ ၂ ဘီလီယံရှိနိုင်သည်ဟု UTTC မှ ခန့်မှန်းထားကြောင်း၊ လေးလံထိုင်းမှိုင်းနေသော စီးပွားရေးသည် စားသုံးသူများအား သတိကြီးစွာ သုံးစွဲစေလျက်ရှိကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

■

# ဘဲအုပ်ကတစ်ရာနှစ်ရာ မဗေဒါကြာ . . .

|မောင်မောင်အေး-လွှိုင်ကော်|

စည်းကမ်းတွေ၊ ဥပဒေတွေ၊ နည်းဥပဒေတွေ သူ့ကဏ္ဍနဲ့သူ ထုတ်ပြန်ထားတယ်။ အမှန်တကယ် စောင့်ထိန်းလိုက်နာရမှာက ပြည်သူတွေ၊ ကြပ်မတ်ပေးရမှာကသက်ဆိုင်ရာဝန်ကြီးဌာနနဲ့ သတ်မှတ်ထားတဲ့ ဌာနဆိုင်ရာများက ထိန်းကျောင်းတည့်မတ်နှိုး ဆော်ပေးကြရတယ်။ ဒါပေမယ့် တကယ်တမ်းကျတော့ သန်း ၅၀ ကျော်သော ဘဲအုပ်ကြီးနဲ့ မဗေဒါတို့ အသွင်အတိုင်းပါပဲ။

နှစ်ပေါင်းများစွာက အရိုးစွဲလာခဲ့တဲ့ အခါအားလျော်စွာ စည်းကမ်းလိုက်နာခဲ့ကြတဲ့ မီးစင်ကြည့်က လာခဲ့ကြတဲ့ ကျွန်တော်တို့ဟာ စည်းကမ်းကျနသော ဒီမိုကရေစီနဲ့ ဘယ်လိုအံဝင်ကြပါမလဲ။ ဒီမိုကရေစီကြီးသာ သက်ရှိအရာဖြစ်ရင် ခေါင်းကုတ်စဉ်းစားနေလောက်ပြီ၊ အဖမ်းအဆီးရှိရင်တစ်မျိုး၊ မျက်ကွယ်မှာ တစ်မျိုး၊ လူကြီးတွေလာစစ်ခါနီးရင် ထုံးသုတ်အမှိုက်ရှင်း၊ ပြန်သွားရင် ဒုံရင်းပြီးဒုံရင်း။

အများပြည်သူတွေနဲ့ ထိတွေ့ဆက်ဆံရတဲ့ဌာနဆိုင်ရာများဟာ လူပြောသူပြောအခံရဆုံးပဲ။ အငြိမ့်သဘင်နဲ့ သံချပ်တွေထဲမှာ Top Ten စာရင်းဝင်တွေပဲ။ ဒါပေမယ့် တစ်ဖက်က ပြန်ကြည့်လိုက်ရင် သန်း ၅၀ သော ဘဲအုပ်ကြီးက လိုက်နာကြပါရဲ့လား။

ရာဇဝတ်မှု ထူပြောလာတယ်။ လူသတ်မှုတွေစိပ်နေတယ်။ မြို့လယ်ကောင်မှာတောင်လုံခြုံမှု မရှိတော့ဘူး၊ ပြည်သူတွေ ကာယကံရှင်တွေ ကတော့ ကိုယ့်လုံခြုံမှု ကိုယ်ကာကွယ်မှုပြုကြပါရဲ့လား။ ဘဏ်ကသိန်း ၅၀၀ ကို ကြွပ်ကြွပ်အိတ်နဲ့ထည့် ဆိုင်ကယ်ရှေ့ခြင်းပေါ်တင်သွားလို့ အလုခံရတာ လုံခြုံရေးဌာနအပြစ်လား။

မိုးတွင်းရန်ကုန်မှာမို့ မိုးရွာပြီဆိုရင် ဒူးလောက်၊ ပေါင်လောက်၊ ရေမြောင်းတွေပိတ်ပြီပေါ့။ ပြည်သူလူထု သွားရေး၊ လာရေး၊ ကျန်းမာရေးအခက်အခဲတွေ့တယ်ပေါ့။ အဲဒီသက်ဆိုင်ရာဌာန ဘာလုပ်လုပ်နေလဲပေါ့။ အော်ကြပြီ၊ ရေးကြပြီ၊ ဆွဲကြပြီ၊ ကျွန်တော်ကပြန်မေးရရင် အဲဒီရေမြောင်းတွေထဲကို နေ့စဉ်နဲ့အမျှ ဘယ်တော့မှ မဆွေးတဲ့ ပလပ်စတစ်အမှိုက်တွေစည်းမဲ့ကမ်းမဲ့ ပစ်ချထားတာ ဘယ်သူတွေလဲ။ သန်း ၅၀ ကျော်သော ဘဲအုပ်တွေပဲမဟုတ်လား။

ရန်ကုန်မှာ ကားတွေကြပ်တယ်ဆိုတာ မှန်ပါတယ်။ သူ့လမ်းရဲ့ အသုံးဝင်မှု အရေးပါမှုအရ ကျပ်တာ မှန်ပါတယ်။ မော်တော်ယာဉ်တွေကို စည်းကမ်းနဲ့အညီ ထိန်းသိမ်းနေရတဲ့ ဝန်ထမ်းနဲ့ဌာန ဆိုင်ရာတွေကလည်း နည်းလမ်းပေါင်းစုံရှာကြံလုပ်ပေးနေကြပါတယ်။ လမ်းဘေးမှာ စည်းကမ်းမဲ့ ကြာရှည်ကားရပ်ထားတာ၊ လမ်းပြောင်းပြန်ဖြတ်မောင်းတာ၊ လစ်ရင်လစ်သလို တစ်စီးလောက်ဆိုပြီး ဖြတ်သုတ်နေကြတာ သန်း ၅၀ ထဲက ဘဲအုပ်များမဟုတ်ပါလား။



ယာဉ်မောင်းတွေ၊ အရက်မူးမမောင်းရ၊ အိပ်ငိုက်မမောင်းရ၊ ခါးပတ်ပတ်ထားရမည်၊ ဆိုင်ကယ်စီးရင် ဒူးကာများနှင့်ဆိုင်ကယ်စီး ဦးထုပ်ဆောင်းရမည်ဆိုတဲ့ စည်းကမ်းချက်တွေ ဌာနဆိုင်ရာတွေက နားငြီးလောက်အောင် ထုတ်ပြန်ထားပြီးသား၊ အမြန်လမ်းမှာ တိုက်ပြန်ပြီ၊ မှောက်ပြန်ပြီ၊ သေကြပြန်ပြီ၊ အပြစ်ပြောကြပြန်ပြီ။ လမ်းဖောက်တဲ့သူတွေ စနစ်မကျလို့တဲ့ ဒီလောက်အပြစ်များတဲ့ လမ်းအရည် အချင်းမပြည့်မီတဲ့လမ်း မသွားတော့ဘူးကွာ၊ မမောင်းတော့ဘူးကွာလို့ တစ်ဦးတစ်ယောက်ထံမှ မကြားခဲ့ရဘူး။

အဲဒီနောက်ပိုင်းမှာ ခပ်စိတ်စိတ်ကြားလာရတာက စားသုံးသူများ အခွင့်အရေး အကာအကွယ်ပေးရေး၊ သက်ဆိုင်ရာဌာနများနဲ့ လူမှုအဖွဲ့အစည်းများက ရေးကြ၊ သားကြ၊ ပြောပြ ဟောနေကြတာ တွေ့ရပါတယ်။ စားသုံးရန်မသင့်တဲ့ ပစ္စည်းတွေကလည်း ဈေးကွက်ထဲမှာ ပန်းပန်လျက်ပါပဲ။ စစ်တိုင်းတွေ့၊ တွေ့တိုင်းထုတ်ပြန် နေကြပါတယ်။ ပြည်တွင်းထုတ်ကုန်တွေကလည်းတွေ့တာပဲ။ ပြည်ပသွင်းကုန်တွေထဲကလည်း တွေ့နေလို့ မြေမြှုပ်၊ မီးရှို့ဖျက်ဆီးနေကြတာလည်း ကြားနေရတယ်။ ဒါပေမယ့် ဘဲအုပ်ကြီးကို မဗေဒါက လက်မြှောက်အရှုံးပေးနေရပါတယ်။ အယက်အကန်ခံပြီးရင်းခံနေရပါတယ်။

ပစ္စည်းအတုအပပြုလုပ်ခြင်း၊ အစားအသောက်နဲ့ မအပ်စပ်တဲ့ ထိုးဆေး၊ မှည့်ဆေးဆိုးဆေးများ၊ အသုံးပြုခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်း၊ လူတွင်အကျိုးမဖြစ်တဲ့ အမှိုက်စာများကို မျက်စေ့ပသာဒလှအောင် ထုပ်ပိုးမှုပုံစံလှလှများနဲ့ ထုတ်လုပ်ရောင်းချခြင်းစတဲ့ စားသုံးသူတွေအတွက် စစ်မျက်နှာတွေက များလှပါတယ်။ ဟောတဲ့၊ ပြောတဲ့၊ ရေးတဲ့ပုဂ္ဂိုလ်များလည်းများလှပါ တယ်။ ဒါပေမယ့် နားထောင်ဖတ်ရှုပြီး လိုက်နာဆောင်ရွက်သူ၊ ဆောင်သင့်ရင်ဆောင်၊ ရှောင်သင့်ရင်ရှောင်သူနည်းလှပါတယ်။

စည်ပင်သာယာဈေးတွေမှာ လက်ကားဆိုင်တွေမှာ ဒီပစ္စည်းတွေ သယ်ယူရောင်းချနေကြတာ တွေ့ရမှာပါ။ လက်လီအနေနဲ့ တွင်တွင်အားပေးနေကြတာ ကျွန်တော်တို့ ခင်ဗျားတို့ သန်း၅၀ သော ဘဲအုပ်ကြီးရဲ့ သားသမီးများရှိတဲ့ ကျောင်းဈေးတွေမှာပါ။ သက်ဆိုင်ရာ ဌာနတွေကလည်း သွားစစ်ပါတယ်။ ဒီလိုဟာတွေမရောင်းနဲ့၊ မတင်နဲ့၊ မဝယ်နဲ့၊ ဟုတ်ကဲ့ပါပဲ၊ မဟုတ်ကဲ့တဲ့လူတစ်ယောက်မှ မရှိပါဘူး၊ ခံဝန်ချက်၊ ခံဝန်ကတိ ထိုးခိုင်းရင်လည်း ပျော်ပျော်ပါးပါးနဲ့ ထိုးလိုက်ကြတာပါပဲ။ ပြီးတော့ အရင်အတိုင်းနေမြဲပါပဲ။

ကျောင်းတွေမှာ ဦးစီးအုပ်ချုပ်တဲ့ အဖွဲ့ရှိပါတယ်။ မိဘဆရာ ပူးပေါင်း ကလေးပညာကောင်း ဆိုတဲ့စကားကို ချဲ့ထွင်ရပါမယ်။ ပညာတွင်မက ခံယူစဉ်းစားတွေးခေါ်ပုံနည်းနဲ့ ကျန်းမာရေး အသိတွေပါ ကောင်းရမှာဖြစ်ပါတယ်။ ငယ်ငယ်က ကျန်းမာရေးထိခိုက်စေတဲ့ ကျောင်းဈေးကအစာတွေ မစားမှ နောင်တစ်ချိန်မှာ ကျန်းမာတဲ့ နိုင်ငံခေါင်းဆောင်တွေဖြစ်ပြီး တိုင်းပြည်ကို ဦးဆောင်နိုင်မှာပါ။

ဘေးအန္တရာယ်ရှိတဲ့အစားအသောက်များနဲ့ ပတ်သက်ပြီး လာရောက်ဟောပြောရတဲ့ ဌာနဆိုင်ရာများဟာ ကျောင်းအသီးသီး၊ ဈေးအသီးသီး၊ ဆိုင်အသီးသီးကို လှည့်ပတ်ဟောပြောနေရလို့ အမြဲစောင့်မကြည့်နိုင်ကြပါ။ အမြဲတစေနီးကပ်ထိတွေ့နိုင်တဲ့သူများကတော့မိဘဆရာကျောင်းအကျိုးတော်ဆောင်အဖွဲ့များဖြစ်ကြပါတယ်။ အထူးသဖြင့် ဆရာ၊ ဆရာမများဖြစ်ကြပါတယ်။

နေ့စဉ်သန့်ရှင်းရေးအတွက် ဆရာ၊ ဆရာမတွေ တာဝန်ခွဲတဲ့ အခါ အမှိုက်ကောက်၊ တံမြက်စည်းလှဲတဲ့ ကြီးကြပ်တာဝန်အပြင် အစားအစာသန့်ရှင်းရေးအတွက် ကျောင်းဈေးဆိုင်တွေပါ ကြီးကြပ်ဖို့ တာဝန်ပေးသင့်ပါတယ်။ ကျောင်းဝင်းထဲမှာ ဩဇာအသက်ရောက်ဆုံးက ဒီဆရာ၊ ဆရာမတွေပါပဲ။ ကျောင်းသူကျောင်းသားတွေ ဝယ်မစားဖြစ်အောင်၊ ရောင်းတဲ့သူတွေကိုလည်း ကလေးတွေ နောင်ရေး ကျန်းမာရေးအတွက်ဝယ်ပြီး မရောင်းဖြစ်အောင်၊ အနီးကပ်တားမြစ် ကြပ်မတ်ကြရမှာဖြစ်ပါတယ်။ ဘဲအုပ်များကိစ္စ၊ ဘဲအုပ်များကပဲ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ပြီးမှဒီမစားသုံးသင့်တဲ့ ပစ္စည်းတွေ ဘယ်ကရသလဲဆိုတာ ကျောင်းပြင်ပကို လှေ့လာရမှာဖြစ်ပါတယ်။ စားသောက်ကုန်စတိုးဆိုင်၊ လက်ကားဆိုင်ကြီးတွေ ခမ်းခမ်းနားနား တွေ့ရပါလိမ့်မယ်။ သူတို့ကိုလည်း မြို့နယ်အာဏာပိုင်၊ စည်ပင်သာယာ၊ ကျန်းမာရေးစတဲ့ ဌာနတွေနဲ့ ညှပ်ပူးညှပ်ပိတ် လက်တွေ့အရေးယူ ဆောင်ရွက်ကြရပါလိမ့်မယ်။

သူတို့ကလည်း လက်ညှိုးညွှန်ပြပါလိမ့်မယ်။ ထုတ်လုပ်တဲ့ ပြည်တွင်း စက်ရုံအလုပ်ရုံတွေနဲ့ ပြည်ပဝင်ပေါက်တွေဆီကို ဒါကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက တာဝန်ခွဲဝေ ကြပ်မတ်ကြရမှာဖြစ်ပါတယ်။ သစ်ပင်ခုတ်ရင်း အညွန့်ပဲဖြတ်ပေးနေရင်း အချို့အပင်ပိုသန်တတ်ပါတယ်။ ပင်စည်၊ အရင်းအမြစ်ကအစလှန်ရမှာဖြစ်ပါတယ်။

ဒါကစားသုံးသူ အခွင့်အရေး အကာအကွယ်ပေးရေးကိစ္စကို ဥပမာပြုပြီး ဘဲအုပ်များက ကိုယ့်အလုပ် ကိုယ်လုပ်၊ ကိုယ့်တာဝန် ကိုယ်သိ၊ စည်းကမ်းရှိစွာ ကိုယ့်လမ်းကြောင်းကိုပဲ ကိုယ်သွားရင် မဗေဒါများခမျာလည်း အယက်အကန်ခံရတာ သက်သာနိုင်ကြောင်း တင်ပြလိုက်ရခြင်းဖြစ်ပါတယ်။

■

## ၁၀ သန်းမြောက် ဆွေသဟာရယူသုံးစွဲသူအား MPT မှ လက်ဆောင်ပေးအပ်သွားမည်

မြန်မာနိုင်ငံ၏ ထိပ်တန်းဆက်သွယ်ရေးအော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း (MPT) သည် ၁၀သန်းမြောက် ဆွေသဟာရယူ သုံးစွဲသူအား လက်ဆောင်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်မြန်မာဆက်သွယ်ရေးလုပ်ငန်း (MPT) ၏ဝန်ဆောင်မှုတစ်ခုဖြစ်သည့် ဆွေသဟာကို သုံးစွဲသူပေါင်းမှာ ၁၀သန်းအထိရောက်ရှိနေပြီ ဖြစ်ကြောင်း (MPT) ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

MPT တွင် လက်ရှိသုံးစွဲသူပေါင်း ၁၆သန်းကျော်ရှိပြီး အစဉ်အမြဲသုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ၁၀သန်းမြောက်ဆွေသဟာရယူသုံးစွဲသူ အား MPT မှ တစ်သန်းဖိုးရှိသည့်ဖုန်း ငွေဖြည့်ကတ်ကို လက်ဆောင်အဖြစ် ပေးအပ်သွားမည်ဖြစ်ပြီး ဆုရရှိသူအား မကြာမီ ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် စတင်မိတ်ဆက်ခဲ့သော ဆွေသဟာ အစီအစဉ်သည် ပိုမိုဈေးနှုန်းသက်သာသော ဖုန်းခေါ်ဆိုမှု၊ စာတိုပေးပို့စနစ်နှင့် မြန်နှုန်းမြင့်အင်တာနက်များဖြင့် GSM/WCDMA အသုံးပြုသူများကို ဝန်ဆောင်မှုပေးခဲ့သည်။ အခမဲ့ စာတိုတစ် စောင်ပေးပို့ရုံဖြင့် လွယ်ကူစွာရယူနိုင်ခြင်းကြောင့် သုံးစွဲသူများအကြား အကြိုက်တွေ့စေခဲ့သော ဆွေသဟာ သည် ယခုအခါ သုံးစွဲသူပေါင်း ဆယ်သန်းအထိ ရှိလာပြီဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆွေသဟာ အစီအစဉ်ကို အသုံးပြုသူ များထံသို့ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန် အစဉ်တစိုက်အားထုတ်လျက်ရှိကြောင်းသိရသည်။လက်ရှိဥဆွေသဟာ အစီအစဉ်ကို ဖုန်းခေါ် ဆိုခ တစ်မိနစ် လျှင် ၂၃ ကျပ်နှင့် စာတိုတစ်စောင်ကို ၁၀ ကျပ်နှုန်းပေးထားပြီး မြန်နှုန်းမြင့် အင်တာနက်ကို 1MB လျှင် ၆ ကျပ် ဖြင့် သုံးစွဲနိုင်မည်ဖြစ်သည်။

■

# ပြည်ပမှ ခရီးသွားအကြံပေးပညာရှင်များ ကယားပြည်နယ်သို့ရောက်ရှိ



ကယားပြည်နယ်မှာ National Export Strategy (NES) အစီ အမံနဲ့ အကောင်အထည်ဖော်နေတဲ့ အားလုံးပါဝင်သော ကယားပြည်နယ် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးရေးစီမံချက်အရ နည်းပညာအကူအညီပေးတဲ့ ITC အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနက ကျွမ်းကျင်သူပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များဟာ နိုဝင်ဘာလအတွင်း အထွေထွေရွေးကောက်ပွဲနဲ့ မြန်မာတစ်နိုင်ငံလုံး အလုပ်များနေကြမှာကိုသိလို့ အောက်တိုဘာထဲမှာ ချိန်းထားသလို ပြုံကျလာကြပါတယ်။

အခုရက်အတွင်း လွိုင်ကော်ကို ရောက်နေကြတဲ့ ပြည်ပ ပညာရှင် လေးဦးကလည်း ပြည်နယ်ခရီးသွား လုပ်ငန်း စီမံချက် ကြီးကြပ်ရေးကော်မတီနဲ့ တွေ့ချင်တယ်၊ စိုက်ပျိုးရေးဌာန၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးအဖွဲ့နဲ့လည်း တွေ့ချင်တယ်ဆိုလို့ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့ နံနက် ၉နာရီမှာ ကယားပြည်နယ် အစိုးရရုံး အစည်းအဝေးခန်းမမှာ စီစဉ်ပေးခဲ့ပါတယ်။

ITC ဘက်က Andrea, Ulla, Ludovica, Namrata နဲ့ လွိုင်ကော်ရုံးခွဲက ဒေါ်ဝင်နီတို့ တက်ရောက်ကြပြီး ကယားပြည်နယ်အစိုးရအဖွဲ့ ဟိုတယ်နဲ့ ခရီး ဝန်ကြီး ဦးသန်းကျော်စိုး ခေါင်းဆောင်တဲ့ ကော်မတီ အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြပါတယ်။ဒါဟာ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့က ဗဟိုကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးလမ်းညွှန်ဖွဲ့စည်းခဲ့တဲ့မြေပြင်မှာ အကောင်အထည်ဖော်ရတဲ့ Working group ရဲ့ ပထမဆုံး အစီအမံလည်းဖြစ်ပါတယ်။

အစည်းအဝေးစတာနဲ့ မိတ်ဆက်ကြပြီး Andrea က ကယား ပြည်နယ်မှာ ကျင့်သုံးနေတဲ့ ရိုးရာဓလေ့ထုံးစံများ၊ ဧည့်သည်များ အနေနဲ့ ဆောင်ရန်နှင့် ရှောင်ရန်များကို မေးမြန်းဆွေးနွေးသွားခဲ့ပြီး Ulla ကတော့ အတွင်းပိုင်းပြင်အကြောင်း ဆွေးနွေးခဲ့ပါတယ်။

Ludovica နဲ့ Namrata ကတော့ အစားအသောက် ဘေးအန္တရာယ် ဘေးကင်းလုံခြုံရေးကိစ္စများကို ကယားပြည်နယ်အတွင်းက ဆီထွက်သီးနှံစိုက်ပျိုးထွက်ရှိမှု ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးခဲ့ကြပါတယ်။ အောက်တိုဘာလ ၂၆ ရက်မှာ အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အလုပ်ရုံဆွေးနွေးပွဲလုပ်ရန် စီစဉ်ထားပါတယ်။

ဟိုတယ် ခရီးပြည်နယ်ဝန်ကြီးကလည်း ကဏ္ဍအားလုံးကိုပြန်လည်ဆွေးနွေးပြီး ဌာနတစ်ခုချင်းက မိမိဌာနနဲ့ သက်ဆိုင်တဲ့ အချက်အလက်များကို ပြန်လည် ဆွေးနွေးကြပါတယ်။ အောက်တိုဘာ ၂၆ ရက်နေ့မှာ ပြုလုပ်မယ့် အလုပ်ရုံဆွေးနွေးပွဲနဲ့ ပတ်သက်ပြီး အသေးစိတ် ရှင်းလင်းဆွေးနွေးကြပါတယ်။

အစည်းအဝေးကို ၁၀း၄၅ နာရီမှာရပ်နားပြီးကယားပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနကို ဆက်လက် ဖိတ်ကြားခဲ့ပါတယ်။ ဌာနအတွင်းမှာရှိတဲ့ ကုန်သွယ်မှုသင်တန်းခန်းမမှာ ကျေးလက်ဦးစီးဌာနနဲ့ အသေးစားစက်မှုလက်မှု ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်တဲ့ ဝါးအခြေခံလက်မှုပညာသင်တန်းကို ခေါ်ယူပြသခြင်း

သင်တန်းသူ/ သင်တန်းသားများကလည်း စိတ်ဝင်စားစွာ လက်တွေ့လုပ်ကိုင်နေကြတာကို တွေ့ရပြီး လုပ်ငန်းသုံးပစ္စည်းများ၊ ဝါးအခြေခံလူ သုံးကုန်ပစ္စည်းတွေကို နမူနာအဖြစ် ခင်းကျင်းပြသထားတာတွေကို နိုင်ငံခြားသားများ အလွန်နှစ်ခြိုက်ကြတာ တွေ့ရပါတယ်။

တစ်ဖက်ခြမ်းမှာကတော့ ကန္တာရဝတီကုန်သွယ်မှု ဗဟိုဌာနအတွက် ပြင်ဆင်နေဆဲဖြစ်ပြီး ဒေသထွက်ကုန်အဖြစ် ခင်းကျင်းပြသထားတဲ့ ပျားရည်၊ အုန်းဆီနဲ့ ဆီးဆီများကိုလည်း စိတ်ဝင်စားကြပါ တယ်။ အထူးသဖြင့် Ulla ကတော့ ရန်ကုန်မှာ ပြည်တွင်းဒေသမျိုးစုံက အမှတ်တရ လက်ဆောင်၊ လက်မှုပညာပြခန်းနဲ့ အရောင်းဆိုင် ဖွင့်လှစ်ထားတော့ သင်တန်းနဲ့ Trade Center ကို အထူးစိတ်ဝင်စား တာတွေ့ရပါတယ်။

Ulla က ပြည်ပခရီးသွား ဆွဲဆောင်မှုအမှတ်တရလက်ဆောင်အဖြစ် ဘာတွေထပ်လုပ်ဖို့ စဉ်းစားထားသလဲ မေးလို့

(၁) ကယား အင်္ကျီအသက်ပါတဲ့ ရှုမျှော်ခင်း ဓာတ်ပုံတွေ၊ ပဒေါင်သူ၊ကယားသူ၊ ကယန်းသူပုံတွေနဲ့ Jigsaw လုပ်ချင်တယ်။

(၂) Show case ပေါ်မှာ အလှကော်ရုပ်ကလေးတွေ လိုချင်တယ်။ ရိုးရာဝတ်စုံနဲ့ ကြေးကွင်းတွေကို ဒီမှာဆင်ပေးမယ်။

(၃) ကားတွေရဲ့ ယာဉ်မောင်းခန်းပေါ်မှာ အလှတင်ဖို့ ချယ်ရီထင်းရှူးသားတွေနဲ့ စပရိန်နဲ့ ခေါင်းတုန်လည်တုန် အရုပ်ကလေးတွေ ထုတ်ချင်တယ်။ တုန်နေအောင်က ကယန်းပဒေါင်သူတွေ ရဲ့ လည်ပင်းမှာ ကြေးကွင်းအနေ နဲ့ပေါ့

(၄) ကုန်ကြမ်းပေါများလှတဲ့ သစ်သားလက်မှုပစ္စည်းများ၊ ဝါးလက်မှု ပစ္စည်းများထုတ်ချင်တယ်၊ အကူအညီတွေပေးပါလို့ Ullaကို ပြောပြလို့ ရေးမှတ်သွားလေရဲ့၊

ဒီလိုအကြံဉာဏ်တွေကို ထုတ်ပေးလို့ ITC လုပ်ငန်းခရီးသွားလုပ်ငန်းကို မြှင့်တင်ရေးစီမံချက်လုပ်ငန်းအတွက် အများကြီး စဉ်းစားပေးလို့ ကျေးဇူးတင်ပါတယ်လို့ အထပ်ထပ်ပြောပြီး ရန်ကုန်ရောက်ရင် ဝင်လည်ပါ၊ ဆက်ပြီးဆွေးနွေးကြတာပေါ့ လို့ဆိုပြီးနှုတ်ဆက်ထွက်ခွာသွားပါတယ်။

ဒီလိုလက်မှုအတတ်ပညာတွေ၊ နည်းပညာတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်ရင် နေပူစပ်ခါးထဲ သွားလာလှုပ်ရှား မနေရဘဲ၊ အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းတွေ တိုးတက်ပြီး ကယားပြည်နယ်က ပြည်သူလူထုတွေ အပိုဝင်ငွေတွေ ရရှိကြမှာ မြင်ယောင်မိပါသေးရဲ့။

**မောင်မောင်အေး - လွိုင်ကော်**

■

**➲ စာမျက်နှာ ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် မှအဆက်**

အရည်အသွေးများ၊ အစားအစာ လုံခြုံစိတ်ချမှု နည်းစနစ်များ၊ တန်ဖိုးကွင်းဆက် ဆက်သွယ်ဆောင်ရွက်မှုများနှင့် ပို့ကုန်စျေးကွက်တို့ မြင့်မားတိုးတက်လာစေရန် ဖြစ်ပါကြောင်း၊ မြန်မာ့ပို့ကုန်များအား အရည်အသွေးပြည့်မီစွာ တင်ပို့နိုင်ရေးအတွက် နည်းစနစ်ကျကျလုပ်ဆောင်ပြီး နိုင်ငံတကာစျေးကွက်သို့ ထိုးဖောက် နေရာယူနိုင်ရေး ကြိုးပမ်းသွားရမည့်အချိန်ဖြစ်ရာ ယခုစီမံကိန်းမှ ပံ့ပိုးဆောင်ရွက် ပေးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ဆက်လက်ပြုလုပ်သွားမည့် ဆွေးနွေးပွဲများမှ စီမံကိန်း၏ ရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်သင့်သည့် အစီအမံများကို ချမှတ်လုပ်ဆောင်သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ITC မှ Senior Advisor, Mr. Khemraj Ramful နှင့် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆီထွက် သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြင့်လာစေရေးအတွက် အစားအစာ လုံခြုံစိတ်ချမှုရှိရေးနှင့် အပင်ပိုးမွှားကင်းရှင်းရေး အစီအမံများဆိုင်ရာ SPS စီမံကိန်း အကောင်အထည် ဖော်နိုင်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစင်တာမှ Senior Advisor Mr. Khemraj Ramful တို့မှ သဘောတူ လက်မှတ်ရေးထိုးကာ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားအား အောက်တိုဘာလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစင်တာတို့မှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုတွင် ကျင်းပမည့် International Jewellery, Jade and Woodcraft Exhibition 2016 ပြပွဲ

မကာအို-မြန်မာကုန်သွယ်ရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာ အဖွဲ့အစည်း (Macau-Myanmar Association of Trade and Exhibition) မှ ကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသ၊ Macau Fisherman's World Convention and Exhibition Center တွင် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှ မေလ ၂ ရက်နေ့အထိ နိုင်ငံတကာ ကျောက်မျက် ရတနာ၊ လက်ဝတ်ရတနာ၊ ကျောက်စိမ်း၊ ပန်းပုနှင့် ပရိဘောဂအနုပညာဆိုင်ရာ ပြပွဲ-၂၀၁၆ (International Jewellery, Jade and Woodcraft Exhibition 2016) ကုန်စည်ပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ လာရောက်ပြသသူများအနေဖြင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းသစ်များ ရရှိခြင်း၊ ကျောက်မျက်ရတနာနှင့် ပန်းပု၊ ပရိဘောဂဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ခြင်း၊ မြန်မာ့လက်မှု ကျောက်မျက်ရတနာဒီဇိုင်းများနှင့် ပြည်ပမှ ခေတ်မီလှပသော ကျောက်မျက်ရတနာလက်ရာဒီဇိုင်းများအား တစ်ပြိုင်နက်တည်း၊ တစ်နေရာ တည်းတွင် လေ့လာနိုင်ခြင်း၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လာနိုင်ခြင်းနှင့် ကုန်သွယ်ရေးဆိုင်ရာ စီးပွားရေးအခွင့်အလမ်းကောင်းများ ရရှိလာနိုင်မည် ဖြစ်ပါသည်။ International Jewellery, Jade and Woodcraft Exhibition 2016 ပြပွဲတွင် ပြခန်းပေါင်း ၁၀၀ ပါရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပါဝင်ပြသမည့် ကုမ္ပဏီလုပ်ငန်းတစ်ခုစီကို ပြပွဲကော်မတီမှ တာဝန်ယူဆောင်ရွက်ပေးမည် ဖြစ်ပါ သည်။


စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီး ဌာန၊ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာနများဌာနခွဲ၊ မြန်မာကုန်သွယ်မှု ဗဟိုဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ(ကုန်စည်ပြပွဲ)**

Commodity Exchange News
Vol: 15, No.41 Monday October 26 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၆–၁၀–၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲပစ္စည်းလက်ကျန် နည်းပေမယ့် အိန္ဒိယဘက်မှ တစ်တန်ကို ၂၄ သိန်း ကျပ်ဝန်းကျင်ဖြင့် ဝယ်လိုအားရှိနေ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) အနေဖြင့် အိန္ဒိယဘက်မှ တစ်တန်ကို ၂၄၂၀၀၀၀ ကျပ်ဝန်းကျင်ဖြင့် ဝယ်လိုအားရှိနေပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ မတ်ပဲ ပစ္စည်းလက်ကျန် တန်ချိန် ငါးထောင်ဝန်းကျင်ခန့်သာ ကျန်ရှိတော့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် အိန္ဒိယဘက်မှ ဈေးကောင်းပေးအဝယ်ရှိပေမယ့် မျိုးအတွက် ချန်ထားရန် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ပဲကုန်သည်များအား အသိပေး အကြောင်းကြားထားကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းအရောင်းအဝယ်ပါး၊ ကုလားပဲဖြူလုံးကြီး အရောင်းပါး

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး (ထိပ်စ)ကို မန္တလေးဝယ်လက်က တစ်ပိဿာကို ၁၉၄၇ ကျပ် (တစ်တန်ကို ၁၁၉၂၃၂၃ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀ ခန့်သာ ဝယ်လိုအား ခပ်ပါးပါးရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းသေးကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၃၉၅ ကျပ် (တစ်တန်ကို ၁၄၆၆၇၀ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့် အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ ဝယ်လက်တွေက တစ်ပိဿာကို ၂၁၀၅ ကျပ်(တစ်တန်ကို ၁၂၈၉၀၈၀ ကျပ်) ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်များအနေဖြင့် အရောင်းနည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## မူဆယ်ဈေးကွက်မှာ နယ်စုံမှ ပြောင်း(သစ်) ပုံမှန်ဝင်ရောက်

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်း(သစ်)တွေ တစ်ပတ်အတွင်း တန်ချိန် တစ်သောင်းကျော် ဝင်ရောက်လာသလို တရုတ်ဘက်ကလည်း ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ယွမ် ၈၀ မှ အမြင့်ဆုံး ၈၄ ယွမ်အတွင်း ပုံမှန် အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ဈေးနှုန်းကတော့ ပြောင်းရဲ့ အစိုဓာတ်အပေါ် မူတည်ပြီး အစိုဓာတ် ကင်းတဲ့ပြောင်းကတော့ ဈေးပိုရကြောင်း မူဆယ် အခြေစိုက် ပြောင်းကုန်သည်တစ်ဦးက ပြောပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲကို ပဲခွဲစက်နှင့် လက်လီ အဝယ်လိုက်၊ ကုလားပဲအုပ်စု အရောင်းရော အဝယ်ပါသွက်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ပဲခွဲစက်တွေနှင့် ပဲလက်လီသမားများက အဝယ်သွက်နေပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီက ပစ္စည်းလက်ကျန်လည်း ပြတ်သလောက်ဖြစ်ပြီး အဝယ်လည်း အေးနေကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး(ထိပ်စ)က အရောင်းအဝယ်ပါးနေပြီး ပဲတီစိမ်း(ပုံမှန်စ)ကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၀၄၄ ကျပ်(တစ်တန်ကို ၁၂၅၁၇၂၅ ကျပ်)ဈေးဖြင့် အရောင်းအဝယ် အနည်းငယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်လုပ်ငန်းသုံးသမားများနှင့် မျိုးအတွက် ပြန်လည်ဝယ်ယူသူများ အဝယ်ဆုံလို့ ဈေးမြင့်လာပြီး အရောင်းအဝယ်ဖြစ်မှု များခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၁၃၁ ကျပ် (တစ်တန်ကို ၁၃၀၅၀၀၃ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၂၀၆၂ ကျပ် (တစ်တန်ကို ၁၂၆၂၇၄၈ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းနယ်အဝင် ပုံမှန်ရှိ၊ ကုလားပဲအုပ်စု ဈေးမာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး နယ်အဝင်ပုံမှန်ရှိသလိုတရုတ်အတွက် ဝယ်ယူနေတဲ့ မန္တလေးဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၂၈၉ ကျပ် (တစ်တန်ကို ၁၄၀၁၇၆၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို မျိုးသမားတချို့နှင့် ပဲခွဲစက်များ လုပ်ငန်းသုံးသမားများ ဝယ်လိုအားသွက်နေတာကြောင့် ဈေးမြင့်လာပြီးအရောင်းရော အဝယ်ပါသွက်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၂၁၀၅ ကျပ် (တစ်တန်ကို ၁၂၈၉၀၈၀ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၂၁၃၂ ကျပ် (တစ်တန်ကို ၁၃၀၅၆၁၀ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၆၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်း(သစ်)တွေ ဝင်ရောက်လာ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပဲတီစိမ်း(သစ်)တွေ စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၂၂၇၅ ကျပ်(တစ်တန်ကို ၁၃၉၃၁၈၇ ကျပ်)ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့သလို မန္တလေးဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး တစ်ရက်ကို အိတ် ၂၀၀ ခန့် အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ဒေသထွက် သိပ္ပံနှမ်းကို မန္တလေးဝယ်လက်က တစ်ပိဿာ ၄၆၆၇ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်အဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်း(သစ်) ဝင်ရောက်၊ နှမ်းမျိုးစုံ ဈေးတန့်ပြီး အရောင်းအဝယ်ဖြစ်မှုနည်း

မကွေးဈေးကွက်မှာ နယ်စုံမှ ပဲတီစိမ်း(သစ်)တွေ စတင်ဝင်ရောက်လာပြီး တစ်ပိဿာ ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်)ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကို မန္တလေးဝယ်လက်၊ နှမ်းလှော် လုပ်ငန်းရှင်များနှင့် ဆီစက်များက ဝယ်လိုအား ပြန်အေးသွားတာကြောင့် ဈေးတန့်ပြီး အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူ(ထိပ်စ)တစ်ပိဿာ ၂၄၄၄ ကျပ်၊ နှမ်းဖြူ(ပုံမှန်စ)တစ်ပိဿာ ၂၃၇၈ ကျပ်၊ နှမ်းနီ(ထိပ်စ)တစ်ပိဿာ ၂၁၅၆ ကျပ်၊ နှမ်းနက် တစ်ပိဿာ ၃၄၄၄ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံ တစ်ရက်ကို အိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနှင့် ပြောင်း ပုံမှန်အရောင်းအဝယ်ဖြစ်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ တစ်ပိဿာကို ၃၇၀၀ ကျပ် (တစ်တန်ကို ၂၂၆၅၈၄၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပြောင်းကို ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၄၂၅ ကျပ်ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ပေမယ့် အရောင်းအဝယ် ဈေးညှိမရတာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းအဝင်လျှိုင်၊ အရောင်းအဝယ်ပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်းအဝင်လျှိုင်လာသလို ရန်ကုန်၊ မန္တလေး၊ မူဆယ်နှင့် မော်လမြိုင်ဝယ်လက်တွေကလည်း ပြောင်းရဲ့အရည်သွေးအပေါ် မူတည်ပြီး တစ်ပိဿာကို ၃၇၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ငါးသိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းအဝင်များ၊ တရုတ်အဆွဲသွက်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပြောင်း(သစ်)တွေ အဝင်များလာသလို တရုတ်ဝယ်လက်ကလည်း တစ်ပိဿာ ၄၄၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ကိုးသိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲ ပစ္စည်းလက်ကျန်နည်းပေမယ့် ရန်ကုန်နှင့် မျိုးသမားများ ဝယ်လိုအားရှိနေ၊ ကုလားပဲ အရောင်းအဝယ်သွက်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းပေမယ့် ရန်ကုန်ဝယ်လက်နှင့် မျိုးအတွက် ပြန်လည်ဝယ်ယူသူများ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၇၅၀ ကျပ် (တစ်တန်ကို ၂၂၉၆၄၆၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)အနေဖြင့် နယ်အဝင်မရှိတော့ဘဲ လှောင်လက်ကုန်သည်တွေကသာ ဈေးကောင်းရလို့ ထုတ်ရောင်းနေမှုရှိခဲ့ပါတယ်။ ကုလားပဲကို ပဲခွဲစက်နှင့် မန္တလေးဘက်မှ ဝယ်လိုအားသွက်နေလို့ အမြင့်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်) ပုံမှန် အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအား ပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် အရောင်းပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၀၅၀ ကျပ် (တစ်တန်ကို ၁၂၅၅၃၉၉ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်)က တစ်ပိဿာ ၁၉၅၀ ကျပ် (တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# Myan Food / Myan Hotel / Agrilivestock 2015 ပြပွဲကျင်းပမည်

ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP) ခန်းမတွင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် MyanFood/MyanHotel/Agrilivestock 2015 ပြပွဲကို ပြည်တွင်းကုမ္ပဏီဖြစ်သော Care Freight Services Ltd. မှ တာဝန်ယူ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ MyanFood/MyanHotel/Agrilivestock 2015 ပြပွဲသို့ ထိုင်း၊ ဂျပန်၊ တရုတ်၊ စင်ကာပူ၊ မလေးရှား၊ အမေရိကန်၊ အီတလီ၊ ဂျာမနီ၊ ဗီယက်နမ်နိုင်ငံ စသည့်နိုင်ငံများရှိ ကုမ္ပဏီပေါင်း ၁၀၀ ကျော်ခန့်က Food & Beverage, Equipment and Supplies for Hotels and Restaurants, Food Processing Machinery များကို လာရောက် ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ဥမ္မာကြူ(ကုန်စည်ပြပွဲ)

# မြန်မာနိုင်ငံ၏ပထမဦးဆုံးသော Interactive New-Media Platform အား မိတ်ဆက်

မြန်မာနိုင်ငံ၏ပထမဦးဆုံးသော Interactive New-Media Platform ဖြစ်သည့် AyeSay.com.mm ကို အများပြည်သူများသို့ မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါဝက်ဘ်ဆိုက်ကို "စုံတယ်၊ ဆုံမယ်၊အေးဆေးပဲ" ဟူသည့်ဆောင်ပုဒ်ဖြင့် စတင်ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဝက်ဘ်ဆိုက်တွင်ကဏ္ဍ အစုံပါဝင်မည်ဖြစ်ပြီး မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်း၊ သိပ္ပံနှင့်နည်းပညာ၊ စီးပွားရေး၊ ဖျော်ဖြေရေးနှင့် အထွေထွေဗဟုသုတများ စုစည်းထားရာ ဝက်ဘ်ဆိုက် တစ်ခုဖြစ်ကြောင်း သိရသည်။

ထို့ပြင်အဆိုပါဝက်ဘ်ဆိုက်သည် လူငယ်၊ လူရွယ်နှင့် လူလတ်ပိုင်းများအတွက် အသိပညာဗဟုသုတတို့ကို ဆုံစည်းပေးထားသည့် နေရာတစ်နေရာဖြစ်ပြီး ဆောင်းပါးများကို ဖတ်ရှုရုံသာမက ကိုယ်တိုင်ရေးဆောင်းပါးများ၊ ဗီဒီယိုများ၊ ဓာတ်ပုံနှင့်အနုပညာဖန်တီးမှုများကိုလည်း လက်ခံ၍ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။မိမိ၏ကိုယ်ပိုင်ဖန်တီးမှုများကို အင်တာနက်မှတစ် ဆင့်ပြည်သူအများ သိရှိစေရန်အတွက် အဆိုပါ AyeSay. com.mm သို့ဝင်ရောက်၍ တင်ဆက်နိုင်ကြောင်း သိရသည်။ ယင်းသို့ပြုလုပ်နိုင်ရန် အတွက် contribute@ ayesay.com.mm သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**မယ်သီတာ**




# MYAN WATER 2015 ကုန်စည်ပြပွဲကျင်းပ

MyanWater ၂၀၁၅ ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၂ ရက် နံနက် ၉း၃၀ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES)မှ ဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)မှ ဌာနမှူး ဦးစိုးစီ၊ မန္တလေးတိုင်း စည်ပင်/ရေသန့်ဦးစီးဌာနမှ ဌာနမှူး ဦးထွန်းကြည် AMB Events Group မှ ဒါရိုက်တာ Mr. Darren Siow နှင့် အမျိုးသားရေအရင်းအမြစ်ကော်မတီ (NWRC)တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ၎င်းပြပွဲတွင် ဂျပန်၊ မလေးရှား၊ ထိုင်း၊ ဆွစ်ဇာလန်နိုင်ငံတို့မှ ကုမ္ပဏီပေါင်းငါးခု၊ ပြခန်း (၅၇)ခန်းဖြင့် ရေစုပ်စက်၊ ရေသန့်စက်၊ အဆင့်မြင့်ပိုက်နှင့်ဆက်စပ်ပစ္စည်းများ၊ မိလ္လာကန် အစားထိုးသန့်စင်စက်၊ ရေဆိုး၊ ရေသန့်များ၊ သန့်စင်စက်များ ခင်းကျင်းပြသခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူလူထု၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှု အရေးကြီးပုံကို သိရှိလာစေရန်၊ ဆန်းသစ်တီထွင်ထားသော စက်ပစ္စည်းကိရိယာများ အား ကြည့်ရှုလေ့လာနိုင်စေရန်၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ပေးရန် နှင့် လုပ်ငန်းဆိုင်ရာ ဗဟုသုတများတိုးပွားလာပြီး ကျွမ်းကျင်ပညာရှင်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန် ရည်ရွယ်၍ ပြသခြင်းဖြစ် ပါသည်။

ယင်းပြပွဲအား အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက် အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပြီး အဆင့်မြင့်နည်းပညာများနှင့်ပတ်သက်၍ ပြပွဲကာလအတွင်း ဆွေးနွေးပွဲများ ထည့်သွင်း ကျင်းပခဲ့ပါသည်။ မြို့တော်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ ရေဆိုးရေသန့်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့်စက်မှုလုပ်ငန်းရှင်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ အများပြည်သူများလာ ရောက်လေ့လာခဲ့ကြကြောင်း သိရှိရပါသည်။

**KMT**

# ရေဘေးသင့် ပြည်သူများ၏အခက်အခဲများ ပြေလည်စေရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကိုကာကိုလာမြန်မာနှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများက စုပေါင်းကူညီထောက်ပံ့ပေးလျက်ရှိ



ကိုကာကိုလာ မြန်မာသည် ရေဘေးသင့်ပြည်သူများ၏အခက်အခဲများပြေလည်စေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင်အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနိုင်ငံ၏ ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် အမေရိကကြက်ခြေနီအသင်း (America Red Cross) သို့ မြန်မာငွေကျပ် သန်း ၁၀၀ကိုလှူဒါန်းခဲ့ကြောင်း ကိုကာကိုလာမြန်မာ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဇူလိုင်၊ ဩဂုတ်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် ကိုမန်မုန်တိုင်းကြောင့် နိုင်ငံအနှံ့အပြားတွင် ရေကြီးမှုများ၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့သဖြင့် မြန်မာနိုင်ငံရှိကိုကာကိုလာလုပ်ငန်းအဖွဲ့အစည်းမှ ရေဘေးသင့်ပြည်သူများ အခက်အခဲများ လျော့နည်း ပြေလည်စေရေးနှင့် ပြန်လည်ထူထောင်ရေး အစရှိသည့် လုပ်ငန်းများတွင်တက်ကြွစွာ ပါဝင်လှုပ်ရှားလျက်ရှိသည်။

"ကိုကာကိုလာက ကြက်ခြေနီအဖွဲ့ကို အားတက်သရောထောက်ပံ့မှုပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ကိုကာကိုလာက ရေဘေးသင့်ပြည်သူတွေအတွက် လတ်တလောလိုအပ်ချက်ဖြစ်တဲ့သောက်ရေသန့်တွေ ပံ့ပိုးကူညီပေးခဲ့ပါတယ်။ ကိုကာကိုလာဖောင်ဒေးရှင်းကတစ်ဆင့် ရေဘေးသင့်ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေလုပ်ကိုင်နေတဲ့ကြက်ခြေနီအဖွဲ့ကို မြန်မာကျပ်ငွေ သန်း ၁၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ပါတယ်"ဟု အမေရိကန်ကြက်ခြေနီအဖွဲ့မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Manish A. Tewan က ပြောကြားခဲ့သည်။

ရေဘေးသင့်ပြည်သူများ အခက်အခဲများ လျော့နည်းပြေလည်စေရေးနှင့် ပြန်လည်ထူထောင်ရေး ရည်ရွယ်ချက်ဖြင့် ကိုကာကိုလာမြန်မာမှဝန်ထမ်းဦးရေ ၄၅၀ ကျော်တို့သည် လှူဒါန်းရန်သောက်သုံးရေများ၊ အစားအသောက်များနှင့် အခြားလိုအပ်သည့် ပစ္စည်းများ ယူဆောင်ကာ ရေဘေးသင့်ဒေသများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းခဲ့ပါသည်။ ကိုကာကိုလာမြန်မာသည် အဆိုပါပြန်လည်ထူထောင်ရေးခရီးစဉ်များနှင့် အခြားတိုက်ရိုက် လှူဒါန်းမှုများမှတစ်ဆင့် Max2O ရေသန့်ဘူးပေါင်း ၃၅၀၀၀၀ကျော်ကို ပဲခူး၊ စစ်ကိုင်း၊ မကွေး၊ ပြည်၊ မုံရွာ၊ ညောင်ဦးနှင့် ရခိုင်ဒေသများအပါအဝင် ရေဘေးဒဏ် အဆိုးရွားဆုံးခံစားရသည့် ဒေသများသို့ လှူဒါန်းပေးပို့နိုင်ခဲ့သည်။

ကိုကာကိုလာကုမ္ပဏီသည် ရေဘေးသင့်ခံစားခဲ့ရသည့် ကိုကာကိုလာဝန်ထမ်းများကိုပါ ကြည့်ရှုစောင့်ရှောက်ခဲ့ပါသည်။ ရေဘေးတွင်အိမ်များပျက်စီးဆုံးရှုံးသွားရသည့် ဝန်ထမ်းများကိုလည်း ကူညီထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကိုကာကိုလာမြန်မာသည် အသေးစားအရောင်းသမားများကိုလည်း ၎င်းတို့၏ ပျက်စီးဆုံးရှုံးသွားသော အအေးခန်းများနှင့် ကုန်ပစ္စည်းများကို ပြန်လည်အစားထိုးဖြည့်ဆည်းပေးရန် အရောင်းသမားများအတွက် အလှူငွေများ သီးသန့်ထူထောင်ခဲ့ပါသည်။

ကိုကာကိုလာမြန်မာသည် စက်တင်ဘာလ ၁၉ ရက်တွင် မြိတ်မြို့၌လည်းကောင်း၊ အောက်တိုဘာ ၃ ရက်တွင် ရွှေဘိုမြို့၌လည်းကောင်း ၂၀၁၅ ပျော်ရွှင်ခြင်းခရီးစဉ်ကိုလည်း ကိုကာကိုလာ ရန်ပုံငွေဂီတပွဲများ အဖြစ်ပြောင်းလဲကျင်းပခဲ့ပြီး ထိုပွဲမှရရှိသည့် အလှူငွေအားလုံးကို ရေရှည်ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် မြန်မာ့ကြက်ခြေနီအဖွဲ့အစည်း၊ Pact Myanmar အဖွဲ့အစည်းများနှင့် တွဲဖက်ဆောင်ရွက်ရာတွင် အသုံးပြုသွားရန်ဆုံးဖြတ်ခဲ့ပါသည်။ မြိတ်မြို့တွင် ကျင်းပခဲ့သော ပျော်ရွှင်ဖွယ်ဂီတ ခရီးစဉ်မှ ငွေသား ၁၁၆၈၉၃၀၀ ကျပ် ရရှိခဲ့ပြီး မြန်မာ့ကြက်ခြေနီအဖွဲ့အစည်းသည် အလှူငွေများကို စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်မှုများတွင် တိုက်ရိုက်အသုံးပြုမည်ဖြစ်ပြီး Pact Myanmar သည်လည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အလှူငွေများကို ထောက်ပံ့သွားမည်ဖြစ်ပါသည်။ ပျော်ရွှင်ခြင်း ခရီးစဉ်သည် Coca-Cola Uplifiting Break အစီအစဉ်အတွက် ၂၀၁၃ ကတည်းက မြန်မာနိုင်ငံတစ်ဝန်းလှည့်လည် ဖျော်ဖြေလျက်ရှိသော ဂီတခရီးစဉ်များ ဖြစ်ပါသည်။

**မယ်သီတာ**

# ထိုင်းနိုင်ငံထွက်ဆန်များ မိမိပြည်တွင်းသို့ တရားမဝင် ဝင်ရောက်မှု မရှိစေရေး Mobile Team များက တားဆီး

တစ်ဖက်ထိုင်းနိုင်ငံမှ ပြည်တွင်းသို့ ဆန်များ တရားမဝင် ဝင်ရောက်နေသည့်အတွက် သိမ်းဆည်းလျက်ရှိကြောင်း၊ သယ်ယူသောဆန်အိတ်များမှာ အမှတ်တံဆိပ်၊ အမှတ်အသား မပါရှိသော ပီနံအိတ်များဖြင့် လဲလှယ်ထုပ်ပိုး၍ သယ်ဆောင်နေသည်ဟု ကြားသိရကြောင်း၊ ဈေးနှုန်းသက်သာ၍ စားသုံးသူများက ဝယ်ယူစားသုံးခြင်းမှာ နယ်စပ်မြို့များအနေဖြင့် ပြဿနာမရှိ ကြောင်း၊ ဥပမာ- မယ်ဆိုင်မှ ဆန်ကို တာချီလိတ်ဒေသမှ ပြည်သူများ ဝယ်ယူစားသုံးခြင်းမှာ ပြဿနာမရှိသော်လည်း တောင်ကြီးသို့ရောက်ရှိမလာရန်လိုအပ်ကြောင်း၊ မိုဘိုင်းအဖွဲ့အနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို တားဆီး၍ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းမှန် ပေါ်ရောက်ရှိရေး၊ စားသုံးသူအကာအကွယ်ပေးရေးအတွက် တစ်ဖက်နိုင်ငံမှ ကျန်းမာရေး ထောက်ခံချက် မပါရှိသော စားသောက်ကုန် ပစ္စည်းများကိုတားဆီး ဖျက်ဆီးဆောင်ရွက်သကဲ့သို့ မိမိနိုင်ငံတွင်းရှိ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားထု အကျိုးစီးပွားကိုလည်း ကာကွယ်ပေးရမှာဖြစ်ကြောင်း၊ လတ်တလောတွင် တစ်ဖက် ထိုင်းနိုင်ငံမှ ဆန်များဖြတ် သန်း သယ်ဆောင်မှုမရှိစေရေး အလေးအနက်ထား စစ်ဆေးဆောင်ရွက်ရန် တစ်အိတ်ချင်းပိုက်ထိုးစစ်ဆေး ရန် အထက်ဌာနမှ ညွှန်ကြားထားကြောင်း သတင်းရရှိ ပါသည်။

မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ လှုပ်ရှား-၂(ညောင်ခါးရှည်) Mobile Team မှ အောက်တိုဘာလ ၉ ရက်နေ့တွင် ထိုင်းဆန်ဟု ယူဆရပြီး အမှတ်တံဆိပ်မပါရှိသော ပီနံအိတ်ခွံများဖြင့် ထည့်သွင်း ထုပ်ပိုးထားသော ၅၀ ကီလိုဝင်အိတ် ဆန် ၃၄၀ အိတ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ၂၁၀ အိတ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ၇၁ အိတ်၊ စုစုပေါင်း ၆၃၁ အိတ်အား ဒေသထွက်ကုန်များနှင့် ရောနှော၍ ကုန်တင်ယာဉ်များဖြင့် တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရာ ထိုင်းနိုင်ငံမှ ထွက်ရှိသော ဆန်ဟုတ်/မဟုတ် အတည်ပြုနိုင်ရန်အတွက် ယာယီတားဆီးထားပြီး ဆန်နမူနာများအား မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များ အသင်းသို့ ပေးပို့ခြင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ သီးနှံဓါတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းတို့ ဆောင်ရွက်ထားရှိကြောင်းနှင့် ထိုင်းနိုင်ငံထွက် ဆန်များဖြစ်ပါက တရားမဝင် အကောက်ခွန်မဲ့တင်သွင်းလာခြင်း အတွက် အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ် သိမ်းဆည်းအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိပါသည်။

**MIRT**

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁၆ ရက်နေ့ထိ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၄၉၂၄ သန်းကျော်ဆောင်ရွက်နိုင်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁၆ ရက်နေ့ထိ ပို့ကုန် ကန်ဒေါ်လာ ၆၃၉၆ သန်းကျော်၊ သွင်းကုန် ကန်ဒေါ်လာ ၈၅၂၈ သန်း ခန့်၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၄၉၂၄ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကုန်သွယ်မှုလိုငွေကတော့ ကန်ဒေါ်လာ ၂၁၃၁ သန်းကျော်ပြနေပါတယ်။

ယမန်နှစ်ကာလတူနဲ့နှိုင်းယှဉ်ရင်တော့ ပို့ကုန်ပိုင်းမှာ ကန်ဒေါ်လာ ၁၂၈ သန်းကျော်ပိုမိုခဲ့သော်လည်း သွင်းကုန်ပိုင်းမှာ ကန်ဒေါ်လာ ၄၃၈ သန်းခန့် လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃၀၉ သန်းကျော် လျော့နည်းခဲ့တာတွေ့ရပါတယ်။ ယမန်နှစ်ကာလတူထက်ပို့ကုန်ပိုမိုခဲ့ရခြင်းမှာ အခြားပို့ကုန်အုပ်စုမှလွဲ၍ ကျန်ပို့ကုန်အုပ်စုများ(လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်၊သတ္တုတွင်းထွက်၊သစ်တောထွက်၊ စက်မှုကုန်ချော) ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ ဆန်ကွဲ၊ မတ်ပဲ၊ ချုပ်ပြီးအထည်နဲ့ သကြားတင်ပို့မှု ယမန်နှစ်ကာလတူထက် ပိုမိုခဲ့တယ်လို့ သိရပါတယ်။ သွင်းကုန်ပိုင်းမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းနဲ့ လူသုံးကုန်ပစ္စည်းအုပ်စု အသွင်းပိုခဲ့သော်လည်း လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ လျော့နည်းတင်သွင်းပါတယ်။ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ ရေနံထွက်ပစ္စည်းများ၊ ဓာတုဗေဒချည်ခင်များ၊ ဓါတ်မြေဩဇာများ၊ သံနဲ့သံမဏိပစ္စည်းများ၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ ယခင်နှစ်ကာလတူထက် လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**MIRT**

## မူဆယ်နဲ့စစ်တွေစခန်းမှ ဆီးသီးခြောက် တန်သုံးရာနီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ၁၀ ရက်မှ ၁၆ ရက် ထိ ကာလအတွင်း ဆီးသီးခြောက် ၂၇၅ တန် ကန်ဒေါ်လာ ၂၅၀၀၀ ဖိုး တင်ပို့ခဲ့သလို မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၃၄၀၀ တန်ဖိုးရှိ ဆီးသီးခြောက် တန် ၂၀ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးသီးခြောက် တန် ၅၀ တင်ပို့နိုင်ခဲ့တာကြောင့် ယခုသီတင်းပတ်ထက် ၂၂၅ တန် ပိုမို တင်ပို့နိုင်ခဲ့တယ်လို့ ဆိုရပါတယ်။ စစ်တွေ ကုန်သွယ်ရေးစခန်းကတော့ ယခင် သီတင်းပတ်က ဆီးသီးခြောက်တင်ပို့မှုမရှိဘူးလို့သိရပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ ယခုသီတင်းပတ်တွင် ဆီးသီးခြောက်အပြင် ဆီးဆံ ၆၃ ဒသမ ၆၀၀ တန် ကန်ဒေါ်လာ ၂၄၇၀၀၀ ဖိုး တင်ပို့ခဲ့တယ်လို့သိရပါတယ်။

**တင်တင်ထွန်း**

# မြန်မာ–တရုတ်နယ်စပ်မှ ရေထွက်ကုန် တန်တစ်ထောင်နီးပါးခန့်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ၁၀ ရက်မှ ၁၆ ရက်နေ့ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၁ ဒသမ ၉၀၁ သန်းဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၈၉၈ တန်ခန့်တင်ပို့ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့ ရေထွက်ကုန်တွေကတော့ ကဏန်း ၂၂၅ တန်ကျော်၊ ငါးရှဉ့် ၂၁၅ တန်ကျော် ၊ရေခဲငါး ၁၀၂ တန်၊ငါးမှုန့် တန် ၅၀၊ ငါးလေးခြောက် ၄၉ တန်၊ငါးဆားနယ် ၄၃ တန်ကျော်၊ ရေခဲပုစွန် ၁၈၉ တန်ကျော်၊ပုစွန်ခြောက် ၅ တန်နီးပါး၊ငါးပူတင်းရေခွံခြောက် ၁၁ တန်ကျော်၊ငါးလိပ်ကျောက်ရေခွံ ခြောက် ၂ တန်နီးပါးနဲ့ ငါးစီဖေါင်း ၃ တန်ခန့်တင်ပို့ခဲ့တာဖြစ်ပါတယ်။ယခင်တစ်ပတ်တင်ပို့မှုထက်တော့ ၂၃၈ တန်ခန့် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်ကုန်စည်ဒိုင်ရဲ့ ပေါက်ဈေးအရ ငါးရှဉ့်ဈေးတက်ပြီး၊ ကဏန်းဈေး ကျနေကြောင်း သိရပါတယ်။ ငါးရှဉ့်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်ကို ၃၆၅၄၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၄၂၄၂၀၀၀ ကျပ်ထိဈေးမြင့်လာပြီး ကဏန်းဈေးကတော့ ၇၁၈၉၆၅၁ ကျပ်ရှိရာမှ ၆၇၃၃၂၆၆ ကျပ်သို့ ဈေးကျလာပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၂၀၉ သန်းဖိုးရှိ ငါးရှဉ့် ၇၂ တန်ကျော် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ကတော့ တင်ပို့မှုမရှိခဲ့ပါဘူး။ မူဆယ်နဲ့ချင်းရွှေဟော်စခန်းနှစ်ခုရဲ့ ရေထွက်ကုန်တင်ပို့မှု စုစုပေါင်းမှာ တန် ၉၇၀ ခန့်ရှိပါတယ်။

**ယဉ်ယဉ်အေး**



## လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှပါ မျှစ်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်ကုန်သွယ်ရေး စခန်း မှ အောက်တိုဘာလ ၁၀ ရက်မှ ၁၆ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ ၈၀၈၀ တန်ဖိုးရှိတဲ့ မျှစ်စို တန် ၈၀ တင်ပို့နိုင် ခဲ့ပါတယ်။မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေး ဇုန်ကတော့ ယခင် သီတင်းပတ်က မျှစ်စို ခြောက်တန်သာ တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ ကန်ဒေါ်လာ ၁၆၁၆ တန်ဖိုးရှိ မျှစ်စို ၁၆ တန်နဲ့ ကန်ဒေါ်လာ ၁၂၈၃ တန်ဖိုးရှိ မျှစ်ခြောက် ငါးတန် တင်ပို့ခဲ့ တယ်လို့ သိရပါတယ်။ တရုတ်နိုင်ငံရဲ့ စားသောက်ကုန်လုပ်ငန်းတွေမှာ အသုံးပြုကြတာကြောင့် ယခုလို မြန်မာနိုင်ငံက ထွက်ရှိတဲ့ မျှစ်စို/မျှစ်ခြောက်များ တင်ပို့နေရတာဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# ကော့သောင်း ကုန်သွယ်ရေး စခန်းနဲ့ မြိတ်ကုန်သွယ် ရေးစခန်းမှ ရေထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်း၊မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ၂၀၁၅ အောက်တိုဘာ ၁၀ ရက်မှ ၁၆ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၇၉၈ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၉၇၈ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၇၈ တန်ခန့်ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၀၁ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၅၂ တန်ကျော်၊ ကဏန်း ၁၄ တန်ကျော်၊ ပုစွန် ၂ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၆၀ ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုညဒသမ ၉၁၀ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၀၃၃ တန်ကျော်၊ အခြားရေထွက်ကုန် တန် ၂၀ ကျော် ၊ပုစွန် ၅ တန်ကျော်၊ ကင်းမွန် ၂၃ တန်ကျော်၊ ပင်လယ်ငါးရှဉ့် ၂ တန်ကျော် ၊ရေဘဝဲ ၁ တန်ကျော်နဲ့ ကဏန်း ၂၄၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၇၄ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၇၈၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၄၄၁ တန်ကျော်၊ငါးမှုန့် ၃၅၅ တန်၊ ပုစွန် တန် ၂၀ နီးပါး၊ကင်းမွန် ၂ တန်ကျော်၊ကဏန်းသေး(အသေ) ၃ တန်ကျော်နဲ့ သဲကဏန်း ၆၈၅ ကီလိုဂရမ် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၄၆၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## မိုင်းလွေမိုဘိုင်းအဖွဲ့က သိမ်းဆည်းရမိဘီယာနဲ့ ကြက်အသည်းအမြစ်များအားဖျက်ဆီး

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကွပ်ကဲမှုအောက်ရှိ မိုင်းလွေမိုဘိုင်းအဖွဲ့ ရှောင်ကွင်းလမ်းများအတွင်းလှည့်လည်စစ်ဆေးစဉ် သိမ်းဆည်းရမိခဲ့သော နမ့်မုတ်ကျေးရွာရှောင်ကွင်းလမ်းဘေးမှာ တရားမဝင်သယ်ဆောင်ရန် စုပုံထားတဲ့ တရုတ်နိုင်ငံထုတ်ဘီယာ ၂၉၅ ဖာ(ခန့်မှန်းတန်ဖိုး ကျပ် ၁၀၆၂၀၀၀)နဲ့ အများပြည်သူစားသုံးရန်မသင့်တဲ့ FDA ထောက်ခံချက်မပါရှိတဲ့ ကြက်အသည်းအမြစ် ၂၅ ဖာ(ခန့်မှန်းတန်ဖိုး ၃၃၇၅၀၀ ကျပ်)စုစုပေါင်း ခန့်မှန်းတန်ဖိုး ၁၃၉၉၅၀၀ ကျပ်တို့အား အောက်တိုဘာလ ၈ ရက်နေ့ ၁၀း၄၅ ချိန်မှာ ကျိုင်းတုံမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ဌာနကိုယ်စားလှယ်များပါဝင်သောဖျက်ဆီးရေးဘုတ်အဖွဲ့ဟာ ဘီယာများအား မြေကျင်းထဲသို့ သွန်ဖောက်ဖျက်ဆီးခြင်းနဲ့ ကြက်အသည်းအမြစ်များအား မီးရှို့ဖျက်ဆီးမှုများ ဆောင်ရွက်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ခန့်မှန်းတန်ဖိုး ကျပ်သန်းခုနစ်ထောင်နီးပါးဖိုးရှိ ရွှေနှင့်ကျောက်များသိမ်းဆည်းရမိ

တရာမဝင်ကုန်သွယ်မှုတာဆီးထိန်းချုပ်ရေးဗဟိုကော်မတီ (မိုဘိုင်းအဖွဲ့များ) က ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလထိ ဖမ်းဆီးရမိသော ရွှေ၊ ကျောက်စိမ်း၊ အင်ကြင်း/သလင်း/စကျင်ကျောက်များ၊ သတ္တုကျောက်မှုန့်၊ သတ္တုရိုင်းနဲ့ ရွှေတို့ကို အမှုတွဲ ၁၈၇ ခု၊ ခန့်မှန်းတန်ဖိုးကျပ် ၆၉၅၁ သန်းဖိုး သိမ်းဆည်းရမိခဲ့တယ်လို့သတင်းရရှိပါတယ်။ ကျောက်စိမ်း ၆၀၄၈၀ ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုးကျပ် ၅၄၂၀ သန်းကို အမှုတွဲ ၁၄၀ ဖွင့်လှစ် သိမ်းဆည်းခဲ့ရပြီး ဖမ်းဆီးရမိ တွင်းထွက်သတ္တုနှင့် ကျောက်များတွင် ထိပ်ဆုံးက ရှိနေပါတယ်။ ရွှေက ဒုတိယနေရာမှာရှိနေပါတယ်။ သိမ်းဆည်းရမိရွှေ ခန့်မှန်းတန်ဖိုး ကျပ်သန်း ၈၄၀ ရှိပြီး အမှုတွဲဖွင့် သိမ်းဆည်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## အကောက်ခွန်မဲ့တင်သွင်းလာတဲ့ ကြိမ်သီးများကို အမြန်ယာဉ်ပေါ်မှ စစ်ဆေးတွေ့ရှိ

မူဆယ်ကုန်သွယ်ရေးဇုန်စခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် စက်တင်ဘာလ ၂၉ ရက်နေ့တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဧရာဝတီအမြန်ယာဉ်(6B/xxxx) ယာဉ်ပေါ်မှ အကောက်ခွန်မဲ့ တင်ဆောင်လာတဲ့ ကြိမ်သီး ငါးအိတ်ကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပါတယ်။စစ်ဆေးတွေ့ရှိ ကြိမ်သီးအိတ်များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်နှစ်သိန်းလေးသောင်းခန့်ဖြစ်ပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သိမ်းဆည်းပြီးဖြစ်ပါတယ်။ **MIRT**

## ခန့်မှန်းတန်ဖိုးကျပ်သန်း ၁၄၃၉၆ ဖိုးရှိ လိုင်စင်မဲ့မော်တော်ယာဉ်အပါအဝင် ယာဉ်စီးရေ ၁၆၀၀ ကျော်သိမ်းဆည်းရမိ

မိုဘိုင်းအဖွဲ့များစတင်တာဝန်ယူ ထမ်းဆောင်ခဲ့သော ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်ထိ ၂နှစ်နဲ့၉ လတာကာလအတွင်းမှာ မိုဘိုင်းအဖွဲ့များအနေနဲ့ ယာဉ်များကို အမှုတွဲ ၁၀၃၇ ခုနဲ့ ခန့်မှန်းတန်းဖိုးကျပ် ၁၄၃၉၆ သန်းဖိုးသိမ်းဆည်းရမိခဲ့ပါတယ်။ တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်လာမှုအပေါ် ယာဉ်အစီးရေ ၆၁၀ ၊ ခန့်မှန်းတန်ဖိုး ကျပ်သန်း ၉၇၈၀ ၊ လိုင်စင်မဲ့ မော်တော်ယာဉ် ၃၈၁ စီး၊ ခန့်မှန်းတန်ဖိုးကျပ်သန်း ၄၃၁၀ နဲ့၊ မော်တော်ဆိုင်ကယ် ၆၉၅ စီး၊ ခန့်မှန်းတန်ဖိုး ကျပ် ၃၁၆ သန်းဖိုးကို လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲများဖွင့်လှစ်သိမ်းဆည်းထားတယ်လို့ သတင်းရရှိပါတယ်။

## မသက်ာဖွယ်ရာ မှန်လုံယာဉ်တစ်စီးနဲ့ ကျပ်သိန်းနှစ်ရာကျော်တန်ဖိုးရှိ နိုင်ငံခြားဖြစ်အရက်အပါအဝင် ကန့်သတ်ကုန်အမြောက်အမြားသိမ်းဆည်းရမိ

မသင်္ကာဖွယ်ရာ မှန်လုံယာဉ်တစ်စီးမယ်ဟုတ်ချောင်းဘေး တောလမ်းအတိုင်း ဝင်ရောက်သွားကြောင်း သတင်းရရှိတဲ့အတွက် လက်ထောက်ညွှန်ကြားရေးမှူးဦးစီးတဲ့ တာချီလိတ်ကုန်သွယ်ရေး စခန်းထုတ်နုတ် မိုဘိုင်းအဖွဲ့ နှစ်ဖွဲ့ခွဲ၍ ဖြန့်ခွဲပိတ်ဆို့ရှင်းလင်းမှုပြုလုပ်ခဲ့ပါတယ်။ Hyundai အမျိုးအစား မှန်လုံယာဉ်ငယ်အမှတ်(6H/xxxx) ယာဉ်အား ရှောင်ကွင်းလမ်းပေါ်မှာ ရပ်ထားတာကို တွေ့ရှိသဖြင့် မယ်ယန်းကုန်သွယ်ရေးစခန်းသို့ မောင်းနှင် ယူဆောင်လာပြီး ပူးပေါင်းအဖွဲ့နဲ့ အသေးစိတ်စစ်ဆေးမှုပြုလုပ်ခဲ့ကြပါတယ်။ Chivas အရက် (1Lit x 12) ၂၅ ဖာ(ကျပ်သိန်း ၁၀၀)၊ Red Label (1Lit x 12) ၅၅ ဖာ(ကျပ်သိန်း ၁၁၀)၊ တစ်ဖက်နိုင်ငံထုတ် Spa သုံးအလှကုန် ပစ္စည်းများ(ကျပ်သိန်း ၁၀၀ ကျော်)၊ စားသောက်ကုန်ပစ္စည်းမျိုးစုံ(ကျပ် ၅ သိန်းခန့်)၊ အထည်မျိုးစုံ ၁ ထုပ်(ကျပ် ၅ သိန်း)ကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ယာဉ်ပေါ်မှာ စားသောက်ကုန်များနဲ့ ဖုံးကွယ်ပြီး ကန့်သတ်ကုန်များ သိမ်းဆည်း ရမိခြင်း၊ နိုင်ငံခြားဖြစ်အရက်များအား ပမာဏအမြောက်အများ သယ်ဆောင်လာခြင်းတို့ကြောင့် မော်တော်ယာဉ်အား ပိုင်ရှင်မဲ့အဖြစ်သိမ်းဆည်းပြီး ဖမ်းဆီးရမိပစ္စည်းများကို လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် အရေးယူသွားမယ်လို့ သိရပါတယ်။ **MIRT**

## သုံးနှစ်နီးပါးကာလအတွင်းသစ်တောနဲ့သစ်တောထွက်ပစ္စည်း ကျပ် ၂၉၇၅ သန်း ကျော်ဖိုး မိုဘိုင်းအဖွဲ့က သိမ်းဆည်း

၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလထိ ၃၃ လတာကာလအတွင်းမှာ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ မိုဘိုင်းအဖွဲ့က သိမ်းဆည်းရမိခဲ့တဲ့ သစ်နဲ့သစ်တောထွက် ပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၂၉၈၅ သန်းဖြစ်ပြီး အမှုတွဲ ၆၀၀ ကျော် ဖွင့်လှစ်သိမ်းဆည်းထားတယ်လို့ သိရပါတယ်။ သိမ်းဆည်းရမိ သစ်နဲ့သစ်တောထွက်ပစ္စည်းများကို ဖော်ပြပေးလိုက်ပါတယ်-

| | အမှုတွဲ | ရေတွက်ပုံ | အရေအတွက် | ခန့်မှန်းတန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|
| တမလန်းသစ် | ၃၃၂ | တန် | ၄၇၆ | ၁၈၃၀ |
| ပိတောက် | ၉၄ | တန် | ၉၉ | ၅၆၃ |
| သစ်ခွ | ၂၁ | တန် | ၁၀ | ၃၁၉ |
| ဆင်သားရေခြောက် | ၁ | ပိဿာ | ၉၈ | ၂၀ |
| မြွေ | ၃ | ကီလို | ၄၆၅ | ၂၇ |
| | ၁ | ကောင် | ၈၃၄ | |
| လိပ် | ၂ | ကောင် | ၆၉ | ၁ |
| သင်းခွေချပ် (အခွံ) | ၃ | ပိဿာ | ၂၅ | ၁၀ |
| သစ်နဲ့သစ်တောထွက်ပစ္စည်း(အခြား) | ၁၆၁ | တန် | ၄၈၉ | ၂၁၅ |

**MIRT**

## ဆင်သားရေခြောက်များကို အကောက်ခွန်အမှုတွဲဖွင့်


မူဆယ်ကုန်သွယ်ရေးဇုန်စခန်း ထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် အောက်တိုဘာလ ၁၇ ရက်နေ့တွင် Mobile Team တာဝန်များကိုထမ်းဆောင်စဉ် ကုန်သွယ်ရေးဇုန်အနီး ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ ၃၆ ကီလိုပါ ဆင်သားရေခြောက်နှစ်အိတ်ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ ဆင်သားရေခြောက်များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်ငါးသိန်းလေးသောင်းခန့်ဖြစ်ပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်ကာ သစ်တောဦးစီးဌာနသို့ အပ်နှံသွားမယ်လို့သိရပါတယ်။

## နမ့်ဖတ်ကာ နမ့်ခမ်းရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ ကျောက်စိမ်းဖြတ်စများကို မူဆယ် Mobile Team မှစစ်ဆေးတွေ့ရှိ

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ မူဆယ် Mobile Team အဖွဲ့သည် အောက်တိုဘာလ ၁၈ ရက်နေ့တွင် သတင်းရရှိတဲ့အတွက် နမ့်ဖတ်ကာ နမ့်ခမ်းရှောင်ကွင်းလမ်း တစ်လျှောက်စစ်ဆေးရာ ရှောင်ကွင်းလမ်းပေါ်မှာ Drump Druck 1H/xxxx ယာဉ်ပေါ်မှ ကျောက်စိမ်းဟု ယူဆရတဲ့ ကျောက်စိမ်းအတုံးအခြမ်း၊ အခဲဖြတ်စများကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိသည့်ကျောက်စိမ်းဟုယူဆရတဲ့ ကျောက်များသည် ၁၉၉၆ ကီလိုရှိပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၉၉၆ သိန်းရှိတယ်လို့ သိရပါတယ်။ အဆိုပါ ကျောက်စိမ်းအတုံးများနဲ့ တင်ဆောင်လာတဲ့ယာဉ်အား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်ကာ သိမ်းဆည်းထားပြီးဖြစ်ပါတယ်။ ပိုင်ရှင်မဲ့ယာဉ်ရဲ့ ကာလတန်ဖိုးမှာ ခန့်မှန်းကျပ်သိန်း ၅၀ ရှိပြီး ယာဉ်ကို အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း၊ ကျောက်စိမ်းအတုံး/ အခြမ်းများကို မြန်မာ့ကျောက်မျက်ရတနာကုန်စည်ဒိုင်သို့လည်းကောင်း အောက်တိုဘာလ ၁၉ ရက်နေ့က လွှဲပြောင်းပေးအပ်ပြီး ဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## မာဂျရင်းဖာများစစ်ဆေးတွေ့ရှိ

အောက်တိုဘာလ ၁၄ ရက်နေ့တွင် မူဆယ် Mobile Team အဖွဲ့သည် တာဝန်ထမ်းဆောင်နေစဉ် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အမြန်ယာဉ်ပေါ်မှ မာဂျရင်း(မုန့်လုပ်ရန် အသုံးပြုသည်) ငါးဖာကို အကောက်ခွန်မဲ့ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ မာဂျရင်းဖာများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်တစ်သိန်းငါးသောင်းခန့်ဖြစ်ပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်သိမ်းဆည်းပြီး ဖြစ်ပါတယ်။ **MIRT**




ရုံးမှာဝန်ထမ်းအင်အားတွေ တိုးနေပါတယ်။ အခြေအနေ အချိန်အခါ ဖွဲ့စည်းပုံအရ မိခင်ဌာနမှ ဝန်ထမ်းများ အခြားဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ကြရသလို ယခုအခါ ပြန်လည်ဖွဲ့စည်းတဲ့ ဖွဲ့စည်းပုံအရ အခြားဌာနတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေကို မိခင်ဌာနမှာ ပြန်လည်လက်ခံလာကြတော့ ဝန်ထမ်းအင်အားများ တိုးပြီးလာပါတယ်။ နှစ်အတော်ကြာ မိခင်ဌာနနဲ့ ကင်းကွာပြီး အခြားဌာနကတာဝန်တွေကို ထမ်းဆောင်နေခဲ့ကြရတာဆိုတော့ မိခင်ဌာနရဲ့ မူဟောင်းပြောင်းလဲလာတဲ့ ဖွဲ့စည်းပုံအရ မူသစ်ဆိုတာတွေကို ပြန်လည်ပြောင်းလာတဲ့ ဝန်ထမ်းတွေကို စာရင်းဇယားစတာတွေ ပြန်လည်သင်ပေးရပါတယ်။ လုပ်ငန်းတာဝန်လက်ဆင့်ကမ်း အမွေပေးရတာပေါ့ဗျာ။

တစ်ရက်မှာ စားသုံးပိုလျှံစာရင်းတွေ တွက်ရင်း၊ သင်ရင်း၊ စာရင်းပြုစုကြပါတယ်။ စာရင်းဇယား အရေးကြီးပုံတွေပါပြီး ပခုက္ကူခရိုင် ငါးမြို့နယ်၊ ဂန့်ဂေါခရိုင် သုံးမြို့နယ်ရဲ့ လူဦးရေစာရင်း၊ သန်းခေါင်စာရင်းကောက် ယူရစဉ်က မြန်မာတစ်နိုင်ငံလုံး သန်း ၆၀ နဲ့ ခန့်မှန်းခဲ့ကြရတာမို့ အမှန်တစ်ကယ် ကောက်ယူပြီးချိန်မှာ လူဦးရေဟာ ၅၁ သန်းကျော်ပဲရှိခဲ့လို့ ကွာခြားသလို မြို့နယ်တွေမှာလည်း ကွာခြားကုန်တာ တွေ့နေရပါပြီ။ တစ်ခါအထွက်ကိုတွက်ပြီး စားသုံးပိုလျှံ တွက်ရတာဆိုတော့ စိုက်ဧကကို အထွက်နှုန်းနဲ့ မြှောက်ရပြန်ပါပြီ၊ ဒီမှာလည်း စိုက်အောင်ထွက်နှုန်းဆိုတာပဲရှိတယ်။ စိုက်၊ ပျက်၊ မထွက် ဆိုတဲ့ နှုန်းမရှိတာ ဘာကြောင့်လဲ။

ဖတ်ဖူးတဲ့ကဗျာတစ်ပုဒ် တင်ပြခွင့်ပြုပါစာရှုသူ။ “လုပ်တိုင်းကိစ္စအောင်မြင်မှတော့ စိတ်ပျက်ဘယ်မှာရှိတော့မှာလည်း” ဆိုတာကိုပါ။ ကိုယ့်အညာဒေသ၊ စိုက်မိုးသာရ၊ အောင်မိုးမရလို့ ရှိတဲ့ ၊ စိုက်ထားတဲ့ စိုက်ခင်းတွေ ခါးကွင်းတိုက် ဖျက်ရတာတွေကို အောင်ထွက်ပြလို့ ရမှာလားဆိုတာတွေ၊ စပါးနဲ့ပတ်သက်လို့ တစ်ဧက နှစ်တင်းကုန်နေတုန်းပဲလား၊ သိသာထင်ရှား တာပြောရရင် ယခု ပုလဲသွယ်စပ်မျိုးစပါး၊ တစ်ဧက တင်းလောက်မကုန်ဘဲ၊ ပြည်လောက်ကုန်နေတာတွေ သိနေ၊ဖတ်နေရတယ်။ မျိုးအတွက် တစ်ဧကကို တစ်တင်းသက်သာရင် မြန်မာပြည်ဟာ ဆန်စပါးကို အဓိကထားစိုက်ပျိုးတဲ့နိုင်ငံ၊ ဧကပေါင်း သန်းနဲ့ချီရင်း တင်းပေါင်းသန်းနဲ့ချီရှိရင် တင်းပေါင်းသန်းနဲ့ချီပိုလာ မှာဖြစ်ပါတယ်။ စာရင်းဇယားတွေ တိကျဖို့လိုနေတယ်ဆိုတာ၊ မှန်ကန်ဖို့လိုနေတယ်ဆိုတာ ခေတ်စနစ်က တောင်းဆိုလာတာပါ။

မိခင်ဌာနက ဆန်စပါး၊ ပဲမျိုးစုံ ကိုင်တွယ်ရောင်းဝယ်တင်ပို့စဉ်က မိမိတို့ဌာနဝန်ကြီးကို အိန္ဒိယနိုင်ငံက ဝန်ကြီးက ( G to G ) ပဲစင်းငုံ တန်ချိန် သန်းဂဏန်း အရောင်းအဝယ် လုပ်လိုတယ်လို့ တောင်းဆိုခဲ့ဖူးပါတယ်။ ဖြစ်ပေါ်နေတဲ့ ကိန်းဂဏန်းအရတော့ တောင်းဆိုတဲ့ကိန်းဂဏန်း ရောင်းပြီးရင်ကို များစွာပိုနေပါတယ်။ တကယ်မရောင်းရဲဘူး အရောင်းအဝယ်မဖြစ်ခဲ့ပါဘူး၊ ဒါဟာ ဘာကြောင့်လဲ။ ဖြစ်ပေါ်နေတဲ့ ကိန်းဂဏန်း မတိကျ၊ မခိုင်မာ၊ မမှန်ကန်လို့ပါလို့ ပြောရဆိုရ ဝန်ခံရမှာဖြစ်ပါတယ်။

ကောင်းပြီ။ ပြောင်းလဲလာတဲ့ ခေတ်စနစ် မြင်သာပွင့်လင်းလာတဲ့ ခေတ်စနစ်မှာ ဒီလိုအမှားမျိုးတွေ ဆက်ရှိနေဦးမယ်၊ ဆက်ဖြစ်နေဦးမယ်ဆိုရင် တိုင်းပြည်ရဲ့ တိုးတက်မှု၊ ခေတ်မီမှု၊ အဆင်ပြေမှု၊ အောင်မြင်မှု ဆိုတာတွေဟာ အမှန်တကယ်ရရှိနိုင်ပါ့မလားဆိုတာ စဉ်းစားကြရပါတော့မယ်။ စာရင်းဇယားအထောက်အထား တိကျမှန်ကန်မှုသာလျှင် ဆောင်ရွက်ရမည့် လုပ်ဆောင်ရမည့် လုပ်ငန်းတွေကို ရဲရဲဝံ့ဝံ့ လုပ်ဆောင်နိုင်မယ် မဟုတ်ပါလား၊ စာရင်းဇယားအရေးကြီးပုံကို ၁၉၉၄ ခုနှစ် ကုလသမဂ္ဂတရားဝင် စာရင်းအင်းဆိုင်ရာအခြေခံမူများကို တင်ပြခဲ့ဖူးပါတယ်။

(1994 United Nations Fundamental Priciple of Offical Statistics )တို့ကတော့

(၁) တရားဝင် စာရင်းအင်းများသည် ကောင်းမွန်သော အုပ်ချုပ်မှု (Good governance )၏ အခြေခံအုတ်မြစ်များအနက် တစ်ခုဖြစ်သည်။

(၂) တရားဝင်စာရင်းအင်းများသည် အစိုးရနှင့်သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက် ချမှတ်ခြင်းအတွက်လည်းကောင်း၊ ဆွေးနွေးပွဲများအတွက်လည်းကောင်း အထောက်အကူ ဖြစ်စေသည်။

(၃) ကောင်းမွန်သော တရားဝင် စာရင်းအင်းများသည် အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်မှုအပေါ် ပြည်သူများ ယုံကြည်မှုရရှိ စေရေးအတွက် အရေးပါပြီး စီးပွားရေး လူမှုရေးနှင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ ကိစ္စရပ်များအတွက် အစိုးရ၏ ဆုံးဖြတ်ချမှတ်ခြင်းကို ဆိုလိုပါသည်။

(၄) စာရင်းအင်းများသည် ဆီလျော်မှုရှိရပါမည်။ စာရင်းအင်း အရည်အသွေးရှိခြင်း နားလည်လွယ်ခြင်း၊ သုံးစွဲရန်လွယ်ကူခြင်းတို့နှင့် ပြည့်စုံနေရပါမည်။ သုံးစွဲမည့်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်ရပါမည်။

(၅) ကိန်းဂဏန်းအချက်အလက်များ ကောက်ယူစုဆောင်းပြီး ထုတ်ပြန်ရာတွင် နိုင်ငံရေးစွက်ဖက်မှုများ ကင်းဝေးသင့်သည်။

(၆) စာရင်းအင်းများ ဖြန့်ဖြူးထုတ်ပြန်ရာတွင် ပြည်သူအားလုံး လက်လှမ်းမီရေးအတွက် တန်းတူအခွင့်အရေး (Equal Opportunity) ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

ဖော်ပြပါ ကုလသမဂ္ဂစာရင်းအင်းများနဲ့ ပတ်သက်တဲ့အချက်ခြောက်ချက်ကို ကြည့်ရင် ဘယ်လောက် အရေးပါနေသလဲဆိုတာ တွေ့နေရပါတယ်။ အပိုဒ် (၃) မှာဆိုရင် အစိုးရရဲ့ ဆုံးဖြတ်ချက်ချမှတ်မှုအပေါ် ပြည်သူများယုံကြည်မှုရှိစေရေး အရေးပါတယ်လို့ တစ်ချက်ပြောပါတယ်။ ဆုံးဖြတ်ချက်ဆိုတာမှာ ရောင်းမှာလား၊ ဝယ်မှာလား၊ တင်ပို့မှာလား၊ တင်သွင်းမှာလား ဆိုတာတွေကို တွက်ရင် အခုအစပိုင်းမှာ တင်ပြခဲ့သလို ပဲစင်းငုံ (G to G ) ရောင်းမယ့်ကိစ္စအလုပ်မဖြစ်ခဲ့တာ၊ နောက်တစ်ချက်က ဆက်ညီရမှာက စီးပွားရေး၊ လူမှုရေး သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စတွေမှာ သက်ဆိုင်နေတာကို တွေ့ရသလို အချက် (၅) မှာ ကိန်းဂဏန်း အချက်အလက်များ ကောက်ယူစုဆောင်းထုတ်ပြန်ရာတွင် နိုင်ငံရေးစွက်ဖက်မှုကင်းဝေးသင့်သည်ဆိုရာမှာ တချို့နေရာဒေသ (အတော်များများပါပါတယ်) GDP ကိန်းဂဏန်းအရ စာရင်းဇယားကိန်းဂဏန်းမကျနိုင်ရေး အတင်းအောင် အတင်းထွက် လုပ်နေတာဟာ တကယ့်အဖြစ်အပျက်နဲ့တော့ ကွာနေတာကို တွေ့နေရပါတယ်။

တစ်ခါ (OECD ) စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ကောင်းမွန်သော စာရင်းအင်းများ ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်သော အစီအမံ ခုနစ်မျိုးကိုကြည့်ရင်

(၁) ဆီလျော်မှုရှိခြင်း
(၂) တိကျခြင်း
(၃) အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ခြင်း
(၄) လက်လှမ်းမှီခြင်း
(၅) နားလည်လွယ်ခြင်း
(၆) ရှေ့နောက်ညီညွတ်ခြင်း
(၇) ယုံကြည်မှုရှိခြင်း ဆိုတာတွေကို သွားတွေ့ရပါ တယ်။

နိုင်ငံတစ်နိုင်ငံကို မဆိုထားပါနဲ့၊ မိသားစုတစ်ခုမှာကိုပင် ဝင်ငွေထွက်ငွေညီမျှဖို့ဆိုတာ အရေးကြီးပါတယ်။ မိသားစုဝင်ဘယ်လောက်ရှိသလဲ၊ မိသားစုထဲမှာကို ဝင်ငွေရှိသူ ဘယ်လောက်လဲ၊ သက်ကြီးရွယ်အို ဘယ်လောက်ရှိသလဲ၊ ကျောင်းသားကျောင်းသူ အတန်းအလိုက် ဘယ်နှယောက်လဲ၊ ခြုံငုံသုံးသပ်ပြီး ဝင်ငွေရှာသူအတွက် ထိုက်သင့်တဲ့လိုက်လျောညီထွေဖြစ်စေတဲ့ စားမှု၊ သောက်မှု၊ ဝတ်မှု၊ ခရီးစရိတ်၊ အသုံးစရိတ်၊ သက်ကြီးရွယ်အိုများအတွက် ဆေးဝါး၊ ခါတ်စာ၊ ဆေးကုသမှုစရိတ်၊ ကျောင်းသား၊ ကျောင်းသူအတွက် အတန်းလိုက်ကုန်ကျ မည့်ကျောင်းစရိတ်၊ တစ်ခါ မမြင်ရတဲ့ လူမှုရေးစရိတ်၊ သာရေး၊ နာရေး ဆိုတာ တွေကို စီမံခန့်ခွဲသုံးသပ်ဆုံးဖြတ်နေရတာတောင် အခက်အခဲဖြစ်နေတာဟာ မိသားစုဝင် လူတိုင်းတွေကြုံနေကြရတာပါ။ ကောင်းပြီ ဒီကမှတစ်ဆင့် နိုင်ငံတော်အတွက် စဉ်းစားကြရင်-----

နိုင်ငံတစ်နိုင်ငံလုံးရဲ့ တိကျခိုင်မာသော၊ ဆီလျော်သော၊ ကောင်းမွန်သော စာရင်းအင်းများ အရေးဘယ်လောက်ကြီးမားကျယ်ပြန့် ခက်ခဲနက်နဲမယ်ဆိုတာ စဉ်းစားကြရပါလိမ့်မယ်၊ အနေအထား တစ်ခုမှာ တိုင်းပြည်တစ်ပြည်ရဲ့ နိုင်ငံရေးသော်လည်းကောင်း၊ စီးပွားရေးသော်လည်းကောင်း၊ ယှဉ်ပြိုင်ရေးအတွက် လည်းကောင်း၊ ဘယ်အရာအတွက်မဆို ဖွံ့ဖြိုးဖို့၊ တိုးတက်ဖို့၊ ခေတ်မီဖို့၊ နိုင်ငံအချင်းချင်း ကမ္ဘာ့အလယ်တင့်တယ်ဖို့၊ ထည်ဝါဖို့၊ ဝင့်ထည်ဖို့၊ ယှဉ်ပြိုင်နိုင်ဖို့ ဆိုတာတွေဟာ ခိုင်မာတိကျသော ကိန်းဂဏန်းများ အရေးပါမှုဟာ ထိပ်ဆုံးကရှိနေတယ်ဆိုတာ သိနေရင်ပဲ အမိမြန်မာနိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုသည် ခိုင်မာတိကျသော စာရင်းဇယားများက ပြောကြားနေတယ်လို့သိရင် ကျွန်တော်တို့တစ်တွေ ဘာတွေဆက်လုပ်ကြရမှာပါလဲ။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြား





စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအခမ်းအနားကို အောက်တိုဘာလ ၂၀ရက်နေ့က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅၂)တွင် ကျင်းပပြုလုပ်ရာ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ အမြဲတမ်းအတွင်းဝန်က အမှာစကားပြောကြားရာတွင် အစိုးရသစ်လက်ထက် ဈေးကွက် စီးပွားရေးစနစ်မူဝါဒကို ကျင့်သုံးဆောင်ရွက်ခဲ့ပါကြောင်း၊ Trade ၏ မောင်းနှင်အားမြင့်မားရန် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် Duty and Function များကို တိကျစွာ လိုက်နာကျင့်သုံးကြရမည် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မိမိနိုင်ငံအနေနှင့် ဘင်္ဂလားဒေ့ရှ် အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ လာအိုနိုင်ငံများနှင့် နယ်စပ်ဒေသများတွင် ကုန်သွယ်မှုပြုနိုင်ရန် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၇ ခု ဖွင့်လှစ်ပြီး ကုန်သွယ်မှုကိစ္စရပ်များ ဆောင်ရွက်နေပါကြောင်း၊ နယ်စပ်စခန်းများမှ တရားဝင် လုပ်ငန်းလိုင်စင်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသော်လည်း လုပ် ငန်းရှင်များမှ မသမာသော နည်းလမ်းများဖြင့် တင်သွင်းလျက်ရှိသဖြင့်၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန် အခများ၊ ပြည်သူများ ဘေးအန္တရာယ်ဖြစ်စေသော အစားအသောက်နှင့် ဆေးဝါးများ၊ လုပ်ငန်းလိုင်စင်အတုများဖြင့် ဆောင်ရွက်လာသည့်အတွက် စားသုံးသူအကာအကွယ်ပေးရန် တရားမဝင် ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေး ဗဟိုကော်မတီက Mobile Team ကို ဖွဲ့စည်းပြီး စိစစ်ဖော်ထုတ်ရန် တာဝန်ပေးဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ကြောင့် သင်တန်းသားများကို မှာကြားလိုတာကတော့ ကုန်သွယ်မှုပမာဏ ပြည့်မီစေရေးအတွက် ဤသင်တန်းမှ ပို့ချလိုက်သော စာတွေ့များကို လက်တွေ့နယ်ပယ်ဖြစ်သည့် နယ်စပ်စခန်းများတွင် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် နှင့် နိုင်ငံတော်၏ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရေး၊ စားသုံးသူ များ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကုန်သွယ်မှုပမာဏ တိုးတက်ရေးအတွက် Mobile Team လှုပ်ရှားစခန်းများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအနေဖြင့် စာတွေ့လက်တွေ့ အသုံးချပြီး တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ် ရောက်ရှိနေသည့် ကုန်သည်လုပ်ငန်းရှင်များအား တရားဝင် ကုန်သွယ်မှုလမ်းကြောင်းပေါ် ရောက်ရှိစေရေးအတွက် မိမိတို့ဌာန၏ မိတ်ဖက်ဌာနများ၊ ဒေသခံကုန်သည်အသင်းများနှင့် ပူပေါင်းပြီး စည်းရုံးဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်အောင်ကဖြည့်စွက်ရှင်းလင်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။အဆိုပါသင်တန်းသို့ သင်တန်းသား/သူ ၈၇ ဦး တက်ရောက်မှာဖြစ် ပြီး သင်တန်းကာလမှာ ၁၈ ရက် ကြာမြင့်မည်ဖြစ်သည်။

# Toyota Hilux REVO ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံး မိတ်ဆက်ရောင်းချ




ဂျပန်နိုင်ငံ၏နာမည်ကြီး အမှတ်တံဆိပ်တစ်ခုဖြစ်သည့် တိုယိုတာကားကုမ္ပဏီသည် ၎င်း၏ နောက်ဆုံးပေါ် အမှတ်တံဆိပ်ဖြစ်သည့် Toyota Hilux REVO ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံး တရားဝင်မိတ်ဆက်ပြသကာ စတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါ Toyota Hilux REVO ကားအမျိုးအစားသစ် မိတ်ဆက်ပွဲကို အောက်တိုဘာလ ၁၈ ရက်နေ့က ဆီဒိုနားဟိုတယ်တွင် ကျင်းပခဲ့သည်။

Toyota Hilux REVO သည် တိုယိုတာကုမ္ပဏီ၏ရှစ်ကြိမ်မြောက် မျိုးဆက်သစ်အဖြစ်ကမ္ဘာပေါ်တွင် ရောင်းအားအကောင်းဆုံးသော Pickup Truck အမျိုးအစားတစ်ခု ဖြစ်လာနိုင်ကြောင်း တိုယိုတာကားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါကားအမျိုးအစားအမည်၏နောက်ဆုံးစာလုံးဖြစ်သည့် REVO သည် Revolution ဟူသည့် စကားလုံးမှ ဆင်းသက်လာခြင်းဖြစ်ပြီး မျိုးဆက်သစ် ဟိုင်းလပ်စ်ကားများ၏ အလုံးစုံပြောင်းလဲတိုးတက်ခြင်းဟူသည့်ပြယုဂ်တစ်ခုပင်ဖြစ်သည်ဟု ဆိုသည်။

Hilux REVO ကားအမျိုးအစားသည် အကြမ်းခံသည့်ကားအမျိုးအစားတစ်မျိုးဖြစ်ပြီး လုပ်ငန်းများ အတွက်သာမကစီးပွားရေး လုပ်ငန်းများအတွက်ကိုပါ လမ်းခရီးကြမ်းတမ်းမှုများတွင် မောင်းနှင်သွားလာနိုင်သည့် ကားတစ်စီးအဖြစ်ဖန်တီးတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

Hilux REVO တွင် ကျယ်ဝန်းရှည်လျားသည့် ကုန်တင်ခန်းပါဝင်ပြီး အဆိုပါကုန်တင်ခန်းကို ဘက်စုံအသုံးပြုနိုင်ရန် သံကွင်းများကိုပါ ချိတ်ဆက်ပေးထားကြောင်း၊ ထို့ပြင် ကားနောက်ပိုင်းတွင် အသုံးပြုထားသည့် အဆိုပါကွင်းများကို နှစ်ကာလရှည်ကြာစွာ အသုံးပြုနိုင်ရန် စတီးလ်များဖြင့် တည်ဆောက်ထားကြောင်း သိရသည်။


ထို့ပြင် အဆိုပါကားအမျိုးအစားတွင် လုံခြုံမှုကို အပြည့်အဝပေးနိုင်မည့် ဘရိတ် နည်းပညာသစ်များကိုလည်း ထည့်သွင်းပေးထားကြောင်း၊ လင်ခရူဇာနှင့်ပါရာဒိုတို့တွင် အသုံးပြုထားသည့် ဘရိတ်နည်းပညာကို အသုံးပြုထားခြင်းဖြစ်ပြီး အရေးပေါ်ဘရိတ်ဖမ်းသည့်နေရာတွင် ကူညီပေးမည်ဖြစ်ပြီး ကားကို တည်ငြိမ်စွာဖြင့် မောင်းနှင်နိုင်အောင် ကူညီပေးမည်ဖြစ်ကြောင်း၊ Hilux REVO ကားအမျိုးအစားသစ်များက မြန်မာပြည်၏ ကားအသုံးပြုသူတွေကို စိတ်ကျေနပ်မှု အပြည့်အဝ ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း Toyota Motor Asia Pacific Pte. Ltd. ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ မစ္စတာ ယိုရှိနိုရီကာတိုက ပြောကြားခဲ့သည်။

အဆိုပါ ကားမိတ်ဆက်ပွဲတွင် Toyota Hilux REVO ကား အမျိုးအစားသာမက Hylux REVO Extra-Cab Manual Transmission (M/T) နှင့် Hilux REVO Double-Cab Automatic Transmission(A/T) တို့ကိုပါ မိတ်ဆက်ပြသခဲ့သည်။

အဆိုပါ တိုယိုတာကားအမျိုးအစားသစ်များကို အောက်တိုဘာလ ၁၈ ရက်နေ့မှစတင်ကာ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသည့် တိုယိုတာကားအရောင်းကိုယ်စားလှယ်များ ထံတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမော်ဒယ်အသစ်ကားများတွင် Single Cab ကားအမျိုးအစားကို အမေရိကန်ဒေါ်လာ ၁၉၀၀၀ဖြင့် လည်းကောင်း၊ Extra Cab(4x2) ကားအမျိုးအစားကို အမေရိကန်ဒေါ်လာ ၂၄၀၀၀ ဖြင့် လည်းကောင်း၊ Extra CAb(4x4) ကားအမျိုးအစားကို အမေရိကန် ဒေါ်လာ ၂၆၅၀ဖြင့်လည်းကောင်း၊ Double Cab(4x2) ကား အမျိုးအစားကို အမေရိကန်ဒေါ်လာ ၃၃၁၀၀ဖြင့်လည်းကောင်း၊ Double Cab(4x4)6MT ကို အမေရိကန်ဒေါ်လာ ၃၅၆၀၀ဖြင့် လည်းကောင်း၊ Double Cab(4x4)5AT udk အမေရိကန်ဒေါ်လာ ၄၄၀၀၀ဖြင့် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## ပြောင်း



### ပြောင်းတင်ပို့မှု လျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊လွယ်ဂျယ်၊ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးစခန်းများမှ အောက်တိုဘာ ၁၀ ရက်မှ ၁၆ ရက်အတွင်း ကန်ဒေါ်လာ ၄ ဒသမ ၃၆၆ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၇၉၁၄ တန်ကိုတင်ပို့ခဲ့ပါတယ်။စခန်းအလိုက် တင်ပို့ခဲ့တဲ့တန်ချိန်များမှာ မူဆယ်မှ ၁၄၆၂၀ တန်၊လွယ်ဂျယ်မှ ၂၁၇၇ တန်ခွဲ၊ ချင်းရွှေဟော်မှ ၇၅၄ တန်နဲ့ ကန်ပိုက်တီးမှ ၃၆၂ တန်ခွဲဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က ဒီစခန်းလေးခုမှ ပြောင်းတန်ချိန် ၂၇၂၃၃ တန်ထိ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်ပြောင်းတင်ပို့မှု ၉၃၁၉ တန် လျော့ကျသွားတာ တွေ့ရပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာတော့ ပြောင်းဈေးက ယခင်သီတင်းပတ်အတိုင်း ပြောင်းလဲမှုမရှိပါဘူး။မူဆယ်ဈေးကွက်မှာ ပြောင်းသစ်တွေ နယ်စုံမှဝင်ရောက်နေပေမယ့် အဝင်လှိုင်လာတာရော အစိုခာတ်ရှိနေတာကြောင့်ပါ ဈေးကောင်းမရ ဖြစ်နေတာလို့ သိရပါတယ်။ **မော်မော်အောင်**

### အစေ့ထုတ်ပြောင်း ပိုမိုစိုက်ပျိုး

မြင်းခြံမြို့နယ်အနေဖြင့် အစေ့ထုတ်ပြောင်းလျာထားဧက ၇၅၀ ဖြစ်ပြီး၊ စိုက်ပျိုးမြေဧက ၂၃၆၈ စိုက်ပျိုးခဲ့ ပြီး စိုက်ပျိုးမှုမျိုးစေ့အမျိုးပေါင်းမှာ ၁၇ မျိုးခန့်ရှိတယ်လို့ သိရပါတယ်။ အခုဆိုရင် ကုန်းပိုင်းစိုက်ပျိုးမှုများမှ အစေ့ထုတ်ပြောင်း (CP) များ ဈေးကွက်ထဲကို ဝင်ရောက်လို့လာပါပြီ၊ နယ်ဈေးကွက်များဖြစ်တဲ့ နေပြည်တော်၊ ပျဉ်းမနား၊ တပ်ကုန်းနယ်များမှလည်း ဈေးကွက်ထဲကိုဝင်ရောက်ပါတယ်။ ဈေးနှုန်းအနေနဲ့ တစ်ပိဿာ ၄၀၀ ကျပ် ရှိပြီး၊ အစောပိုင်းဈေးနဲ့ယှဉ်ရင် ဈေးနှုန်းဟာအနိမ့်ဘက်မှာရှိသော်လည်း ယခင်နှစ်ကာလတူက တစ်ပိဿာ ၃၀၀ ကျပ် ဝန်းကျင်သာရှိကြောင်း လုပ်ငန်းရှင်တစ်ဦးက ဆိုပါတယ်။ အမြဲတမ်းဈေးကွက်ဝယ် လိုအားရှိသီးနှံဖြစ်တဲ့ အစေ့ထုတ်ပြောင်းကို တောင်သူအများစု စိတ်ဝင်စားကြတဲ့အတွက် တစ်နှစ်ထက်တစ်နှစ် စိုက်အားပိုမိုလာကြောင်းသိရပါတယ်။

**ဖြိုးအိမွန်-မြင်းခြံ**

## ကော်ဖီ

### တရုတ်နိုင်ငံသို့ ကော်ဖီစေ့တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ၁၀ ရက်မှ ၁၆ ရက်အတွင်း ကန်ဒေါ်လာ ၃၂၉၀၀ တန်ဖိုးရှိ ကော်ဖီစေ့ ၃၅ တန် တင်ပို့နိုင်ခဲ့ပါတယ်။စက်တင်ဘာလက တင်ပို့မှုမရှိခဲ့ဘဲ ဩဂုတ်လက ၂ တန်ခွဲတင်ပို့ခဲ့တာတွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်က ကော်ဖီသီးတစ်ပိဿာကို ကျပ်သုံးရာထိ ထိုးကျသွားခဲ့ပြီး ဒီနှစ်ကော်ဖီရာသီမှာတော့ ကော်ဖီသီးတစ်ပိဿာကို ကျပ်ငါးရာမှ ခုနစ်ရာအတွင်း သတ်မှတ်ထားပါတယ်။ကော်ဖီစိုက်ပျိုးသူတွေက ကော်ဖီစိုက်ပျိုးရာမှာ ကော်ဖီပင်ငယ်လေးများ အရိပ်ရစေဖို့ သစ်ပင်ကြီးမျိုးတွေ ထည့်သွင်းစိုက်ပေးရလို့ သဘာဝပတ်ဝန်းကျင်ကိုလည်း အထောက်အကူပြုပါတယ်။

“ပြီးခဲ့တဲ့နှစ်က ဂျပန်နဲ့ ကိုရီးယားကကော်ဖီအဝယ်တော်တွေ ဒီထိဆင်းလာပြီး ကျွန်တော်တို့ ကော်ဖီကိုလာဝယ်ကြတယ်။သူတို့ကြိုက်လည်း ကြိုက်ကြတယ်။ ဒါကြောင့် ဒီနှစ်တော့ တန် ၂၀ ထိထုတ်မယ်လို့ ရည်ရွယ်ထားတယ်”လို့ ပြင်ဦးလွင်မှ ကော်ဖီစိုက်ဒေသခံတစ်ဦးကဆိုပါတယ်။ **မော်မော်အောင်**

## သကြား

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သကြားဖြူ တန်တစ်သောင်းရှစ်ထောင်ကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်တရုတ်နိုင်ငံသို့ အောက်တိုဘာ ၁၀ ရက်မှ ၁၆ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ ၁၀ ဒသမ ၆၁၂ သန်းတန်ဖိုးရှိ သကြားဖြူ ၁၈၂၀၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် သကြားဖြူ ၆၀၄၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ပွင့်လင်းရာသီဖြစ်ပြီး တရုတ်ဝယ်လက်ရှိသဖြင့် မန္တလေးဈေးကွက်မှာ သကြားအကြမ်းရော အနုပါ တင်ပို့မှုရှိတယ်လို့ ကုန်စည်ဒိုင်မှသိရပါတယ်။ လက်လီသကြားဈေးကတော့ တစ်ပိဿာလျှင် ပေါက်ဈေး ၁၂၅၀-၁၃၀၀ ကျပ်ဈေးရှိတယ်လို့ သတင်းရရှိပါတယ်။ **မြင့်မြင့်မာ**

## ရော်ဘာ

### ရော်ဘာဈေးငြိမ်လျက်ရှိ



အောက်တိုဘာ ၁၀ ရက်မှ ၁၆ ရက်ထိကာလအတွင်းမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၂၆၀ သန်းဖိုးရှိ ရော်ဘာ RSS-3 ၂၂၁ တန် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က တန် ၅၅၀ တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ၃၂၉ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။ ရော်ဘာတင်ပို့မှု လျော့ကျသော်လည်း ရော်ဘာဈေးကတော့ အတက်အကျမရှိဘဲ ဈေးငြိမ်နေတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရှိရပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန် ၁၆၉၃၆၈၇ ကျပ်ဈေးပေါက် ပြီး ယခုတစ်ပတ်မှာလည်း မပြောင်းလဲဘဲ ထိုဈေးနှုန်းအတိုင်း ရှိနေပါတယ်။ ယခင်နှစ်ကာလတူဈေးကတော့ RSS-3 တစ်တန် ကို ၁၅၃၁၈၄၈ ကျပ်ရှိတယ်လို့သိရပါတယ်။ **ယဉ်ယဉ်အေး**

### ပင်လယ်ရေကြောင်းမှ ရော်ဘာပိုမိုတင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အောက်တိုဘာလ ၁၁ ရက်မှ ၁၇ ရက်နေ့ထိကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၆၃၃ သန်း တန်ဖိုးရှိရော်ဘာ ၆၁၄ တန်ကို မလေးရှား၊ဂျပန် ၊ကိုရီးယားနဲ့ စင်ကာပူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS-3 ၁၄၁ တန်၊ ဂျပန်နိုင်ငံသို့ MSR- 20 ၁၉၆ တန်၊ ကိုရီးယားနိုင်ငံသို့ MSR- 20 ၁၀၁ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၁၇၆ တန်ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၂၀ ခန့်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာပေါက်ဈေးအတက်အကျ သိပ်မရှိဘဲ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒါ့ကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးကိုလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားကြောင်းသိရှိရပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀ -၁၀၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀ -၁၀၀၀** |
| **Concentrate** | **တစ်တန်လျှင်** | **ဒေါ်လာ ၇၅၀ - ၈၅၀** |
| **Latex 60% DRC** | | |

**ယဉ်ယဉ်အေး**

## သကြား

# ကမ္ဘာ့သကြားဈေးမြင့်တက်လာခြင်းကြောင့် အိန္ဒိယသကြားစက်များ ပို့ကုန်ရည်မှန်းချက်ပြည့်မီစေနိုင်

ကမ္ဘာ့သကြားဈေး မြင့်တက်လာခြင်းကြောင့် ပြည်ပတင်ပို့ရန် လိုအပ်တဲ့တန်ချိန် လေးသန်းကိုပြည့်မီအောင်ထုတ်လုပ်ရန် အထောက်အကူပြုလျက်ရှိပါတယ်။ ကမ္ဘာ့ဈေးကွက်မှာ သကြားဈေးမြင့်တက်လာတဲ့အပြင် တရုတ်နဲ့ အင်ဒိုနီးရှားတို့ကဲ့သို့သော နိုင်ငံများမှာလည်း ဈေးကွက်ရရှိလာခြင်းတို့ကြောင့် အိန္ဒိယသကြားစက်လုပ်ငန်းရှင်များအတွက် များစွာအကျိုးပြုနေပြီဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံဟာ ကမ္ဘာမှာသကြားအများဆုံး သုံးစွဲတဲ့နိုင်ငံဖြစ်ပြီး သကြားထုတ်လုပ်တဲ့နိုင်ငံများအနက် ဒုတိယနေရာမှာရှိနေပါတယ်။ ပြီးခဲ့တဲ့လကစခဲ့တဲ့ ယခုနှစ်သကြားရာသီမှာ တန်ချိန်လေးသန်း အနည်းဆုံး တင်ပို့ရမယ်လို့ အစိုးရကသတ်မှတ်ထားပါတယ်။

ကမ္ဘာ့ဈေးကွက်အခြေအနေဟာ မျှော်မှန်းထားတာထက် ပိုမိုကောင်းမွန်နေရာ တန်ချိန် လေးသန်းတင်ပို့နိုင်မယ့်အလားအလာရှိတယ်လို့ အိန္ဒိယသကြားစက်လုပ်ငန်းရှင်များအသင်း(ISMA)က ရိုက်တာသတင်းဌာနကို ပြောကြားပါတယ်။

အာရှနဲ့ အာဖရိကနိုင်ငံများက သကြားဖြူများ ထုတ်လုပ်နေတဲ့အတွက် အိန္ဒိယသကြားစက်များက သကြားဖြူထက် သကြားညိုကို အများဆုံးတင်ပို့လျက်ရှိပါတယ်။အစဉ်အလာဈေးကွက်ဖြစ်တဲ့ အရှေ့အလယ်ပိုင်းကို တင်ပို့ခြင်းအပြင် တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ သီရိလင်္ကာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့လည်း သကြားရောင်းချရန် ကြိုးပမ်းလျက်ရှိပါတယ်။ပို့ကုန်တင်ပို့မှုအပေါ် ပေးတဲ့ အစိုးရရဲ့မက်လုံးကြောင့် ပြီးခဲ့တဲ့နှစ်က သကြားတန်ချိန် ၁ဒသမ ၂သန်းထိတင်ပို့နိုင်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဟာ ပြီးခဲ့နှစ်က သကြားတန်ချိန် ၂၅ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး နှစ်စဉ် ပြည်တွင်းစားသုံးမှုက တန်ချိန် ၂၅ ဒသမ ၂ သန်းမှ ၂၆ သန်းအထိ ရှိတယ်လို့ သိရပါတယ်။ သို့သော် ယခုနှစ်မှာ ကမ္ဘာ့သကြားဈေးကောင်းတဲ့အတွက် အစိုးရက မျှော်မှန်းထားတဲ့ တန်ချိန် လေးသန်းပြည်ပပို့နိုင်ရေးအတွက် သကြားစက်လုပ်ငန်းရှင်များက အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမယ်လို့ လုပ်ငန်းရှင်များအသင်း အကြီးအကဲက ပြောကြားပါတယ်။

အိန္ဒိယနိုင်ငံမှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လထိ ခုနစ်လတာကာလအတွင်း သကြားဈေး ၂၀ ရာခိုင်နှုန်း ကျော်ထိ ကျဆင်းနေခဲ့ရာမှ ယခုအခါ လွန်ခဲ့တဲ့နှစ်လကျော် ဩဂုတ်လကစပြီး သကြားဈေး ၂၅ ရာခိုင်နှုန်းကျော်ထိ မြင့်တက်လာရာ ရင်းနှီးမြှုပ်နှံထားသူများအတွက် ကောင်းသတင်းတစ်ရပ်ဖြစ်စေပါတယ်။ ဈေးကွက်ကျွမ်းကျင်သူများကတော့ ကြံအမြောက်အမြား စိုက်ပျိုးတဲ့ဒေသများမှာ မိုးများလွန်းပြီး ပွဲတော်ရက်ကလည်း နီးကပ်လာပြီဖြစ်တာမို့ ဥတ္တပရာဒေ့ရှ်၊ ကာနာတာကာ၊ မဟာရာသျှတ္တရာတို့မှာ သကြားဈေးများမြင့်တက်နေတာလို့ပြောကြပါတယ်။

ဇူလိုင်လ ၃၁ ရက်က သကြားတစ်ကွမ်တယ်ကို ၂၁၆၄ ဒသမ ၁၅ ရူပီးရှိခဲ့ရာမှ အောက်တိုဘာလ ၇ ရက်နေ့မှာ ၂၆၉၉ ရူပီးထိ မြင့်တက်ခဲ့ပါတယ်။ နှစ်ကုန်ပိုင်းမှာ ရူပီး ၃၀၀၀ ခန့်ထိ ရောက်သွားနိုင်တယ်လို့လည်း ခန့်မှန်းထားပါတယ်။

**CMK**

# နွေစပါးတစ်တင်းထုတ်လုပ်မှုကုန်ကျစရိတ် လျော့နည်းသွားအောင် ဆောင်ရွက်ရန်လိုအပ်လာပြီ

ကျော်မြင့်

ကျွန်တော်သည် ရန်ကုန်တွင်ကျင်းပသော မြန်မာနိုင်ငံ၏ ဆန်စပါးမူဝါဒ (Rice policy)၊ အရန်ဆန်ထားရှိမှု (Rice reserve )များနှင့်ပတ်သက်သည့် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ ပြည်ပသို့ ၂၅ မှတ်ဆန်တင်ပို့ရောင်းချပါက ဆင်းကေရီ၊ မနောသုခ၊ ရွှေဝါထွန်း၊ သီးထပ်ရင်၊ ဧရာမင်းစသည့်စပါးများကိုရောပြီး ဧည့်မထ ဆန် ၂၅ မှတ်အဖြစ်ကြိတ်ခွဲတင်ပို့ရောင်းချကြသည်။ ကြိတ်ခွဲရရှိသော ဆန်တွင် အမိုင်လို့စ် (Amylose)ပါဝင်မှုမှာစပါးမျိုးအလိုက်မတူညီသောကြောင့် ဆန်ကိုချက်ပြုတ်စားသုံးပါကပျော့သော၊ မာသော စားသုံးမှုအရသာများရောထွေးနေပြီး ချက်ပြုတ်မှုတွင်လည်း တစ်ချိန်တည်း ထမင်းအပျော့၊ အမာမတူညီနိုင်ပေ။ ဧည့်မထစပါး အုပ်စုတွင် ပါဝင်သော စပါးမျိုးများရော၍ ကြိတ်ခွဲရောင်းချခြင်းသည် မြန်မာ့ ဆန်ဧည့်မထဆန် အရည်အသွေးနိမ့်ကျမှုကို ဖြစ်ပေါ် စေသည့် အကြောင်းအရင်း တစ်ခုဖြစ်ကြောင်း လေ့လာသိရှိရသည်။ ပြည်ပသို့ တင်ပို့ရောင်းချသော ဆန်ဈေးနိမ့်ကျပါက ပြည်တွင်းတွင် ပြန်လည်ဝယ်ယူသည့် ဧည်မထစပါးဈေးပါနိမ့်ကျလာမည်ဖြစ်ပါသည်။

**နွေစပါးသီးထပ်ရင် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်။** နွေစပါး အဓိကစိုက်ပျိုးထုတ်လုပ်သော အောက်မြန်မာပြည် မြစ်ဝကျွန်း ပေါ်ဒေသ ဧရာဝတီတိုင်းဒေသကြီးတွင် သီးထပ်ရင်နွေစပါး တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ကျပ်သုံးသိန်း နှစ်သောင်းကျော် ကုန်ကျပါသည်။ နွေစပါးသီးထပ်ရင် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် ဖော်ပြချက်ကို ဇယား-၁ တွင် လေ့လာကြည့်ရှုရန် ဖြစ်ပါသည်။

ဇယား-၁။ နွေစပါး သီးထပ်ရင် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျ စရိတ်

| aEpy; o;xy&i puy;xwvyr | wp {upuy;xwvyr ueup&w(uy) | wp{upuy;xwvyr ueup&way:wiy0i r&mciEe; |
|---|---|---|
| (1)rom;pvy tm; (farm family labour) | 31000 | 10% |
| (2) tim;vy tm; ( Hired labour) | 137500 | 43% |
| (3)puy;a&;oi; tm;p (Agro-input) | 15500 | 48% |
| puy;xwvyrueup&wppayi; (Production cost) (1) _ (2) _ (3) | 323500 | 100% |
| r&rjzpaiom;v tycu {(2) _ (3)} | 153000 ( 137500+15500) | 47% (153000/323500) |

ဇာစ်မြစ်၊ ဧရာဝတီတိုင်း စိုက်ပျိုးရေး ဦးစီးဌာန ( ၂၀၁၄-၂၀၁၅)

နွေစပါးသီးထပ်ရင် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ကို စရိတ်ရှင် (Variable cost) များပေါ်အခြေခံပြီး တွက်ချက်ထားပါသည်။ စရိတ်ရှင်တွင်အငှားလုပ်အား၊ စိုက်ပျိုးရေးသွင်းအားစုများပါဝင် ပြီး၊ ပုံသေစရိတ်တွင် စိုက်ပျိုးသူပိုင်ဆိုင်သော လယ်ယာ သုံးစက်ကိရိယာ၊ စပါးသိုလှောင်ရန်အဆောက်အဦ၊ ရေစုပ်စက် စသည်တို့ကို အရင်းလျော့တန်ဖိုး (Depreciation ) ဖြင့်တွက်ချက်ရပါသည်။ သို့သော် ဤတွက်ချက်မှုတွင် ရေစုပ်စက်ကိုစိုက်ပျိုးသူက မပိုင်ဆိုင်လျှင် ငှားရမ်းသုံးစွဲပါကမည်မျှပေးရမည်နည်း၊ မိမိနှင့်မိမိ၏မိသားစု လုပ်အားဖြင့်လုပ်ကိုင်ပါက အခြားနွေစပါး စိုက်ခင်းသို့ တစ်ရက်သွားရောက်လုပ်ကိုင်ပါက မိသားစုလုပ်အားခ(သို့မဟုတ်) အငှားလုပ်အားခ မည်မျှရသနည်း(Opportunity cost)တို့ကို ခြေခံပြီး မိသားစု လုပ်အားခ၊ စိုက်ပျိုးသူပိုင်ဆိုင်သည့်ရေစုပ်စက်၊ လယ်ယာသုံးစက်ကိရိယာများအတွက် ကုန်ကျစရိတ်ကို တွက် ချက်ထားပါသည်။

နွေစပါး သီးထပ်ရင် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်စရိတ်ရှင်သည် ကျပ် ၃၂၃၀၀၀ ကျော်ကုန်ကျပြီး၊ အငှားလုပ်အားအတွက် ပေးချေရမည့်ငွေ၊ စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူရန် ငွေလိုအပ်ချက်နှစ်ရပ်ပေါင်းပါက ၁၅၃၀၀၀ ကျပ်( ၁၃၇၅၀၀ + ၁၅၅၀၀) ဖြစ်ပြီး၊ နွေစပါး သီးထပ်ရင် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျ စရိတ်၏ ၄၇ ရာခိုင်နှုန်း ရှိပါသည်။

**စပါးတစ်တင်းထုတ်လုပ်မှုကုန်ကျစရိတ်ကိုလျော့နည်းသွား စေသည့်နည်းလမ်း။** နွေစပါး သီးထပ်ရင် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျ စရိတ်စရိတ်ရှင်သည် ကျပ်၃၂၃၀၀၀ ကျော်ကုန်ကျပြီး၊ နွေစပါး တစ်ဧက စပါးအထွက်နှုန်း အပြောင်းအလဲကြောင့် နွေစပါးတစ်တင်း ကုန်ကျစရိတ် အပြောင်းအလဲကို ဇယား-၂ တွင် တွက်ချက်ဖော်ပြ ထားပါသည်။

နွေစပါးတစ်ဧကစပါးအထွက်များလာလေလေ၊ နွေစပါး တစ်တင်း ကုန်ကျစရိတ် ( Summer paddy production cost per basket )လျော့နည်းလာသည်ကိုတွေ့မြင်ရမည်ဖြစ်ပါသည်။ နွေစပါး တစ်ဧက တင်း၈၀ ထွက်ရှိပါက နွေစပါးတစ်တင်း ကုန်ကျစရိတ်သည် ကျပ် ၄၀၀၀ကျော်ဖြစ်ပြီး၊ နွေစပါး တစ်ဧက တင်း၉၀ ထွက်ရှိပါက နွေစပါးတစ်တင်း ကုန်ကျစရိတ်သည် ကျပ် ၃၅၀၀ ကျော်ဖြစ်ပါသည်။ နွေစပါးတစ်ဧကအထွက်တိုးရန် စပါးအထွက်တိုးနည်းပညာ (Proven technology )ကို စပါးစိုက်လယ်သမားများ လိုက်နာဆောင် ရွက်ရေးသည် အရေးပါသော အချက်ဖြစ်လာပါသည်။ နွေစပါး တစ်တင်း ကုန်ကျစရိတ် လျော့နည်းလာလေလေ၊ စိုက်ပျိုးထုတ်လုပ်သူအတွက် အကျိုးအမြတ်ပိုရရှိလာလေလေ ဆိုသော အချက်ကို ဇယား-၂ တွင်လေ့လာ ကြည့်ရှုရန်ဖြစ်ပါသည်။

ဇယား-၂။ သီးထပ်ရင်နွေစပါး၊ တစ်ဧကစပါးအထွက်တိုး အောင်ဆောင်ရွက်ခြင်းဖြင့် စပါးတစ်တင်း ထုတ်လုပ်မှုကုန်ကျစရိတ် လျော့နည်းသွားမှုကိုတွက်ချက်ဖော်ပြခြင်း

| aEpy;wp {upuy; xwvyr ueup&w(uy) | aEpy; wp{upy; t xuEe; (wi;/{u) | aEpy; wpwi; ueup&w (uy) | aEpy; o;xy&i wpwi; a&mi;ap;(uy) | aEpy;o; xy&iwp wi;ay: tjrw(uy) | wp{upy; t xuay: tjrw (uy) |
|---|---|---|---|---|---|
| 323500 | 75 | 4313 | 4200 | (-)113 | (-)8500 |
| 323500 | 80 | 4044 | 4200 | 156 | 12500 |
| 323500 | 82 | 3945 | 4200 | 255 | 20900 |
| 323500 | 84 | 3851 | 4200 | 349 | 29300 |
| 323500 | 86 | 3762 | 4200 | 438 | 37700 |
| 323500 | 88 | 3676 | 4200 | 524 | 46100 |
| 323500 | 90 | 3594 | 4200 | 606 | 54500 |

**ဆန်တင်ပို့ရောင်းချသူများ**က သီးထပ်ရင်နွေစပါးစိုက်ပျိုးမှု တွင် စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ဓာတ်မြေသြဇာ၊ ဒီဇယ်ဆီ၊ ပိုးသတ်ဆေး ဈေးနှုန်းများကြီးမြင့်ခြင်းကို ပြောဆိုလာကြပါသည်။ စိုက်ပျိုးရေးသွင်းအားစု ဈေးနှုန်းများသည် အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွင် ဖြစ်ပေါ် သည့်ဈေးနှုန်းများနှင့် ဆက်စပ်မှု ရှိပါသည်။ ထို့ပြင် ပြည်တွင်းဈေးကွက်တွင်လက်ရှိအခြေအနေအရ အမေရိကန် ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်မှုတွင် မြန်မာကျပ်ငွေ ခိုင်မာမှု အားနည်းလာခြင်းကြောင့်လည်းဈေးနှုန်းများ မြင့်လာမည် ဖြစ်ပါ သည်။

ဇယား-၃။ သီးထပ်ရင်နွေစပါးတစ်ဧကစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်၊ တစ်ဧကစပါးအထွက်နှုန်း။ စပါးတစ်တင်းရောင်း ဈေး၊ကုန်ကျစရိတ်နှင့် ရငွေအချိုး၊ တစ်ဧကအကျိုးအမြတ်ကို တွက်ချက်ဖော်ပြခြင်း

| aEpy; wp{upuy; xwvyr ueup&w (uy) | aEpy; wp{upy; t xuEe; (wi;/{u) | aEpy; o;xy&i wpwi; a&mi;ap; (uy) | wp{ur &ai ppayi; (uy) | ueup&w Ei &ai tc; | wp{u py; t xuay: tjrw(uy) |
|---|---|---|---|---|---|
| 323500 | 75 | 4200 | 315000 | 0.97 | (-)8500 |
| 323500 | 80 | 4200 | 336000 | 1.04 | 12500 |
| 323500 | 82 | 4200 | 344400 | 1.06 | 20900 |
| 323500 | 84 | 4200 | 352800 | 1.09 | 29300 |
| 323500 | 86 | 4200 | 361200 | 1.12 | 37700 |
| 323500 | 88 | 4200 | 369600 | 1.14 | 46100 |
| 323500 | 90 | 4200 | 378000 | 1.17 | 54500 |

ထို့ကြောင့် နွေစပါးတစ်တင်း ကုန်ကျစရိတ်လျော့နည်းလာ စေရန်အတွက် နွေစပါးတစ်ဧက အထွက်တိုးမည့် စပါးအထွက်တိုး နည်းပညာ (Proven technology )ကို နွေစပါးစိုက်လယ်သမားများ မဖြစ်မနေလိုက်နာဆောင်ရွက်ရေးသည် စီးပွားရေးတွက်ချေကိုက်မှု ရှုထောင့်အရ အရေးပါသော သော့ချက် ဖြစ်လာပါတော့သည်။

ဇယား-၃ တွင်ဖော်ပြသကဲ့သို့ နွေစပါးတစ်ဧက ၇၅ တင်း ထွက်ရှိပါက နွေစပါးတစ်ဧကစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် ကျပ်၃၂၃၀၀၀ ကျော်ကုန်ကျစရိတ်ကို ကာမိခြင်းမရှိဘဲ အကျိုးအမြတ်မရှိတော့ပါ။

နွေစပါးတစ်ဧက တင်း၈၀နှင့်အထက် ထွက်ရှိပါက ထုတ်လုပ်မှုကုန်ကျစရိတ်ကိုကာမိပြီး အကျိုးအမြတ်ရရှိလာမည်ဖြစ် ပါသည်။ နွေစပါးတစ်ဧက တင်း ၈၀ နှင့် အထက်ပိုထွက်ရှိလေလေနွေစပါးတစ်တင်း ကုန်ကျစရိတ် ( Summer paddy production cost)လျော့နည်းလာပြီး၊ နွေစပါးစိုက်လယ်သမားများ စီးပွားရေး တွက်ချေကိုက်မှုပိုမိုဖြစ်ပေါ်လာမည်ဟု စိစစ်သုံးသပ်ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံတွင်နွေစပါးကို ၁၉၉၂-၉၃ ခုနှစ်မှ ယနေ့ ကာလအထိ စိုက်ပျိုးလျက်ရှိရာ နှစ်ပေါင်း ၂၀ ကျော်ပြီ ဖြစ်ပါသည်။ နွေစပါးစိုက်လယ်သမားများသည်လည်းကောင်း၊ နွေစပါးစိုက် လယ်သမားများနှင့်ထိတွေ့ ဆက်ဆံသည့် စိုက်ပျိုးရေးနည်းပညာပေး ဝန်ထမ်း (Extension staff ) များသည်လည်းကောင်း အတွေ့အကြုံ ရှိပြီးသောသူများဖြစ်သဖြင့် စပါးအထွက်တိုးနည်းပညာ (Proven technology )ကို နွေစပါးစိုက်လယ်သမားများ မဖြစ်မနေလိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း စိစစ်သုံးသပ်ဖော်ပြအပ်ပါသည်။

Vol: 15, No.41 Monday October 26 2015

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တိုက်ကြီးမြို့နယ် မြို့မဈေးခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာဖြင့် စားသောက်ကုန်၊ လူသုံးကုန်၊အလှကုန်၊ ဆေးဝါးများ ဝယ်ယူသုံးစွဲနိုင်ရေးကို ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာန၊ တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီတို့နှင့်ပူးပေါင်း၍ အောက်တိုဘာလ ၂၀ ရက် နေ့လယ်ကတိုက်ကြီးမြို့နယ် မြို့မဈေးခန်းမ၌ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဦးစီးအရာရှိ ဒေါ်မိမိထွေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိဒေါ်မြင့်မြင့်ချိုက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင် ပါရှိသည့် စားသုံးသူအကာအကွယ်ပေးရေးအဓိပ္ပာယ်နှင့် စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင် တာဝန်များ၊ တားမြစ်ချက်များ၊ပြစ်မှုပြစ်ဒဏ်များ၊ လူတိုင်းကျန်းမာပြီး အသက်ရှည်စွာ နေထိုင်နိုင်ရန် လူနေမှုဘဝနှင့် နေထိုင်စားသောက်မှုပုံစံ ပြောင်းလဲသင့်ကြောင်းတို့ကိုလည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဦးစီးအရာရှိ ဒေါက်တာစုမွန်ချယ်က ဌာနအနေဖြင့် တင်သွင်း/ တင်ပို့သည့် အစားအသောက်များကို စစ်ဆေးခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ အစားအစာ လူသုံးကုန်များတွင် အသုံးပြုသည့်ဓာတုဆိုးဆေးများအကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ နိုင်ငံပိုင်သတင်းစာတွင် ကြေငြာထားသည့် စားသုံးရန်နှင့်သုံးစွဲရန်မသင့်သော ကုန်ပစ္စည်းများကို သတိထားဖတ်ရှု၍ ရှောင်ရှားစေလိုကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့ပါသည်။

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနကိုယ်စား တိုက်ကြီးမြို့နယ် ကျန်းမာ ရေးမှူးအဆင့်(၁) ဒေါ်နော်ခါးရီကမိမိတို့ဌာနအနေဖြင့် စည်ပင်၊ ပြန်ကြားရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပညာရေးဌာနတို့မှ တာဝန်ရှိသူများနှင့်ပူးပေါင်းပြီး စားသုံးရန်မသင့်သောစားသောက်ကုန်များကို လိုက်လံစစ်ဆေးခဲ့ပါကြောင်း၊ အသင့်စား စားသောက်ကုန်များတွင် ဖော်ပြထားသော သက်တမ်းကုန်ဆုံးရက်စွဲအား သတိထားသင့်ကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက မိမိတို့အနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများကို ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ လိုက်လံဟောပြောဆွေးနွေးလျက်ရှိကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအမှတ် (၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေကိုရေးဆွဲလျက်ရှိကြောင်း၊ စားသုံးသူများနှင့်စီးပွားရေး လုပ်ငန်းရှင်များအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို ဖြေရှင်းပေးရန် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ကြောင်း၊ ထို့အပြင် စားသုံးသူများ၏ ဆုံးရှုံးမှု၊ နစ်နာမှုများကိုတိုင်ကြားနိုင်ရန် စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ လုံခြုံစိတ်ချရမှုမရှိသည့် ထုတ်ကုန်များကို ဖော်ထုတ်နိုင်ရန် အတွက် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီတို့ကိုလည်း ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို တစ်ဦး တစ်ယောက်တည်း၊ ဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရသဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသွားပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) နှင့်ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာမှ အဖွဲ့ဝင်များ၊ လက်ထောက်ပညာရေးမှူးနှင့် ဆရာ/ ဆရာမများ၊ မြို့မဈေးတာဝန်ခံနှင့် ဈေးသူ/ဈေးသားများ စုစုပေါင်း ၉၅ ဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်မြင့်ဇော် (စားသုံးသူ) ရန်ကုန်**

# သဲကုန်းနဲ့ ပေါင်းတည်မြို့နယ်များအတွင်းရှိ စာသင်ကျောင်းများနဲ့ ဈေးအတွင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကျင်းပ

ပဲခူးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူးရုံးသည် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ ရက်နေ့က သဲကုန်းမြို့နယ် ရွာထောင်ကုန်း၊ အခြေခံပညာမူလတန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကိုယ်စား ဦးသုတအောင်က အဖွင့်အမှာစကားပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ သဲကုန်းမြို့နယ်တာဝန်ခံ၊ ဒုတိယဦးစီးမှူး၊ ဦးအောင်သိန်းက ကျောင်းသား ကျောင်းသူများ သိရှိထားသင့်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဗဟုသုတများအား ရှင်းလင်းဟောပြောခြင်း၊ တားမြစ်ဓါတုဆိုးဆေးများပါဝင်သော အစားအသောက်များ၏ အန္တရာယ်ရှိမှုအကြောင်းအား ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲ သို့ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းစိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးနိုင်လင်း၊ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမော်၊ လက်ထောက်ပညာရေးမှူး၊ ဦးဝဏ္ဏမောင်၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ အင်အား ၁၃၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

အောက်တိုဘာလ ၁၉ ရက်ကလည်း ပေါင်းတည်မြို့ အုပ်ဖို (၁)ရပ်ကွက်၊ဈေးသစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် ပြည်ခရိုင် ဦးစီးမှူးရုံးမှတာဝန်ရှိသူများ၊ ပေါင်းတည်မြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဦးအောင်မြင့်ငွေနှင့်ဝန်ထမ်းများ၊ ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေး အလုပ်အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့်တာဝန်ရှိသူများ၊ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာညွှန့်ဦး၊ မြို့နယ်ကျန်းမာရေးမှူး ဦးအေးကျော်တို့ ပူးပေါင်း၍ ပေါင်းတည်မြို့ အုတ်ဖို (၁)ရပ်ကွက်၊ ဈေးသစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အများပြည်သူများ စားသုံးရန်နှင့်သုံးစွဲရန်မသင့်သောကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဝေငှခြင်း၊ အသိပညာပေး ပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**နိုင်လင်းထွန်း**

**စားသုံးသူရေးရာ၊ ပြည်**

# မန္တလေးတိုင်းဒေသကြီး၊ ခရိုင်သုံးခရိုင်အတွင်းရှိ ဈေးများအား ကွင်းဆင်းစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ စားသုံးသူအကာအကွယ်ပေးရေး ခိုင်မာတိုးတက်စေရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဈေးကွက်အတွင်းဘေးအန္တရာယ်ရှိသော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေးတို့အတွက် ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်အတွင်းရှိဈေးများတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) မှ ထုတ်ပြန်ကြေညာထားသော စံမညီမြေပဲဆီများနှင့် စားသုံးရန်မသင့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ရောင်းချခြင်းရှိ/မရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များ ပါဝင်သောပူးပေါင်းအဖွဲ့ဖြင့်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန (မန္တလေး)မှ သတင်းရရှိပါသည်။

အောက်တိုဘာလ ၉ ရက်နေ့တွင် ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ အေးမြကြည်လင်ဈေး၌ စားသုံးဆီအရောင်းဆိုင်များ၊ ကုန်စုံဆိုင်များကိုအဓိကစစ်ဆေးခဲ့ရာ ကုန်စုံဆိုင် ၁၄ ဆိုင်မှ စံမညီစားသုံးဆီ (ကံသာမြင့်၊စိန်မမ)အမှတ်တံဆိပ် ၈၅ ဘူး စစ်ဆေးတွေ့ရှိခဲ့ပြီး ရောင်းချသူ လုပ်ငန်းရှင်များအား ဆက်လက် မရောင်းချစေရေးနှင့် နောင်တွင်စားသုံးရန်မသင့်ကုန်ပစ္စည်းများရောင်းချပါက စားသုံးသူ အကာအကွယ် ပေးရေး ဥပဒေဖြင့် အရေးယူခြင်းခံရမည်ကို သိရှိကြောင်း ဝန်ခံကတိလက်မှတ် ရေးထိုးစေခဲ့ပါသည်။ စည်ပင်သာယာရေး အဖွဲ့မှ အဆိုပါစံမညီ စားသုံးဆီများကို သိမ်းဆည်းခဲ့ပြီး ဆက်လက်၍ စဉ့်ကိုင်မြို့နယ်၊ မြို့မဈေးအား စစ်ဆေးခဲ့ရာ စံမညီစားသုံးဆီ ရောင်းချမှုမတွေ့ရှိရကြောင်းသတင်းရရှိပါသည်။ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် မိတ္ထီလာမြို့၊ မြို့မဈေး၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် မြင်းခြံမြို့၊အေးမြသီတာဈေးတို့ကို ကွင်းဆင်း စစ်ဆေးရာတွင်လည်း စံမညီစားသုံးဆီများနှင့် စားသုံးရန် မသင့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ပူးပေါင်းအဖွဲ့မှ ဈေးသူဈေးသားများအား စားသုံးရန်မသင့်ကုန်ပစ္စည်းများ မရောင်းချစေရေး၊ စီးပွားရေးလုပ်ငန်းရှင်များအားအခွင့်အရေးနှင့် တာဝန်များကို ရှင်းလင်းဆွေးနွေး၍ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်ဟု သတင်းရရှိသည်။

**ဇော်မင်း၊ စားသုံးသူ (မန္တလေး)**

# ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံးဘားအံမြို့တွင် အောက်တိုဘာလ ၂၀ ရက်နေ့နံနက်က ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၁/၂၀၁၅)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ကြောင်း သတင်း ရရှိပါသည်။

အစည်းအဝေးသို့ ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကုန်သွယ်မှုနှင့်စားသုံးသူရေးရာဦးစီးဌာန ကရင်ပြည်နယ် ဦးစီးမှူး ဦးတင့်ဆန်းနှင့် အဖွဲ့ဝင် ၁၀ ဦးတက်ရောက်ခဲ့ပါသည်။အစည်းအဝေးတွင် ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စားအတွင်းရေးမှူး ဦးတင့်ဆန်းက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ဥပဒေအရတာဝန်နှင့် လုပ်ပိုင်ခွင့်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးအဖွဲ့နှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီများ ထပ်မံဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ချက်များအားရှင်းလင်းဆွေးနွေးပါသည်။ယင်းနောက် တက်ရောက်လာသော ကော်မတီဝင်များဖြစ်သည့် ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊စည်ပင်သာယာရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဥပဒေရုံး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန(FDA)၊ ကရင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းတို့မှ ပေါင်းစပ်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များအသိပညာပေးခြင်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်း စသည်များတွင် ပူးပေါင်းပါဝင်မည့် အခြေအနေများကို ဆွေးနွေးကြကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်**
**ကရင်ပြည်နယ်စားသုံးသူရေးရာ**

## တနင်္သာရီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူးရုံး၊ မြိတ်မြို့၌ စားသုံးသူအကာအကွယ်ပေးရေး ဆင့်ပွားသင်တန်းပို့ချ

တနင်္သာရီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးဦးဆောင်၍ မြိတ်ခရိုင်ဦးစီးမှူးရုံးရှိ ဝန်ထမ်းသင်တန်းသား/ သူ ၈ ဦးအား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့ထိ နှစ်ရက်ကြာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆင့်ပွားသင်တန်း ဖွင့်လှစ်ခဲ့ပါတယ်။ သင်တန်းတွင် ဒေသအတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာအဆက် မပြတ် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချရခြင်းဖြစ်ပြီး၊ စားသုံးသူ အကာအကွယ်ပေးရေး အဖွဲ့အစည်း စတင်ပေါ်ပေါက်လာပုံ၊ အာဆီယံနှင့်နိုင်ငံတကာ စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာများအားလည်းကောင်း၊ မိမိတိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးကော်မတီများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ အားလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်တွင်ပါဝင်သည့် စားသုံးသူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင် ထုတ်လုပ်သူများ၏ အခွင့်အရေး၊ တာဝန်နှင့် တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များအားလည်းကောင်း၊ အကျယ်တဝင့်ရှင်းလင်းပို့ချဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ဇော်မင်းလတ် - ထားဝယ်**

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများသည် အောက်တိုဘာလ ၁၆ ရက်၊ နေ့လယ်က ကော့မှူးမြို့နယ်အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများဟောပြောပွဲကျင်းပပြုလုပ် ခဲ့ပါသည်။

ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုးက စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဆွေးနွေးပွဲသည် လူ့ဘောင်လောကတွင် လိုအပ်သော ဆွေးနွေးပွဲဖြစ်သည့်အတွက် ဂရုတစိုက်မှတ်သားပြီး မိမိပတ်ဝန်းကျင်တွင် ပြန်လည်အသိပညာဖြန့်ဝေပေးဖို့ လိုကြောင်း၊ နောင်တွင်လည်း သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည့် လုပ်ငန်းဖြစ်ကြောင်း၊ ကော့မှူးမြို့နယ်ဒုတိယမြို့နယ် ပညာရေးမှူး ဦးဌေးလှိုင်ကလည်း ငယ်ရွယ်စဉ်အချိန်ကစပြီး အစား အသောက်များကို အသိ၊ သတိနှင့်ယှဉ်၍ စားသောက်ပါမှ သက်ရှည်ကျန်းမာပြီး ကျန်းမာသန်စွမ်း သောနိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများဖြစ်လာနိုင်ကြောင်း၊ ယခုကဲ့သို့လာရောက် ဟောပြော ဆွေးနွေး ပေးသည်ကို ကျေးဇူးတင်ရှိကြောင်း အသီးသီးအဖွင့်အမှာစကားပြောကြားသွားပါသည်။

ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပြဋ္ဌာန်းပြီးစီးမှု၊ စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏အခွင့်အရေးနှင့်တာဝန်များ၊ ရန်ကုန်တိုင်း ဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ် ဖွဲ့စည်း ထားရှိမှု၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ ရေနှင့်ဆေးဝါးများ၊ အန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်ရန်အတွက် ဌာနဆိုင်ရာများမှ ပူးပေါင်းပြီး အဓိက ဦးစားပေးဆောင်ရွက်သွားမည့်အခြေအနေနှင့် ထုတ်လုပ်သူများအနေနှင့် စံချိန်စံညွှန်းနှင့်အညီ မထုတ်လုပ်လျှင် အသိပညာပေးသည့်ကာလကျော်လွန်ပါက အရေးယူဆောင်ရွက်မှုများရှိလာနိုင်သည့်အတွက် မိမိတို့အပိုင်းက ကြိုတင်ပြင်ဆင်သင့်သည်များကို ကြိုတင်ပြင်ဆင်ကြရန်လိုအပ်ကြောင်းတို့ကို ဆွေးနွေးသွားပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်အိရတနာခိုင်က မိမိတို့ဌာနအနေဖြင့် အစားအသောက်၊ ဆေးဝါးများကို ကျန်းမာရေးထောက်ခံချက် ထုတ်ပေးကြောင်း၊ ဆိုးဆေးတွင် သဘာဝဆိုးဆေးနှင့်ဓါတုဆိုးဆေးဟူ၍နှစ်မျိုးရှိကြောင်း၊ အစားအသောက်များတွင် အများဆုံးတွေ့ရှိရသည့် ခွင့်မပြုသည့်ဆိုးဆေးများသည် လူတို့ကို အန္တရာယ်ချက်ချင်း မခံစားရစေ သော်လည်း နောင်တစ်ချိန်တွင် ရောဂါမျိုးစုံနှင့်ကင်ဆာရောဂါများ ခံစားရနိုင်ကြောင်းနှင့် အစားအသောက်၊ ဆေးဝါးနှင့်အလှကုန်ပစ္စည်းများ ဝယ်ယူအသုံးပြုရာတွင် လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို ဆွေးနွေး ပြောကြားသွားပါသည်။

ကော့မှူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်သူနာပြုဆရာမကြီး ဒေါ်ခင်မျိုးစန်းက မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၂၉ ကျောင်းကို ကျောင်းကျန်းမာရေးအဖွဲ့ကကွင်းဆင်းစစ်ဆေးရာတွင် ကျောင်းမုန့်ဈေးတန်းမှ ဈေးသည်များသည် ယခင်နှစ်ထက် ယခုနှစ်၌ ကျန်းမာရေးအသိပညာများပိုမိုရရှိသည့်အတွက် ကျေနပ်မှုများရရှိပါကြောင်း၊ အိုင်အိုဒင်းဆားများကိုသာ ဝယ်ယူစားသုံးဖို့လိုကြောင်း၊ ကျန်းမာသန်စွမ်းပြီး ဉာဏ်ပညာထက်မြက်သော သား/သမီး ကောင်းရတနာများဖြစ်လာနိုင်ရန် ယခုလိုဆွေးနွေးပွဲများ မကြာခဏ လာရောက်ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသွားပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိဒေါ်မြင့်မြင့်ချိုက စားသုံးသူအခွင့်အရေးနှင့်တာဝန်တို့ကိုပြောကြားပြီး၊ နေ့စဉ်စားသောက်နေသော အစား အသောက်များကို စားသောက်ရာတွင် မိမိကြိုက်နှစ်သက်မှုရှိခြင်း/မရှိခြင်း၊ အရသာရှိခြင်း/မရှိခြင်းတို့ကို အဓိကထား၍မစားသင့်ဘဲ ဘေးကင်းလုံခြုံမှုရှိသော အစားအသောက်များကိုသာ ရွေးချယ်စားသုံးတတ်စေရန်နှင့် ကျန်းမာရေးနှင့်ပတ်သက်၍ ဗဟုသုတရရှိနိုင်မည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုဖို့လိုအပ်ကြောင်း မှာကြားသွားသည့်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အစားသောက်များကိုလိုအပ်သလောက် စားသုံးပြီး အလေအလွင့်နည်းပါးအောင် သုံးစွဲဖို့လိုအပ်ကြောင်း၊ ကျောင်းသား/ကျောင်းသူများအနေဖြင့် ယနေ့လူငယ် နောင်ဝယ်လူကြီး ဖြစ်လာနိုင်သဖြင့် ကလေးဘဝမှစ၍ ဗဟုသုတ ကြွယ်ဝပြီး စည်းကမ်းစနစ်တကျရှိမှသာ နောင်တစ်ချိန်တွင် ကျန်းမာကြံ့ခိုင်သည့် သားကောင်း/သမီးကောင်း ရတနာများဖြစ်လာပြီး နိုင်ငံ့တာဝန် ကို ကျေပွန်စွာ ဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသွားပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ တောင်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယမြို့နယ် ပညာရေးမှူးရုံး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မန္တလေးဆေးတက္ကသိုလ်မှ အလုပ်သင်ဆရာဝန် ၁၄ ဦး၊ ဆရာမကြီးနှင့်ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ ကျောင်းမုန့်ဈေးတန်းမှ ကျောင်းဈေးသည်များ စုစုပေါင်း ၂၅၀ ဦးတက်ရောက်ခဲ့ပါသည်။

**နီလာထွေး(စားသုံးသူ)**
**ရန်ကုန်**

■

Vol: 15, No.41 Monday October 26 2015

# စလစ်ဈေးတန်း မြင့်မားလာပြီး ကားလေးများ အဝယ်ပါးနေ

အောက်တိုဘာလနှောင်းပိုင်း ရန်ကုန်မြို့ကားဈေးကွက်၏အခြေအနေမှာ အရောင်းအဝယ် အနည်းငယ်သာရှိသဖြင့် ဈေးကွက်အေးနေသည်ဟု ဆိုရမည်ဖြစ်သည်။ ရန်ကုန်မြို့တွင်းအနှံ့ ဖွင့်လှစ်ထားသော ကားအရောင်း ပြခန်းများတွင် ယခုရက်ပိုင်းအတွင်း စလစ်ကပ်ကားများသာ လူမေးများပြီး ဖရီးပါမစ်ကားများမှာမူ အမေးမရှိသလောက်ပင်ဖြစ်ခဲ့ရကြောင်း ဝါရင့်ဝယ်ရောင်း အကျိုးဆောင်တစ်ဦးမှ ပြောသည်။

ကားပွဲစားတန်းတွင်လည်း ထိုင်ပြီး ကားလိုအပ်ချက်အပေါ် မူတည်ပြီး ကားအရောင်းစင်တာ များနှင့်လည်းချိတ် ဆက်ရောင်းချပေးသူ ကိုမြင့်ကျော်မှပြောသည်မှာ လတ်တလောအခြေအနေအရ စလစ်ကပ်ကားများသာ အမေးများနေပြီး အဝယ်ရှိကြောင်း၊ စလစ်ကပ်အင်ဂျင်ပါဝါကြီး ကားများ နယ်ဝယ်လက်ဆင်းသဖြင့် ၎င်းအသိ ကားအရောင်းစင်တာများနှင့်ချိတ်ဆက်ရောင်းချပေးရကြောင်း၊ ဖရီးပါမစ်ကားလေးများမှာမူ ကားပါကင်ဈေး ၁၀ သိန်းဝန်းကျင်အထိ မြင့်တက်လာမှုကြောင့်လည်း ကောင်း၊ လေလံဆွဲဝယ်ယူရသည့်ဈေးနှင့် ပြန်လည်ရောင်းချရသည့် ဈေးမကိုက်သဖြင့် လည်းကောင်း၊ စင်တာများတွင် အမေးပင်မရှိသလောက်ဖြစ်နေကြောင်း၊ အမှန်လိုအပ်သည့် လူများသာနံပါတ်ထွက်ပြီး (သို့မဟုတ်) အကွာရာတစ်တန်း နိမ့်ကားများသာ ဝိုင်းထဲတွင် ရှာဝယ်ယူသွားကြကြောင်း ပြောသည်။

ခါတိုင်းနှစ်များကဲ့သို့ပင် တစ်နှစ်ကုန်ခါနီးလျှင် ယာဉ်မူဝါဒသတ်မှတ်ချက်အသစ်များကြောင့် စလစ်ဈေးတက်လေ့ရှိသော်လည်း ယခုနှစ်ကုန်ခါနီးကာလသည် အကြောင်းအရာများစွာနှင့် တိုက်ဆိုင်နေသဖြင့် ဈေးကွက်စောင့်ကြည့်သဘောဖြစ်နေကာ နှစ် ၂၀ သက်တမ်းကားပိုင်များကလည်း ကားကောင်းများကိုင်ထားသဖြင့် ပုံမှန်ဈေးဖြင့် မရောင်းနိုင်သလို စက်မှုဇုန်သက်တမ်း တစ်ဆယ်နှစ် ကားများလည်း ရှားလာကြောင်း၊ ၂၀၁၆ တွင်သတ်မှတ်မည့် မူဝါဒအရ ၂၀၀၆ ခုနှစ်ထုတ်ကားများ သာ တင်သွင်းရမည်ဟုသိရသဖြင့် လတ်တလော ၂၀၀၃ မှ ၂၀၀၅ ကားများတွင် လူကြိုက်များကားများ ဖြစ်သော မတ်တူး၊ ခရောင်းနှင့်ဖိုးဝီးလ်များဖြစ်သော ကလူဂျာ၊ ပရာဒို စသည့်ကားများမှာ လေလံ လည်း အဆွဲများပြီး ကားလက်ဝယ်ထားမည့်သူများလာသဖြင့် နှစ်ကုန်မှ နှစ်ဆန်းပိုင်းထိ စလစ်ဈေး တန်းပြန်မကျနိုင်ဘဲ ထပ်မံဈေးမြင့်လာနိုင်ကြောင်း၊ သို့ရာတွင် တက္ကစီအငှားယာဉ်စလစ်မှာမူ အသွင်း များပြားမှုနှင့်အကွာရာအနက်ကားများလည်း ပြောင်းလဲခွင့်ရှိနေသဖြင့် ၅၈ သိန်းခန့်တွင်တန့်နေကြောင်း ၎င်းတို့မှပြောသည်။

**SN**

# မန္တလေးမှအခြားမြို့ကြီးများသို့ တင်ပို့သော ကုန်ပစ္စည်းများ၏ ကုန်စည်ပို့ဆောင်ခ နှုန်းထားများ

မန္တလေးမြို့မှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများသို့ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်လျက်ရှိရာ ၂၀၁၅ ခုနှစ် အောက်တိုဘာလ တတိယ ပတ်မှာဖြစ်ပေါ်လျက်ရှိသော ကုန်စည်ပို့ဆောင်ခနှုန်းထားများမှာ -

**(တစ်ပိဿာဈေး-ကျပ်)**

| စဉ် | ခရီးစဉ် | | ယခင်တစ်ပတ် | | ယခုတစ်ပတ် | |
|---|---|---|---|---|---|---|
| | မှ | သို့ | ကုန်ကျစ် | ကုန်ပွ | ကုန်ကျစ် | ကုန်ပွ |
| ၁ | မန္တလေး | မူဆယ် | ၇၂ | ၇၄ | ၇၀ | ၇၁ |
| ၂ | | လားရှိုး | ၄၅ | ၅၅ | ၅၅ | ၆၀ |
| ၃ | | တောင်ကြီး | ၃၀ | ၅၀ | ၂၅ | ၅၀ |
| ၄ | | မော်လမြိုင် | ၃၀ | ၄၅ | ၃၀ | ၄၅ |
| ၅ | | ရန်ကုန် | ၂၀ | ၃၅ | ၂၀ | ၃၀ |
| ၆ | | ပဲခူး | ၂၀ | ၃၀ | ၂၀ | ၃၀ |
| ၇ | | တပ်ကုန်း/နေပြည်တော် | ၁၅ | ၂၅ | ၁၅ | ၂၅ |
| ၈ | | မိတ္ထီလာ | ၁၈ | ၂၀ | ၁၈ | ၂၀ |
| ၉ | | ပခုက္ကူ | ၂၀ | ၂၅ | ၂၀ | ၂၅ |
| ၁၀ | | စစ်တွေ | ၁၅၀ | ၂၀၀ | ၁၅၀ | ၂၀၀ |
| ၁၁ | | ကလေး | ၇၀ | ၉၀ | ၈၀ | ၁၀၀ |
| ၁၂ | | ပြည် | ၂၅ | ၄၀ | ၃၀ | ၅၀ |
| ၁၃ | | မကွေး | ၂၅ | ၅၀ | ၂၅ | ၅၀ |
| ၁၄ | | မုံရွာ | ၁၄ | ၁၆ | ၁၄ | ၁၆ |
| ၁၅ | | မြင်းခြံ | ၂၀ | ၂၆ | ၂၀ | ၂၆ |
| ၁၆ | | တောင်ငူ | ၂၀ | ၃၀ | ၂၀ | ၃၀ |
| ၁၇ | | အောင်ပန်း | ၁၆ | ၆၀ | ၁၆ | ၆၀ |
| ၁၈ | | မြစ်ကြီးနား | ၁၀၀ | ၁၅၀ | ၁၀၀ | ၁၅၀ |

ယခုတစ်ပတ် မန္တလေးမြို့မှ အခြားမြို့များသို့ သယ်ယူပို့ဆောင်တဲ့ ကုန်စည်ပို့ဆောင်ခနှုန်း အနည်းငယ် အပြောင်းအလဲရှိပါတယ်။ မန္တလေး၊ မူဆယ်ကုန်စည်ပို့ဆောင်ခဈေးနှုန်း အနည်းငယ်ကျဆင်းပြီး၊ မန္တလေး-လားရှိုး ကုန်စည်ပို့ဆောင်ခ ကုန်ကျစ် တစ်ပိဿာ ၁၀ ကျပ်၊ ကုန်ပွတစ်ပိဿာ ၅ ကျပ် ဈေးတက်သွားပါတယ်။ ထို့အတူ မန္တလေး-ကလေးကုန်စည်ပို့ဆောင်ခတစ်ပိဿာလျှင် ၁၀ ကျပ်မြင့်တက်သွားပြီး၊ မန္တလေး၊ ပြည်ကုန်စည်ကပို့ဆောင်ခ ကုန်ကျစ်တစ်ပိဿာ ၅ ကျပ်၊ ကုန်ပွတစ်ပိဿာ ၁၀ ကျပ် မြင့်တက်သွားပါတယ်။ မန္တလေး-တောင်ကြီးကုန်စည်ပို့ဆောင်ခ ကုန်ကျစ်တစ်ပိဿာ ၅ ကျပ် ဈေးလျှော့သလို မန္တလေး-ရန်ကုန် ကုန်ပွတစ်ပိဿာပို့ဆောင်ခ ၅ ကျပ်ဈေး လျှော့နည်းသွားကြောင်းသိရပါတယ်။

"ကျွန်တော်တို့အနေနဲ့ ကုန်စည်ပို့ဆောင်ခတစ်ပိဿာကို တစ်ကျပ်ကွာဟသွားရင် ၂၅ တန် တင်ဆောင်နိုင်တဲ့ ကားဆိုရင် တစ်သောင်းခွဲကျော် (၁၅၃၁၀ ကျပ်) ကွာဟသွားပြီး တစ်ပိဿာ ၅ ကျပ်၊ ၁၀ ကျပ်ကွာသွားရင် ပိုဆိုးတာပေါ့ဗျာ။ ဈေးတက်ရင် မသိသာပေမယ့် ဈေးကျသွားရင် သိပ်ပြီးသိသာပါတယ်။ ကုန်ပစ္စည်းလာအပ်တဲ့သူတွေလည်း ကျွန်တော်တို့လိုပဲ နေမှာပေါ့။ ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းက သိပ်ပြီးအောက်အကျမရှိပါဘူး။ မင်းသူအောင်ဆီဆိုင်မှာ ဓာတ်ဆီတစ်ဂါလန် ၃၀၆၀ ကျပ်မှ ၃၁၀၀ ကျပ်၊ ဒီဇယ်ဆီတစ်ဂါလန် ၂၆၀၀ ကျပ်၊ DENKO ဆီဆိုင်မှာ ဓာတ်ဆီတစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်ဆီတစ်ဂါလန် ၃၁၈၂ ကျပ်၊ နီလာရိုးမဆီဆိုင်မှာ ဓာတ်ဆီတစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်ဆီတစ်ဂါလန် ၃၁၀၀ ကျပ်မှ ၃၁၁၄ ကျပ်ဈေးနဲ့ ရောင်းချပေးနေတယ်"လို့ ကားပိုင်ရှင်တစ်ဦးက ပြောကြားပါတယ်။

ကုန်ပစ္စည်းရရှိမှု၊ ရှားပါးမှု၊ စက်ဆီချောဆီဈေးနှုန်းနဲ့လမ်းခရီးအခြေအနေပေါ် မူတည်ပြီး ကုန်စည်ပို့ဆောင်ခဈေးနှုန်းပြောင်းလဲနိုင်ကြောင်းသိရပါတယ်။

**စိုးအောင်-မန္တလေး**




# ခေတ်မီဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့်အိမ်အတွင်းပိုင်းပြင်ဆင်ခြင်းဆိုင်ရာ ဒီဇိုင်းများအား ခင်းကျင်းပြသသည့် Myanmar Build & Deco2015 ပြပွဲပြသ

ခေတ်မီဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ အိမ်အတွင်းပိုင်းပြင်ဆင်ခြင်းဆိုင်ရာဒီဇိုင်းများနှင့် ပရိဘောဂပစ္စည်းများခင်းကျင်းပြသသည့် ဒုတိယအကြိမ်မြောက် Myanmar Build & Deco 2015 ပြပွဲကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲ၏ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က ပြပွဲကျင်းပရာMyanmar Event Park တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါပြပွဲကြီးတွင် အမှတ်တံ ဆိပ်နှင့်ကုမ္ပဏီလုပ်ငန်းပေါင်း ၁၆၀ ကျော်တို့က ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်အတွင်းပိုင်းပြင်ဆင်ခြင်း ဒီဇိုင်းများ၊ ပရိဘောဂအသုံး အဆောင်ပစ္စည်းများနှင့် အိမ်အလှဆင်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း စိတ်ဝင်စားစွာလေ့လာနိုင်သည့် နေရာတစ်နေရာလည်းဖြစ်ပြီး ဆောက်လုပ်ရေးနယ်ပယ်ရှိနည်းပညာသစ်များအတွေ့အကြုံများကို တွေ့ဆုံဆွေးနွေးဖလှယ်နိုင်သည့် ပြပွဲကြီးတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါပြပွဲတွင် မြန်မာနိုင်ငံဂျီတီအိုင်ကျောင်းသားဟောင်းများအသင်းမှ ကြီးမှူး၍ "မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍနှင့်အိမ်အလှဆင်ခြင်း မျက်နှာစာသစ်"ဟူသည့် ဆွေးနွေးပွဲတစ်ရပ်ကိုလည်း ပူးတွဲကျင်းပခဲ့ကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံမှ အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များကလည်း အာဆီယံဒေသအတွင်း အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းနှင့် အိမ်ခြံမြေဆန်းစစ်ခြင်း၊ အစိမ်းရောင်အဆောက်အအုံဖွံ့ဖြိုးရေးအတွက် အစိုးရ၏ မက်လုံးများ စသည့်ခေါင်းစဉ်များဖြင့်လည်းကောင်း၊ ပြပွဲတွင် လာရောက်ပြသကြသည့်ကုမ္ပဏီများကလည်း ၎င်းတို့ကုမ္ပဏီများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့်ပတ်သက်၍လည်းကောင်း၊ ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မစ်ဆူဘီရှိ(အာဗီအာ) (၂၀၁၀) | ယာယီ | ၂၆၀ သိန်း | 1.8 ဓာတ်ဆီ |
| ၂။ | ပရိဘောက်(၂၀၁၀) | ယာယီ | ၁၁၅ သိန်း | 1.5 ဓာတ်ဆီ |
| ၃။ | အေဒီဗင် (၂၀၁၀) | စတိ | ၁၀၀ သိန်း | 1.3 ဓာတ်ဆီ |
| ၄။ | မတ်(ခ်)တူး (၂၀၀၃) | ယာယီ | ၁၇၅ သိန်း | 2.0 ဓာတ်ဆီ |
| ၅။ | ခရောင်းဆလွန်း (၂၀၀၂) | K | ၁၇၅ သိန်း | 2.4 ဓာတ်ဆီ |
| ၆။ | ဒီမီယို(ဟွန်ဒါ) (၂၀၀၉) | 9H | ၉၀ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ဘယ်(လ်)တာ (၂၀၁၀) | ယာယီ | ၁၃၀ သိန်း | 1.3 ဓာတ်ဆီ |
| ၈။ | ကလူဂျာ (၂၀၀၄) | ယာယီ | ၂၇၅ သိန်း | 2.4 ဓာတ်ဆီ |
| ၉။ | အပ်ကား (နှစ်၂၀) | | ၆၇ သိန်း | |

သင့်ကျန်းမာရေး

# ရင်သွေးငယ်များ အိပ်ချ်အိုင်ဗွီကင်းစေဖို့

ဒေါက်တာလွင်သန့်

ရင်သွေးငယ်များ အိပ်ချ်အိုင်ဗွီ ကင်းစင်ဖို့ဆိုရင် မိဘနှစ်ပါး အိပ်ချ်အိုင်ဗွီကင်းစင်ရပါမယ်။ အိမ်ထောင်ပြုမယ်။ ကလေးယူမယ်ဆို ကတည်းက လက်တွဲဖော်နှစ်ယောက်ဟာ ဆေးစစ်ထားဖို့လိုအပ်ပါတယ်။

အိပ်ချ်အိုင်ဗွီရောဂါဟာ ရောဂါရှိသူနဲ့ လိင်တူ၊ လိင်ကွဲဆက်ဆံခြင်း၊ ရောဂါရှိသူနဲ့ ဆေးထိုးအပ်၊ မုတ်ဆိတ်ရိတ်ဓား၊ လက်သည်းညှပ်၊ သွားနှုတ် သွားစိုက်၊ ခေါင်းရိတ်ဓားမျှဝေသုံးစွဲခြင်း၊ ရောဂါရှိသူရဲ့ သွေးသွင်းမိခြင်း၊ ရောဂါရှိတဲ့ မိခင်မှရင်သွေးကို တိုက်ရိုက်ကူးစက်ခြင်း နည်းများနဲ့ ကူးစက်နိုင်ပါတယ်။

ကိုယ်ဝန်သည်မိခင်မှာ အိပ်ချ်အိုင်ဗွီရှိရင် ခင်ပွန်းကိုပါ သွေးစစ်သင့်တယ်။ ရောဂါပိုးတွေ့ရှိရင် ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်ခြင်း၊ အေအာတီဆေးတိုက်ကျွေးနိုင်တဲ့ ဆေးရုံ၊ ဆေးခန်း၊ အင်န်ဂျီအိုအဖွဲ့များနှင့်ဆက်သွယ်ခြင်း၊ တီဘီစသည့်ရောဂါရှိမရှိ သလိပ်စစ်ခြင်း၊ ရင်ဘတ်ဓာတ်မှန်ရိုက်စစ်ဆေးခြင်းနဲ့ ရောဂါရှိပါက တီဘီဆေး၊ အေအာတီဆေး နေ့စဉ်သတ်မှတ်ကာလအထိ ဆေးဆက်သောက်ပေးဖို့ လိုအပ်မှာဖြစ်တယ်။

**ကျွမ်းကျင်သူ** (ကျန်းမာရေးဝန်ထမ်း)တို့နဲ့ နှစ်သိမ့်ပညာပေးဆွေးနွေးရမယ်။ အာဟာရပြည့်ဝအောင်စားရမယ်။ သင့်တင့်တဲ့နေ့စဉ် ကိုယ်လက်အားကစား(ရွှရွှပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး) လုပ်သင့်ပါတယ်။ ကိုယ်ရောစိတ်ပါ လုံလောက်အောင် အနားယူရမယ်။ ခုခံမှုကျဆင်းစေမယ့် ဆေးလိပ်သောက်ခြင်း၊ ဆေးစွဲခြင်း၊ အရက်သောက်ခြင်းတို့မှ ရှောင်ကြဉ်ရမယ်။ အန္တရာယ်နည်းတဲ့ လိင်ဆက်ဆံမှုကွန်ဒုံးစွပ်ပြီး ဆက်ဆံသင့်တယ်။ မိမိနှင့်ပတ်ဝန်းကျင် အကျိုးရှိမယ့် လူမှုရေးများပါဝင် လုပ်ကိုင်သင့်တယ်။ ယခုအခါ ပိုးတွေ့ရင်အေအာတီကျွေးနေပါပြီ။

**ရောဂါရှိတဲ့ကိုယ်ဝန်ဆောင်မိခင်ဟာ** ကျန်းမာပျော်ရွှင်အောင် ဆက်လက်နေထိုင်ဖို့လိုတယ်။ နှစ်သိမ့်ပညာပေးခြင်း ထပ်မံခံယူပြီး လိုအပ်ရင် နီးစပ်ရာကျန်းမာရေးဝန်ထမ်းမိသားစုဆရာဝန်နဲ့ဆွေးနွေးသင့်တယ်။ သက်ဆိုင်ရာ ကျန်းမာရေးဌာနများနဲ့ အခြားကျန်းမာရေးစောင့်ရှောက်မှုလူမှုအဖွဲ့အစည်း (အင်န်ဂျီအိုများ)နဲ့ ဆက်သွယ်ပြီး အေအာတီဆေးရရှိအောင် မှန်မှန်သောက်နိုင်အောင်ဆောင်ရွက်သင့်တယ်။ ကလေးမွေးဖွားရင် အထူးဂရုပြုပြီးခွဲစိတ်မွေးဖွားရမယ်။ မွေးဖွားတဲ့ကလေးကို ချက်ကြိုးချည် သေချာအောင်ဖြတ်ပြီးတဲ့ အချိန်ကစလို့ အေအာတီဆေး (တစ်ကြိမ်) တိုက်ပြီးတာနဲ့ မိခင်နို့တိုက်ကျွေးခြင်းမပြုဘဲ၊ နို့မှုန့်ဖျော်တိုက်ရင် ရင်သွေးကိုမကူးစက်နိုင်ပါ။

**မည်သူမဆိုအိမ်ထောင်ပြုတော့မယ်ဆိုရင်** အိပ်ချ်အိုင်ဗွီကင်းစင်ကြောင်းစစ်ဆေးပေးရမယ်။ ရောဂါပိုးကူးစက်ခံရမယ့် အပြုအမူများရှောင်ရမယ်။ နောက်သုံးလအကြာမှာ ပြန်ဆေးစစ်လို့ အိပ်ချ်အိုင်ဗွီမရှိရင် အိမ်ထောင်ပြုနိုင်ပါပြီ၊ အိမ်ထောင်မပြုမီ လက်တွဲဖော်နဲ့ ပွင့်ပွင့်လင်းလင်းအပြုသဘောဆွေးနွေးပြီး အိပ်ချ်အိုင်ဗွီရှိ၊ မရှိစစ်ဆေးရမယ်။ အိပ်ချ်အိုင်ဗွီရှိနေတဲ့ ကိုယ်ဝန်သည်များမှာ မီးဖွားစဉ် (ရိုးရိုးဖွားရင်) မိခင်နို့တိုက်ရင် မိခင်မှ ရင်သွေးကို အိပ်ချ်အိုင်ဗွီကူးစက်တယ်။

**သွေးစစ်ကြည့်ပြီး** အိပ်ချ်အိုင်ဗွီတွေ့ရင်၊ နှစ်သိမ့်ဆွေးနွေးခြင်း လုပ်ရမယ်။ ရင်သွေးငယ်မီးဖွားပြီးချိန်မှာ အိပ်ချ်အိုင်ဗွီရှိ၊ မရှိသွေးစစ်ရမယ်။ မိခင်ရောကလေးပါ အိပ်ချ်အိုင်ဗွီရှိရင် စိတ်ဓာတ်မကျသင့်ပါဘူး။ နှစ်သိမ့်ပညာပေးဆွေးနွေးကာ "အေအာတီ" ဆေးရအောင် တောင်းပြီး၊ သက်တမ်းစေ့ နေနိုင်ပါတယ်။

**အိပ်ချ်အိုင်ဗွီရှိတဲ့ကိုယ်ဝန်ဆောင်ဟာ** ရောဂါပိုး ကင်းစင်တဲ့ကလေးကို မွေးဖွားဖို့ ကျန်းမာရေးဝန်ထမ်း မိသားစုဆရာဝန်နဲ့ပြ၊ သားဖွားမီးယပ်ပါရဂူနှင့်ပြသပြီး ခွဲစိတ်မွေးဖွားဖို့ ကြိုတင်ပြင်ဆင်သင့်ပါတယ်။ ကျန်းမာရေးဌာန အင်န်ဂျီအိုအဖွဲ့က ဗိုက်ခွဲမွေးဖွားပြီး ကလေးငယ်ကို အေအာတီ (တစ်ကြိမ်) တိုက်ကျွေးပြီး၊ မိခင်နို့ရည်မတိုက်ဘဲ၊ နို့မှုန့်ဖျော်တိုက်ပြီး ပြုစုရင် အိပ်ချ်အိုင်ဗီကင်းတဲ့ကလေးမွေးနိုင်ပါတယ်။ မိသားစုဆရာဝန်နဲ့တိုင်ပင်ရမယ်။

# အစာစားပြီးပြီးချင်းကော်ဖီသောက်ခြင်းဖြင့် ဇီဝကမ္မဖြစ်စဉ်များကို ပြောင်းလဲစေနိုင်

အစာစားပြီးပြီးချင်း ကော်ဖီကိုသောက်သုံးပါက အစာစားချင်စိတ်ကို ထိန်းကျောင်းခြင်းနဲ့ သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို မြင့်တက်စေနိုင်တယ်လို့ သုတေသနပြုချက်များအရ သိရှိရပါတယ်။

ကော်ဖီမှာဒြပ်ပေါင်းများစွာ ပါဝင်လျက်ရှိရာ အဆိုပါဒြပ်ပေါင်းများအနက် ပိုလီဖီနောဒြပ်ပေါင်းက အများဆုံးဖြစ်၍ ဇီဝကမ္မဖြစ်စဉ်နဲ့ နှလုံးသွေးကြောဆိုင်ရာရောဂါများကို သက်သာစေရန် တွန်းအားပေးတယ်လို့ ဂျပန်သုတေသီများက ကျန်းမာရေးကောင်းမွန်တဲ့အမျိုးသား ၁၉ ဦးနဲ့ စမ်းသပ်မှုကို ပြုလုပ်ဖော်ထုတ်လိုက်တာဖြစ်ပါတယ်။

အဆိုပါ စမ်းသပ်ခံအမျိုးသား ၁၉ ဦးကို ပိုလီဖီနောကြွယ်ဝတဲ့ (ကလိုရိုဂျီးနစ်-အက်စစ် ၃၆၅ မီလီဂရမ်) ကော်ဖီ (သို့မဟုတ်) ကလိုရိုဂျီးနစ်အက်စစ် ၃၆၅ မီလီဂရမ်နဲ့ အာနိသင်တူတဲ့အရည်ကို တိုက်ကျွေးစမ်းသပ်ခဲ့တာ ဖြစ်ပါတယ်။

အစာစားပြီးနောက် သုံးနာရီအကြာမှာ ကော်ဖီတိုက်ပြီး စမ်းသပ်မှုပြုလုပ်ရာမှာ သွေးထဲရှိသကြားဓာတ်ကို နိမ့်ကျစေပြီး သွေးကြောများကို ချဲ့ပေးနိုင်တာကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အစာစားပြီးချင်း ကော်ဖီသောက်ခြင်းဖြင့် သွေးချိုကိုကျစေတဲ့အပြင် သွေးကြောများရဲ့လုပ်ငန်းတာဝန်ထမ်းဆောင်မှုများကို တိုးတက်စေတဲ့အတွက် လူတို့ရဲ့ ကျန်းမာရေးကို ကောင်းမွန်စေတယ်လို့ သိရပါတယ်။

**ရှင်ပါဂူ**

# အချိန်ကြာမြင့်စွာ ထိုင်ခြင်းနှင့် သေဆုံးခြင်းတို့ ဆက်စပ်မှုရှိနိုင်

အချိန်ကြာမြင့်စွာထိုင်ခြင်းကြောင့် အသက်သေဆုံးမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်းဖြင့် လန်ဒန်မြို့အခြေစိုက် Exeter တက္ကသိုလ်မှလေ့လာတွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ရေးသားဖော်ပြထားသည်။ အဆိုပါလေ့လာတွေ့ရှိချက်ကို ဗြိတိန်အမျိုးသားကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းမှ ထောက်ခံကြောင်းရေးသား ဖော်ပြခဲ့သည်။ "ထိုင်ခုံတွေမှာအချိန် အကြာကြီးထိုင်နေပြီး ကျန်းမာရေးလုပ်ဖို့ ဂရုမစိုက်တဲ့သူတွေ၊ လေ့ကျင့်ခန်းလုပ်ဖို့ အလေးမထားတဲ့သူတွေဟာ အဲဒီလေ့လာတွေ့ရှိချက်ထဲကလိုမျိုး ဖြစ်နိုင်ပါတယ်"ဟု ထောက်ခံပြောကြားခဲ့ သည်။

Exeter တက္ကသိုလ်မှ လေ့လာသူများသည် အဆိုပါလေ့လာချက်ကို ၁၆ နှစ်ကြာပြုလုပ်ခဲ့ကြပြီး လူပေါင်း ၅၀၀၀ ကို လေ့လာခဲ့ကြခြင်းဖြစ်သည်။ လေ့လာခဲ့သည့်လူပေါင်း ၅၀၀၀ သည်ထိုင်၍အလုပ်လုပ်သူများ၊ အားလပ်ချိန်တွင်လည်းထိုင်နေသူများ၊ တီဗွီကြည့်စဉ်ထိုင်နေသူများ၊ တီဗီကြည့်ရှုပြီးပါကလည်း ထိုင်နေသူများစသည့် အထိုင်များသည့် လူတန်းစားများကို လေ့လာခဲ့ပြီးတွေ့ရှိချက်ကို အဖြေထုတ်ထား ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါသုတေသနအဖွဲ့သည် နေ့စဉ်လမ်းလျှောက်သူများ၊ အားလပ်ချိန်များကို လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် အချိန်ဖြုန်းသူများကိုလည်း အသေးစိတ်လေ့လာခဲ့ကြကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

"ကျွန်တော်တို့ရဲ့လေ့လာတွေ့ရှိ ချက်က ထိုင်နေတဲ့အချိန်ကိုလျှော့ချဖို့ပါ။ ဒါဟာ အမြဲလှုပ်ရှားနေရမယ်လို့ မဆိုလိုပါဘူး။ ပြည်သူလူထုအတွက် ကျန်းမာရေးကို အစဉ်လိုက်စားဖို့ သတိပေးတဲ့အနေနဲ့ အမြဲလိုလိုထိုင်နေမယ်ဆိုရင် သေဖို့နီးလာလိမ့်မယ်လို့ ဆိုလိုချင်တာပါ"ဟု အဆိုပါသုတေသနအဖွဲ့၏ခေါင်းဆောင်ဖြစ်သူ ဒေါက်တာရစ်ချတ်ပ့ါလ်စ်ဖို့ဒ်က ပြောကြားခဲ့သည်။

**မယ်သီတာ**

# တစ်ဆင့်ခံဆေးလိပ်ငွေ့များကြောင့် တရုတ်နိုင်ငံတွင် နှစ်စဉ် လူပေါင်း တစ်သိန်းကျော်သေဆုံးနေရဟုဆို

တရုတ်နိုင်ငံတွင် တစ်ဆင့်ခံ ဆေးလိပ်ငွေ့များကြောင့် နှစ်စဉ်သေဆုံးသူ ဦးရေပေါင်းတစ်သိန်းကျော်အထိ ရောက်ရှိလာကြောင်းကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အပြည်ပြည်ဆိုင်ရာဆေးလိပ်ဆေးရွက်ကြီးထိန်းချုပ်ရေးအဖွဲ့အပါအဝင် တရုတ်နိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာတို့နှင့်ပူးပေါင်း၍ လေ့လာချက်တစ်ရပ်ကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအချက်သည် တရုတ်နိုင်ငံ၌ ၂၀၅၀ ပြည့်နှစ်သို့အရောက်တွင် သေဆုံးသူပေါင်း သုံးသန်းအထိရောက်ရှိလာနိုင်သည်ဟုဖော်ပြရာရောက်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

"တရုတ်နိုင်ငံဟာ တကယ့်ကို ကံမကောင်းတဲ့နိုင်ငံတစ်နိုင်ငံဖြစ်သွားပါပြီ။ တရုတ်နိုင်ငံဟာ တစ်ဆင့်ခံဆေးလိပ်ငွေ့တွေကြောင့် သေဆုံးသူအရေအတွက်တွေ တစ်နှစ်ထက်တစ်နှစ် ပိုပြီးတိုးလာမှာကို တွေ့နေရလို့ပါပဲ။ တရုတ်နိုင်ငံမှာ ဆေးလိပ်သောက်တဲ့သူတွေကို နေရာတိုင်းမှာတွေ့နေရတယ်။ လုပ်ငန်းခွင်တိုင်းမှာရော၊ အိမ်တိုင်းမှာရော၊ စားသောက်ဆိုင်တွေမှာသာမက ဘားတွေမှာပါ ဆေးလိပ်သောက်တဲ့သူတွေ တော်တော်လေးကို များနေတယ်"ဟု အပြည်ပြည်ဆိုင်ရာဆေးလိပ်ဆေးရွက်ကြီး တိုက်ဖျက်ရေးအဖွဲ့မှ စုံစမ်းစစ်ဆေးရေးမှူး ဒေါက်တာဂျော်ဖရေးတီဖောင်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် အမျိုးသားဆေးလိပ်သောက်သုံးမှုတားဆီးရေးဥပဒေကို အမြန်ဆုံးထုတ်ပြန်ပေးဖို့ လိုနေပြီဖြစ်ကြောင်း တရုတ်နိုင်ငံရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကိုယ်စားလှယ် ဒေါက်တာဘားနတ်ရှာဝါလင်ဒါက ပြောကြားခဲ့သည်။

သို့သော် တရုတ်နိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာမှ ဒုတိယညွှန်ကြားရေးမှူး လီစင်ဖန်က ဆေးလိပ်သောက်သုံးမှုတားဆီးရေးမူဝါဒတွေကို တရုတ်နိုင်ငံ၏မြို့ကြီးများတွင် ချမှတ်ထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ဆေးလိပ်အများဆုံးထုတ်လုပ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဆေးလိပ်သောက်သုံးသည့်ဦးရေအများဆုံးရှိသည့်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံတွင် ဆေးလိပ်သောက်သုံးသူဦးရေ သန်းပေါင်း ၃၅၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

# ခရမ်းရောင်ကန်စွန်းဥရဲ့အစွမ်း

ခရမ်းရောင်ကန်စွန်းဥမှာ အင်န်သိုဆိုင်ယာနင်း(Anthocyanins)ဓာတ် ပေါကြွယ်ဝပြီး အပင်အခြေခံ Anti-oxidant ကွန်ပေါင်းတစ်မျိုးဖြစ်ပါတယ်။ အမေရိကန်နိုင်ငံ ပင်ဆာဗေးနီးယားပြည်နယ်တက္ကသိုလ်မှ သုတေသီ Jairam K.P Vanamala နဲ့အဖွဲ့က ခရမ်းရောင်ကန်စွန်းဥအသားနဲ့ ၄င်းအနှစ်များသည် ဖြစ်ခါစ အူမကြီးကင်ဆာဆဲလ်များသေစေနိုင်တဲ့ သတ္တိရှိတယ်လို့ ဖော်ထုတ်နိုင်ခဲ့ပါတယ်။

ခရမ်းရောင်ကန်စွန်းဥများကို မီးဖုတ်၍ လည်းကောင်း၊ ပြုတ်၍လည်းကောင်း စားသုံးခြင်းဖြင့် အူများရောင်ရမ်းခြင်းကို ထိန်းချုပ်ပေးနိုင်တဲ့အတွက် ခရမ်းရောင်ကန်စွန်းဥ ကြီးကြီး တစ်ဥကိုနေ့စဉ်စားသုံးပေးခြင်းဖြင့် ကျန်းမာရေးကောင်းမွန်စေခြင်း၊ သွေးလှည့်ပတ်မှု မှန်ကန်စေခြင်းနဲ့ အူမကြီးကင်ဆာဖြစ်ပွားစေတဲ့ ကင်ဆာဆဲလ်များကို သေစေနိုင်တယ်လို့သိရပါတယ်။

**ရှင်ပါဂူ**

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၂၆-၁၀-၂၀၁၅ မှ ၁-၁၁-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** တည်ငြိမ်မှုမရှိသေးပါ။ စိတ်ညစ်စရာ၊ အနှောင့်အယှက်အတိုက်အခံများနှင့်လုပ်ဆောင်နေရတတ်သည်။ လူသုံးကုန်ပစ္စည်း၊ တွင်းထွက်ပစ္စည်းများ၊ သတ္တုပစ္စည်းများ အကျိုးပေးအားကောင်းနေတတ်ပါသည်။ ကျန်းမာရေးအတွက် စိုးရိမ်စရာမရှိပါ။ အစားအသောက်ဆင်ခြင်မှု အားနည်းသောကြောင့် အစာအိမ်နှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါတယ်။ အချစ်ရေးတွင် နှစ်ကိုယ်တူနီးဖို့အရေးဆွေးနွေးနေရတတ်သည်။ အိမ်ထောင်ဖက်ကောင်းဖြစ်ရန် မျှော်လင့်နေတတ်ပါသည်။

**ယတြာ။ သစ်သီးစုံဟင်းချက်၍ ဆွမ်းလောင်းပါ။**



**တနင်္လာသားသမီးများအတွက်** ငွေအစုလိုက်အပုံလိုက် ရရှိတတ်သည်။ ရရှိသည့်ငွေများလည်း စုဆောင်းမိတတ်ပါသည်။ အလုပ်အကိုင်တို့အပေါ်၌လည်း ငြိုငွေ့မှုများ ရှိလာတတ်သည်။ ဆန်၊ ပဲ၊ ဂျုံ၊ ရေနှင့်ရေထွက်ပစ္စည်းများနှင့်ပတ်သက်သော အောင်မြင်မှု အကျိုးပေးကောင်းလိမ့်မည်။ ကျန်းမာရေးတွင် အအေးမိ၍ ကိုယ်လက်ကိုက်ခဲသော ဝေဒနာ ခံစားရတတ်သည်။ အချစ်ရေးတွင် ပျော်ရွှင်စရာများ ကြုံဆုံနေရတတ်ပါသည်။

**ယတြာ။ ဘုရားတွင် သစ်ခွပန်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ကိုယ်ကျင့်တရားအလေးထားမှုရှိနေတတ်သည်။ ဩဇာအာဏာရှိသူများနှင့်ပြေလည်မှုမရှိတတ်ပါ၊ မင်းအစိုးရနှင့်ပတ်သက်သော ပုဂ္ဂိုလ်တို့နှင့်သဘောထားခြင်းမတူညီသည်က များနေတတ်သည်။ အဖျော်ယမကာနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်း အဆင်ပြေနေမည်။ ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းတို့နှင့်လည်း အကျိုးပေးနေတတ်ပါသည်။ ကျန်းမာရေးတွင် ဆေးမြီးတိုနှင့်မကုသသင့်ပါ၊ အပ်နှင့်ထွင်းရမည့်အရာကိုပုဆိန်နှင့်မခုတ်သင့်ပါ။ ခရီးသွားမိ၍ဖြစ်သော အဖျား ရောဂါတို့ဖြစ်တတ်ပါသည်။

**ယတြာ။ သံဃာတော်ကို ဝိနည်းစာအုပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လူအများ၏ ချစ်ခင်နှစ်သက်အားထားခြင်းခံရတတ်ပါသည်။ ပညာနှင့်ပတ်သက်သော စီးပွားရေးအောင်မြင်ဖြစ်ထွန်းနေရတတ်ပါသည်။ စနစ်ကျနမှုနှင့်ဝီရိယအားကောင်းမှုတို့ကြောင့် ချမ်းသာပြီး စုဆောင်းမှုပြုနိုင်မည်ဖြစ်သည်။ ကျန်းမာရေးတွင် သွေးနှင့်ပတ်သက်ပြီး ယားယံသည့် ဝေဒနာခံစားရတတ်သည်။ လေရောဂါရတတ်သည်။ အချစ်ရေးနှင့်အိမ်ထောင်ရေးတို့ ကံကောင်းနေတတ်ပါသည်။ အဝေးမှချစ်သူရောက် သည့် ကိန်းကြုံရတတ်သည်။

**ယတြာ။ သီးစုံဖျော်ရည် လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးအောင်မြင်မှု အားကောင်းနေမည်။ ရတနာပစ္စည်းများနှင့်ပတ်သက်သော စီးပွားရေးအကျိုးပေးမှု အားကောင်းနေမည်။ အလုပ်ကိစ္စများတွင် ဦးစီးဦးဆောင်ပြုလုပ်ရခြင်းမျိုးလည်း တွေ့ကြုံလာတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခြေလက်တို့တွင်သွေးထွက်သံယိုထိခိုက်တတ်သည်။ စိတ်နှင့်ပတ်သက်၍ စိတ်ဖိစီးမှုရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် တစ်ယောက်ထက်မကသော ချစ်သူရှိလာ တတ်ပါသည်။

**ယတြာ။ ရဟန္တာနှင့်သံဃာတော်များကို ရာဂုလှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းနှင့်ပတ်သက်၍ အကွက်မြင်တတ်သည်။ လုပ်ချင်တာများခြင်း၊ တာဝန်များခြင်း၊ စေတနာ့ဝန်ထမ်းကိစ္စများပါ တာဝန်ရှိလာခြင်းတို့ကြောင့် အလုပ်အကြွေးတင် သလိုမျိုးတော့ ရှိတတ်ပါသည်။ အလုပ်အကိုင် ပြောင်းရွှေ့ခြင်းကြုံတတ်သည်။ အဆိုးနှင့် အကောင်းရောယှက်နေတတ်ပါသည်။ အချစ်ရေးတွင် ချစ်သူပေါ်များသော်လည်း ဘယ်လိုလူမျိုးကို အိမ်ထောင်ပြုရမည်လဲ မဆုံးဖြတ်နိုင်သေးပါ။ ကျန်းမာရေးတွင် အအိပ်အနေ နည်းပါးသောအခါ မကြည်မလင် စိတ်ဖိစီးမှုဝေဒနာ ခံစားရတတ်ပါသည်။

**ယတြာ။ ခရီးသွားသူကို ဖိနပ်လှူပါ။**



**စနေသားသမီးများအတွက်** မမျှော်လင့်မရည်ရွယ်ဘဲ မိတ်ဟောင်းဆွေဟောင်းနှင့်ပြန်ဆုံရတတ်သည်။ စီးပွားရေးလုပ်ငန်းတွင် နိုင်ငံခြားငွေကြေးကိစ္စရပ်တို့နှင့်လည်းကောင်း၊ စားသောက်ကုန်လုပ်ငန်းတို့နှင့်လည်းကောင်း အကျိုးပေး ကောင်းနေတတ်ပါသည်။ ကတိသစ္စာတည်ကြည်ခြင်းကြောင့် အများ၏ အားကိုးမှုကို ခံရတတ်ပါသည်။ အချစ်ရေးတွင် ချစ်နေသူအပေါ် ဖွင့်ဟပြောဆိုရန် အခက်အခဲဖြစ်နေတတ်သည်။ အခွင့်အရေးယူသည်ဟု အထင်ခံရမှာ စိုးရိမ်နေတတ်ပါသည်။ ကျန်းမာရေးတွင် ခေါင်းမူးခေါင်းကိုက်ဇက်ကြောထိုး လေထိုးလေအောင့်ဝေဒနာခံစားရမှုရှိတတ်ပါသည်။

**ယတြာ။ အသက်သတ်လွှတ်ဆွမ်းကပ်ပါ။**

# လာမည့်ဒီဇင်ဘာလအတွင်း မြန်မာပလာဇာဈေးဝယ်စင်တာ စတင်ဖွင့်လှစ်မည်



ဗီယက်နမ် ထိပ်တန်းအိမ်ခြံမြေလုပ်ငန်းစုမှ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် မြန်မာပလာဇာ ဈေးဝယ်စင်တာ၏ လုပ်ငန်းစဉ်များအနက် ပထမအဆင့်ကို လာမည့်ဒီဇင်ဘာလအတွင်း စတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဈေးဝယ်စင်တာအား မြန်မာပြည်သူများ နိုင်ငံတကာဈေးဝယ်အတွေ့အကြုံများ ရရှိခံစားစေနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာပလာဇာတွင် နိုင်ငံတကာနှင့် ပြည်တွင်းရှိအရောင်းပြခန်းများ၊ လူမှုအသုံးအဆောင်ပစ္စည်း အရောင်းဆိုင်များပါဝင်ဖွင့်လှစ်မည်ဖြစ်ပြီး နိုင်ငံအတွင်း စားသောက်ဆိုင်များစုဝေးရာ အကြီးမားဆုံးသော ဗိမ္ဗာန်ကြီးတစ်ခုဖြစ်လာနိုင်ကြောင်း မြန်မာပလာဇာမှ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ ပထမအဆင့်စီမံကိန်းသည် အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၄၀ တန်ဖိုးရှိသည့် စီမံကိန်းကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လာမည့် ဒီဇင်ဘာလအတွင်း အမျိုးအစားစုံလင်လှသောဈေးဆိုင်များ၊ စားသောက်ဆိုင်များအပြင် ဩစတြေးလျမှ Gloria Jean's Coffee ဆိုင်ကဲ့သို့သော မြန်မာနိုင်ငံတွင် လာရောက်ဖွင့်လှစ်ခြင်း မရှိသေးသည့်နာမည်ကြီး Brand ဆိုင်မျိုးစုံတို့ဖြင့် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာပလာဇာသည် ဈေးဝယ်ထွက်ရာ နေရာတစ်နေရာအဖြစ်သာမဟုတ်ဘဲ မိတ်ဆွေသူငယ်ချင်းများနှင့်အတူ ပျော်ရွှင်စွာသွားရောက် အပန်းဖြေနိုင်မည့် နေရာတစ်နေရာဖြစ်လာစေရန် ရည်ရွယ်ထားကြောင်း သိရသည်။ မြန်မာပလာဇာသည် ဈေးဝယ်သူများအတွက် ပျော်ရွှင်စိတ်လှုပ်ရှားဖွယ် ဈေးဝယ်အတွေ့အကြုံသစ်များကို ယူဆောင်ပေးမည်သာမက ဆိုင်ခန်းပိုင်ရှင်များ၊ ငှားရမ်းနေထိုင်သူများနှင့် ပြည်တွင်းလုပ်ငန်းရှင်များအတွက်ပါ အကျိုးများစေမည့် စီးပွားရေးဆိုင်ရာ အခမ်းအနားများကျင်းပရာ အကျယ်ဝန်းဆုံး ပရိမိုးရှင်းဧရိယာတစ်ခုအဖြစ်လည်း ရုပ်လုံးပေါ်လာဦးမည်ဖြစ်သည်။

**မယ်သီတာ**

# ကျွန်းလှမြို့ သီတဂူစက္ခုဒါနမျက်စိဆေးရုံတွင် ဒုတိယအကြိမ် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ပေးခြင်းများပြုလုပ်



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့မှ သီတဂူစက္ခုဒါနမျက်စိဆေးရုံတွင် အောက်တိုဘာ ၁၅ ရက်နေ့မှ ၂၀ ရက်အထိ ဒုတိယအကြိမ် မျက်စိစမ်းသပ်ခွဲစိပ်ပေးခြင်း လုပ်ငန်းများကို အထူးကုဆရာဝန်ကြီးဒေါက်တာမြအောင် ဦးဆောင်သော ဆရာဝန်များအဖွဲ့မှ တာဝန်ယူကာကုသပေးခဲ့ပါတယ်။

ဧင်းဆေးရုံဟာ ကျွန်းလှမြို့၏ အရှေ့မြောက်ထောင့် ပြည်သူ့ဆေးရုံအနီးမှာတည်ရှိပါတယ်။ အဆိုပါဆေးရုံကို သီတဂူ ဆရာတော် အရှင်ဦးဉာဏိဿရနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဇနီးဒေါ်မြင့်မြင့်သန်း မိသားစုတို့မှ မတည်လှူဒါန်းခဲ့ရာမှ ပေါ်ထွန်းလာခဲ့တဲ့ ဆေးရုံဖြစ်ပါတယ်။

အဆိုပါရက်များအတွင်း မျက်စိစမ်းသပ်ပေးခဲ့သူပေါင်း ၁၀၅၈ ဦး၊ အသေးစား၊ အကြီးစား ခွဲစိပ်ပေးခဲ့သူ ပေါင်း ၂၆၈ ဦး၊ စုစုပေါင်း ၁၉၇၃ ဦးကုသပေးခဲ့တယ်လို့သိရှိရပါတယ်။ ဧင်းခွဲစိပ်မှုလုပ်ငန်းများ အဆင်ပြေချောမောစွာ ဆောင်ရွက်နိုင်ရေး၊ လိုအပ်သည့်နေရာများ ကူညီပံ့ပိုးအကြံဉာဏ်ပေးရန်အတွက် ခရိုင်ကိုယ်စားပြု ကြီးကြပ်ဆောင်ရွက်ရေးအဖွဲ့နှင့်အတူ ရွှေဘိုခရိုင်ဦးစီးမှူး၏ကိုယ်စား မိမိလည်း ပါဝင်ဆောင်ရွက်ခွင့်ရသည့်အတွက်အထူးပင် ဝမ်းသာပီတိဖြစ်မိပါတယ်။

ယခုအကြိမ်လာရောက်ပြသကြသော ပြည်သူများမှာ တန့်ဆည်၊ ခင်ဦး၊ ကောလင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ ကသာ နှင့် ထီးချိုင့်မြို့နယ်များမှ ဖြစ်တယ်လို့သိရပါတယ်။ မျက်စိဝေဒနာရှင်များအား မြို့ခံလူမှုရေးအသင်းအဖွဲ့များကလည်း အစစအရာရာ လိုလေသေးမရှိ ဖေးမကူညီကြခြင်း၊ ထမင်းဘူး နှင့် သောက်ရေသန့်များ ကုသိုလ်ပြုခြင်း၊ အိပ်ရာနေရာများစီစဉ်ဆောင်ရွက်ပေးခြင်းအပြင် မျက်စိဝေဒနာရှင်များအားမြို့ခံအလှူရှင် မိသားစုတစ်ဦးမှလည်း ဆေးဝါးကုန်ကျစရိတ်အားလုံး တာဝန်ယူလှူဒါန်းကြောင်းကိုလည်း သိရှိခဲ့ရလို့မုဒိတာပွားများရပါတယ်။

ယခုကဲ့သို့ အလားတူမျက်စိခွဲစိပ်ကုသမှုကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ဆောင်ရွက်ပေးခဲ့ရာ မျက်စိစမ်းသပ်ခွဲစိပ်ပေးခဲ့သူပေါင်း ၃၀၁၅ ဦး၊ အသေးစား၊အကြီးစားခွဲစိပ်ပေးခဲ့သူပေါင်း ၄၂၅ ဦး၊ စုစုပေါင်း ၃၄၄၀ ဦး ကုသပေးခဲ့တယ်လို့ သိခဲ့ရပါတယ်။ ဤကဲ့သို့ ပြည်သူများမျက်စိအလင်းရစေခြင်းဖြင့် ပြည်သူတို့၏ ရွှေရောင်အနာဂတ်များကို အကောင်အထည်ဖော်နိုင်ခြင်း၊ နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းဆောင်မှုများကိုရရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်ပါတော့တယ်။

**စောမောင်-ကန့်ဘလူ**

# မြို့ကြီးများ၏ ၂၆-၁၀-၂၀၁၅ မှ ၃၀-၁၀-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၆-၁၀-၂၀၁၅) | အင်္ဂါ(၂၇-၁၀-၂၀၁၅) | ဗုဒ္ဓဟူး(၂၈-၁၀-၂၀၁၅) | ကြာသပတေး(၂၉-၁၀-၂၀၁၅) | သောကြာ(၃၀-၁၀-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၆၀% ၃၂°C/၀၉°F | ၅၀% ၃၁°C/၈၈°F | ၃၀% ၃၂°C/၀၉°F | ၄၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၀၉°F |
| ရန်ကုန်မြို့ | ၈၀% ၃၂°C/၀၉°F | ၅၀% ၃၂°C/၀၉°F | ၄၀% ၃၂°C/၀၉°F | တိမ်အသင့်အတင့် ၃၂°C/၀၉°F | ၈၀% ၃၂°C/၀၉°F |
| မန္တလေးမြို့ | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၂°F |
| မြစ်ကြီးနား | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | တိမ်ထူထပ် ၃၀°C/၈၆°F |
| လားရှိုး | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | ၂၇°C/၈၁°F | ၈၀% ၂၆°C/၇၉°F |
| ကျိုင်းတုံ | ၄၀% ၂၈°C/၈၂°F | ၄၀% ၂၈°C/၈၃°F | ၅၀% ၂၈°C/၈၂°F | ၂၉°C/၈၅°F | ၅၀% ၂၈°C/၈၂°F |
| လွိုင်ကော် | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၀°F | ၆၀% ၂၇°C/၈၀°F | ၃၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F |
| တောင်ကြီး | ၆၀% ၂၂°C/၇၂°F | ၄၀% ၂၂°C/၇၂°F | ၄၀% ၂၃°C/၇၃°F | ၄၀% ၂၂°C/၇၂°F | ၈၀% ၂၄°C/၇၆°F |
| မော်လမြိုင် | ၃၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | ၃၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | ၆၀% ၃၃°C/၉၁°F |
| ဘားအံ | နေသာ ၃၂°C/၉၀°F | ၆၀% ၃၃°C/၉၁°F | ၃၀% ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F |
| တောင်ငူ | ၅၀% ၃၁°C/၈၈°F | ၅၀% ၃၂°C/၀၉°F | ၈၀% ၃၂°C/၀၉°F | ၄၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F |
| မုံရွာ | နေသာ ၃၂°C/၀၉°F | နေသာ ၃၂°C/၀၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | ၄၀% ၃၀°C/၈၆°F |
| ပုသိမ် | ၈၀% ၃၁°C/၈၈ F | ၅၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| မြိတ် | နေသာ ၃၃°C/၉၂°F | ၄၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၃°C/၉၁°F |
| စစ်တွေ | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | ၅၀% ၃၂°C/၀၉°F |
| မကွေး | ၆၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| ဖလမ်း | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F | ၄၀% ၂၃°C/၇၃°F | ၃၀% ၂၃°C/၇၃°F | ၈၀% ၁၆°C/၆၁°F |

## အင်ဒိုနီးရှားမှ မီးခိုးမြူများ ထိုင်းနိုင်ငံတောင်ပိုင်း ဆုန်ခလာပြည်နယ်အထိ ပျံ့နှံ့ရောက်ရှိလာ၊ ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးသောအခြေအနေဖြစ်ခဲ့

အင်ဒိုနီးရှားနိုင်ငံ၊ စူမားတြားကျွန်း ပေါ်တွင် လောင်ကျွမ်းလျက်ရှိသည့် တောမီးများသည် ထိုင်းနိုင်ငံတောင်ပိုင်း ဆုန်ခလာပြည်နယ်အထိ ပျံ့နှံ့ရောက်ရှိလာခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါမီးခိုးမြူများကြောင့် ဆုန်ခလာပြည်နယ်တွင် လေထုညစ်ညမ်းမှု အခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း၊ ဒေသဆိုင်ရာ လေထုတိုင်းတာရေးအဖွဲ့က ပြောကြားခဲ့သည်။ မီးခိုးမြူများ၏ အခြေအနေသည် ကျန်းမာရေးကို ထိခိုက်နိုင်သည့်အခြေအနေတွင် ရှိနေကြောင်း၊ အဆိုပါတော မီးလောင်ကျွမ်းမှုသည် လွန်ခဲ့သည့် နှစ်လခန့်ကတည်းက လောင်ကျွမ်းနေခြင်းဖြစ်သော်လည်း မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် ကျောင်းများပိတ်ရခြင်း၊ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းရခြင်းစသည့်ဆိုးကျိုးများနှင့် ကြုံတွေ့ရသော်လည်း ထိုင်းနိုင်ငံတွင်မူ အဆိုပါဖြစ်ရပ်များနှင့်ကြုံတွေ့ရခြင်းမရှိကြောင်းဖြင့် အဆိုပါလေထုတိုင်းတာရေးအဖွဲ့က ပြောကြားခဲ့သည်။

သို့သော် ယခုအခါတွင် အဆိုပါ မီးခိုးမြူများသည် ထိုင်းနိုင်ငံတောင်ပိုင်း ဆုန်ခလာအထိ ရောက်ရှိလာပြီး ဆုန်ခလာပြည်နယ်တစ်ခုလုံးအား မီးခိုးမြူများဖြင့် ဖုံးအုပ်ထားသဖြင့် ကျန်းမာရေးကို ထိခိုက်နိုင်သည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

လေထုညစ်ညမ်းမှုသည် ဆုန်ခလာပြည်နယ် ဟတ်ရိုင်မြို့တွင် ၁၈၅ကုဗမီတာအထိရှိလာပြီး သတ်မှတ်ထားသည့် ကုဗမီတာ ၁၂၀ အထက်သို့ပင် ကျော်လွန်ရောက်ရှိနေသည်ဟုဆိုသည်။ ထို့ပြင် ယာလာမြို့တွင်လည်း လေထုညစ်ညမ်းမှုအဆင့်မှာ ၁၃၇သို့ရောက်ရှိနေသည်ဟုဆိုသည်။

ဟတ်ရိုင်မြို့နှင့် ယာလာမြို့တို့တွင် မီးခိုးမြူများသည် စောင်တစ်ထည်ကဲ့သို့ လွှမ်းခြုံထားပြီး မီတာ ၁၀၀ အကွာအဝေးသို့ပင် သဲသဲကွဲကွဲ မြင်ရန် ခဲယဉ်းနေကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**



## တိုင်ဖွန်းမုန်တိုင်း ကော့ပူကြောင့် ဖိလစ်ပိုင်နိုင်ငံ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ သန်းတစ်ရာကျော် ပျက်စီးဆုံးရှုံးခဲ့

ဖိလစ်ပိုင်နိုင်ငံတွင် ပြီးခဲ့သည့် အောက်တိုဘာလ ၁၉ ရက်နေ့က တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်းကော့ပူကြောင့် နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း မနီလာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တိုင်ဖွန်းမုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် လယ်စိုက်ဧကဟက်တာ ပေါင်း ၂၇၇၀၆၀ ဟက်တာပျက်စီးဆုံး ရှုံးခဲ့ရကြောင်း၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၁ ဒသမ ၀၁ သန်းရှိကြောင်း ဖိလစ်ပိုင်နိုင်ငံလယ်ယာ စိုက်ပျိုးရေးဌာန၏ လက်ထောက်အတွင်းဝန် အီမာဆင်ပါလတ်က ပြောကြားခဲ့သည်။

“ဒါဟာ လယ်ယာစိုက်ပျိုးရေးဌာနက ထုတ်ပြန်ထားတဲ့အချက်အလက်ပါ။ တကယ်တမ်းပြောရမယ်ဆိုရင်လယ်မြေတွေတင် ဆုံးရှုံးတာမဟုတ်ပါဘူး။ လယ်မြေကထွက်ရှိလာမယ့် ပီဆို ၅ ဒသမ ၃ဘီလီယံတန်ဖိုးရှိတဲ့စပါးမက်ထရစ်တန် ၃၈၆၀၀၀ လည်းပျက်စီးခဲ့တာပါ” ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

ထို့ပြင် ပြောင်းနှင့်အခြား တန်ဖိုးမြင့်ထုတ်ကုန်များလည်း ပျက်စီးဆုံးရှုံးခဲ့ရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၃ သန်းတန်ဖိုးရှိ ပြောင်းမက်ထရစ်တန် ၅၆၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၈ သန်းတန်ဖိုးရှိ တန်ဖိုးမြင့်သီးနှံ ထုတ်ကုန်မက်ထရစ်တန် ၂၁၈၀၀ လည်း ပျက်စီးဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။

ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အနည်းဆုံးလူ ၅၄ဦးသေဆုံးခဲ့ရပြီး နေအိမ်အများအပြားပျက်စီးဆုံးရှုံးခဲ့ရသည်။ မုန်တိုင်းမတိုက်ခတ်မီ၊ မုန်တိုင်းတိုက်ခတ်နေစဉ်နှင့် မုန်တိုင်းတိုက်ခတ်ပြီးချိန်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေကြီးမှုများ၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြည်နယ် ၁၇ခုရှိ ဒေသခံပြည်သူပေါင်း ၁၀၇၇၁၉ ဦးကို ကယ်ဆယ်ရေးစခန်းများ၌ ထားရှိကြောင်း၊ လူဇွန်ပြည်နယ်တွင် နေအိမ်ပေါင်း ရှစ်ထောင်ကျော် ပျက်စီးခဲ့ရကြောင်း၊ ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ်ခရီးစဉ်ပေါင်း ၇၈ ခုကိုဖျက်သိမ်းခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းကော့ပူ ဒေသအခေါ် လန်ဒိုမုန်တိုင်းသည် အောက်တိုဘာလ ၂၁ ရက်နေ့အထိ ဆက်လက်တိုက်ခတ်ခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံသည် နှစ်စဉ်မုတ်သုံရာသီသို့ ရောက်တိုင်း အနည်းဆုံးမုန်တိုင်း ၂၂ လုံးခန့် ဝင်ရောက်တိုက်ခတ်လေ့ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.41 Monday October 26 2015

# မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် ဂျာမန်နည်းပြ ဂတ်ဆီဇီကို ခန့်အပ်



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အနေဖြင့် လာမည့် နိုင်ငံတကာပြိုင်ပွဲ အသီးသီးတွင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း အောင်မြင်မှုရရှိရေး၊ ပိုမိုကောင်းမွန်သည့် ခြေစွမ်းရရှိရေး၊ ကစားသမားကောင်းများ ပေါ်ထွက်လာရေးတို့အတွက် လက်ရှိနည်းပြ အေဗရာမိုဗစ်ချ်၏ နေရာတွင် လူငယ်အသင်းနည်းပြဂတ်ဆီဇီအား နည်းပြချုပ်အဖြစ်ခန့်အပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် နည်းပြဟောင်း ရာဒီအဗရာမိုဗစ်ချ်အား လစာသုံးလစာပေး၍ နှစ်ဦးသဘောတူစာချုပ် ဖျက်သိမ်းခဲ့သလို ဆားဘီးယားလူမျိုး ကြံ့ခိုင်ရေးနည်းပြ လူကာကိုလည်း လစာနှစ်လစာပေး၍ စာချုပ်ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

မိုဗစ်ချ်သည် မြန်မာ့လက်ရွေးစင်အသင်းကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှစတင်တာဝန်ယူခဲ့ရာတွင် ပွဲပေါင်း ၂၂ ပွဲ၌ နိုင်ပွဲ ခုနစ်ပွဲ၊ သရေ လေးပွဲ၊ ရှုံးပွဲ ၁၁ ပွဲရလဒ်ထွက်ပေါ်ခဲ့သည်။

ယခုအခါတွင် လက်ရှိ မြန်မာ့လက်ရွေးစင်အသင်းတွင် လက်ထောက်နည်းပြအဖြစ် ဦးကြည်လွင်(မကွေးအက်ဖ်စီ)က ဆက်လက်ပူးပေါင်းတာဝန်ယူသွားမည်ဖြစ်ပြီး ကြံ့ခိုင်ရေးနည်းပြတစ်ဦးကိုလည်း အမြန်ဆုံးခန့်အပ်သွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၇ရက်တွင် ဟောင်ကောင်ရှိ မောင်းဂွတ်အားကစားကွင်း တွင် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် နိုင်ငံတကာခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၂ ရက်တွင် တောင်ကိုရီးယား လက်ရွေးစင်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရသည်။

**အဗရာမိုဗစ်လက်ထက် မြန်မာအသင်းရလဒ်များ**

**2014 AFC Challenge Cup**
**(အုပ်စုပြုတ်)**

➢ မော်လ်ဒိုက်(၂-၃)မြန်မာ၊ မြန်မာ(၀-၂) ပါလက်စတိုင်း၊ ကာဂျစ္စတန်(၁-၀) မြန်မာ

**၂၀၁၄ ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလား**
**(ချန်ပီယံ)**

➢မြန်မာ(၄-၁)ပါလက်စတိုင်း၊ ဖိလစ်ပိုင်(၂-၃) မြန်မာ

**၂၀၁၄ဆူဇူကီးဖလား(ခြေစစ်ပွဲ)အောင်မြင်ခဲ့**

➢ မြန်မာ(၀-၀)အရှေ့တီမော၊ ဘရူနိုင်း(၁-၃)မြန်မာ၊ ကမ္ဘောဒီးယား (၀-၁)မြန်မာ၊ မြန်မာ(၂-၁)လာအို

**၂၀၁၄ ဆူဇူကီးဖလား(အုပ်စုမှပြုတ်)**

➢ မလေးရှား(၀-၀)မြန်မာ၊ မြန်မာ (၂-၄)စင်ကာပူ၊ ထိုင်း(၂-၀)မြန်မာ

**၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများ**

➢ လာအို(၂-၂)မြန်မာ၊ မြန်မာ(၀-၂) တောင်ကိုရီးယား၊ ကူဝိတ်(၉-၀)မြန်မာ၊ မြန်မာ(၀-၂)လက်ဘနွန်၊ မြန်မာ (၃-၁) လာအို

**နိုင်ငံတကာခြေစမ်းပွဲများ**

➢ ဗီယက်နမ် (၆-၀) မြန်မာ၊ အင်ဒိုနီးရှား(၂-၁)မြန်မာ မြန်မာ(၀-၁)ကမ္ဘောဒီးယား၊ ယူအေအီး (၁-၀) မြန်မာ၊ မြန်မာ(၁-၁)နယူးဇီလန်



# MFF U-13 Girls 100 PLUS Super Cup 2015 ပြိုင်ပွဲ စတင်ကျင်းပမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် MFF U-13 Girls 100 PLUS Super Cup 2015 ပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ပဒုမ္မာကွင်းနှင့် စလင်းကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ အခြေခံအဆင့်အသင်းပေါင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့်ကစားသမားများမှာ အသက်၁၃နှစ်အောက်ကျောင်းသူများဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးဘောလုံးလောကအတွက် အထောက်အကူဖြစ်စေမည့် မျိုးဆက်သစ်လူငယ်ကစားသမားများ ပေါ်ထွက်လာစေရန် အဆိုပါပြိုင်ပွဲအား ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့်ပူးပေါင်း၍ ယင်းပြိုင်ပွဲအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် အဆိုပါပြိုင်ပွဲအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ မိတ်ဖက်လုပ်ငန်းတစ်ခုဖြစ်သည့် 100 PLUS က အဓိက ကူညီပံ့ပိုးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲ၏ အုပ်စုအဆင့်ပွဲစဉ်များကို အောက်တိုဘာ ၂၄ ရက်မှ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရှုံးထွက်အဆင့်ပွဲစဉ်များကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဗိုလ်လုပွဲ၊ တတိယနေရာလုပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၁ ရက်တွင်ပဒုမ္မာကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အုပ်စု(က) ကယား၊ ရှမ်း(တောင်)၊ ကရင်၊ ရှမ်း(အရှေ့)၊ ပဲခူး(အနောက်)။**
**အုပ်စု(ခ)ရခိုင်၊ပဲခူး(အရှေ့)၊မွန်၊ဧရာဝတီ။**
**အုပ်စု(ဂ) မကွေး၊ ကချင်၊ ရှမ်း(မြောက်)၊ စစ်ကိုင်း၊ ရန်ကုန်။**
**အုပ်စု(ဃ) မန္တလေး၊ နေပြည်တော်၊ ချင်း၊ တနင်္သာရီ။**

# စင်ကာပူ မာလိုင်းယန်းဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအသင်း ဖိတ်ကြားခံရ

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် စင်ကာပူ မာလိုင်ယန်းဖလား ၂၀၁၆ ပြိုင်ပွဲ (Singapore Merlion Cup 2016) ကို မြန်မာ့လက်ရွေးစင်အသင်း ပါဝင်ယှဉ်ပြိုင်ရန် စင်ကာပူဘောလုံးအဖွဲ့ချုပ်မှ ဖိတ်ကြားခဲ့သဖြင့် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ပြန်လည်အကြောင်းကြားထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၂၉ ရက်မှ ၃၁ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်စင်ကာပူအသင်းနှင့်အတူ တရုတ်ကလပ် ရှန်ဟိုင်း ရှန်ဟွာ၊ ဂျပန်ကလပ် ယိုကိုဟားမားမာရီနို့စ်နှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး တခြားဖိတ်ကြားထားသည့် အသင်းများလည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

“မာလိုင်ယန်းဖလား ပြိုင်ပွဲကို စင်ကာပူဘောလုံးအဖွဲ့ချုပ်က ဖိတ်တာပါ။ တခြားအသင်းတွေကိုလည်း ဖိတ်ထားတယ်လို့ ပြောပါတယ်။ တချို့အသင်းတွေက အကြောင်းမပြန်သေးတော့ အကုန်မသိရသေးပါဘူး။ လက်ရွေးစင် အသင်းသွားပြိုင်ဖို့ကို တော့အကြောင်း ပြန်ပြီးပါပြီ။ လာမယ့်နှစ် ဇန်နဝါရီလထဲမှာ သွားရောက်ယှဉ်ပြိုင်ရမှာပါ။ အသင်းအတွက်လည်း နိုင်ငံတကာခြေစမ်းပွဲ အတွေ့အကြုံရစေချင်လို့ပါ။ ပြိုင်ဘက်တွေကလည်း စင်ကာပူ လက်ရွေးစင်အသင်းအပြင် အခြားနာမည်ကြီးအသင်း တွေလည်း ပါမယ်လို့တော့ သိထားပါတယ်”ဟု အတွင်းရေးမှူး ဦးတင်အောင်က ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲသည် ရှစ်ကြိမ်မြောက် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ၂၀၀၉ ခုနှစ်က ကျင်းပခဲ့သည့် ခုနစ်ကြိမ်မြောက်ပြိုင်ပွဲတွင် လီဗာပူးအသင်း လာရောက်ယှဉ်ပြိုင်ခဲ့ပြီး စင်ကာပူအသင်းကို အနိုင်ရရှိကာ ဗိုလ်စွဲခဲ့သည်။

# မြန်မာ့လက်ရွေးစင်အသင်းတွင် ကလာဟဲ ပါဝင်ကစားနိုင်ရန် အဖွဲ့ချုပ်ကြိုးပမ်းမည်

အင်္ဂလန်နိုင်ငံချန်ပီယံရှစ် ပြိုင်ပွဲဝင် ရှက်ဖီးယူနိုက်တက်အသင်းတွင် ပါဝင်ကစားနေသည့် ကရင်တိုင်း ရင်းသား ကလာဟဲ၏ မြန်မာနိုင်ငံသားခံယူခွင့်ကို လူဝင်မှုကြီးကြပ်ရေးမှ လက်မခံသဖြင့် ပျက်ပြယ်ရန်ဖြစ်နေသော်လည်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ထပ်မံကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်က ပြောကြားခဲ့သည်။

ကလာဟဲသည် လက်ရှိတွင် အင်္ဂလန်နိုင်ငံသားခံယူထားပြီး အင်္ဂလန်နိုင်ငံ၏ ပတ်စ်ပို့ကို ကိုင်ဆောင်ထားသူဖြစ်ကာ အင်္ဂလန်နိုင်ငံအနေဖြင့် နှစ်နိုင်ငံပတ်စ်ပို့ကို ကိုင်ဆောင်ခွင့်ပြုထားသော်လည်း မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ခွင့်မပြုသည့်အတွက် ကလာဟဲမှာ အင်္ဂလန်နိုင်ငံပတ်စ်ပို့ကို စွန့်လွှတ်ရမည့် အနေအထားသို့ ရောက်ရှိနေသည်။ အင်္ဂလန်ပတ်စ်ပို့ကို စွန့်လွှတ်ရမည်ဆိုပါက ကလာဟဲအနေဖြင့် အင်္ဂလန်တွင် ဘောလုံးကစားရန် အခက်အခဲရှိမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါကိစ္စနှင့် ပတ်သက်၍ “ကလာဟဲက အင်္ဂလန်ပတ်စ်ပို့ကိုကိုင်ထားတာပါ။ မြန်မာနိုင်ငံလဝကအနေနဲ့ကျတော့ ပတ်စ်ပို့နှစ်ခု ကိုင်ဆောင်ခွင့်မရှိတဲ့အတွက် သူလာကစားဖို့ အခက်အခဲ ဖြစ်နေတာပါ။ တကယ်လို့သာ အင်္ဂလန်ပတ်စ်ပို့စွန့်မယ်ဆိုရင်လည်း သူ့အနေနဲ့ မိဘနဲ့ ပြန်နေခွင့်၊ ရှက်ဖီးမှာ ကစားခွင့်ရဖို့ ခက်ခဲနိုင်ပါတယ်။ လောလောဆယ်တော့ ကျွန်တော်တို့ အဖွဲ့ချုပ်အနေနဲ့လည်း ဒီကလေးက တကယ်လာကစားချင်တဲ့အတွက် ဘယ်လိုဆက်လုပ်လို့ ရနိုင်မလဲဆိုတာ ကြိုးပမ်းနေပါတယ်”ဟု ဦးတင်အောင်က ပြောကြားခဲ့သည်။

အသက် ၁၉နှစ်အရွယ်သာရှိသေးသည့်ကလာဟဲသည် ကရင်မိဘနှစ်ပါးမှ ထိုင်းမြန်မာနယ်စပ်ဒုက္ခသည်စခန်းတွင် မွေးဖွားခဲ့ပြီး အသက်၁၄နှစ်အရွယ်မှစတင်ကာ ကျောင်းအသင်း၊ ဆန်းဒေးလိဂ်အသင်းတို့တွင် ကစားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ရှက်ဖီးအသင်းက နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ပြီးလက်ရှိတွင် အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်တစ်နှစ်ချုပ်ဆိုကာ ပါဝင်ကစားလျက်ရှိကြောင်း သိရသည်။

# မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင် ခင်မောင်လွင် အနားယူတော့မည်

မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့၏ ဝါရင့်ကစားသမားတစ်ဦးဖြစ်သူ ခင်မောင်လွင်သည် ရန်ကုန်ယူနိုက်တက်အသင်းနှင့်အတူ လာမည့်မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲကို ဖြတ်သန်းပြီးပါက ကစားသမားဘဝမှအနားယူတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ သည်။

“ကျွန်တော့်အသက်အရွယ်က နားသင့်တဲ့အရွယ်ကို ရောက်နေပါပြီ။ ရန်ကုန်ယူနိုက်တက်အသင်းအတွက်ရော၊ မြန်မာ့လက်ရွေးစင်အသင်းအတွက်ပါ အစွမ်းကုန်ကြိုးစားကစားထားပြီးပါပြီ။ ဒါကြောင့် လာမယ့်နှစ် မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီကို ရန်ကုန်ယူနိုက်တက်အသင်းနဲ့အတူ အကောင်းဆုံးပုံစံနဲ့ဖြတ်သန်းသွားရင်း ကစားသမားဘဝကနေ အနားယူတော့မှာပါ”ဟုခင်မောင်လွင်က ပြောကြားခဲ့သည်။

သို့သော်မြန်မာ့လက်ရွေးစင်အသင်းတွင် လိုအပ်ချက်ရှိ၍ခေါ်ယူခဲ့ပါက ပြန်လည်ပါဝင်ကစားပေးသွားမည်ဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်။ သူသည် မြန်မာ့လက်ရွေးစင်အသင်းတွင်သာမက ရန်ကုန်ယူနိုက်တက်အသင်းတွင်ပါ အသင်းခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ကစားခဲ့သူဖြစ်သည်။ ၎င်းသည် မြန်မာနေရှင်နယ်လိဂ်စတင်စဉ်က ကမ္ဘောဇအသင်းတွင် ပါဝင်ကစားခဲ့ပြီးနောက် ရန်ကုန်ယူနိုက်တက်သို့ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

# နာဇီစစ်သားပုံစံအရုပ်ကို ၎င်းနှင့်တူအောင်ပြုလုပ်ခဲ့သည့် DiD ကုမ္ပဏီအား ရှဝိန်းစတိုင်ဂါ တရားစွဲမည်




မန်ချက်စတာယူနိုက်တက်အသင်း၏ ဂျာမန်ဘောလုံးသမား ရှဝိန်းစတိုင်ဂါက ၎င်းနှင့်တူအောင် ပြုလုပ်ခဲ့သည့် အရုပ်ကုမ္ပဏီတစ်ခုဖြစ်သည့် DiD Corp အား တရားစွဲဆိုသွားမည်ဖြစ်ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ဟောင်ကောင်အခြေစိုက် DiD အရုပ်ကုမ္ပဏီသည် ကလေးများကစားရန်အတွက် အရုပ်များအား ဖန်တီးပြုလုပ်ရာတွင် ဂျာမနီလက်ရွေးစင်အသင်းနှင့်မန်ချက်စတာယူနိုက်တက်၏ကစားသမား ရှဝိန်းစတိုင်ဂါနှင့် တူညီလုနီးပါးပုံစံအတိုင်းပြုလုပ်ကာ ရောင်းချခဲ့သဖြင့် ရောင်းအားအကောင်းဆုံး စာရင်းဝင်ခဲ့သည်ဟုဆိုသည်။

အဆိုပါအရုပ်သည် ဒုတိယကမ္ဘာစစ်အတွင်းက နာဇီစစ်သားတစ်ဦး၏ ဝတ်ဆင်ပုံမျိုးအတိုင်း ဝတ်ဆင်ထားကာ နာဇီစစ်သားတစ်ဦး လုပ်ငန်းခွင်ဝင်နေပုံကို သဘာဝကျကျ ပြုလုပ်ထားခြင်းဖြစ်သည်ဟုဆိုသည်။ အဆိုပါအရုပ်ကို Bastian ဟု အမည်ပေးထားပြီး နာဇီစစ်သားတစ်ဦး ပေါင်မုန့်နှစ်လုံးကို လက်ဖြင့်ပိုက်၍ လက်တစ်ဖက်မှ အိတ်အား ဆွဲထားပုံကို ပုံစံတူပြုလုပ်ထားခြင်းဖြစ်သည်ဟုဆိုသည်။

သို့သော် ဟောင်ကောင်မှ DiD ကုမ္ပဏီ၏ကိုယ်စားလှယ်ဖြစ်သူ မစ္စတာပက်ထရစ်ချန်းက ၎င်းတို့အနေဖြင့် ရှဝိန်းစတိုင်ဂါ၏ ပုံစံတူမျိုးပြုလုပ်ခဲ့ခြင်း မဟုတ်ကြောင်း၊ ဂျာမန်လူမျိုးတစ်ဦးကို သာအခြေခံပြီး ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဂျာမန်လူမျိုးတိုင်းယခုပြုလုပ်ထားသည့် အရုပ်ပုံစံအတိုင်း ထပ်တူနီးပါးတူညီနေသည်ကို တွေ့နိုင်ကြောင်း၊ ထို့ကြောင့်လည်း ဂျာမနီတွင် Bastian ဆိုသည့် အမည်သည် လူအများမှည့်ခေါ်နေသည့် အမည်ပင်ဖြစ်ကြောင်း၊ ဂျာမန်သတင်းစာတစ်စောင်ဖြစ်သည့် Bild သို့ ပြောကြားခဲ့သည်။

ရှဝိန်းစတိုင်ဂါ၏ ပြောရေးဆိုခွင့်ရှိသူကမူ အဆိုပါကိစ္စနှင့်ပတ်သက်၍ ရှဝိန်းစတိုင်ဂါ၏ခွင့်ပြုချက်ကို ရယူထားခြင်းမရှိဘဲ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ပြုလုပ်ခြင်းသည် ရှဝိန်းစတိုင်ဂါအား နာဇီဝါဒကို ထောက်ခံသူဟု ထင်မှတ်သွားနိုင်ကြောင်း၊ထို့ပြင် အဆိုပါအရုပ်ပြုလုပ်သည့်ကုမ္ပဏီအား တရားစွဲဆိုသွားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

DiD ကုမ္ပဏီကမူ ရှဝိန်းစတိုင်ဂါနှင့် တူညီမှုမရှိဟု ပြောကြားခဲ့သော်လည်း အရုပ်အား ဝယ်ယူခဲ့သူများကမူ ရှဝိန်းစတိုင်ဂါနှင့် လုံးဝကိုဆင်တူသည်ဟု ပြောကြားခဲ့သည်။

ဟောင်ကောင်အရုပ် ကုမ္ပဏီသည် အဆိုပါအရုပ်များအား ပုံစံကွဲ ခြောက်မျိုး ထုတ်လုပ်ထားပြီး အရုပ်တစ်ရုပ်လျှင် ၆၅ပေါင်ဖြင့် ဥရောပတစ်ခွင်တွင် ရောင်းချလျက်ရှိကြောင်း သိရသည်။



# ခွဲစိတ်ကုသမှုခံယူပြီးနောက် လေ့ကျင့်ရေးကွင်းသို့ တိုက်ဂါးဝုဒ် ပြန်လည်ဝင်ရောက်လာ

ကမ္ဘာ့ဂေါက်သီးချန်ပီယံဟောင်းတစ်ဦးဖြစ်သူ တိုက်ဂါးဝုဒ်သည် ၎င်း၏ဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူပြီးနောက် ၎င်းလေ့ကျင့်ရာ ဂေါက်သီးကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာပြီး လေ့ကျင့်မှုများကို စတင်ပြုလုပ်နေပြီဖြစ်ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

တိုက်ဂါးဝုဒ်သည် ကာလရှည်ဖြစ်ပေါ်နေခဲ့သည့် နောက်ကျောဒဏ်ရာ ကို ခွဲစိတ်ကုသမှုခံယူပြီးနောက် ရက်ပေါင်းများစွာ အနားယူခဲ့ရသည်။ သို့သော် ပြီးခဲ့သည့်လပိုင်းက ၎င်း၏ဒဏ်ရာမှာ ဒုတိယအကြိမ်ထပ်မံဖြစ်ခဲ့ပြန်သဖြင့် ရက်ရှည်အနားယူရန် လိုအပ်လာခဲ့ခြင်းဖြစ်သည်။

တိုက်ဂါးဝုဒ်သည် ၎င်း၏ဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူပြီးနောက် ၎င်း၏ဆရာဝန်က ခွဲစိတ်ကုသမှုအောင်မြင်သော်လည်း ဒဏ်ရာမှာ ဦးနှောက်ကိုဆက်သွယ်သည့် အဓိကအကြောကို ထိခိုက်မိသဖြင့် ကာလရှည်အနားယူရမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

“ကျွန်တော် အခုကောင်းကောင်းအနားယူပြီးပါပြီ။ မကြာခင်မှာ လေ့ကျင့်ရေးကွင်းထဲကို ရောက်လာတော့မှာပါ။ လေ့ကျင့်မှုတွေလုပ်ပြီးရင်တော့ ပြိုင်ပွဲတွေမှာ ကျွန်တော့်ကို မြင်တွေ့ရတော့မှာပါ။ ကျွန်တော် ကစားသမားအသစ်လေးတွေနဲ့တွဲပြီး ကစားချင်ပါသေးတယ်။ နောက်ထပ် နှစ်ပေါင်းများစွာကြာအောင် ကစားချင်ပါသေးတယ်”ဟု တိုက်ဂါးဝုဒ်က ပြောကြားခဲ့သည်။

# ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဒေးဗစ်ဟေးက ကြံ့ခိုင်ရေးလေ့ကျင့်ရုံအား အပြီးတိုင်ပိတ်ခဲ့ပြီးနောက် ၎င်း၏လက်ဝှေ့ကြိုးဝိုင်းအား လေလံတင်ရောင်းချ



ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဟောင်း ဒေးဗစ်ဟေးသည် လက်ဝှေ့လောကမှ အနားယူသွားပြီးနောက် ၎င်း၏ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ရုံအား အပြီးတိုင်ပိတ်ပစ်ခဲ့ကြောင်း သိရသည်။

ယခုအခါ ဒေးဗစ်ဟေးသည် ၎င်းလေ့ကျင့်ခဲ့သည့် လက်ဝှေ့အားကစားရုံကိုလည်း လေလံတင်ရောင်းချလျက်ရှိရာအမြင့်ဆုံးဈေးအဖြစ် ပေါင် ၂၅၀၀၀ အထိပေးထားသူတစ်ဦး ရှိနေကြောင်း သိရသည်။

အဆိုပါ လေလံတင်ရောင်းချမှုကို eBay တွင် စာရင်းတင်ထားခြင်းဖြစ်ပြီး အမြင့်ဆုံးဈေးပေးနိုင်သူကို ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

“ဒီနေရာကနေ ကျွန်တော် စွန့်ခွာခဲ့တာ သုံးနှစ်ရှိခဲ့ပါပြီ။ ဒီနေရာဟာ ချီဆိုရာ၊ ကလစ်ချ်ကို၊ ဟာရစ်ဆင်တို့ကို သွေးတွေ၊ ချွေးတွေ၊ မျက်ရည်တွေ၊ တံတွေးတွေထွက်အောင် လုပ်ပေးနေတဲ့နေရာပါ။ ကျွန်တော်အပါအဝင်ပေါ့။ ဒီနေရာကို ကျွန်တော် အမှတ်ရချင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အတွက် ဒီနေရာဟာအသုံးမဝင်တော့လို့ အသုံးဝင်မယ့်သူကို ရောင်းမယ်လို့ ဆုံးဖြတ်ပြီး ကျွန်တော်လေလံတင်ခဲ့တာပါ”ဟု ဒေးဗစ်ဟေးက ပြောကြားခဲ့သည်။

ဟဲဗီးဝိတ်ချန်ပီယံ ဒေးဗစ်ဟေးသည် ၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်းက ကစားသမားဘဝမှ အနားယူတော့မည်ဟု ကြေညာခဲ့သော်လည်း ဝလာဒီမာကလစ်ချ်ကို၏ တောင်းဆိုမှုအရ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၎င်း၏ဟဲဗီးဝိတ်သရဖူကို စွန့်လွှတ်ခဲ့ရသည်။

ထို့ကြောင့် သူသည် ၎င်း၏ဟဲဗီးဝိတ်သရဖူကို ပြန်လည်ရယူနိုင်ရန်အတွက် ဒါးရက်ချီဆိုရာနှင့်ထိုးသတ်ရန် စိန်ခေါ်ခဲ့သည်။ ဒေးဗစ်ဟေးနှင့်ချီဆိုရာတို့သည် ၂၀၁၂ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အနိုင်ရရှိခဲ့သည်။

ထို့နောက် ဟဲဗီးဝိတ်သရဖူကို ပြန်လည်ရရှိခဲ့သည့် ဒေးဗစ်ဟေးသည် လက်ဝှေ့လောကမှ အနားယူတော့မည်ဖြစ်ကြောင်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း ကြေညာခဲ့သည်။

ဒေးဗစ်ဟေးသည် ကြေးစားလက်ဝှေ့သမားဘဝတွင် ၂၈ပွဲထိုးသတ်ခဲ့ရာ ၂၆ပွဲအနိုင်ရရှိခဲ့ပြီး နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ ၎င်းအနိုင်ရရှိခဲ့သည့်ပွဲများအနက် ၂၄ပွဲ မှာ အလဲထိုးနိုင်ပွဲများ ဖြစ်သည်။

# ဩစီအိုးပင်းပြိုင်ပွဲအတွက် ဆီရီနာဝီလျံ ကြိုတင်ပြင်ဆင်မည်



အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံသည် လာမည့်၂၀၁၆ခုနှစ်အတွင်း ကျင်းပမည့် ဩစီအိုးပင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်တော့မည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံတွင် ကျင်းပမည့် ဟော့ဖ်မန်းဖလားတင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် ဩစီအိုးပင်းတင်းနစ်ပြိုင်ပွဲအတွက် လေ့ကျင့်ရာရောက်ကြောင်း ဆီရီနာက ပြောကြားခဲ့သည်။

ဆီရီနာဝီလျံသည် ဩစီအိုးပင်းပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သဖြင့် တင်းနစ်ရာသီ၏ နောက်ဆုံးချန်ပီယံဆုဖြစ်သည့် ပြင်သစ်အိုးပင်းနှင့် ဝင်ဘယ်ဒန်ချန်ပီယံဆုတို့ကိုပါ ရရှိခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ထားသူဖြစ်သည်။

“ဒီနှစ်အစောပိုင်းမှာ ပြိုင်ခဲ့ရတဲ့ ဩစီအိုးပင်းပြိုင်ပွဲကို အမှတ်ရနေတုန်းပါ။ အဲဒီပြိုင်ပွဲမှာ အနိုင်ရခဲ့တဲ့အတွက် ပြင်သစ်အိုးပင်းမှာရော၊ ဝင်ဘယ်ဒန်ပြိုင်ပွဲမှာရော ချန်ပီယံဖြစ်ခဲ့ရတာပါ။ ဒီဩစီအိုးပင်းဟာ ကျွန်မအတွက်တကယ့်ကို နိမိတ်ကောင်းတွေနဲ့ ပြည့်ဝနေတာပါ။ ဒါကြောင့် လာမယ့်နှစ်မှာ ကျင်းပမယ့် ဩစီအိုးပင်းပြိုင်ပွဲအတွက် အခုကတည်းက ကြိုတင်ပြင်ဆင်ထားမယ်လို့ပြောတာပါ”ဟု မေးလ်အွန်လိုင်းသို့ ပြောကြားခဲ့သည်။

# သိန်းနီမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ကုန်စည်ဒိုင်ဖွင့်လှစ်နိုင်ရေး စိုက်ပျိုးထုတ်လုပ်သူနှင့် ကုန်သည်လုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ကုန်စည်ဒိုင် ဖွင့်လှစ်နိုင်ရေးအတွက် အောက်တိုဘာ ၂၂ ရက်က ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများမှ သိန်းနီမြို့ရှိ မြို့နယ်စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ စုစုပေါင်း ၄၅ ဦးခန့်ဖိတ်ကြားလျက် သိန်းနီမြို့၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး အစည်းအဝေးခန်းမမှာ ကုန်စည်ဒိုင် အဖွဲ့ဝင် ၃၃ ဦးနဲ့ ညှိနှိုင်းအတည်ပြုဖွဲ့စည်းခဲ့ပါတယ်။

လယ်ယာထွက်ကုန်ပစ္စည်းကုန်စည်ဒိုင်ဖွဲ့စည်းရာမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးက ကုန်စည်ဒိုင်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ စိုက်ပျိုးထုတ်လုပ်သူနဲ့ ကုန်သည်လုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက် အကျိုးစီးပွားမျှတစွာခံစားနိုင်မယ့် အခြေအနေများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ တိုးတက်လာကာ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်နိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားပါတယ်။ ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း ဒေသသီးနှံ စိုက်ပျိုးထုတ်လုပ်မှု အခြေ အနေများ၊ ကုန်စည်ဒိုင်ဖွဲ့စည်းခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုဖြစ်စေမည့် စီးပွားရေးလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိလာနိုင်မည်ဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သူနှင့်ကုန်သည်လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်သွားသင့်ကြောင်း တိုက်တွန်းပြောကြားပါတယ်။



သိန်းနီမြို့နယ်အနေနဲ့ ဆန်စပါးနဲ့ လယ်ယာထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး ကုန်စည်ဒိုင် ဖွင့်လှစ်ခြင်းဖြင့် ဒေသအတွင်း ဈေးကွက်ဖွံ့ဖြိုးနိုင်မှု၊ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားလာကာ လယ်ယာထွက်ကုန်သီးနှံများ တိုးတက်တင်ပို့ပြီး ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာနိုင်တဲ့အပြင် တစ်ဖက်နိုင်ငံဈေးကွက်နဲ့နီးစပ်နေပြီး အချိန်တိုအတွင်း သွားလာရလွယ်ကူတဲ့အတွက် စိုက်ပျိုးထုတ်လုပ်သူနဲ့လုပ်ငန်းရှင်များရဲ့ စီးပွားရေးအခက်အခဲများ ပြေလည်လာနိုင်မှာဖြစ်ပြီး အကျိုးကျေးဇူးများရှိလာနိုင်မှာဖြစ်လို့ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွင်း အကြိုလုပ်ငန်းညှိနှိုင်းမှုများပြုလုပ်ကာ အောက်တိုဘာ ၂၂ ရက်က လယ်ယာထွက်ကုန်ပစ္စည်း ကုန်စည်ဒိုင် ဖွဲ့စည်းရေးတာဝန်ယူဆောင်ရွက်မယ့် ပုဂ္ဂိုလ် ၆ ဦးနဲ့ အဖွဲ့ဝင် ၂၇ ဦးတို့နဲ့ စုစုပေါင်း ၃၃ ဦး အမည်စာရင်းကို အတည်ပြုရယူဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရပါတယ်။

**လှစိုး-လားရှိုး**

## မြောင်းမြခရိုင်တွင် သီးနှံအစိုဓါတ်တိုင်းကိရိယာဆိုင်ရာ နည်းပညာဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ဧရာဝတီတိုင်းဆန်စက်လုပ်ငန်းရှင်များအသင်း၊ KETT Electric Laboratory Japan နှင့် Pioneer Agrobiz Co.Ltd.တို့ပူးပေါင်း၍ သီးနှံအစိုဓါတ်များအရေးပါပုံ၊ အစိုဓါတ်တိုင်း ကိရိယာများရဲ့ စံချိန်စံညွှန်းများ၊ သိုလှောင်ရေးတွင် သီးနှံအစိုဓါတ်နဲ့ အရည်အသွေး ဆက်စပ်နေတဲ့ နည်းပညာများဆိုင်ရာ ပညာပေးဟောပြောပွဲကို မြောင်းမြမြို့၊ မြရွှေဝါခန်းမမှာ အောက်တိုဘာ ၁၃ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါဟောပြောပွဲမှာ မြောင်းမြခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က မိတ်ဆက်စကားပြောကြားပြီး မြောင်းမြခရိုင်ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးရွှေထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး Japan Development Service Co.Ltd မှ Ide Takamichi က JICA Servery နှင့် ဆန်စပါးထုတ်လုပ်မှုကွင်းဆက်တန်ဖိုးနှင့် ပတ်သက်တဲ့ အကြောင်းအရာများကို ဟောပြောခြင်း၊ KETT Electric Laboratory မှ Mr.Yoshida Nori Hiro က KETT Company ထုတ် အစိုဓါတ်တိုင်း ကိရိယာများအကြောင်းကို မိတ်ဆက်ဟောပြောခြင်း၊ Pioneer Agrobiz Co.Ltd မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာမျိုးအောင်ကျော်က ရိတ်သိမ်းချိန်လွန် သီးနှံများ သိုလှောင်ထိန်းသိမ်းရာတွင် အစိုဓါတ်ပါဝင်မှုများအကြောင်း ရှင်းလင်းဟောပြောခဲ့ပါတယ်။

ဟောပြောပွဲအပြီးမှာ တက်ရောက်လာသော လုပ်ငန်းရှင်များက ပြသထားသော သီးနှံအစိုဓါတ်တိုင်းကိရိယာများကို လေ့လာကြည့်ရှုခဲ့ကြပြီး ယခုလို ဟောပြောပွဲပြုလုပ်ပေးတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အတွက် အကျိုးရှိပါကြောင်း၊စပါးအစိုဓါတ်သည်သိုလှောင်ရာတွင် အရေးကြီးကြောင်းတို့ကို မြောင်းမြမြို့ဆန်စက်ပိုင်ရှင်တစ်ဦးက ပြောကြားခဲ့ပါတယ်။

**လှထွဋ်ဦး-မြောင်းမြ**

## ဧရာဝတီတိုင်းဒေသကြီးတွင် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် Idea Platform for Successful Business Training သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီးတွင် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးနိုင်မည့် အထောက်အပံ့ရရှိစေရန်နှင့် AEC ဝင်ရောက်လာချိန်လုပ်ငန်းများကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန်အတွက်သာမက နိုင်ငံတကာအတွေ့အကြုံဗဟုသုတများရရှိစေရန် ရည်ရွယ်လျက် ဂျာမနီနိုင်ငံနှင့်ပူးပေါင်း၍ Idea Platform for Successful Business Training သင်တန်းကို ပုသိမ်မြို့၊ အမှတ် ၁၇၊ မင်းကြီးလမ်းနှင့် အောင်ရတနာလမ်းတောင့်၊ ဂရုဏာမြန်မာ Social Center တွင် ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရပါတယ်။

ယင်းသင်တန်းကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊အသေးစား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဌာနမှ ပူးပေါင်းပါဝင်၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းမှာ ဌာနဆိုင်ရာများ၊ SME လုပ်ငန်းရှင်များ၊ ဆန်စက်၊ ဆား စက်ပိုင်ရှင်များ၊ ကုန်သည်များ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဘဏ် ဝန်ထမ်းများ၊ ဖုန်းဆိုင်ပိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်း ပေါင်းစုံမှ သင်တန်းသူ/သင်တန်းသားများနှင့် လာရောက်လေ့လာ သူများ၊ လုပ်ငန်းစတင် ထူထောင်လိုသူများ၊ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့ထိ နေ့စဉ် နံနက် ၀၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရပါတယ်။

သင်တန်းတွင် MHR Training School မှ ကျောင်းအုပ်ကြီး ပါမောက္ခ ဦးအေးကျော် က Ability to Manage People Skills, HR Management- I,II, Sales and Marketing Business Operation Management နှင့်ဒေါ်နွေးနွေးစိုးက Economic Rationale for Business Decision, Strategic Analysis and Management, AEC Opportunities and Challenges for SMEs နှင့် ဒေါ်တင်မာလှက Current SME Development Activities, Cluster Development Awareness, နှင့် ဦးနေလင်းထွဋ်က How to control the demand and supply to get the profit နှင့် ဒေါက်တာမျိုးမင်းဂေါင်နှင့် ဦးဝေဖြိုးအောင်တို့ကလည်း Entrepreneurships Paradigm, Innovative Strategy, Creativity of Value Added Products, Interpersonal Skill for Entrepreneur စသည်တို့ကို သက်ဆိုင်ရာ ကဏ္ဍအလိုက် သင်ကြားပို့ချပေးခဲ့ပြီး တက်ရောက်လာသော သင်တန်းသူ၊ သင်တန်းသားများက သိလိုသည်များကို မေးမြန်းခဲ့ရာ သင်ကြားပို့ချသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်းသိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ဘဏ္ဍာရေးနှင့်စီးပွားရေးဆိုင်ရာ သင်တန်းအကြိုဆွေးနွေး

ပဲခူးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာနမှ ဦးဆောင်စီစဉ်မှုဖြင့် ဗြိတိသျှကောင်စီနှင့် Standard Chartered Bank တို့ပူးပေါင်းပြီး ပဲခူးတိုင်းဒေသကြီးအတွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ဘဏ္ဍာရေးနှင့်စီးပွားရေးတိုးတက်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် အကြို ဆွေးနွေးပွဲကို ပဲခူးမြို့၊ သီရိဟံသာခန်းမ၌ အောက်တိုဘာ ၁၅ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။

အစည်းအဝေးကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် တိုင်းဒေသ ကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ British Council နှင့် Standard Chartered Bank မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ အခြားဖိတ်ကြားထားသောပုဂ္ဂိုလ်များ အပါအဝင် အင်အား ၁၇၀ ကျော် တက်ရောက်ခဲ့ပါတယ်။

အခမ်းအနားမှာ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး Standard Charterede Bank တာဝန်ရှိသူများမှ E4E အကြောင်း မိတ်ဆက်ပြောကြားပြီး E4E Program ၏ Documentary ပြသခဲ့ပါတယ်။

ယင်းနောက် British Council ၏ သင်တန်းဆရာ ဦးမျိုးသန်းထွန်းက သင်ကြားမယ့်သင်ခန်းစာများအကြောင်း ရှင်းလင်းပြော ကြားပါတယ်။

ပါမောက္ခဒေါက်တာအောင်ထွန်းသက်ကလည်း Social Enterprise ခေါ် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်း အကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မင်းဆွေ-ပဲခူး**

■

## ဘိုကလေးမြို့နယ်တွင် ဆဋ္ဌမအကြိမ်မြောက်လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေး အခမ်းအနားကျင်းပပြုလုပ်

အာရှစွန့်ဦးတီထွင် စီးပွားရေးစွမ်းဆောင်ရည် ဖွံ့ဖြိုးမှုကွန်ရက် (မြန်မာ) EDNA Myanmar နှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ တစ်ပိုင်တစ်နိုင်နှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် စွန့်ဦးတီထွင် စီးပွားရေးစွမ်းဆောင်မှု နည်းပညာလုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေး အခမ်းအနားကို ဘိုကလေးမြို့ ရွှေသွယ်ရင်လမ်း၊ မြို့တော်ခန်းမမှာ အောက်တိုဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းက စတင်ကျင်းပခဲ့ရာ ဧည့်သည်တော် ၂၄ ဦး၊ ဌာနဆိုင်ရာ ၉ ဦးနှင့် သင်တန်းသား ၁၈၀ ဦး စုစုပေါင်း ၂၁၃ ဦး တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။

အခမ်းအနားမှာ ဘိုကလေးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်ဆွေဝင်းက သမဝါယမ ဦးစီးဌာန၏ လုပ်ငန်းစဉ်များနှင့် ဌာနမှ ဆောင်ရွက်နေတဲ့ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ကိုင်နေသူများ၏ အခြေအနေနှင့် ပံ့ပိုးပေးနေသူများကိုလည်းကောင်း၊ ဖျာပုံမြို့နယ်မှ ကုန်မျိုးစုံဆိုင် စီးပွားရေးလုပ်ငန်းရှင် ဦးပြုံးချိုက ငယ်စဉ်ကတည်းက ရောင်းဝယ်မှုလုပ်ငန်းနှင့် ပတ်သက်ပြီး စိတ်ဝင်စားခဲ့ပုံ၊ ဈေးကွက်ရှာဖွေလေ့လာခဲ့ပုံ၊ ရောင်းချမှုပုံစံနှင့် မိမိဖြတ်သန်းခဲ့ရသော အခက်အခဲများစတဲ့ အတွေ့အကြုံများကို ပြန်လည်မျှဝေခြင်းဖြင့် လည်းကောင်း၊ နေခြည်လင်း အချိုရည်မျိုးစုံလုပ်ငန်းရှင် ဦးနေလင်းစိုးက စီးပွားရေးတစ်ပိုင်တစ်နိုင် လုပ်ကိုင်ရာမှာ အောင်မြင်သော လုပ်ငန်းရှင်ဖြစ်လာခဲ့ပုံ အချိုရည်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှုနည်းစနစ်၊ လက်ကားဆိုင်ကြီးများ အော်ဒါမှာယူသူများ လက်ခံကာ အိမ်အရောက်ထိ ပို့ပေးသည့်နည်းစနစ်များစတဲ့ မိမိအတွေ့အကြုံများအား ဖြန့်ဝေခြင်းဖြင့် လည်းကောင်း အသီးသီးတန်ဖိုးရှိလှတဲ့ အတွေ့အကြုံများ ဆွေးနွေးပေးသွားခဲ့ကြတယ်လို့ သိရပါတယ်။

အဲ့ဒီနောက် တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ၊ သင်တန်းသား၊ သင်တန်းသူများရဲ့ မေးမြန်းချက်များအား ဒေါ်ခင်ဆွေဝင်း၊ ဦးပြုံးချိုနှင့် ဦးနေလင်းစိုးတို့က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

## သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်လှစ်



ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှကြီးမှူးပြီး သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန်၏ ထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို အရာတော်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ပိတောက်ပင်ဘုန်းတော်ကြီးကျောင်း၌ ၂၀၁၅ခုနှစ် အောက်တိုဘာလ ၂၂ရက်မှ ၂၆ ရက်နေ့ထိ ၅ ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သတင်းရရှိပါတယ်။

မုံရွာခရိုင်၊ အရာတော်မြို့နယ်၌ သနပ်ခါးစိုက်ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး၊ သနပ်ခါး စိုက်ပျိုးသူတောင်သူ ၂၈၀၀ဦးခန့်ဖြင့် မြို့နယ်သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ၂၀၁၄ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်နေ့တွင် ဖွဲ့စည်းကာ သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သနပ်ခါးမူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ ဆုံးဖြတ်ချက် ၈ ချက် ချမှတ်ခဲ့ရာ ဆုံးဖြတ်ချက်-၃ ဖြစ်သည့် သနပ်ခါး စိုက်ပျိုးထုတ်လုပ်သည့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သနပ်ခါးအခြေခံတန်ဖိုးမြှင့်ထုတ်ကုန် Value Added ထုတ်လုပ်နည်း ပညာပေးသင်တန်းကို ပို့ချနိုင်ရေး ဆောင်ရွက်ရန် ဆုံးဖြတ်ချက်အရ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သတင်းရရှိပါတယ်။

သင်တန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး လူသုံးကုန်ဆေးဝါးနှင့် အလှကုန်ထုတ်လုပ်ရောင်းဝယ်သူများအသင်း မှ သင်တန်းပို့ချမည်ဖြစ်ကြောင်းနှင့် ပို့ချမည့်သင်ခန်းစာများမှာ သနပ်ခါးစိုက်ပျိုးရာတွင် သတိပြုရမည့်အချက်များ၊ မြေယာအသုံးချမှုအကြောင်း သိကောင်းစရာ၊ OVOP နှင့် SMEs လုပ်ငန်းများအကြောင်း၊ အဆီမပြန်/ နေလောင်ခံ သနပ်ခါးထုတ်လုပ်နည်း၊ သနပ်ခါးခဲ အကြမ်း/အချောထုတ်လုပ်နည်း၊ မျက်နှာလိမ်း သနပ်ခါးမှုန့်/ သနပ်ခါး ကိုယ်လိမ်းပေါင်ဒါ ထုတ်လုပ်နည်း၊ သနပ်ခါးအခြေခံ ဆေးဝါးထုတ်လုပ်ရန်နှင့် ဆေးဘက်ဝင်မှုနည်းပညာများကို ပို့ချမည်ဖြစ်ကြောင်းနှင့် အရာတော်၊ ကနီ၊ ယင်းမာပင်၊ စစ်ကိုင်းမြို့နယ်များမှ သနပ်ခါး စိုက်ပျိုးထုတ်လုပ်သူ ၆၅ ဦးခန့် သင်တန်းတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင်-မုံရွာ**

## သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှုနှင့် ဖျော်ရည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနတို့မှ ကြီးမှူး၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှုနှင့် ဖျော်ရည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာပေးသင်တန်းကို ကလေးခရိုင်၊ ဟုမ္မလင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာလ ၁၃ရက်မှ ၁၇ရက်နေ့ထိ ၅ရက်ကြာဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၆၇ ဦး တက်ရောက်ခဲ့ပါတယ်။

ဟုမ္မလင်းမြို့နယ်တွင် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှုများရှိ၍ သစ်သီးဝလံဆိုသည်မှာ တာရှည်မခံသော ကုန်ပစ္စည်းများဖြစ်တာကြောင့် ပိုလျှံသောသစ်သီးဝလံများကို ဖျော်ရည်နှင့်ယိုမျိုးစုံ Value Added တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့် လေလွင့်ဆုံးရှုံးမှုမရှိခြင်း၊ ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်း များတိုးတက်ရရှိခြင်း၊ ဝင်ငွေ ပိုမိုတိုးတက်ရရှိခြင်း၊ မိမိတို့ကုန်အမှတ်တံဆိပ်ဖြင့် မိမိတို့ဒေသ၏ ဂုဏ်ကိုမြှင့်တင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိရန် ရည်ရွယ်၍ ဤသင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရပါတယ်။

သင်တန်း၌ စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဌာန၊ ရက်ကန်းနှင့် အသက်မွေး ပညာသင်တန်းကျောင်း၊ မုံရွာမြို့မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းဌေး၊ နည်းပြ ဒေါ်ခင်မြဆွေနှင့် ဒုတိယနည်းပြ ဒေါ်ဌေးဌေးရွှေ တို့က သစ်သီးများကြာရှည်ခံထုတ်လုပ်ရမည့် နည်းလမ်းအဆင့်ဆင့်၊ သစ်သီးဖျော်ရည်အဆင့်ဆင့် ပြုလုပ် နည်း၊ သစ်သီးယိုမျိုးစုံပြုလုပ်နည်းအဆင့်ဆင့် စသည်တို့ကို စာတွေ့လက်တွေ့ ပေါင်းစပ်ကာ သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားသို့ ခန္တီးခရိုင်စီမံခန့်ခွဲမှု ဉက္ကဌ၊ ဟုမ္မလင်းမြို့နယ်စီမံခန့်ခွဲမှုဉက္ကဌ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့် သင်တန်းသား၊ သူများ အပါအဝင် စုစုပေါင်း ၁၀၁ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင်-မုံရွာ**

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Fax:081-2121093,Ph:081-2121627<br>email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။<br>Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

# တောင်အာရှဒေသခွဲမှာ အိန္ဒိယနိုင်ငံက ကုန်သွယ်ရေး လွယ်ကူချောမွေ့မှု အရှိဆုံး ဒေသဖြစ်

အာရှနဲ့ ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေးနဲ့ လူမှုရေးကော်မရှင် (United Nations Economic and Social Commission for Asia and Pacific - ESCAP) က ကုလသမဂ္ဂဒေသဆိုင်ရာ ကော်မရှင်တွေနဲ့ ပူးတွဲပြီး သွင်းကုန်၊ ပို့ကုန်နဲ့ တစ်ဆင့်ခံကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့စေဖို့ အကောင်အထည်ဖော်တဲ့ အခြေအနေတွေနဲ့ ပတ်သက်ပြီး အစီရင်ခံစာ တစ်စောင်ကို ပထမဆုံးပြုစုခဲ့ပါတယ်။

စစ်တမ်းကောက်ယူမှု အစီရင်ခံစာအရ အိန္ဒိယနိုင်ငံက တောင်အာရှဒေသခွဲများအနက် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ အလွယ်ကူဆုံး ဒေသတစ်ခုဖြစ်တာကို တွေ့ရပြီး အရှေ့အာရှနဲ့အရှေ့တောင်အာရှနိုင်ငံတွေကို ကြည့်ရင် စင်ကာပူနဲ့ တောင်ကိုရီးယားတို့က ကုန်စည်ပို့ဆောင်မှု လွယ်ကူချောမွေ့အောင်ဆောင်ရွက်ရာမှာ ရှေ့ဆောင်နိုင်ငံတွေဖြစ်ကြောင်း ကုလသမဂ္ဂ အစီရင်ခံစာမှာ ဖော်ပြပါတယ်။ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် စစ်တမ်းကောက်ယူရာမှာ နိုင်ငံပေါင်း ၁၁၉ နိုင်ငံက စာရင်းဇယားတွေကို ESCAP က ရယူဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဉရောပနဲ့ဗဟိုအာရှဒေသမှာတော့ ရုရှားနဲ့ တူရကီတို့က ဦးဆောင်လျက်ရှိတယ်လို့ ဆိုပါတယ်။ တစ်ကမ္ဘာလုံးခြုံကြည့်ရင် ကုန်သွယ်မှုကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်တဲ့ နိုင်ငံတွေထဲမှာ နယ်သာလန်နိုင်ငံက ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂ အစီရင်ခံစာမှာ ဖော်ပြပါတယ်။

ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအစီအမံတွေကြောင့် ကုန်ကျစရိတ်များစွာ လျှော့ချနိုင်ပြီး ကုန်သွယ်မှုမြှင့်တင်နိုင်မှာဖြစ်ကြောင်းနဲ့ အာရှပစိဖိတ်ဒေသရဲ့ ပို့ကုန်တင်ပို့မှုတွေ ပိုမိုကောင်းမွန်လာကာ နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၅၀ ကျော် ပိုမိုလာနိုင်ကြောင်း ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နဲ့ ESCAP ရဲ့ အတွင်းရေးမှူး ရှမ်ရှတ်အက်ကထာက ပြောပါတယ်။ ဒါပေမယ့် ဒေသဆိုင်ရာအဆင့်နဲ့ ကမ္ဘာလုံးဆိုင်ရာအဆင့်မှာ နိုင်ငံများအချင်းချင်း ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မှု ရှိမှသာ အောင်မြင်မှုရနိုင်မှာ ဖြစ်ကြောင်း သူက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# အာဆီယံ+၃ မှ သိပ္ပံဝန်ကြီးများ တောင်ကိုရီးယားနိုင်ငံ ဒေးဂျုန်းမြို့တွင်တွေ့ဆုံမည်




တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်နိုင်ငံတို့နဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သိပ္ပံဝန်ကြီးများက အောက်တိုဘာ ၂၀ ရက်နေ့မှာ တောင်ကိုရီးယားနိုင်ငံ ဒေးဂျုန်းမြို့၌တွေ့ဆုံပြီး သိပ္ပံနဲ့ နည်းပညာနယ်ပယ်မှာ ပူးပေါင်းဆောင်ရွက်ရေး ကွန်ရက်ထူထောင်ရန်နဲ့ သိပ္ပံပညာဆိုင်ရာဝန်ထမ်းများ ဖလှယ်မှုတိုးမြှင့်ဆောင်ရွက်ရန်အတွက် ဆွေးနွေးခဲ့ကြကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြထားပါတယ်။

စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (Organization for Economic Cooperation and Development-OECD) က ကြီးမှူးကျင်းပတဲ့ သိပ္ပံနဲ့ နည်းပညာအစည်းအဝေးရဲ့ အလွတ်သဘောဆွေးနွေးပွဲမှာ အာဆီယံ+၃ ဆွေးနွေးပွဲကို ထည့်သွင်းကျင်းပခဲ့တာဖြစ်ပါတယ်။ ကွဲပြားခြားနားချက်ရှိတဲ့ ဒေသများအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို မျှဝေပေးနိုင်ဖို့ ရည်ရွယ်ချက်ဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို တောင်ကိုရီးယားနိုင်ငံက ဖိတ်ကြားခဲ့တာဖြစ်ပါတယ်။

“အာဆီယံ၊ တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတွေမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် သိပ္ပံနဲ့ နည်းပညာက အားပေးခဲ့တာဖြစ်ပြီး နောင်အနာဂတ်ကာလမှာလည်း ဆက်လက်ပြီး တွန်းအားပေးသွားဦးမှာ ဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံအစိုးရများက သိပ္ပံနဲ့ နည်းပညာဖွံ့ဖြိုး ရေးကို မြှင့်တင်ရာမှာ ဦးဆောင်မှုပေးသွားကြမှာ ဖြစ်ပါတယ်”လို့ တောင်ကိုရီးယား သိပ္ပံ၊ အိုင်စီတီနဲ့ အနာဂတ်စီမံကိန်းရေးရာဝန်ကြီး ချိုင်ယန်းဟီးက ပြောပါတယ်။ အစည်းအဝေးကို တက်ရောက်လာသူများက နည်းပညာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအတွက် တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်နဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မယ့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြပါတယ်။

ယခုဆွေးနွေးပွဲမှာ ရရှိခဲ့တဲ့ ရလဒ်တွေကို လာအိုနိုင်ငံမှာ နိုဝင်ဘာလအတွင်း ကျင်းပဖို့စီစဉ်ထားတဲ့ သိပ္ပံနဲ့ နည်းပညာဆိုင်ရာ အာဆီယံ ကော်မတီ အစည်းအဝေးမှာ ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

# အာဆီယံစီးပွားရေးအသိုက်အဝန်းမှ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုများကို ဗီယက်နမ်လုပ်သားတို့ ရင်ဆိုင်ရမည်



အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) ကို ယခုနှစ် ဒီဇင်ဘာလ ၃၁ ရက်မှာ စတင်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားရာ အဆိုပါဈေးကွက်ကို တစ်ခုတည်းသောဈေးကွက်အဖြစ် ထူထောင်ဖို့ မျှော်မှန်းထားရာ ငွေအရင်းအနှီးများ၊ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ကျွမ်းကျင်လုပ်သားများကို လွတ်လပ်စွာရွှေ့ပြောင်းခွင့်ပြုတော့မှာဖြစ်တဲ့အတွက် ဗီယက်နမ်လုပ်သားများအတွက် AEC က အခွင့်အလမ်းများကိုရော စိန်ခေါ်မှုများကိုပါ ပူးတွဲဖော်ဆောင်မှာဖြစ်ကြောင်း ဗီယက်နမ်နက်ဘရစ်ချ်သတင်းမှာ ဖော်ပြပါတယ်။

အာဆီယံအသိုက်အဝန်းတစ်ခုလုံးရဲ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (GDP) တန်ဖိုးက အမေရိကန်ဒေါ်လာ ၂ဒသမ ၂ထရီလီယံရှိမှာဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) နဲ့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ စုပေါင်းပြုစုထားတဲ့ ‘ASEAN Community 2015: Managing Integration for Better Jobs and Shared Prosperity’ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အသိုက်အဝန်းရဲ့ တစ်နှစ် တစ်ဦးပျှမ်းမျှဝင်ငွေက အမေရိကန်ဒေါ်လာ ၃၁၀၀ ရှိပါတယ်။ ဒါပေမယ့် ဒီကိန်းဂဏန်းက ကမ္ဘောဒီးယားနဲ့မြန်မာမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ရှိပြီး စင်ကာပူမှာ အမေရိကန်ဒေါ်လာ ၅၀၀၀၀ အထိရှိတဲ့ နိုင်ငံအလိုက်ခြားနားမှုမျိုးတော့ရှိပါတယ်။ ဒီလို ဝင်ငွေကွာခြားချက် ကြီးမားမှုက အာဆီယံဒေသတွင်း အလုပ်သမားပြောင်းရွှေ့မှုကို ဖြစ်ပေါ်စေနိုင်ပြီး ကျွမ်းကျင်လုပ်သားတွေအတွက် အခွင့်အလမ်းများကို ပေါ်ပေါက်စေကာ မကျွမ်းကျင်တဲ့ လုပ်သားတွေအတွက် စိန်ခေါ်မှုတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။

အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ်များအရ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့က အသက်မွေးဝမ်းကျောင်း ပညာရှစ်မျိုး (ဆရာဝန်၊ သွားစိုက်ဆရာဝန်၊ သူနာပြု၊ စာရင်းကိုင်၊ စစ်တမ်းကောက်သူ၊ ဗိသုကာ၊ အင်ဂျင်နီယာနဲ့ ခရီးသွားလုပ်ငန်းပညာရှင်)ကို အာဆီယံအတွင်းမှာ လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုတော့မှာ ဖြစ်ပါတယ်။

# ကမ္ဘာ့ပို့ကုန်လုပ်ငန်း ဖွံ့ဖြိုးရေးဖိုရမ်မှာ ဒေါ်လာ သန်း ၈၀ ဖိုး သဘောတူညီမှုများရ

၂၀၁၅ ခုနှစ် ကမ္ဘာ့ပို့ကုန်လုပ်ငန်း ဖွံ့ဖြိုးရေးဖိုရမ် (World Export Development Forum - WEDF) မှာ ကာတာကုမ္ပဏီများအတွက် ဒေါ်လာသန်း ၈၀ ဖိုးရှိ သဘောတူစာချုပ်များကို ချုပ်ဆိုနိုင်ခဲ့ကြောင်း၊ အဆိုပါတန်ဖိုးမှာ ကာတာကုမ္ပဏီများက လက်ခံရရှိထားတဲ့ အမှာစာ (Letter of Intents) ရဲ့ ထက်ဝက်ခန့်ရှိကြောင်း ပင်နင်စူလာကာတာသတင်းမှာ ဖော်ပြပါတယ်။

ကာတာနိုင်ငံ ရှာရေတန်ဒိုဟာဟိုတယ်မှာ နှစ်ရက်ကြာကျင်းပခဲ့ပြီး အောက်တိုဘာ ၂၁ ရက်နေ့က ပြီးဆုံးခဲ့တဲ့ ဖိုရမ်ကို နိုင်ငံပေါင်း ၉၂ နိုင်ငံမှ ကိုယ်စားလှယ် ၇၀၀ တက်ရောက်ခဲ့ပါတယ်။

“ကိုယ်စားလှယ်ပေါင်း ၇၀၀ ကျော်က စီးပွားရေးကိစ္စတွေကို ဆွေးနွေးခဲ့ပြီး ကျွန်တော်တို့ လုပ်ငန်းဆောင်ရွက်မယ့် သဘောတူညီမှုတွေ ရရှိခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းအချင်းချင်း ဆက်သွယ် ဆောင်ရွက်တဲ့ (Business to Business - B2B) ဆွေး နွေးပွဲတွေမှာ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ဖို့အတွက် သဘောတူညီချက် ၉၀ ဝန်းကျင်ရရှိခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၈၀ ရှိခဲ့ပါတယ်”လို့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနမှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဗဟိုဌာန ညွှန်ကြားရေးမှူး အရန်ချာဂွန်ဇာလက်က ပြောပါတယ်။

“ရရှိခဲ့တဲ့ သဘောတူညီချက်တွေက ကဏ္ဍစုံ ပါဝင်ပါတယ်။ ရေသန့်နဲ့ အချိုရည်ထုတ်လုပ်မှုတွေ သာမက ဖြန့်ဖြူးရေးလုပ်ငန်းတွေအထိ ပါဝင်ပါတယ်။ ဂျော်ဂျီယာ၊ ဘင်္ဂလားဒေ့ရှ်၊ နိုင်ဂျီးရီးယား၊ ဗီယက်နမ်နဲ့ အီဂျစ်နိုင်ငံတွေရဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ငါးဖွဲ့က ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တွေ ချုပ်ဆိုနိုင်ခဲ့ပါတယ်”လို့ သူမက ပြောပါတယ်။

ယခုဖိုရမ်ကို ကျင်းပရာမှာ ကာတာဖွံ့ဖြိုးရေးဘဏ်က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ရဲ့ လက်အောက်ခံအဖွဲ့အစည်းဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ကုန်သွယ်မှု ဗဟိုဌာနနဲ့ ကုလသမဂ္ဂ ကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးရေးအဖွဲ့တို့နဲ့ ပူးတွဲပြီး ကျင်းပခဲ့တာဖြစ်ပါတယ်။ နောက်တစ်ကြိမ် WEDF ဖိုရမ်ကို သီရိလင်္ကာနိုင်ငံမှာ ကျင်းပမှာဖြစ်ကြောင်း ဂွန်ဇာလက်က ပြောပါတယ်။

# အင်ဒိုနီးရှား အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေသာမက စျေးကွက်သတင်းအချက်အလက်ပါ လိုအပ်

အင်ဒိုနီးရှားအသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်း သက်သာတဲ့ ချေးငွေများသာမက စျေးကွက်များ၊ အထူးသဖြင့် ပြည်ပစျေးကွက်မှာ လိုအပ်နေတဲ့ ထုတ်ကုန်တွေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကိုအစိုးရကဖြည့်ဆည်းပေးဖို့ လိုအပ်ကြောင်း စီးပွားရေးနဲ့ ဘဏ္ဍာရေးဖွံ့ဖြိုးရေးသိပ္ပံ (NDEF) ညွှန်ကြားရေးမှူး အင်နီဟာတာတီရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။ ဒီလိုလုပ်ငန်းမျိုးတွေကို ဆောင်ရွက်ရာမှာ ဝန်ကြီးဌာနအသီးသီးလက်အောက်ရှိ နည်းပညာဆိုင်ရာအဖွဲ့အစည်းတွေက ဆောင်ရွက်သင့်ကြောင်း အထူးသဖြင့် ကုန်သွယ်ရေးဦးစီးဌာနလိုဌာနမျိုးက ဆောင်ရွက်သင့်ကြောင်း သူမကပြောပါတယ်။

"စီးပွားရေးလုပ်ငန်းကို စတင်ထူထောင်လိုသူတွေအတွက် အစိုးရထံမှ ဘဏ္ဍာရေးအရ အထောက်အကူရဖို့ အရေးကြီးပါတယ်။ ဒါပေမယ့်နိုင်ငံခြားစျေးကွက်တွေမှာ ဝယ်လိုအားရှိနေတဲ့ ထုတ်ကုန်တွေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကလည်း ပေါ့ပေါ့ဆဆ ထားလို့မရတဲ့ကိစ္စ ဖြစ်ပါတယ်" လို့ အင်နီက ပြောပါတယ်။

အောက်တိုဘာလ ၁၅ ရက်နေ့က ကြေညာခဲ့တဲ့ စတုတ္ထစီးပွားရေးစီမံကိန်းက မိုက်ကရိုစျေးကွက်အစီအစဉ်နဲ့ ပို့ကုန်ချေးငွေ အစီအစဉ်တွေကတစ်ဆင့် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ချေးငွေပိုမိုရရှိရေးနဲ့ လုပ်ခ ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်ဖို့ အဓိကထားပြီး ရေးဆွဲထားတဲ့ စီမံကိန်းဖြစ်ပါတယ်။

"အင်ဒိုနီးရှား ပို့ကုန်ငွေကြေးထောက်ပံ့ရေးအေဂျင်စီ (Indonesian Export Financing Agency - LPEI) က ငွေရေးကြေးရေးကို တာဝန်ယူမှာဖြစ်ပြီး စျေးကွက်တွေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို တခြားအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"လို့ အင်ဒိုနီးရှားတက္ကသိုလ် ဥပဒေဌာနအသင်းရဲ့ ဆွေးနွေးပွဲတစ်ခုမှာ အင်နီက ပြောပါတယ်။ အပြည်ပြည်ဆိုင်ရာ စျေးကွက်အတွက် သင့်တော်တဲ့ ထုတ်ကုန်တွေမဟုတ်ရင် အလဟဿတွေ ဖြစ်ကုန်လိမ့်မယ်လို့လည်း ပြောပါတယ်။

တစ်ချိန်တည်းမှာ အင်ဒိုနီးရှားနိုင်ငံရဲ့ ထုတ်ကုန်တွေကို တန်ဖိုးမြင့်ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်ဖို့ လိုအပ်မှာဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဘမ်ဘန်းဘရော့ဂျိုနီဂိုရိုက ပြောပါတယ်။ အခြေခံအဆောက်အအုံ ကောင်းမွန်အောင် ဆောင်ရွက်တဲ့အပြင် ကုန်ကြမ်းသက်သက်မဟုတ်ဘဲ ဆင့်တက်ပြုပြင်ပြီးဖြစ်တဲ့ ထုတ်ကုန်တွေလည်း ထုတ်လုပ်ဖို့လိုတယ်လို့ သူကပြောပါတယ်။

# ဗီယက်နမ်စားသုံးသူတို့က ကုန်အမှတ်တံဆိပ်ကို အလေးထား



အရှေ့တောင်အာရှဒေသမှာ ဗီယက်နမ်စားသုံးသူတွေက လူမှုရေးအရ တာဝန်ယူမှုကို အများဆုံးအခြေခံထားစဉ်းစား ကြကြောင်း နီးလ်ဆင်ကုမ္ပဏီမှ ယခင်ရက်သတ္တပတ် က ထုတ်ပြန်တဲ့ကော်ပိုရိတ်အစီရင်ခံစာ " 2015 Nielsen Global Corporate Sustainability Report ကိုကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ကြည့်ရင် အရှေ့တောင်အာရှရှိ စားသုံးသူတွေက ယုံကြည်စိတ်ချရတဲ့ ထုတ်ကုန်တွေနဲ့ဝန်ဆောင်မှုတွေရရှိမယ်ဆိုရင် အရှေ့အလယ်ပိုင်း၊ အာဖရိက၊ လက်တင်အမေရိက၊ ဥရောပနဲ့ မြောက်အမေရိကစတဲ့ ကမ္ဘာ့ဒေသအသီးသီးမှာရှိတဲ့ စားသုံးသူတွေထက် ငွေပိုပေးတတ်ကြပါတယ်။

ကုန်ပစ္စည်းကို ဝယ်ယူတဲ့အခါ ကုန်အမှတ်တံဆိပ်ကို စားသုံးသူတွေ ပိုမိုအလေးထားတဲ့ အခြေအနေကိုကြည့်ရင် အရှေ့အလယ်ပိုင်းနဲ့ အာဖရိကက ၇၅ ရာခိုင်နှုန်း၊ လက်တင်အမေရိကက ၇၁ ရာခိုင်နှုန်း၊ ဥရောပက ၅၁ ရာခိုင်နှုန်းနဲ့ မြောက်အမေရိကက ၄၄ ရာခိုင်နှုန်းအသီးသီးရှိကြပြီး အရှေ့တောင်အာရှဒေသက ၈၀ ရာခိုင်နှုန်းရှိကြောင်း အောက်တိုဘာ ၁၃ ရက်ကထုတ်ပြန်တဲ့ 2015 Nielsen Global Corporate Sustainability Report မှာ ဖော်ပြထားပါတယ်။

အရှေ့တောင်အာရှရဲ့ စားသုံးသူတွေအနက် ဗီယက်နမ်နဲ့ ဖိလစ်ပိုင်စားသုံးသူတွေက လူမှုရေးအရ တာဝန်ယူမှုကို ပိုမိုအလေးထားကြပါတယ်။ လူမှုရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂယက်ရိုက်ခတ်မှုတွေကို အလေးထားဆောင်ရွက်တဲ့ ကုမ္ပဏီတွေရဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတွေအတွက် ငွေပိုမိုပေးဖို့ ဆန္ဒရှိကြောင်း သဘောထားပေးတဲ့ ဗီယက်နမ်စားသုံးသူက ၈၆ ရာခိုင်နှုန်းနဲ့ ဖိလစ်ပိုင်စားသုံးသူက ၈၃ ရာခိုင်နှုန်းရှိပါတယ်။

စားသုံးသူများရဲ့ ယုံကြည်စိတ်နဲ့ ဝယ်ယူမှုအလေ့အထတွေအပေါ် လွှမ်းမိုးနေတဲ့အကြောင်းတရားများကို သိရှိနိုင်ဖို့အတွက် နီးလ်ဆင်ကုမ္ပဏီက ကမ္ဘာအနှံ့ရှိ နိုင်ငံပေါင်း ၆၀ မှ စားသုံးသူ ၃၀,၀၀၀ ကို စစ်တမ်းများကောက်ယူခဲ့ပါတယ်။ စစ်တမ်းကောက်ယူရာမှာ သဘာဝပတ်ဝန်းကျင် ၊ ထုပ်ပိုးမှု၊ စျေးနှုန်း၊ စျေးကွက်ဝင်ရောက်မှု၊ အော်ဂဲနစ်ပစ္စည်းနဲ့ ကျန်းမာရေးစတဲ့ အခြေအနေတွေက စားသုံးသူတွေဝယ်ယူဖို့ ဆုံးဖြတ်ချက်ချတဲ့အခါ ဩဇာသက်ရောက်မှု အခြေအနေကို မေးမြန်းစုံစမ်းခဲ့ပါတယ်။

# ၂၀၁၆ ခုနှစ်မှာ အင်ဒိုနီးရှား စီးပွားရေး ဆက်လက်ကျဆင်းနေဦးမည်

နှစ်ကုန်ခါနီး နှစ်လခန့်အလိုမှာ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု ရှုပြားတန်ဖိုးနဲ့ နိုင်ငံတော်အစိုးရဝင်ငွေတို့က ခန့်မှန်းထားတာထက် ကျဆင်းခဲ့ပြီး အင်ဒိုနီးရှားရဲ့ စီးပွားရေးအခြေအနေက ၂၀၁၆ ခုနှစ်မှာလည်း ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိကြောင်း အင်ဒိုနီးရှားအာမခံလုပ်ငန်းတစ်ခုဖြစ်တဲ့ ဘာဟာနာ စက်ကျူရီတီ (Bahana Securities) အေဂျင်စီရဲ့ထုတ်ပြန်ချက်ကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ ၂၀၁၆ ခုနှစ် စီးပွားရေးဖွံ့ဖြိုးနှုန်းက ၅ ဒသမ ၅ ရာခိုင်နှုန်းရှိမယ်လို့ အစိုးရရဲ့ ၂၀၁၆ ခုနှစ် နိုင်ငံတော်ဘတ်ဂျက်မှာ ခန့်မှန်းခဲ့ပါတယ်။ ဒါပေမယ့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က လျှော့ချခန့်မှန်းခဲ့တဲ့အတွက် ဘာဟာနာကုမ္ပဏီကလည်း အင်ဒိုနီးရှားရဲ့ ၂၀၁၆ ခုနှစ်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းကို ၅ ဒသမ ၁၁ ရာခိုင်နှုန်း ရှိမယ်လို့ လျှော့ချခန့်မှန်းခဲ့ပါတယ်။

"အလားအလာက အတော်ကလေး ဆိုးပါတယ်။ စီးပွားရေးတိုးတက်မှုနှုန်းက ငါးရာခိုင်နှုန်းအောက်ကို တောင်ရောက်ရှိနိုင်တဲ့ အခြေအနေရှိပါတယ်"လို့ ဘာဟာနာရဲ့ သုတေသနဌာနအကြီးအကဲ ဟယ်ရီဆုက ဂျကာတာပို့စ်သတင်းဌာနနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောပါတယ်။

ဒုတိယသုံးလပတ်မှာ အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှု နှုန်းက ၄ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ခြောက်နှစ်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့သလို ပထမသုံးလပတ်ကရှိခဲ့တဲ့ ၄ ဒသမ ၇ ရာခိုင်နှုန်းအောက် လည်း ကျဆင်းနေတာကို တွေ့ရပါတယ်။

အလားတူ အင်ဒိုနီးရှားရဲ့ အခွန်ကောက်ခံရရှိငွေက ရည်မှန်းထားတာထက် ကျဆင်းပြီး ဒီကျဆင်းမှုက လာမယ့်နှစ် အင်ဒိုနီးရှားစီးပွားရေး ဖွံ့ဖြိုးမှုကို ကြီးမားတဲ့ခြိမ်းခြောက်မှုဖြစ်လာမှာကို စိုးရိမ်ကြောင်း ဟယ်ရီက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ၂၀၁၆ ခုနှစ်မှာ ထိုင်းပို့ကုန် ၅ ရာခိုင်နှုန်း တိုးတက်မည်

ထွန်းသစ်စစျေးကွက်များနဲ့ ကုန်သွယ်မှုအကြီးအကျယ် မြင့်တက်လာတဲ့အတွက် ထိုင်းနိုင်ငံပို့ကုန်က ကျဆင်းရာမှ မြင့်တက်လာပြီး ၂၀၁၆ ခုနှစ်မှာ ၅ ရာခိုင်နှုန်းမြင့်တက်လာလိမ့်မယ်လို့ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ခန့်မှန်းချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာလိမ့်မယ်လို့ ကြိုတင်ခန့်မှန်းထားပါတယ်။

ယခုနှစ်မှာတော့ ထိုင်းနိုင်ငံရဲ့ ပြည်ပပို့ကုန်တန်ဖိုးက ၃ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၂၂၀ ဒသမ ၆၉ ဘီလီယံ (ဘတ် ၇ဒသမ ၄၈ ထရီလီယံ)အထိ ရောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ဝန်ကြီးဌာနက ယခုကဲ့သို့ ခန့်မှန်းရာမှာ ဘတ်ငွေတန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ အမေရိကန်တစ်ဒေါ်လာကို ၃၅ ဘတ်နှုန်း၊ ဒူဘိုင်းရေနံစိမ်းရဲ့ တစ်နှစ်တာပျှမ်းမျှစျေးနှုန်းက တစ်စည်ကို ဒေါ်လာ ၆၀ နဲ့ သီးနှံစျေးကို ၂၀၁၄ ခုနှစ်က စျေးအောက် ၁၀ ရာခိုင်နှုန်းချပြီး သတ်မှတ်တွက်ချက် ခန့်မှန်းထားပါတယ်။

အထူးသဖြင့် အမေရိကန်ပြည်ထောင်စုအပါအဝင် စျေးကွက်အများအပြားမှာ စီးပွားရေး ပြန်လည်နာလန်ထူလာတဲ့ လက္ခဏာများကို တွေ့ရခြင်းနဲ့ အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိက အစရှိတဲ့ ထွန်းသစ်စစျေးကွက်များမှာ စီးပွားရေးခိုင်မာလာခြင်း စတဲ့ အခြေအနေတွေကို တွေ့ရတဲ့အတွက် လာမယ့်နှစ်မှာ ထိုင်းပို့ကုန်တန်ဖိုး ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာမယ်လို့ ဝန်ကြီးဌာန အကြီးတန်းအရာရှိတစ်ဦးကပြောပါတယ်။ ဒါပေမယ့် အဓိကအားဖြင့် တရုတ်နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း နှေးကွေးကျဆင်းမှု၊ ဥရောပသမဂ္ဂမှာ စီးပွားရေး နာလန်ထူမယ့်လက္ခဏာနည်းပါးမှု၊ ကမ္ဘာတစ်ဝန်းမှာ ငွေကြေးစစ်ပွဲဖြစ်ပွားမှုနဲ့ လယ်ယာထုတ်ကုန်နဲ့ ကုန်စည်များရဲ့ စျေးနှုန်းကျဆင်းမှု စတဲ့ စိတ်ပူပန်စရာအကြောင်းအရာတွေ ရှိနေဆဲဖြစ်ပါတယ်။

ပစိဖိတ်ဖြတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Trans-Pacific Partnership-TPP) သဘောတူစာချုပ်မှာ ထိုင်းနိုင်ငံပါဝင်မှုမရှိခဲ့တဲ့အတွက် လာမယ့်နှစ်မှာ တချို့စျေးကွက်တွေကို ပို့ကုန်တင်ပို့တဲ့အခါ ထိခိုက်မှုရှိနိုင်တယ်လို့ ဆိုပါတယ်။ ဒီသဘောတူစာချုပ်ကို လက်ရှိအဖွဲ့ဝင် ၁၂ နိုင်ငံက အပြီးသတ်အတည်မပြုသေးတဲ့အတွက် TPP မှာ ပါဝင်သင့်၊ မပါဝင်သင့်ကို ထိုင်းအစိုးရက စဉ်းစားသင့်တယ်လို့ ဆိုပါတယ်။ လာမယ့်နှစ်မှာ ပို့ကုန်မြင့်တက်စေဖို့အတွက် ဝန်ကြီးဌာနက စျေးကွက်သစ်တွေ ထိုးဖောက်ဖို့ ရည်မှန်းထားပါတယ်။ ရည်မှန်းထားတဲ့ စျေးကွက်တွေထဲမှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်တို့ ပါဝင်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

## ဆိုးလ်

မားစ်ရောဂါ ပြန့်ပွားမှုကြောင့် ဖြစ်ပေါ်တဲ့ အမျိုးသားကျန်းမာရေး အတွက် စိုးရိမ်ပူပန်မှုများ အဆုံးသတ်သွားပြီးနောက်ပိုင်း ဇူလိုင်-စက်တင်ဘာ သုံးလပတ်အတွင်း တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းက ၁ ဒသမ ၂ ရာခိုင်နှုန်းအထိ ရောက်ရှိကာ ငါးနှစ်အတွင်း အမြင့်ဆုံးနှုန်းဖြင့် တိုးတက်မှုရှိခဲ့ကြောင်း အောက်တိုဘာ ၂၃ ရက်က တောင်ကိုရီးယား ဗဟိုဘဏ်မှ ထုတ်ပြန်သော ကိန်းဂဏန်းများကို ကိုးကားပြီး အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

## ဂျကာတာ

တရုတ်နိုင်ငံက စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာမှာ ဖြစ်ပေါ်လာမယ့် အခွင့်အလမ်းများ ရယူနိုင်ဖို့အတွက် ကုန်စည်များကိုသာ တင်ပို့နေရာမှ တစ်ဆင့်တိုးပြီး စားသုံးကုန်ပစ္စည်းများကို အင်ဒိုနီးရှားနိုင်ငံက ထုတ်လုပ်သွားဖို့ လိုအပ်ကြောင်း အောက်တိုဘာ ၂၂ ရက်နေ့က ဘဏ္ဍာရေးဝန်ကြီး ဘမ်ဘန်း ဘရော့ဂျိုနီဂိုရိုရဲ့ပြောကြားချက်ကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

## စင်ကာပူ

စင်ကာပူနိုင်ငံရဲ့ စားသုံးသူအညွှန်းကိန်းက နှစ်အလိုက်နှိုင်းယှဉ်ပါက စက်တင်ဘာလမှာ သုည ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာနက အောက်တိုဘာ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့တဲ့ ကိန်းဂဏန်းများကို ကိုးကားပြီး rttnews သတင်းမှာဖော်ပြပါတယ်။

## နယူးဒေလီ

ပိုမိုပြီး ကြံ့ကြံ့ခံနိုင်လာတဲ့ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ မူဝါဒပြုပြင်ပြောင်းလဲရေးတို့ကို အိန္ဒိယအစိုးရက ဆောင်ရွက်လာနိုင်တဲ့အတွက် ပြင်ပမှရိုက်ခတ်လာတဲ့ ဆုံးရှုံးမှု ဖြစ်နိုင်ခြေရှိတဲ့ ဒဏ်များကို အိန္ဒိယစီးပွားရေးက ခံနိုင်ရည်ရှိလာကြောင်း Moddy's Investors Service ရဲ့ အစီရင်ခံစာကို ကိုးကားပြီး အီကော်နောမစ်တိုင်းသတင်းမှာ ဖော်ပြပါတယ်။

**SOUTH ASIA**

# ပထမနှစ်ဝက်အတွင်း အိန္ဒိယနိုင်ငံ၏ အဓိကဆိပ်ကမ်းကြီးများမှာ ကုန်ချိန်တန် သန်း ၃၀၀ ကျော် ရှင်းလင်း

အိန္ဒိယနိုင်ငံ ဆိပ်ကမ်းကြီးများက ကိုင်တွယ်ရှင်းလင်းပေးတဲ့ ကုန်စည်များအနက် ဓာတ်မြေသြဇာက အဓိကကုန်စည်ဖြစ်ပြီး ကျောက်မီးသွေး၊ ဓာတ်ဆီ၊ ရေနံစိမ်းနဲ့ ချောဆီတို့ပါဝင်ကြောင်း သည်ဟိန္ဒူသတင်းမှာ ဖော်ပြပါတယ်။

အဓိကဆိပ်ကမ်းကြီးတွေက ကိုင်တွယ်ဖြေရှင်းပေးတဲ့ ကုန်စည်ပမာဏက ၂၀၁၄ ခုနှစ်ကာလတူက တန်ချိန် ၂၈၈ သန်းရှိခဲ့ရာမှ လက်ရှိဘဏ္ဍာနှစ်ပထမခြောက်လမှာ တန်ချိန် သန်း ၃၀၀ ကျော်ထိ ရှိခဲ့ပါတယ်။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ် တစ်နှစ်လုံးအတွက် သဘော်ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်က တန် ၆၉၅ သန်းရှိတဲ့အနက် ပထမနှစ်ဝက်မှာ ယခုကဲ့သို့ အကောင်အထည်ဖော်နိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၄-၁၅ ခုနှစ်အတွက် ဆိပ်ကမ်းတွေရဲ့ ကိုင်တွယ်ရှင်းလင်းမှုက တန်ချိန် ၅၈၁ သန်းရှိခဲ့ပါတယ်။

ဆိပ်ကမ်းတစ်ခုချင်းအလိုက်ကြည့်ရင် ကန်ဒလာဆိပ်ကမ်းက ယခင်နှစ်ကာလတူမှာ တန်ချိန် ၄၆ သန်းကိုင်တွယ်ရှင်းလင်းပေးနိုင်ခဲ့ပြီး ယခုနှစ်ပထမခြောက်ပတ်မှာ တန်ချိန်ပေါင်း သန်း ၅၀ ကိုင်တွယ် ဖြေရှင်းပေးနိုင်တဲ့အတွက် ကုန်စည်ကိုင်တွယ်ဖြေရှင်းရာမှာ ထိပ်ဆုံးနေရာကို ရောက်ရှိနေပါတယ်။ ဒုတိယနဲ့ တတိယ ဆိပ်ကမ်းတွေက ပါရာဒစ်(တန်ချိန် ၃၆ သန်း)နဲ့ JNPT (တန်ချိန် ၃၂ သန်း)တို့ဖြစ်ပါတယ်။ မွမ်ဘိုင်း (တန်ချိန် ၃၁ သန်း)၊ ဗီဆာခါပတ်တနမ် (တန်ချိန် ၂၈ သန်း)နဲ့ ချင်နိုင်း (တန်ချိန် ၂၆ သန်း)တို့က ထိပ်တန်းဆိပ်ကမ်းခြောက်ခုစာရင်းမှာ ပါဝင်ပါတယ်။

**USA**

# ဒေါ်လာတန်ဖိုးမြင့်တက်မှုကြောင့် ကိုကာကိုလာ ဝင်ငွေကျ




ဒေါ်လာတန်ဖိုး ခိုင်မာလာတဲ့ အကျိုးဆက်နဲ့ မြောက်အမေရိကဈေးကွက်မှာ ကိုကာကိုလာ ရောင်းချမှုပမာဏ ကျဆင်းလာတဲ့အတွက် ကိုကာကိုလာရဲ့ တတိယသုံးလပတ်ဝင်ငွေ ကျဆင်းခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ အောက်တိုဘာ ၂ ရက်မှာကုန်ဆုံးတဲ့ သုံးလပတ်အတွက် ကုမ္ပဏီရဲ့ အသားတင်ဝင်ငွေက အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး ယခင်နှစ် ကာလတူနဲ့ နှိုင်းယှဉ်ရင် ၃၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

အရောင်းတန်ဖိုးက အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄ ဘီလီယံရှိတဲ့ အတွက် ၂၀၁၄ ခုနှစ် ကာလတူနဲ့ နှိုင်းယှဉ်ရင် ၄ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ကမ္ဘာ့ဈေးကွက်မှာ စပါကလင်အချိုရည်ရောင်းချမှုက ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဈေးကွက်မှာ အရောင်းကျဆင်းခဲ့ရတဲ့ အကြောင်းရင်းက အဝလွန်ရောဂါဖြစ်မှာကို စိုးရိမ်မှုနဲ့ အချိုရည်အတုများကြောင့် ကျန်းမာရေးကို ထိခိုက်မှာ စိုးရိမ်မှုတို့ကြောင့်ဖြစ်ပါတယ်။

မြောက်အာဖရိကဒေသမှာ စပါကလင်အချိုရည် အရောင်းပမာဏ တစ်ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့်စပါကလင်မဟုတ်တဲ့ရေသန့်နဲ့ အချိုရည် အရောင်းက ခုနစ်ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ မြောက်အမေရိကမှာရောင်းရငွေက အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီ လီယံအထိရှိခဲ့ပြီး စုစုပေါင်းဝင်ငွေရဲ့ ထက်ဝက်နီးပါး ရှိခဲ့ပါတယ်။

ယူရေးရှ၊ အာဖရိက၊ ဥရောပနဲ့ အာရှပစိဖိတ်ဒေသ အပါအဝင် တခြားဒေသတွေမှာ စပါကလင်အချိုရည်ရောင်းချမှုပမာဏ မြင့်တက်ခဲ့ပါတယ်။

**EAST ASIA**

# အာရှဒေသရဲ့ဝယ်လိုအား ကျဆင်းမှုကြောင့် ဂျပန်နိုင်ငံရဲ့ တတိယသုံးလပတ်စီးပွားရေးဖွံ့ဖြိုးမှုတစ်ဟုန်ထိုးကျဆင်း

အာရှဒေသရဲ့ ဝယ်လိုအား ကျဆင်းတဲ့အတွက် ဂျပန်နိုင်ငံရဲ့ တတိယသုံးလပတ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက တစ်ဟုန်ထိုး ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် စီးပွားရေး ပြန်လည်ရှင်သန်လာဖို့ အတွက် စီးပွားရေးတွန်းအားပေး ငွေကြေးတွေ ထပ်မံ သုံးစွဲဖို့ ဂျပန်ဗဟိုဘဏ်ရဲ့ မူဝါဒရေးဆွဲသူတွေကို ဖိအားပေးမှုတွေရှိလာကြောင်း ရိုက်တာသတင်းဌာနက ကောက်ယူခဲ့တဲ့စစ်တမ်းအရ သိရပါတယ်။

ဂျပန်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက နှစ်အလိုက်နှိုင်းယှဉ်ရင် ယခုနှစ် တတိယပတ်မှာ ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မယ်လို့ ယခင်လက ခန့်မှန်းခဲ့ပေမယ့် စီးပွားရေးပညာရှင် ၂၁ ဦးကို သဘောထားကောက်ခံချက်အရ သုည ဒသမ ၄ ရာခိုင်နှုန်းသာ တိုးတက်မယ်လို့ ခန့်မှန်းကြပါတယ်။

ဂျပန်နိုင်ငံရဲ့ မတည်ရင်းနှီးငွေ သုံးစွဲမှုနည်းပါးခြင်းနဲ့ အာရှဒေသရဲ့ မီးရထားစက်ခေါင်းတွဲ သဖွယ်ဖြစ်နေတဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု အရှိန်ဆက်လက်ကျဆင်းမှုတို့ကြောင့် ဂျပန်နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုက ဧပြီ-ဇွန်လသုံးလပတ်မှာ ၁၂ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

စီးပွားရေး ဆုတ်ကပ်အတွင်းသို့ ဂျပန်နိုင်ငံကျဆင်းမှာကို လေ့လာဆန်းစစ်သူတချို့က စိုးရိမ်မကင်းဖြစ်နေပါတယ်။

စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေဖို့အတွက် ဂျပန်နိုင်ငံဝန်ကြီးချုပ်က စီမံချက် 'မြားအသစ်သုံးချောင်း'ကို ပစ်လွှတ်ခဲ့ပါတယ်။ အဲဒီစီမံချက်သုံးခုက စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုကို ယန်း ထရီလီယံ ၆၀၀ (အမေရိကန် ဒေါ်လာ ငါးထရီလီယံ) ထိတိုးတက်ရေး၊ မွေးဖွားနှုန်း မြင့်တင်ရေးနဲ့ လူမှုဖူလုံရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရေးစတဲ့ အချက်တွေဖြစ်ပါတယ်။

**MIDDLE EAST**

# ဆေးဝါးကုသမှုမှာ လူနာတစ်ဦးချင်းအလိုက် အလေးပေးဆောင်ရွက်ဖို့ နိုဘယ်ဆုရှင်ပြော

ဆေးဝါးကုမ္ပဏီများက ရောဂါကိစ္စအပြင် လူနာတစ်ဦးချင်းအလိုက် အနေအထားကို အလေးပေးဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကမ္ဘာ့ဆေးဝါးလုပ်ငန်း အခင်းအကျင်းတစ်ခုလုံးမှာ ကြီးမားတဲ့ ပြောင်းလဲမှုတွေ ဖြစ်လာနိုင်ကြောင်း အစ္စရေးလူမျိုး နိုဘယ်ဆုရှင် အာရွန်ဆီချာနိုဘာက အောက်တိုဘာလ ၁၉ ရက်က ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။ ယခုခေတ် ဆေးဝါးလုပ်ငန်းမှာ လူနာတစ်ဦးချင်းရဲ့ DNA အချက်အလက်များကို အခြေခံပြီး တစ်ဦးချင်းအလိုက် လိုအပ်ချက်ကို အဖြေထုတ် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ၂၀၀၄ ခုနှစ်တွင် ဓာတုဗေဒဘာသာရပ် ဖြင့် နိုဘယ်ဆုရခဲ့သူ အာရွန်ဆီချာနိုဘာက ပြောပါတယ်။

မကြာတော့တဲ့ အနာဂတ်ကာလမှာ ဆေးရုံကိုလူနာရောက်လာတာနဲ့ တစ်ပြိုင်နက် သူနဲ့ပတ်သက်တဲ့ DNA အချက်အလက်တွေကို အထိုက်အလျောက် ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ဆရာဝန်တွေအနေနဲ့ လူနာတစ်ဦးချင်းအလိုက် ကုသမှုပေးနိုင်တော့မှာဖြစ်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ထုတ်လုပ်တဲ့ ဆေးဝါးလုပ်ငန်းတွေ ပေါ်လာမှာဖြစ်တဲ့အတွက် လူနာတွေက ဆေးဝါးအမျိုးအစားတစ်ခုတည်းကိုသာ စားရတော့မှာ မဟုတ်ပါဘူးလို့ သူက ပြောပါတယ်။

တောင်ကိုရီးယားနိုင်ငံ အနေနဲ့ သိပ္ပံနယ်ပယ်တစ်ခုကို ထူထောင်လိုတဲ့ ဆန္ဒရှိမယ်ဆိုရင် ပိုမိုပွင့်လင်းတဲ့ပညာရေးစနစ်ကို ပြဋ္ဌာန်းဖို့လိုကြောင်းနဲ့ တောင်ကိုရီးယားနိုင်ငံ နိုဘယ်ဆုမရနိုင်တဲ့ အကြောင်းရင်းက အခြေခံအဆောက်အအုံဆိုင်ရာ ကိစ္စမဟုတ်ဘဲ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စတစ်ခုဖြစ်ကြောင်း သူက ပြောပါတယ်။

"ကိုရီးယား မိဘတွေက အရမ်းအောင်မြင်အောင်ကြိုးစားဖို့သူတို့ကလေးတွေကို ဆုံးမပါတယ်။ ကျောင်းမှာအမြဲတမ်း A ရနေရင် ဟုတ်နေပြီလို့ ထင်ကြတယ်။ အသစ်အဆန်းတစ်ခုခုဖြစ်လာရင်တော့ အမြဲတမ်း အရှုံးနဲ့ရင်ဆိုင်နေရပါတယ်"လို့စီချာနိုဘာက ပြောပါတယ်။

အများကိုပြင်နိုင်မယ်ဆိုရင် အရှုံးကနေ သင်ခန်းစာယူနိုင်ပါတယ်။ ကျရှုံးတာကို ရှက်စရာမလိုပါဘူး။ အောင်မြင်မှုရဖို့ အရှုံးကိုရင်ဆိုင်နိုင်ဖို့လိုပါတယ်လို့ သူက ပြောပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ဥရောပဗဟိုဘဏ်က ငွေကြေးလျှော့ဆော်တွန်းအားပေး အစီအစဉ်များကို ထပ်မံဆောင်ရွက်ဦးမယ့် လက္ခဏာတွေ ပြသတာကြောင့် စွန့်စားမှုရှိတဲ့ အက်ဆက်တွေရဲ့ တန်ဖိုးတွေ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ ဒါကြောင့် အောက်တိုဘာ ၂၃ ရက်နေ့မှာ ထွန်းသစ်စအာရှငွေကြေးတွေ တန်ဖိုးမြင့်တက်လာခဲ့ပါတယ်။ ဒါပေမယ့် နှေးကွေးကျဆင်းနေတဲ့ တရုတ်စီးပွားရေးအပေါ် စိုးရိမ်မှုများကြောင့် ဒေသတွင်းငွေကြေးတွေရဲ့ တန်ဖိုးက ရက်သတ္တပတ်အလိုက်နှိုင်းယှဉ်ကြည့်ရင် တန်ဖိုးကျဆင်းလာတာကို တွေ့ရပါတယ်။

ဥရောပဗဟိုဘဏ်က ငွေကြေးလျှော့ဆော်တွန်းအားပေး အစီအမံသစ်များကို အကောင်အထည်ဖော်ဖို့ လေ့လာလျက်ရှိကြောင်း၊ အဲဒီ အစီအမံသစ်တွေကို ဒီဇင်ဘာမှာ ထုတ်ပြန်ကြေညာနိုင်ဖွယ်ရှိကြောင်းနဲ့ အပ်နှံငွေ အတိုးနှုန်းများကို အများကြီးလျှော့ချဖို့ ပြင်ဆင်လျက်ရှိကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌ မာရီယိုဒရပ်ဂီက အောက်တိုဘာ ၂၂ ရက်နေ့က ပြောပါတယ်။ သူ့ပြောကြားချက်ကြောင့် ကမ္ဘာ့စတော့ရှယ်ယာ များနဲ့ အက်ဆက်တွေရဲ့ ဈေးတွေမြင့်တက်လာခဲ့ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးအခြေခံတွေ ပိုမိုကောင်းမွန်လာတဲ့အတွက် အိန္ဒိယ ရူပီးတန်ဖိုးမြင့်တက်လာသလို ကိုရီးယား စတော့ရှယ်ယာဈေးကွက်ထဲသို့ မတည်ရင်းနှီးငွေများ စီးဝင်လာမယ့် အခြေအနေကြောင့် ဝမ်တန်ဖိုးလည်း မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်နှုန်းနှေးကွေး မှုကြောင့် အာရှငွေကြေးများ ကျဆင်းမည်လို့ ရင်းနှီးမြှုပ်နှံသူများက ယုံကြည်နေကြတဲ့အတွက် ရက်သတ္တပတ်အလိုက်နှိုင်းယှဉ်ရင် အာရှငွေကြေးတွေ တန်ဖိုးကျဆင်းခဲ့ပါတယ်။

## တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က ဗဟိုဘဏ်ရဲ့ အခြေခံငွေကြေး ဖလှယ်နှုန်းကို လျှော့ချပေးခဲ့ပေမယ့် တိုင်းပြည်စီးပွားရေးကြံ့ခိုင်မှုနဲ့ပတ်သက်ပြီး သမ္မတ ရှီကျင့်ဖျင့်က အာမခံချက်ပေးခဲ့တဲ့အတွက် တရုတ်ယွမ်ငွေတန်ဖိုးက အပြောင်းအလဲမရှိသလောက် ဖြစ်ခဲ့ပါတယ်။ တရုတ်ဗဟိုဘဏ်က ယွမ်ငွေကြေးတန်ဖိုးကို ဈေးကွက်မဖွင့်မီ သုည ဒသမ ၁၅ ရာခိုင်နှုန်းလျှော့ချပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၃၅၉၅ ယွမ်နှုန်း သတ်မှတ်ခဲ့ပါတယ်။ လက်ငင်းဈေးကွက်မှာ တစ်ဒေါ်လာကို ၆ ဒသမ ၃၆၀၀ ယွမ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အပြောင်းအလဲမရှိသလောက်နီးပါး ရှိခဲ့ပါတယ်။

## အိန္ဒိယရူပီး

နိုင်ငံခြားမှ စီးဝင်ငွေများ မြင့်တက်လာချိန်မှာ ပို့ကုန်လုပ်ငန်းရှင်များနဲ့ ဘဏ်များက အမေရိကန်ဒေါ်လာများကို ထုတ်ရောင်းလာကြတဲ့အတွက် နှစ်ရက်ကြာ တန်ဖိုးကျဆင်းနေတဲ့ ရူပီးငွေကြေးတန်ဖိုး ကျဆင်းမှု ရပ်တန့်သွားခဲ့ပါတယ်။ အောက်တိုဘာ ၂၃ ရက်နေ့ နံနက်ပိုင်း ဈေးကွက်မှာ ရူပီးတန်ဖိုးက သုည ဒသမ ၃၄ ရူပီးနှုန်း မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၄ ဒသမ ၇၅ ရူပီးနှုန်းရှိခဲ့ပါတယ်။

ပြည်တွင်း ရှယ်ယာဈေးကွက်မှာ ရှယ်ယာဈေးနှုန်းတွေ မြင့်တက်လာမှုက ရူပီးတန်ဖိုး မြင့်တက်မှုကို အထောက်အကူပေးခဲ့ပေမယ့် တခြားငွေကြေးများနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး မြင့်တက်လာတဲ့အတွက် ရူပီးတန်ဖိုးမြင့်တက်မှုကို အဟန့်အတား ဖြစ်စေခဲ့ပါတယ်။ ဟိန္ဒူပွဲတော်ကာလ ဖြစ်တဲ့အတွက် အောက်တိုဘာ ၂၂ ရက်နေ့မှာ ဈေးပိတ်ပါတယ်။

## ဂျပန်ယန်း

ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းမှုနဲ့ ယူရိုဇုန် ၁၉ နိုင်ငံမှာ စီးပွားရေးတိုးတက်နှုန်း ကျဆင်းနေတာကို တိုက်ဖျက်ဖို့အတွက် ဘွန်းစာချုပ်ဝယ်ယူနေတဲ့ အစီအစဉ်ကို တိုးမြှင့်သွားမယ်လို့ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌက ကြေညာပြီးနောက်ပိုင်း တိုကျိုဈေးကွက်မှာ ယန်းနဲ့ဒေါ်လာတို့ ဖလှယ်ရာမှာ ယူရိုတန်ဖိုး ကျဆင်းခဲ့ပါတယ်။

အောက်တိုဘာ ၂၂ ရက်နေ့ နယူးယောက် နံနက်ပိုင်းဈေးကွက်မှာ တစ်ယူရို ၁ ဒသမ ၁၃၃၉ ဒေါ်လာနဲ့ ၁၃၅ ဒသမ ၆၅ ယန်းရှိခဲ့ရာမှ ကြေညာချက်ထွက်ပေါ်ပြီးနောက်ပိုင်းမှာ တစ်ယူရို ၁ ဒသမ ၁၁၁၁ ဒေါ်လာနဲ့ ၁၃၄ ဒသမ ၁၀ ယန်းနှုန်းအထိ ကျဆင်းခဲ့ပါတယ်။ အောက်တိုဘာ ၂၃ ရက် တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၁၁၃ ဒေါ်လာနဲ့ ၁၃၄ ဒသမ ၁၃ ယန်းနှုန်းအထိ ရှိခဲ့ပါတယ်။

## မလေးရှားရင်းဂစ်

ရင်းဂစ်ငွေကြေးကို ပြန်လည်ဝယ်ယူလာကြတဲ့အတွက် အောက်တိုဘာ ၂၃ ရက်နေ့မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့ပါတယ်။ ဒေါ်လာရင်းဂစ် ဖလှယ်နှုန်းက အောက်တိုဘာ ၂၂ ရက်နေ့မှာ အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၂၈၀၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ ၃၄ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၁၈၀ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။

တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့ပါတယ်။

## တောင်ကိုရီးယားဝမ်

ဥရောပမှာ စီးပွားရေးတွန်းအားပေးအစီအမံတွေ ထပ်မံဆောင်ရွက်မယ့်အလားအလာနဲ့ ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးမှုက ခန့်မှန်းထားတာထက် တိုးတက်ကောင်းမွန်မှုကြောင့် တောင်ကိုရီးယား စတော့ဈေးကွက်မြင့်တက်ခဲ့သလို အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဝမ်တန်ဖိုး တစ်ဟုန်ထိုး မြင့်တက်ခဲ့ပါတယ်။

ဝမ်ငွေတန်ဖိုးက အောက်တိုဘာ ၂၃ ရက်နေ့မှာ ယခင်နေ့နဲ့ နှိုင်းယှဉ်ရင် ၁၃ ဒသမ ၉ ဝမ်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၁၁၂၄ ဒသမ ၇ ဝမ်နှုန်း ရှိခဲ့ရာ ဇူလိုင်လ ၂ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်း ဖြစ်ခဲ့ပါတယ်။

## ထိုင်းဘတ်

စင်ကာပူဒေါ်လာ၊ တရုတ်(တိုင်ပေ)ဒေါ်လာနဲ့ ဩစတြေးလျဒေါ်လာတို့နည်းတူ ထိုင်းဘတ်ငွေတန်ဖိုးကလည်း ဒေါ်လာနဲ့ဖလှယ်ရာမှာ ရက်အလိုက် နှိုင်းယှဉ်ရင်မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ရင် သုည ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းပါတယ်။

ဉာဏ်တင်-စစည်းတင်ပြသည်

# ယူရိုနယ်မြေမှာ ငွေကြေးဖောင်းပွမှုနှုန်း အားနည်းသဖြင့် ECB က အတိုးနှုန်းကို မူလအတိုင်း ဆက်ထိန်းမည်

ဥရောပဗဟိုဘဏ် (European Central Bank - ECB) က ဗဟိုဘဏ် အတိုးနှုန်း ပြောင်းလဲခြင်းမပြုဘဲ ဆက်လက်ထိန်းထားခဲ့ကြောင်း ECB ပြောရေးဆိုခွင့်ရှိသူရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗန်ကောက်ပို့စ်သတင်းမှာ ဖော်ပြပါတယ်။ ယခုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ကာလရှည်ကြာစွာဖြစ်ပေါ်နေတဲ့ ငွေကြေးဖောင်းပွနှုန်း အားနည်းမှုကို လျှော့ချမယ့်အစီအမံတွေကို ထပ်မံဆောင်ရွက်မယ့် အလားအလာရှိတယ်လို့ တချို့က ခန့်မှန်းကြပါတယ်။

ECB ရဲ့ အုပ်ချုပ်မှုကောင်စီက ဗဟိုဘဏ်ရဲ့ အခြေခံစံထားအတိုးနှုန်းကို လက်ရှိသတ်မှတ်ထားတဲ့ သုည ဒသမ ၀၅ ရာခိုင်နှုန်းအတိုင်း ဆက်လက်ထားရှိဖို့ မဲခွဲဆုံးဖြတ်ခဲ့တာဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ စားသုံးသူဈေးနှုန်းများ ကျဆင်းနေခြင်းနဲ့ ကမ္ဘာ့စီးပွားရေးနှေးကွေးကျဆင်းမှု အပေါ် စိုးရိမ်မှုတွေက ယူရိုငွေကြေးကို ခွဲဝေသုံးစွဲနေတဲ့ ၁၉ နိုင်ငံမှာ ငွေကြေးမူဝါဒ လျှော့ချမှုတွေ ဆောင်ရွက်ဖို့အတွက် အခက်အခဲရှိစေခဲ့တယ်လို့ လေ့လာဆန်းစစ်သူ တွေက ပြောပါတယ်။

အတိုးနှုန်းကို အပြောင်းအလဲမလုပ်ဘဲ ဆက်လက်ထိန်းထားရတဲ့ အကြောင်းရင်းကို ECB ဘဏ်ဥက္ကဋ္ဌ မာရီယိုဒရပ်ဂီက ပုံမှန်ဆောင်ရွက်နေကြအတိုင်းပြုလုပ်တဲ့ အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲမှာ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ဒါပေမယ့် လောလောဆယ်မှာတော့ ECB က နှုတ်အားဖြင့်ပြောကြားတာတွေသာ ရှိပြီး လက်တွေ့ အရေးယူဆောင်ရွက်မှုတွေကို ယခုနှစ်အကုန်မှ ဆောင်ရွက်လိမ့်မယ်လို့ ECB ကို လေ့လာစောင့်ကြည့်နေသူတွေက ပြောပါတယ်။

# ပြင်းထန်တဲ့ မူဝါဒတွေကို အရေးယူဆောင်ရွက်ဖို့ အိန္ဒိယဗဟိုဘဏ် အုပ်ချုပ်ရေးမှူးက IMF ကို တိုက်တွန်း

မဆိုင်သလို ဘေးထွက်ထိုင်နေတာမျိုးတွေ ရပ်တန့်ဖို့နဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေက ဆောင်ရွက်နေတဲ့ ငွေကြေးမူဝါဒလျှော့ချမှုတွေကို စုံစမ်းစစ်ဆေးရာမှာ အရေးပါတဲ့ အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ဖို့ အိန္ဒိယဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ရာဟူးရမ်ရာဂျန်က အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကို တိုက်တွန်းပြောကြားကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာ့စီးပွားရေး အနုတ်လက္ခဏာပြ ဂယက်ရိုက်ခတ်မှုတွေ ဖြစ်လာနိုင်တာကို မစဉ်းစားဘဲ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေက ငွေကြေးမူဝါဒတွေကို ချမှတ်ဆောင်ရွက်နေကြောင်း IMF ရဲ့ စီးပွားရေးပညာရှင်ဟောင်းတစ်ဦးဖြစ်ခဲ့ဖူးသူ ရာဟူးရမ်ရာဂျန်က ပြောပါတယ်။

ပြင်းထန်တဲ့အစီအမံတွေက ထွန်းသစ်စဈေးကွက်တွေထဲကို တည်ငြိမ်ခိုင်မာမှုမရှိတဲ့ ငွေအရင်းအနှီးတွေ စီးဝင်လာအောင် ဖန်တီးတတ်ပြီး၊ ငွေကြေးဖလှယ်နှုန်းကို ဝင်ရောက်စွက်ဖက်မှုကြောင့်လည်း ငွေကြေးတန်ဖိုးကို အပြိုင်အဆိုင် လျှော့ချတာမျိုးတွေ ဖြစ်လာစေနိုင်ကြောင်း သူကပြောပါတယ်။

"IMF က မဆိုင်သလို ဘေးထိုင်နေတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံကြီးတွေရဲ့ မူဝါဒတွေကို အားပေးနေတယ်။ ဒီမူဝါဒရဲ့တန်ဖိုးကို လေ့လာဆန်းစစ်ခြင်းမရှိဘူး"လို့ နိုဝင်ဘာလမှာ တူရကီနိုင်ငံမှာကျင်းပမယ့် G-20 ထိပ်သီးဆွေးနွေးပွဲအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲမှာ သူကပြောပါတယ်။

"ကျွန်တော်တို့ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်စွမ်းရှိပါတယ်"လို့ သူကပြောပြီး အဆိုပါမူဝါဒမျိုးတွေကို တွန်းလှန်သွားဖို့ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့မူဝါဒရေးဆွဲသူတွေကို သူက တိုက်တွန်းပါတယ်။ သို့သော် မစ္စတာရာဂျန်က ဝေဖန်ပြောကြားရာမှာ အမည်နာမ ထုတ်ဖော်ဝေဖန်တာမျိုးတော့ မရှိပါဘူး။

# အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းရေးစာလွှာမှာ လက်မှတ်ရေးထိုးခဲ့တဲ့ ဂျေကေရိုးလင်း

ကမ္ဘာကျော်ဘက်ဆဲလား စာရေး ဆရာမဂျေကေရိုးလင်းဟာ အရှေ့အလယ် ပိုင်းဒေသငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်း ရေးစာလွှာမှာ လက်မှတ်ရေးထိုးခဲ့တယ် လို့ contactmusic မှာ ဖော်ပြထားပါတယ်။

သူဟာ လက်ရှိအခြေအနေအရ တင်းမာမှုတွေ ဖြစ်ပေါ်နေတဲ့ အစ္စရေး နိုင်ငံနဲ့ အရှေ့အလယ်ပိုင်းဒေသနိုင်ငံတွေမှာ ငြိမ်းချမ်းရေးအသီး အပွင့်တွေကို ခံစားနိုင်ဖို့အတွက် လှုပ်ရှားလျက်ရှိတဲ့ အရှေ့အလယ်ပိုင်း ဒေသငြိမ်းချမ်းရေး လှုပ်ရှားမှုအဖွဲ့ရဲ့ငြိမ်းချမ်းရေးစာလွှာမှာ လက်မှတ် ရေးထိုးခဲ့တာဖြစ်ပါတယ်။




အဲဒီငြိမ်းချမ်းရေးစာလွှာမှာ ဂျေကေရိုးလင်းအပါအဝင် နိုင်ငံများစွာမှာ နာမည်ကျော်စာရေးဆရာများက ပါဝင်လက်မှတ်ရေးထိုးထားကြတယ်လို့ ဆိုပါတယ်။ လက်မှတ်ရေးထိုးသူပေါင်းဟာ အခုအချိန်အထိ ၁၅၀ ကျော်ရှိသွားပြီလို့ ဆိုပါတယ်။

"အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးအတွက် အစ္စရေးကို သပိတ်မှောက်မယ်ဆိုတာ မဖြစ်သင့်ပါဘူး။ သပိတ်မှောက်လိုက်တာနဲ့ပဲ အစ္စရေးကို ငြိမ်း ချမ်းရေးလောကထဲ ဆွဲခေါ်ဖို့ မဖြစ်နိုင်ပါဘူး။ သူတို့တွေ (အစ္စရေးနဲ့အရှေ့ အလယ်ပိုင်းဒေသနိုင်ငံများ)ကို ငြိမ်းချမ်းရေး ရင်ခွင်ထဲကို ဆွဲခေါ်ရပါမယ်။ ငြိမ်းချမ်းရေးရဖို့ သူတို့အချင်းချင်း ပွင့်လင်းမြင်သာတဲ့ဆွေးနွေးပွဲ စကားဝိုင်းတွေဆီကို ဆွဲခေါ်ရမယ်။ ယဉ်ကျေးမှုတွေ ဖလှယ်ပြီး ငြိမ်းချမ်းမှုကို ရအောင်ယူရ မယ်။ အချင်းချင်း နားလည်မှုတွေ ပိုရအောင် လုပ်ရမယ်။ ထိပ်တိုက်တွေ့ဆုံတဲ့ လုပ်ရပ်မျိုးကို ရှောင်ရှားရမယ်"လို့ ဂျေကေရိုးလင်းက ပြောကြားခဲ့ပါတယ်။

# ကိုယ့်ကိုယ်ကို သတ်သေသွားတဲ့ ကေတီပယ်ရီနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ရဲ့ အလှဖန်တီးရှင် ဂျိတ်ဘိုင်လေ







ကမ္ဘာကျော်အနုပညာရှင်တော် တော်များများကို အလှပ ဆုံးဖြစ်အောင် ဖန်တီးပေးခဲ့သလို ကေတီပယ်ရီနဲ့ ဆယ်လီနာ ဂိုမက်ဇ်တို့ရဲ့ပင်တိုင်အလှဖန်တီးရှင် ဂျိတ်ဘိုင်လေဟာ ကိုယ့် ကိုယ်ကို သတ်သေသွားခဲ့တယ်လို့ မေးလ်အွန်လိုင်းမှာ ဖော်ပြ ထားပါတယ်။

အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှာ ဂျိတ်ရဲ့ အပါးတော်မြဲဟာ ဂျိတ်အတွက် ကော်ဖီလာပို့ချိန်မှာ ဂျိတ်ကို သူ့ရဲ့ကားနားမှာ လဲကျနေတဲ့ သူ့ရဲ့ အသက်မဲ့ခန္ဓာကိုယ်ကို တွေ့ရှိခဲ့ရတာပါ။

အသက် ၃၇နှစ်ရှိပြီဖြစ်တဲ့ဂျိတ်ဟာ အမြဲလိုလို ပျော်ပျော် ရွှင်ရွှင်နေ တတ်တဲ့သူဖြစ်တာကြောင့် လုပ်ကြံခံရတာ မဖြစ် နိုင်ဘူးလို့ သုံးသပ်ထားပါတယ်။

ဂျိတ်ဟာ သူ့ရဲ့အိမ်ရှေ့မှာရပ်နားထားတဲ့သူ့ရဲ့ SUV ကားရဲ့အိပ်ဇောနားမှာလဲကျနေတာကြောင့် ကာဘွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့သင့်ပြီး သေဆုံးခဲ့ ရတာဖြစ်မယ်လို့ ရဲတပ်ဖွဲ့က ယူဆထားပါတယ်။ ဒါပေမယ့် လည်းမှုခင်းဆရာဝန် ရဲ့ စစ်ဆေးချက်အဖြေထွက်မှသာ အတိအကျပြောနိုင်မယ်လို့ ဆိုပါတယ်။

ဂျိတ်သေဆုံးခဲ့ရတာဟာ သူ့ကိုယ်သူသတ်သေတာ ဖြစ်တယ်လို့ ဟောလိဝုဒ်ပတ်ဝန်းကျင်အသိုင်းအဝိုင်းက တွစ်တာပေါ်မှာ ပြောဆိုနေကြတဲ့အတွက် ဂျိတ်မှာ လူသိမခံ လောက်တဲ့အကြောင်းတစ်ရပ် ရှိနေလိမ့်မယ်လို့ ဆိုပါတယ်။

ဂျိတ်ဟာဟောလိဝုဒ်ရဲ့ အနုပညာ ရှင်တွေကို အလှပ ဆုံးဖြစ်အောင် ဖန်တီး ပေးတတ်လို့ သူ့ကို လက်စွဲတော်အဖြစ် ထားချင်သူတွေ တော်တော်များတယ် လို့ဆိုပါတယ်။ ■

# တစ်ကိုယ်တော်အယ်လ်ဘမ်ထွက်ရှိဖို့ ရုန်းကန်ခဲ့ရတယ်လို့ဖွင့်ဟခဲ့တဲ့ တေးယွန်



Girl's Generation ရဲ့ပင်တိုင် အဆိုတော် တေးယွန်ဟာ အောက်တို ဘာလ ၂၄ရက်နေ့မှာ သူ့ရဲ့တစ်ကိုယ် တော်တေးအယ်လ်ဘမ်ဖြစ်တဲ့ Daily Taeng 9 Cam နဲ့ပတ်သက်ပြီး ဖွင့်ဟ ပြောကြားခဲ့ပါတယ်။

"ဒီ အယ်လ်ဘမ်ကို ထွက်ရှိဖို့ အတွက် ကျွန်မ တော်တော်လေးကို ရုန်းကန်ခဲ့ ရပါတယ်။ ပရိသတ်တွေ အကြိုက်တွေ့ပါ့မလားလို့လည်း ရင်ခုန် နေမိတယ်။ အားလုံးအတွက် တကယ် ကို ကြိုးစားထားတာပါ"လို့ တေးယွန်က ကေပေါ့ သတင်းဌာနကို ပြောကြားခဲ့ပါတယ်။

အသက် ၂၆နှစ် အရွယ်ရှိပြီဖြစ်တဲ့ တေးယွန် ဟာ သူ့ရဲ့အခုထွက်ရှိခဲ့တဲ့ အယ်လ်ဘမ် သစ်မှာ ပါဝင်တဲ့တေး သီချင်းတွေကို သာ သီဆိုမယ့် ဖျော်ဖြေပွဲတစ်ခုကိုလည်း ပြုလုပ်သွားမယ်လို့ ဆိုပါတယ်။ အဲဒီ ဖျော်ဖြေပွဲမှာ Girl's Generation ရဲ့ အဖွဲ့သားတွေ ပါဝင်မှာ မဟုတ်ဘဲ သူ တစ်ဦးတည်းသာ ဖျော်ဖြေမှာ ဖြစ်တယ် လို့ ဆိုပါတယ်။

ဖျော်ဖြေပွဲ ပြုလုပ်မယ့် နေ့နဲ့ နေရာကိုတော့ စီစဉ်လျက်ရှိနေတယ်လို့ တေးယွန်က ထပ်မံပြောကြားပါတယ်။

တေးယွန်ဟာ သူ့ရဲ့အခုထွက်ရှိခဲ့ တဲ့တေးအယ်လ်ဘမ်ကို အွန်လိုင်းကနေ စတင်ရောင်းချနေတာဖြစ်ပြီး အယ်လ် ဘမ်ချပ်ရေပေါင်း ဘယ်လောက်အထိ ရောင်းချနေရပြီလဲဆိုတာကို စတင်ရေ တွက်နေပြီဖြစ်တယ်လို့ ဆိုပါတယ်။

# အဒဲလ်ရဲ့ ၂၅ ခုမြောက် အယ်လ်ဘမ်ကို နိုဝင်ဘာလ ၂၀ ရက်နေ့မှာ ဖြန့်ချိမယ်

ဗြိတိသျှအဆိုတော်မလေး အဒဲလ် ရဲ့ ၂၅ခုမြောက် တေးအယ်လ်ဘမ်ကို လာမယ့်နိုဝင်ဘာလ ၂၀ ရက်နေ့မှာ စတင် ဖြန့်ချိမှာဖြစ်တယ်လို့ အဒဲလ်က ဘီဘီစီရေဒီယိုအစီအစဉ်ကနေ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဂရမ်မီဆုပေါင်းရှစ်ဆုအထိ ဆွတ်ခူးရရှိထားပြီးဖြစ်တဲ့ အဆို တော် အဒဲလ်ဟာ သူ့ရဲ့ ဒီအယ်လ်ဘမ်ကို Hello လို့ အမည်ပေးထား ပေမယ့် သူ့ရဲ့အယ်လ်ဘမ်ပေါ်မှာ Adele 25 လို့ ရေးသားဖော်ပြ ထားပါတယ်။

အဒဲလ်ဟာ သူ့ရဲ့ဒီအယ်လ်ဘမ်မှာ သူ့မိခင်ဖြစ်သူရဲ့ အကြောင်းတွေကို ပုံဖော်ထားတဲ့ တေးသီချင်းတစ်ပုဒ်ကိုလည်း ထည့်သွင်းထားတယ်လို့ ဆိုပါတယ်။

အဒဲလ်ဟာ ၂၀၁၁ခုနှစ်က ဖြန့်ချိ ခဲ့တဲ့ Adele 21 သီချင်းခွေ ဟာ ရောင်းအားအကောင်းဆုံးစာရင်းထဲကို ဝင်ခဲ့တဲ့အတွက် အခု Adele 25 တေး အယ်လ်ဘမ်ဟာလည်း ရောင်းအား အကောင်းဆုံး စာရင်းထဲကို ရောက်ရှိလိမ့်မယ်လို့ မျှော်လင့်ရတယ်လို့ ဆိုပါတယ်။

ဒါပေမယ့်လည်း အဲဒီ တေးအယ်လ် ဘမ်အတွက် ရင်ခုန်နေ တယ်လို့ ဆိုပါတယ်။

"ကျွန်မ ဒီအယ်လ်ဘမ်အတွက် ရင်ခုန်နေဆဲပါ။ ဒီအယ်လ် ဘမ်ဟာ ကျွန်မအရင်တုန်းက ထုတ်ဝေခဲ့တဲ့ အယ်လ်ဘမ်တွေထက် ပိုပြီး အားစိုက်ထားတာပါ။ ဒါကြောင့် ဒီအယ်လ်ဘမ်ကို ရောင်းအား အကောင်းဆုံးအဖြစ် ရပ်တည်နိုင်ဖို့ ကျွန်မ ကြိုးစားနေပါတယ်" လို့ အဒဲလ်က ပြောကြားခဲ့ပါတယ်။



# The Commerce Journal

တွင်

## ကြော်ငြာများထည့်သွင်းနိုင်ရန်အတွက်

## ကြော်ငြာခနှုန်းထားများ

| စဉ် | စာမျက်နှာ | အရွယ်အစား | အရောင် | ဈေးနှုန်း (ကျပ်) |
|---|---|---|---|---|
| ၁ | ရှေ့မျက်နှာဖုံးအတွင်းစာမျက်နှာ | ၉.၅"× ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၂၀၀၀၀၀ |
| ၂ | နောက်ကျောဖုံးအတွင်း စာမျက်နှာ | ၉.၅"× ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၅၀၀၀၀ |
| ၃ | နောက်ကျောဖုံးအပြင်စာမျက်နှာ | ၉.၅"× ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၁၀၀၀၀၀ |
| | | ၉.၅"× ၃" (မျက်နှာတစ်စိတ်) | လေးရောင် | ၅၀၀၀၀ |
| ၄ | အတွင်းစာမျက်နှာများ | ၉.၅"× ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၂၀၀၀၀ |
| | | ၉.၅"× ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၆၀၀၀၀ |




**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

ဒေါ်မြင့်ဇင်ညွန့် (ကြော်ငြာတာဝန်ခံ) – ၀၉ ၇၃၀၅၃၅၃၁

ဂျာနယ်တိုက် – ၀၁-၂၅၂၀၁၇၊ ၃၇၁၀၂၃

http://www.commercejournal.com.mm

http://www.facebook.com/mocommerce

commercejournal.editor@gmail.com

# COMMERCE INTERNATIONAL


## ဗီယက်နမ် ကုန်အမှတ်တံဆိပ်များကို လူသိများအောင် ဆောင်ရွက်ပေးဖို့ လိုအပ်

ပြည်ပမှ ပြိုင်ဘက်များနဲ့ ပခုံးချင်း ယှဉ်နိုင်ရန်အတွက် ဗီယက်နမ်ပြည်တွင်း လက်လီလုပ်ငန်းအချင်းချင်း လက်တွဲပြီး ဗီယက်နမ်ကုန်အမှတ် တံဆိပ်များ (Brands) ကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်အောင် ဆောင်ရွက်သင့်တယ်လို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုတွင် တွေ့ကြုံနေတဲ့ အခွင့်အလမ်းများနဲ့ စိန်ခေါ်မှုများဆိုင်ရာ နှီးနှောဖလှယ်ပွဲမှာ ကျွမ်းကျင်သူတွေက ပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

၂၀၀၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် အတွင်း ပြည်တွင်း လက်လီရောင်းချမှု တန်ဖိုးက ၁၅ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ရာ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်းရရှိခဲ့တဲ့ တိုးတက်မှု ၂၅ ဒသမ ၄ နဲ့ နှိုင်းယှဉ်ရင် နိမ့်ကျနေဆဲဖြစ်ကြောင်း အောက်တို ဘာ ၂၀ ရက်နေ့က ဟနွိုင်းမြို့တော်မှာ ကျင်းပတဲ့ ဟနွိုင်းစက်မှုနဲ့ ကုန်သွယ်ရေး နှီးနှောဖလှယ်ပွဲမှာ စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းဈေးကွက်ဌာန ဦးစီးမှူး ဗိုဗန်ကျူရင်က ပြောပါတယ်။

၂၀၁၄ ခုနှစ်က ဗီယက်နမ်နိုင်ငံမှာ စူပါမားကက်နဲ့ ကုန်သွယ်ရေးစင်တာပေါင်း ၈၀ ရှိပြီး၊ အထူးပြုဆိုင်ငယ် ၅၀ နဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ဖွင့်လှစ် ထားတဲ့ စတိုးဆိုင် (Convenience Stores) ၂၅၀ ရှိပါတယ်။ ဥရောပနဲ့ အာရှဒေသမှ လက်လီကုန်အမှတ်တံဆိပ် ၁၀ ခုက ဗီယက်နမ်ကို လာရောက်ပြီး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်တွင်းဈေးကွက်ထဲမှာ လက် လီလုပ်ငန်းတွေ ဆောင်ရွက်ပြီး ပြည်တွင်းလက်လီလုပ်ငန်းတွေနဲ့ ယှဉ်ပြိုင်ရာမှာ နိုင်ငံခြားလက်လီလုပ်ငန်းတွေက အတွေ့အကြုံနဲ့ ငွေကြေးအရ အသာ စီးရထားကြောင်း ကျူရင်က ပြောပါတယ်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေမှာ ငွေအရင်းအနှီး ချို့တဲ့မှု၊ အသေးစားထုတ်လုပ်မှုနဲ့ စွမ်းဆောင်ရည် နိမ့်ကျမှုများရှိနေတဲ့အပြင် ကုန်ထုတ်လုပ်မှုစရိတ်မြင့်မားမှုနဲ့ ဈေးနှုန်းယှဉ်ပြိုင်နိုင်မှုမရှိခြင်းတို့ကြောင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းတွေရဲ့ စွမ်းဆောင် ရည်က အကန့်အသတ် ရှိကြောင်း၊ အသေးစားစက်မှုလုပ်ငန်းဌာန ဦးစီးမှူး ဖန်ဘိုဇွန်းက ပြောပါတယ်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေမှာ ပီပြင်တဲ့ဈေးကွက်သုတေသနလုပ်ငန်း မရှိဘူး။ ထုတ်ကုန်မဟာဗျူဟာချမှတ်ရာမှာ အကန့်အသတ်ရှိတယ်။ ဖြန့်ချိမှုစနစ်ကလည်း ကျယ်ကျယ်ပြန့်ပြန့် မရှိဘူးလို့ သူက ပြောပါတယ်။

ပြည်တွင်း လက်လီလုပ်ငန်းများရဲ့ အနာဂတ်ဖြန့်ဖြူးရေးစနစ် တိုးတက်ကောင်းမွန်ဖို့အတွက် နိုင်ငံတော်အစိုးရ က အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီ ဗီယက်နမ်စီးပွားရေးလုပ်ငန်းများရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားကို ကာကွယ်မှုပေးဖို့လိုကြောင်း ကျူရင် က ပြောပါတယ်။

ပြည်ပက လက်လီကုန်အမှတ်တံဆိပ်အမည်တွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့ အတွက် ဗီယက်နမ်ကုန်အမှတ်တံဆိပ်အမည်တွေ ခိုင်မာလာအောင် စီးပွားရေး လုပ်ငန်းတွေက လက်လီရောင်းချရေးလုပ်ငန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုကြောင်း ကျူရင်ကပြောပါတယ်။




## တောင်ကိုရီးယားအစိုးရနဲ့ ဆမ်ဆောင်းကုမ္ပဏီတို့က ကုန်ထုတ်လုပ်ရေးစက်ရုပ်များ ထုတ်လုပ်ရေးကြိုးပမ်းမည်

ပြည်တွင်းကုန်ချော ထုတ်လုပ်မှုကဏ္ဍမှာ နယ်ပယ်သစ်တစ်ခုကို ဖွင့်လှစ်ပေးနိုင်မယ့် ခေတ်မီကုန်ထုတ်လုပ်ရေး စက်ရုပ်များ ထုတ်လုပ်ရေးအတွက် ဆမ်ဆောင်းကုမ္ပဏီနဲ့ ပူးပေါင်းသွားမယ်လို့ တောင်ကိုရီးယားအစိုးရက အောက်တိုဘာ ၁၉ ရက်က ပြောကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။ ပြည်တွင်းမှာထုတ်လုပ်မယ့် စက်ရုပ်ရဲ့ အစိတ်အပိုင်းတွေ ပိုမိုထုတ်လုပ်နိုင်ဖို့အတွက် လာမယ့်သုံးနှစ်အတွင်း ဝမ် ၁၆ ဒသမ ၇၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈ သန်း)ကို အစိုးရက ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုနဲ့ စွမ်းအင်ဝန်ကြီးဌာနက ပြောပါတယ်။ ဒီလိုထုတ်လုပ်နိုင်မယ်ဆိုရင်တော့ စက်ရုပ်တစ်ခုလုံးရဲ့ ဈေးနှုန်းကလည်း သက်သာသွားစေနိုင်ပါတယ်။

ထုတ်လုပ်လိုက်တဲ့ စက်ရုပ်တွေကို မိုဘိုင်းဖုန်းနဲ့ အီလက်ထရွန်းနစ် ထုတ်ကုန်တွေလို တိတိကျကျ ဆောင်ရွက်ပြီး ကုန်ပစ္စည်းတွေ ထုတ်လုပ်တဲ့နေရာတွေမှာ အသုံးပြုမှာဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာတဲ့ နည်းပညာသစ်တွေကိုလည်း အသေးစားနဲ့ အလတ်စား စက်ရုပ်ထုတ်လုပ်ရေးကုမ္ပဏီတွေအတွက် အသုံးပြုသွားမှာ ဖြစ်ပါတယ်။

“အဓိကထားပြီး ထုတ်လုပ်မယ့် ပစ္စည်းတွေက အတိအကျထုတ်လုပ်ဖို့ လိုအပ်တဲ့ မော်တာအထိန်းစက် (ကွန်ထရိုလာ)နဲ့ ဆင်ဆာကုတ်သွင်းတဲ့ ကိရိယာမျိုးတွေ ဖြစ်ပါတယ်။ လောလောဆယ်မှာ ဒီပစ္စည်းတွေကို ပြည်ပက တင်သွင်းနေရပါတယ်။ ဒီအစိတ်အပိုင်းတွေ ထုတ်လုပ်တဲ့ စီမံကိန်းကို ၂၀၁၈ ခုနှစ်မှာ အပြီးသတ်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်”လို့ ဝန်ကြီးဌာနက ပြောပါတယ်။

စက်ရုပ်တွေကို ကား၊ တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ ကွန်ပျူတာချစ်ပ်နဲ့ ကွန်ပျူတာဖန်သားပြင် စတဲ့ပစ္စည်းတွေ ထုတ်လုပ်ရာမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုပါတယ်။ အခုနောက်ပိုင်းမှာ ပလတ်စတစ်၊ ဓာတုပစ္စည်း၊ အစားအစာနဲ့ သတ္တုထုတ်လုပ်ရေးလုပ်ငန်းတွေအထိ တိုးချဲ့အသုံးပြုလာပါတယ်။ ဒီပစ္စည်းတွေရဲ့ ကမ္ဘာ့ဈေးကွက်တန်ဖိုးမှာ ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇ ဘီလီယံအထိရှိခဲ့ပြီး လွန်ခဲ့တဲ့ခြောက် နှစ်အတွင်း နှစ်စဉ်တိုးတက်မှုနှုန်းက ၂၂ ရာခိုင်နှုန်းအထိ ရောက်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်အထိ နှစ်စဉ်တိုးတက်နှုန်းက တစ်နှစ်ပျမ်းမျှ ၁၈ ရာခိုင်နှုန်းအထိရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ကမ္ဘာတစ်ဝန်း ကုန်ထုတ်လုပ်မှုနည်းစဉ်တွေမှာ စက်ရုပ်အသုံးပြုမှုက လောလောဆယ်မှာ ၁၀ ရာခိုင်နှုန်း ဝန်းကျင်ရှိနေရာမှ ၂၀၂၅ ခုနှစ်မှာ ၂၅ ရာခိုင်နှုန်းအထိ ရှိလာမယ်လို့ ခန့်မှန်းထားပါတယ်။

၂၀၁၄ ခုနှစ်က တောင်ကိုရီးယားနိုင်ငံဟာ ကမ္ဘာမှာ စတုတ္ထအကြီးဆုံး စက်ရုပ်ဈေးကွက်တစ်ခုဖြစ်ပါတယ်။ လာမယ့်နှစ်တွေမှာ အာရှအရှေ့မြောက်ဒေသက ဝယ်လိုအားအရရော ထုတ် လုပ်မှုအရပါ ကမ္ဘာကြီးကို ဦးဆောင်မှုပေးသွားလိမ့်မယ်လို့ ခန့်မှန်းထားပါ တယ်။

မင်မိုရီချစ်ပ်၊ မိုဘိုင်းဖုန်းတွေနဲ့ အီလက်ထရွန်းနစ်ပစ္စည်းတွေ ထုတ်လုပ်နေတဲ့ ဆမ်ဆောင်းက ထုတ်ကုန်စံနှုန်းသတ်မှတ်ရေး၊ အရည်အသွေး ခွဲခြမ်းစိတ် ဖြာလေ့လာရေးနဲ့ စက်ရုပ်ထုတ်လုပ်ရေး စတဲ့ လုပ်ငန်းဆောင်ရွက်နေသူတွေကို လမ်းညွှန်မှုတွေပေးသွားမှာဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

<< October And November Sailing Schedule >>

DATE : 26th October 2015

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA/JAPAN / MYANMAR

| VESSEL | Height (m) | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | 9.10.2015 | | | | 10.10.2015 | 11.10.2015 | | | | 19.10.2015 | 23.10.2015 | |
| | S/O CUT | | | | 5.10.2015 | | | | 6.10.2015 | 7.10.2015 | | | | | | |
| MV.HOEGH CHENNAI V.18 | 1.55 | 1.90 | 2.20 | 3.50 | | 27.10.2015 | 25.10.2015 | | 28.10.2015 | 29.10.2015 | | | | | 10.11.2015 | |
| | S/O CUT | | | | | 23.10.2015 | 21.10.2015 | | 24.10.2015 | 25.10.2015 | | | | | | |
| MV.CITY OF MUMBAI V.25 | 1.55 | 1.90 | 2.20 | 3.50 | | 8.11.2015 | | | 9.11.2015 | 10.11.2015 | | 4.11.2015 | | | 25.11.2015 | |
| | S/O CUT | | | | | 4.11.2015 | | | 5.11.2015 | 6.11.2015 | | | | | | |
| MV.HOEGH CHENNAI V.19 | 1.55 | 1.90 | 2.20 | 3.50 | 26.11.2015 | | | | 25.11.2015 | 24.11.2015 | | 29.11.2015 | | 8.12.2015 | 12.12.2015 | |
| | S/O CUT | | | | 22.11.2015 | | | | 23.11.2015 | 20.11.2015 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။